မိတ်ဆွေစာပေ

# ကြည့်သောသူ
# မှ
# မြင်ပါသည်



အောင်ထိုက် (ရွှေဘို)

3000

စိတ်ကောင်းသွေးမှန် လမ်းကောင်းညွှန်၍
များလူ့အကျိုး ရွက်သယ်ပိုးမည်။
မိတ်ဆွေစာပေ

# ဖြန့်ချိရေး

မိတ်ဆွေစာပေ

အမှတ် (၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း - ဝ၉ ၂၅ဝ၆၆၁၃ဝ၃၊ ဝ၉-၅၉၉၅၄၄၃၉၃

မိတ်ဆွေစာပေ

## ပုံနှိပ်မှတ်တမ်း


ပထမအကြိမ် - ၂၀၂၀ မေလ

အုပ်ရေ - [illegible]

တန်ဖိုး - 3000

မျက်နှာဖုံးဒီဇိုင်း - [illegible]

ကွန်ပျူတာ - လောကသစ္စာ

အတွင်းဖလင် - ကိုဦး

ထုတ်ဝေသူ - ဦးတင်ရွှေအောင် (၀၁၃၃၇)
သုံးလောကစာပေ၊ အမှတ် (၂၁)အေ၊
မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊
အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး (မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ် (၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အောင်ထိုက် (ရွှေဘို) ၃၉၈.၂
ကြည့်သောသူ မှ မြင်ပါသည်။

သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၂၀။
၂၆၀ - စာ၊ ၁၂ × ၁၈ စင်တီ


မိတ်ဆွေစာပေ





# ကြည့်သောသူ

# မှ

# မြင်ပါသည်။

အောင်ထိုက် (ရွှေဘို)

မိတ်ဆွေစာပေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကြည့်သောအသူမှ မြင်ပါသည်။ | ၇ |
| ၂။ | နတ်က ဆေးမကုပါ။ | ၁၆ |
| ၃။ | အဆန်းထွင်ခြင်း။ | ၂၆ |
| ၄။ | အချိန်လွဲ အသုံးလွဲ။ | ၃၃ |
| ၅။ | မိမိတွက်တာ သာသနာ။ | ၄၁ |
| ၆။ | အလွဲမှတ် အမှားနားစွဲနေကြပြီ။ | ၅၃ |
| ၇။ | တန်တဲ့အလုပ် မတန်တဲ့အလုပ်။ | ၆၀ |
| ၈။ | အကုသိုလ် မဝင်ဖို့ ဆင်ခြင်စို့။ | ၆၈ |
| ၉။ | ပညာပါရမီ ဘယ်သို့ဖြည့်ကြမည်။ | ၇၇ |
| ၁၀။ | ပညာပါရမီ ဖြစ်မဖြစ်။ | ၈၃ |
| ၁၁။ | ပြုမိခဲ့သော အကုသိုလ်ကို။ | ၉၁ |
| ၁၂။ | မုန်းခြင်းစတာလည်း သံယောဇဉ်ပါ။ | ၉၉ |
| ၁၃။ | မန်းတောင်ရိပ်ခို။ | ၁၀၆ |
| ၁၄။ | ကြောင်းကျိုးမသိမြင် လူမိုက်ပင်။ | ၁၁၃ |
| ၁၅။ | အသက်ကြီးလာ လိုက်နာစရာ။ | ၁၂၁ |
| ၁၆။ | တူညီ၍ ဤက ကွဲဖြစ်နေသည်။ | ၁၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၇။ | သိက္ခာကာမ။ | ၁၃၇ |
| ၁၈။ | မိမိကိုယ်ကို ချစ်ကြလျှင်။ | ၁၄၅ |
| ၁၉။ | မြန်မာ့ရိုးရာ မမေ့သင့်ပါ။ | ၁၅၃ |
| ၂၀။ | အတွင်းပစ္စည်း။ | ၁၆၁ |
| ၂၁။ | အပွါယ်မကြောင့် ခုနစ်ယောက်။ | ၁၆၈ |
| ၂၂။ | ခေါင်းပါးစွာ ကျင့်ခြင်းဆိုသည်မှာ။ | ၁၇၇ |
| ၂၃။ | ကန်တော့ထိုက် မကန်တော့ထိုက်။ | ၁၈၄ |
| ၂၄။ | ဒုလ္လဘရဟန်း ဝတ်ရကျိုး။ | ၁၉၃ |
| ၂၅။ | ကထိန်ဂျူမှ မြတ်သလား။ | ၂၀၁ |
| ၂၆။ | အနုမာနဖြင့် မှန်းဆသော်။ | ၂၀၉ |
| ၂၇။ | ဘယ်သူနစ်နာမလဲ။ | ၂၁၇ |
| ၂၈။ | နွားခြေရာခွက်ကို ပင်လယ်ထင်၍မရပါ။ | ၂၂၅ |
| ၂၉။ | ရေကြည်လား ရေနောက်လား။ | ၂၃၃ |
| ၃၀။ | ရှင်လေးပါး သေလေးပါး။ | ၂၄၀ |
| ၃၁။ | သေလေးပါး ရှင်လေးပါး | ၂၄၉ |
| | ထပ်မံရှင်းလင်းချက် | |

## အမှာစာနှင့် ကန့်ကွက်ပန်း

ကြည့်သောသူမှ မြင်ပါသည် စာမူတစ်အုပ်လုံးကို ဖတ်ကြည့်တော့မှ စာရေးသူ၏ တင်ပြလိုသော ဆန္ဒကို မျက်ဝါးထင်ထင် သိမြင်လိုက်ရပါသည်။

ယနေ့ခေတ် သာသနာနှင့် ကြည်ညိုကြသူ၊ ဒါယကာ၊ ဒါယိကာမ များတို့၏ အယူအဆအလွဲများ၊ အမှားသံသရာများကို ကြည့်တတ်သူများသာ မြင်သည်ဟု စာရေးဆရာ၏ စေတနာအားကို ပြတ်ပြတ်သားသား၊ ထင်ထင်ရှားရှား ပေါ်လွင်လှပါသည်။ ဤနေရာ၌ သာသနာနှင့် အလွဲများဟု ဆိုရာ၊ ဆရာတော်အရှင်အဘယာ လင်္ကာရ၏ စာအုပ်ကို ပြေးမြင်မိပါသည်။ ဆရာတော်၏ သာသနာ အတွက် ကြိုးစားအားထုတ်ပုံများ၊ ဆောင်းပါးတစ်ပုဒ်လည်း ဤ စာအုပ်၌ ပါရှိလာရာ ထုတ်ဝေသူ တစ်ယောက်အနေဖြင့် အမှာစာကို

မရေးရလျှင် မနေနိုင်အောင် ဖြစ်ခဲ့ရပါသည်။ အမှာစာ ဆိုသည်ထက် ဆရာတော် အရှင်အဘယာလင်္ကာရ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပူဇော်လို၍ ဖြစ်ပါသည်။ ဆရာတော်၏ တပည့် ဒါယကာ ကိုသီဟ၏ ကျေးဇူးကြောင့် ဆရာတော်၏ သာသနာတော် အပေါ် ထားသည့် စေတနာနှင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့ကို သိခွင့်ရခဲ့သလို ကိုသီဟ၏ အကူအညီ တောင်းဆိုမှုကြောင့် ဆရာတော်၏ ထုတ်ဝေပြီး၊ စာအုပ်(၄)အုပ်ကို ပြန်လည်ထုတ်လို၍ ထုတ်ဝေသူမှ စေတနာထား၊ မေတ္တာများဖြင့် ပုံနှိပ်ပေးခဲ့ပါသည်။ ဆရာတော်၏ စာအုပ်များကို ဖတ်ရှုခွင့်ပါ ရရှိလာသောအခါ ကြည်ညို ရင်းစွဲ၊ သဒ္ဓါတရားသည်လည်း၊ စွဲမြဲစွာ တည်တံ့ခဲ့လေပြီ။ ဆရာတေ ၏ သာသနာတော်အပေါ် ထားရှိသည့် စိတ်ဓာတ်နှင့် ကြိုးစ အားထုတ်မှုများကို တစ်ထောင့်တစ်နေရာ၌ ကြိုးစားအားထု ပါဝင်ရန် မဟာဝိဟာရကျောင်းတော်ကြီးသို့ အရောက်သွားရမည် ဟုလည်း သန္နိဋ္ဌာန်ချရင်း ဆရာတော်၏ ဂုဏ်အပေါင်းကို ဦးညွတ် ကန်တော့မိပါသည်။

ထုတ်ဝေသူ

# ကြည့်သောသူမှ မြင်ပါသည်။

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" အစ်ကိုရေ ၁၁-၂-၂၀၂၀ နံနက် ကိုးနာရီကျော်ကျော်ခန့်က ကြည်ညိုသဲ့ ဖွားရတဲ့နေ့တစ်နေ့ပဲ အစ်ကို"

" အဲဒီနေ့ မနက်က ကုသိုလ်ပွားရတယ်ဆိုတော့ ဘာတွေဒါန ပြုလုပ်လိုက်ရသလဲ။

" ဒါနပြုတာမဟုတ်ဘူး အစ်ကိုရာ ပျင်းပျင်းရှိတာနဲ့ တရားနာမယ်ဆိုပြီး **BUDDHA** ကိုဖွင့်ကြည့်မိတယ်"

မိတ်ဆွေစာပေ

" အဲတော့ ဘာတရားတွေ နာရသလဲ "

" တရားနာရတာ မဟုတ်ပါဘူး အစ်ကို "

" အဲဖြင့် ဘာလဲ ဆိုပါအုံး "

" ဒီလိုအစ်ကိုရေ ... မြို့တော့ တိဗ္ဗတ်ဖွဲ့တာ နောက်ကျသွားလို့ ဘယ်မြို့ဆိုတာ မသိရဘူး၊ မန္တလေး၊ ရန်ကုန်မြို့ ကြီးကပဲ ဖြစ်မှာပါ။ ကျောင်းတိုက် အမည်ကတော့ မဟာဝိဟာရ ကျောင်းတိုက်လို့ မုခ်ဦးမှာ ရေးထားတာတွေ့ရပါ တယ်။ ကျွန်တော် ပြောချင်တာက ရှင်သာမဏေနဲ့ ရဟန်းတို့ရဲ့ ကြည်ညိုစရာ နေပုံထိုင်ပုံ စသည်တို့ပါပဲ။ "

" ဟုတ်လား ပြောပါအုံး "

" ဆွမ်းဘုဉ်းပေးကြတာလဲ သပိတ်နဲ့ ဘုဉ်းပေးကြတာ "

" သပိတ်နဲ့ ဆွမ်းဘုဉ်းပေးတာဆိုတော ပန်းကန်ခွက်ယောက် စသည်တွေ မဆေးရတော့ဘူးပေါ့ကွာ။ အပ္ပိကစ္စော ကိစ္စနဲ့ သွားတာပေါ့ကွာ။ ဒါနဲ့ သံဃာတော်တွေ ဘယ်လောက်ရှိသလဲ "

" များသားဗျ၊ ကိုရင်ရော ရဟန်းရော အားလုံး သုံး/လေးရာ လောက်တော့ ရှိမယ် ထင်တာပဲ "

" အင်း အခုခေတ် စာသင်တိုက် တစ်တိုက်မှာ ဒါလောက် များတဲ့ စာသင်သား ရဟန်းသံဃာတွေ အတော်ရှားသွားပြီကွ "

" ဟုတ်တယ် အစ်ကို အတော်ရှားသွားပြီ၊ ဒီတိုက်မှာ သံဃာ များကို အုပ်ချုပ်တာ အလွန်တော်တာ၊ တိုက်အုပ် ဆရာတော် ပြောတာကို ကျွန်တော်ပြောပြမယ် "

" အေး ကောင်းတယ် ပြောပါ "

" ဝတ္တုငွေကြေးကာစပြီး ပြောမယ် ဒီစာသင်တိုက်ရောက်လာရင် ဝတ္တုငွေကြေး လုံးဝမကိုင်ရပါတဲ့။ ပါလာရင် ကပ္ပိယထံ နိဿဂ္ဂိပါစိတ်အရ စွန့်ပစ်ရပါသတဲ့။ ဒါတွင်မက ဒီကျောင်းတိုက်မှာ နေမယ် ဆိုပြီးလာရင် သူ(ကိုရင်-ရဟန်း) တို့ ပါလာတဲ့ ပစ္စည်းတွေ ရှေးဦးစွာ ဝိနည်းတော် နဲ့ညီသလား၊ မညီသလား မေးမြန်းစစ်ဆေး တယ်တဲ့၊ ဝိနည်းတော်နဲ့ မညီတာပါတဲ့ ပစ္စည်းဆိုပါက နိဿဂ္ဂိ စွန့်ပစ်ရတယ်တဲ့။ "

" ဒါနဲ့ အဲဒီကျောင်းတိုက်မှာ နေချင်တယ်ဆိုရင် ကောကွာ"

" အဲလို ဒီကျောင်းတိုက်မှာ နေချင်တယ် ဆိုရင် တိုက်တွင်းက အာမခံ အကြီးအကဲထဲက တစ်ပါးပါး ရှိရသတဲ့။"

" ကျောင်းထဲက ကိုယ်တော်တွေနဲ့ တစ်ပါးမှမသိရင်ကော"

" မသိ ရင်လဲ အကြီးအကဲ တစ်ပါးပါးက တာဝန်ယူ အာမခံရ သတဲ့ "

" အဲဒါဆို ဘယ်ကိုယ်တော် ဖြစ်ဖြစ် လာနေလို့ရသလား "

" ဟာ ... အဲလိုတော့ အကုန်မရဘူး၊ ကန့်သတ်ချက်ရှိတယ်။ ရဟန်းဆိုရင် လေးဝါအရသာ လက်ခံတယ်၊ လေးဝါအထက် လက်မခံဘူးတဲ့၊ ကိုရင်တော့ လက်ခံပါတယ်တဲ့ "

" အဲဒီတိုက်မှာ လူမျိုးစုံ ရှိသလား "

" ရှိတာပေါ့၊ တိုင်းရင်းသားကိုရင်လေးတွေ အများကြီးပဲ "

" မြန်မာစကားရော တတ်ကြသလား "

" မြန်မာစကား သင်ပေးပို့ရပါတယ်၊ ကျောင်းတိုက်ထဲမှာ ဘယ်လူမျိုးပဲ ဖြစ်ဖြစ် မြန်မာစကားပဲ ပြောရသတဲ့၊ ဘာကြောင့်လဲဆိုရင် အခြားစကားတွေ အမျိုးမျိုး ပြောနေကြရင် ရှုပ်ကုန်မှာစိုးလို့တဲ့ "

" ဆွမ်းကိစ္စကရော "

" အဲဒါတော့ မသိဘူး တန်းစီဆွမ်းခံသလား၊ တစ်ပါးစီဆွမ်းခံသလား ဆိုတာ အဲ .. ဒါပေမယ့် ဆွမ်းခံသွား လို့ အပြစ်သင့်ရင် သင့်တဲ့အပြစ်ကို ကျောင်းရောက်ရင် ပြန်လျှောက်ရသတဲ့။ " တပည့်တော်သည် ဆွမ်းခံရင်း မည်သည့် အပြစ်သင့်ခဲ့ပါသည်ဘုရား" လို့ အဲဒီအခါ ဆရာတော်က ရေဒဏ်သော်လည်း ပေးတယ်၊ သို့မဟုတ် နေ့ ၁၂ နာရီက (၁)နာရီအထိ တရားသော်လည်း ထိုင်ရပါသတဲ့။ "

“ ည ကျတော့ ဘာလုပ်ကြရသလဲ ”

“ ည ခုနစ်နာရီမှာ ဘုရားဝတ်ကက်၊ တရားထိုင်ပြီး နောက် ည ဆယ်နာရီအထိ ည ဝါဆိုသလို မီးမှိတ်ပြီး စာပြန်ရသတဲ့။ ”

“ ဒါနဲ့ ခုန မေးဖို့ ကျန်သွားတယ်၊ အသစ်ရောက်လာတဲ့ ကိုရင် ဦးပဥ္စင်း တွေကို ဘာရွေဆုံးမလဲ ”

“ ရဟန်းတော့ မသိဘူး၊ အသစ်ရောက်လာတဲ့ ကိုရင်လေး တွေကိုတော့ အာမခံတဲ့ ဆရာဘုန်းကြီးက သင်္ကန်းဝတ်ပုံ၊ သင်္ကန်း ရုံပုံ၊ နေပုံ ထိုင်ပုံ စသည် အကုန်သင်ပေးပါသတဲ့။ ကျွန်တော် ကြည်ညို(ကြည့်)ရတာကတော့ ဆရာရှေ့နဲ့ ဘုရားဝတ်ပြုတာဆိုရင် သင်္ကန်းလက်ကန်တော့ ထိုးတာတွေ့ပါတယ် ”

“ ကျောင်းတိုက်ရဲ့ စည်းကမ်းတွေဟရော ”

“ ကျောင်းတိုက်စည်းကမ်းက တစ်– စိတ်ကောင်းရှိရမယ်၊ နှစ်– ဝိနည်းဥပဒေလိုက်နာရမယ်တဲ့ ”

“ စာမေးပွဲကျ၊ မအောင်ရင်ရော ”

“ စာမေးပွဲ မအောင်လို့ ဆူတာ ငေါက်တာ အပြစ်ပေးတာ မရှိပါဘူးတဲ့၊ သို့သော် စာမေးပွဲ သွားဖြေလို့ ခိုးဖြေကြောင်း သိရင်တော့ ဒီတိုက်မှာ မနေရတော့ပါ။ ကိုယ့်အတုပ် ကိုယ်ပိုက်ပြီး ထွက်ခွာသွားရမှာ ဖြစ်ပါသတဲ့ အစ်ကို ”

" နေပါအုံးကွာ တိုက်အုပ်ဆရာတော်ရဲ့ ဘွဲ့ပါသလား "

" ပါတယ် အစ်ကို တိုက်အုပ် ဆရာတော်ရဲ့ ဘွဲ့တော်က အရှင်အဘယာလင်္ကာရတဲ့ "

" လင်္ကာရဆိုတော့ စာတတ်မှာ ကတော့ သေချာတယ် "

" စာတတ်မှာ သေချာပါတယ်အစ်ကို ကျွန်တော်လဲ အဲဒီတိုက်အုပ်အပိန့်ရှိတာတွေကို ကျွန်တော်မှတ်မိသမျှ ပြန်ပြောတာ ဒါတောင် ကျွန်တော်ပြောတာ ပြည့်စုံချင်မှ ပြည့်စုံမှာ "

" ဒါတော့ ဟုတ်ပါတယ် မောင်ကျောက်တိုင်၊ ငါကလဲ အကုန်ခရေစေ့တွင်းကျ လိုက်မမေးနိုင်ပါဘူး၊ ဘာပဲပြောပြော မင်းသာမက မင်းဆီက တစ်ဆင့် ကြားရတဲ့ ငါလဲ ကြည်ညို သဒ္ဓါပွားရတာပါပဲ၊ မင်းပြောတဲ့အထဲမှာ စိတ်ကောင်း ရှိရမယ်၊ ဝိနည်းစည်းကမ်းရှိသေလေးစား လိုက်နာရမယ်ဆိုကတဲက ကျန်တာတွေ အားလုံး ကောင်းပြီဖြစ်မယ် ဆိုတာ ပြောစရာ မလိုတော့ဘူး၊ ပြီးတော့ စာမေးပွဲ ခိုးဖြေရင်သာ တိုက်ကထွက်ရမှာ စာမေးပွဲ ကျလို့တော့ အပြစ်တောင်မပေး၊ ကျောင်းကလဲ နှင်မထုတ်တာ အတော်သဘောကျတယ်။ အခုခေတ်က စာအောင်တာ ဦးစားပေး နေတဲ့ ခေတ်ကိုး"

" အဲ.. မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသကလဲ

တမေးပွဲအမိက သားတာကို မကြိုက်ဘူး၊ ဆရာတော် ကြီးက တမေးပွဲတွေ အောင်တာထက် မြတ်စွာဘုရားရှင် ဟောကြား ထားတော်မူတဲ့ ပိဋကတ် စာပေများကို တကယ့် သဒ္ဓါတရားနဲ့ သင်စေချင်တာ ပြီးတော့ ဟာတတ်တာထက် အကျင့်ကောင်း၊ ဝိနည်းလေးစားတာကိုပဲ ကြိုက်တယ်၊ အဲကြောင့် စည်းကမ်း ဆယ်ချက်ထဲမှာ စာတတ်ဖို့က နောက်ဆုံးထားခဲ့တယ်။"

" သာသနာမှာ တကယ်ပရိယတ်သင်ကြားတဲ့ တိုက်တွေ၊ တကယ်ပဋိပတ် အားထုတ်နေတဲ့ တိုက်တွေ အများချည်းရှိ သေးတာပဲနော် "

" ရှိတာပေါ့ အခုလို တင်ပြပေးကြတဲ့ ရုပ်သံလိုင်းတွေကိုလဲ အထူးကျေးဇူး တင်ရမယ်။ သူတို့ ရိုက်ကူးတင်ပြ လို့ ကြည့်ခွင့် ရကြတာ ".

" ဟုတ်ကဲ့၊ ကျွန်တော်ပြောခဲ့ပြီလေ ကျွန်တော်ပြောတာ မပြည်စုံနိုင်ပါဘူး၊ ကြည်ညိုရာတွေ အများကြီး ကျန်နိုင်ပါ သေးတယ်။ အခုရုပ်သံပွဲက ထုတ်လွှင့်တဲ့ တရားတော်တွေကလဲ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်၊ တိပိဋက ဆရာတော်၊ ပါမောက္ခချုပ်ဆရာတော် စသည်ဖြင့်တွေကိုပဲ ထုတ်လွှင့်ပေးတာ များတယ်၊ ဗုဒ္ဓဘာသာမှန်ရင် တရားလဲ နာသင့်တယ်၊ ဘာသာရေး

ဆိုင်ရာ တင်ပြတာကိုလဲ ကြည့်သင့်တယ်။ ”

“ ဟုတ်ပါတယ် တရားတော်တွေ၊ ဘာသာရေးဆိုင်ရာတွေ လွှင့်တာ ကြိုဆိုပါတယ်၊ သို့သော် အချို့ရုပ်သံတွေက နိုင်ငံခြားက လာတဲ့ သရဲ၊ ဝိညာဉ်ကားတွေ၊ ပြည်တွင်းက သရဲ ဝိညာဉ်ကား တွေကိုတော့ ပြတာလျှော့သင့်တယ်.. အဲဒီကားတွေက ဗုဒ္ဓဘာသာနဲ့ ဆန့်ကျင်တာတွေပါနေလို့ပဲ မောင်ကျော်ကိုင်ရေ...”

ခမ္မရတနာ + ဓမ္မရုံသီ

မိတ်ဆွေစာပေ

# နတ်ကဆေးမကုပါ

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။ ခရီးရောက်မဆိုက် မောင်ကျောက်တိုင်က–

"အစ်ကို၊ ကျမ်းဂန်တွေထဲမှာ နတ်က ဆေးကုတာရှိသလား" ဟု မေးပါသည်။

"ဘာဖြစ်လို့လဲ မောင်ကျောက်တိုင်"

"အကြောင်းရှိလို့ပါ အစ်ကို၊ နတ်က ဆေးကုတာရှိသလား"

မိတ်ဆွေစာပေ

"နတ်က ဆေးကုတာ မတွေ့ဖူးပါဘူး၊ မောင်ကျောက်တိုင်က ဘာများတွေ့ကြုံခဲ့လို့လဲ"

" ဒီလိုပါ အစ်ကို၊ ကျွန်တော်သူငယ်ချင်း တစ်ဦးရဲ့ ၁၅-နှစ် ၁၆-နှစ်အရွယ် သမီးကလေး ရူးကြောင်ကြောင် စိတ်ပုံမမှန် ဖြစ်နေတယ်။ ကျွန်တော်က သူငယ်ချင်းကိုပြောတယ် 'ဒါဟာ မိန်းမတွေ ဖြစ်တတ်တဲ့ ရောဂါပါ၊ များသောအားဖြင့် အပျိုဖြစ်စ အရွယ်သွေးပေါ်ချိန်နဲ့ လေးဆယ်ကျော် သွေးဆုံးချိန်မှာ စိတ်က ယောက် ကယက်ဖြစ်တတ်တယ်လို့ ဗိန္ဒောဆရာကြီး တစ်ဦး ပြောတာ မှတ်သားဖူးတယ်။ ဒါကြောင့် မင်းရဲ့သမီးကို တတ်ကျွမ်း နားလည်တဲ့ မီးယပ်အထူးကု သမားတော်ဆီ သွားပြပါ"လို့ ကျွန်တော်က ပြောတယ်။

"ဒါပေမဲ့ သူငယ်ချင်းက ကျွန်တော်စကား လက်မခံဘူး။ "ဒီရောဂါက သမားတော်ကြီးတွေဆီမှာ သွားပြစရာ မလိုပါဘူး၊ သမီးကို သိုက်ကပြန်ခေါ်တာလို့ နတ်ကတော်က ပြောတယ်။ ဒီရောဂါလောက်တော့ သူတို့နတ်တွေက ကုပေးနိုင်တယ်တဲ့။ နတ်ကတာကိုပဲ လုပ်မယ်" လို့ ပြောတယ်။ နတ်ကတော်စကားကို ကျွန်တော်သူငယ်ချင်းက နားယောင်နေတယ်လေ။

"ကျွန်တော်က မဖြစ်သင့်တာ မဖြစ်ရအောင် ရှင်းပြလဲ မရဘူး။

အဲဒီတော့ ကျွန်တော်လဲ ဘာမှ ပြောမရမဲ့အတူတူ ရှေ့ဆက် မပြောတော့ဘဲ ပြန်လာခဲ့တယ်"

"နောက်တော့ ဘာဖြစ်သွားတယ် ကြားလဲ"

"ဘာဖြစ်တာ ကြားရမှာလဲ အစ်ကိုရာ၊ ကျွန်တော်သူငယ်ချင်း နတ်ကလိုက်တာ ငွေလေးငါးခြောက်သိန်း ကုန်သွား တယ်တဲ့။ နောက်တော့ သူ့သမီးရောဂါ ပိုဆိုးလာပြီး စိတ်နှောဆရာနဲ့ ကုလိုက်မှ ရောဂါပျောက်သွားတယ် ကြားတာပဲ။ ကျွန်တော်လဲ အမြင်ကတ်လို့ ကျွန်တော်သူငယ်ချင်းဆီ မရောက်ဖြစ်ဘူး။"

"အချို့လူတွေကို မကျေနပ်တာ အဲဒါပဲ အစ်ကို၊ ထစ်ခနဲဆို တစ်ခုခုရောဂါ မဖြစ်လိုက်နဲ့ ပျောက်စေဆရာ၊ နတ်၊ ဘိုးတော်၊ ဝိဇ္ဇာတွေဆီ ပြေးကြတာပဲ။ ဒါကြောင့် နတ်က ဆေးကုတာ တွေ့ဖူးသလားလို့ အစ်ကို့ကို မေးတာပါ "

"ဆေးကုတာ နတ်မဟုတ်ပါဘူး၊ ဆေးဆရာက ဆေးကုမှ ပျောက်မှာပါ။ ဒါပေမဲ့ တစ်ခါတစ်ရံ တိုက်ဆိုင်ရင်တော့ ပျောက်တတ်ပါတယ်။ ရောဂါကလဲ အချို့ ဆေးကုကု မကုကု ပျောက်တာရှိတယ်။ အချို့ ဆေးကုမှ ပျောက်တယ်၊ အချို့ ဆေးကုကု-မကုကု မရဘူး။ အချို့ ငွေကြေးဥစ္စာ တတ်နိုင်တဲ့ သူတွေ ကြည့်ပါလား၊ နိုင်ငံခြား သွားပြီး တကယ့်အကောင်းဆုံး သမားတွေနဲ့ ယောင် သွားကုကြတာ

ရရဲ့လား၊ သေတာပဲ။ ဘယ်လိုမှ ကုမရပါဘူး"

"ဟုတ်တယ်နော်၊ နိုင်ငံခြားသွားကုလဲ သေကြတာပဲ"

"တစ်ခါတလေကျ ဆေးမကုဘဲ ပျောက်တဲ့ ရောဂါတွေရှိတယ်။ အဲဒါမျိုးကို အချို့က ဘယ်နတ်ကြောင့်၊ ဘယ်ဝိဇ္ဇာကြောင့် ပျောက်တယ်လို့ ထင်တတ်ကြတယ်။ အမှန်က အဲဒီ တိုက်ဆိုင်တာ၊ 'ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်' ဆိုသလို ကျီးနင်းလို့ ထန်းသီး ကြွေတာ မဟုတ်ဘူး၊ တိုက်ဆိုင်တာ။ ကျီးမနင်းလဲ ထန်းသီးက ကြွေမှာ။ အခုလဲ အချို့ ရောဂါက သူ့အလိုလိုပျောက်မှာ။ ဒါပေမယ့် ဘိုးတော်က ကုသလိုလို၊ နတ်က ကုပေးသလိုလို ထင်တတ်ကြ တယ်လေ။ တိုက်ဆိုင်လို့ ရောဂါပျောက်တာ ပြောဦးမယ်၊ ပေါရိသာဒ ဆိုတာ မောင်ကျောက်တိုင် ကြားဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ် "

'အဲဒီ ပေါရိသာဒ လူးသားစားဘုရင် တစ်ဖြစ်လဲ လူဆိုးကြီးဟာ တစ်နေ့ ခရီးသွား ပုဏ္ဏားကိုဖမ်းတော့ သူ့အဖော်တွေက ဝိုင်းလိုက် လို့ ခြေထောက် ရှုးငုတ်စူးသွားတယ်။ ဘယ်မှလဲ သွားလို့မရဘူး၊ ဘာမှလဲ မစားရဘူး။ သစ်ပင်ကြီး တစ်ပင်အောက်မှာ နေရတယ်။ ဒီလိုနေတုန်းမှာ ပေါရိသာဒက သစ်ပင်စောင့်နတ်မင်းကို "နတ်မင်းကြီး ကျွန်တော်အနာကို ပျောက်အောင်ကုပေးပါ၊ ပျောက်ရင် ၁၀၁-

မိတ်ဆွေစာပေ

ပါးသော မင်းတို့ရဲ့ လည်ချောင်းသွေးနဲ့ နတ်မင်းအား ပူဇော်ပါ့မယ်” လို့ တိုင်တည်သတဲ့။

“ကံအားလျော်စွာပဲ လေးငါးဆယ်ရက် ကြာကြာနေပြီး အစာမစား ရတော့ တဖြည်းဖြည်း ပျောက်ကင်းသွားတယ်ပေါ့။ ဒါကို သစ်ပင် စောင့်နတ်က ဆေးကုလို့ ပျောက်တယ်လို့ထင်ပြီး ၁၀၁-ပါးသော မင်းတွေကိုဖမ်းပြီး နတ်မင်းရဲ့ သစ်ပင်မှာ ဇောက်ထိုး တွဲလောင်း ချည်ထားပါသတဲ့။ ဒါနဲ့ နတ်မင်းက ‘ငါဆေးကုတာ မဟုတ်ဘဲနဲ့ ငါဆေးကုလို့ ပျောက်တယ်ဆိုပြီး ငါ့သစ်ပင်အောက် လူ(ဘုရင်) တွေသတ်ရင် သွေးချောင်းစီး ညစ်ပေတော့မယ်” လို့ စိုးရိမ်ပြီး သိကြားမင်းထံ အကျိုးအကြောင်းပြော အကူအညီတောင်း တယ်။

“ ဒီတော့ သိကြားမင်းက သုတသောမမင်းပါမှ အပူဇော်ခံနိုင် မည် ဖြစ်ကြောင်းပြောရန် နတ်မင်းကို သင်ပေးလိုက်တယ်။ သုတသောမ မင်းက ပေါရိသာဒ ရဲ့ ဆရာဖြစ်ခဲ့ဖူးတယ်။ ဒီအကြောင်း သိတဲ့သိကြားမင်းက နတ်ကို အဲလိုအကြံပေးတာ ဖြစ်တယ်။ တိုတိုပြောရရင် သုတသောမမင်းကိုလဲ ဖမ်းပေါ့။ ဒါပေမဲ့ နောက်တော့ သုတသောမမင်းက တရားဟောလို့ ၁၀၁-ပါးသော မင်းအပေါင်းလဲ အသက်ချမ်းသာ ရသွားတယ်။ ပေါရိသာဒလဲ အကျွတ်တရား ရသွားတယ်။ လူသားမစားတော့ဘူးတဲ့”

မိတ်ဆွေစာပေ

" ဒီဇာတ်တော်မှာ ပေါရိသာဒရဲ့ ရှားငှတ်စူးနာကို နတ်ကုတာ မဟုတ်တာ ဟုတ်ပါပြီအစ်ကို၊ အခြားတွေမှာရော နတ်ဆေးကုတာ ရှိသလား"

မောင်ကျောက်တိုင် ကလဲကွာ၊ ပြိတ္တာနွယ်ဝင် နတ်တွေ မပြောနဲ့ အထက်နတ်ဗြဟ္မာလဲ ဆေးမကုကြပါဘူး။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် ပြုတော့မယ် ဆိုတော့ ဘယ်ကြွသွား လဲ"

" သူမွေးဖွားရာ ကိုက်ခန်း ကြွသွားတယ်လို့ ကြားဖူးပါတယ်"

"အေး... အဲဒီ ဖွားရာတိုက်ခန်းမှာ ဘယ်သူတွေလာတယ် ဆိုတာ ကြားဖူးသလဲ"

"နတ်ဗြဟ္မာတွေလာတယ်လို့ ကြားဖူးတာပဲ"

" ဘာကြောင့် လာကြတာလဲ"

"အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီး သွေးအန်လို့လို့ ဆိုတာပါ"

"သွေးအန်တာ ရောဂါဝေဒနာ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"အဲလို အရှင်မြတ်ကြီး မချိမဆံ့ ရောဂါဝေဒနာ ခံစားနေရတာ လာကြတဲ့ သိကြား၊ ဗြဟ္မာတွေ က ဘာကြောင့် ဆေးကုမပေး တာလဲ။ အရှင်မြတ်ကြီး အဲဒီသွေးအန်တဲ့ ရောဂါ အပြင်းအထန်

ခံစားပြီး ပရိနိဗ္ဗာန်ပြုသွားရတာ မဟုတ်လား။ အကယ်၍ နတ်ပြဟ္မာ၊ သိကြားတွေက ဆေးကုရင် ဘာကြောင့် ပရိနိဗ္ဗာန်စံစရာ လိုတော့မလဲ”

“ဒါလဲ ဟုတ်တာပဲနော် အစ်ကို”

“ဟုတ်တာပေါ့ မောင်ကျောက်တိုင်ရယ်၊ တစ်ခါပြောဦးမယ်၊ မြတ်စွာဘုရားရှင်ကို အရှင်ဒေဝဒတ် ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ ကျောက်မောင်းဆင်ပြီး သတ်တယ်မဟုတ်လား”

“ဟုတ်ပါတယ် အစ်ကို”

“ဒါပေမယ့် ဘုရားရှင်တို့မည်သည် ‘ဗုဒ္ဓါနံဇီဝိတဿ နသက္ကာ ကောနစိ အန္တာယောကာတုံ’ ဆိုတဲ့အတိုင်း မြတ်စွာဘုရားရှင်တို့ရဲ့ အသက်အန္တရာယ်ကို ဘယ်သူ တစ်စုံတစ်ယောက်ကမှ သေအောင် ပြုနိုင်ပါတဲ့။ ဒါကြောင့် အရှင်ဒေဝဒတ် လှိမ့်ချလိုက်တဲ့ ကျောက်တုံးကို အခြားကျောက်တုံးတစ်တုံးက ခံလိုက်တယ်။ အဲဒီကျောက်တုံးနှစ်ခု ထိခိုက်ရာက ပွဲ့ကျလာတဲ့ ကျောက်ချပ်လွှာကလေးက မြတ်စွာဘုရားရှင် ရဲ့ ခြေမတော် လာထိတယ်။ သွေးစိမ်းတည် တယ်ပေါ့ကွာ။

“အဲဒီသတင်း တစ်မုဟုတ်ချင်း ပျံ့နှံ့သိရှိသွားပြီး ရဟန်းသံဃာတော်များ ဘုရားရှင်ကို ဝိုင်းရံစောင့်ကြတယ်။ နောက်မြတ်စွာ

ဘုရားကို ထမ်းစင်နဲ့ထမ်းပြီး ဇီဝကရဲ့ သရက်ဥယျာဉ် သယ်ဆောင်သွားတယ်။ နတ်ဗြဟ္မာတွေလဲ သတင်းကြားပြီး မြတ်စွာဘုရားထံ ရောက်လာကြတယ်။ အဲဒီနတ်ဗြဟ္မာတွေဟာ မြတ်စွာဘုရားရှင် ကာယိကဒုက္ခ ဖြစ်နေတာသူတို့ တွေ့နေကြ တာပဲ၊ နတ်ဗြဟ္မာတွေဟာ တန်ခိုးရှိတာပဲ။ တကယ်သာ သူတို့ နတ်ဗြဟ္မာတွေ ဆေးကုလို့ ပျောက်ကယ်ဆိုရင် ဦးဖွလို့ ပျောက်အောင် မန်းမှုတ်မှာပေါ့။ ဒါပေမဲ့ ဘယ်နတ်သိကြား ဗြဟ္မာမှ မြတ်စွာဘုရားရဲ့ ခြေမတော်က အနာကို ကုမပေးကြပါဘူး မောင်ကျောက်တိုင်"

"ဟုတ်ကဲ့၊ ဘယ်နတ် သိကြား ဗြဟ္မာကမှ ဘုရားရှင် ခြေထောက်က အနာကို ဆေးကုမပေးကြပါဘူး အစ်ကို "

"နတ် သိကြား ဗြဟ္မာများက မြတ်စွာဘုရားကို သတင်းလာမေးကြတာသာ ဖြစ်တယ်။ နတ် သိကြား ဗြဟ္မာတို့ရဲ့ ဣဒ္ဓိပါဒ်တန်ခိုးနဲ့လဲ ဆေးမကုကြပါဘူး။ နတ်ဆေးတောင့်ယူလာပြီး မြတ်စွာဘုရားရှင်ရဲ့ ခြေမတော်က အနာကို သွေးပြီးလိမ်းမပေးကြပါဘူး။ မြတ်စွာဘုရားရဲ့ ခြေမတော်က အနာကို တကယ် ဆေးကုပေးတာက ဇီဝကဆေးဆရာကြီးပဲ မဟုတ်လား။ "

" ဒီမှာ မောင်ကျောက်တိုင်ကို သတိပေး ပြောကြားချင်ပါတယ်။ အခုခေတ်လဲ ဘာရေမန်း၊ ဘာညာသောက်လို့ ရောဂါပျောက်တယ်၊

ပျောက်စေဆရာရဲ့ တန်ခိုးကြောင့် ရောဂါပျောက်တယ်၊ ဘယ်ရသေ့က ဘယ်ဝိဇ္ဇာက ဘယ်ဘိုးတော်က ဘယ်နတ်က စသဖြင့် ဘာပေး၍ ဘယ်လိုလုပ်ပေး၍ ရောဂါပျောက်တယ်ဆိုတာလဲ မယုံကြည်ပါနဲ့။

'မန္တလေးမဟာမြတ်မုနိဘုရားမှာ ကြေးရုပ်ကြီးတွေ ရှိတယ်။ အဲဒီ ကြေးရုပ်ကြီးတွေကို ပွတ်သပ်ရင် ရောဂါပျောက်တယ်လို့ အများက ပြောကြတယ်။ ဒါကြောင့် အချို့ဘုရားဖူးတွေထဲက မျက်စိမကောင်းသူက ကြေးရုပ်ကြီးမျက်လုံး ပွတ်သပ်တယ်၊ ဝမ်းဗိုက်မကောင်းသူက ဝမ်းဗိုက်ပွတ်သပ်တယ် စသဖြင့်ပေါ့ကွာ။ ယခင်ဘုရားဖူးတွေက အဲလိုလုပ်ကြသတဲ့။ ဒါကြောင့် ကြေးရုပ်ကြီးတွေမှာ မျက်စိ၊ ဗိုက် စသည်တို့မှာ ဝင်းပြီး ရွှေရောင် တောက်နေတယ်။ အခုတော့ အယုံအကြည် မရှိကြတော့ဘူး ထင်ပါတယ်။ အဲဒါ အရူးတစ်မျိုးပဲ'

"တုတ်တယ် အံစ်ကိုရေ၊ အစွဲအလမ်းက အတော်ချွတ်ရခက်တာ"

"မှန်တယ် မောင်ကျောက်တိုင်၊ ကောက်ချက်ချလိုက်ရင် အဲဒါတွေဟာ ပညာဗဟုသုတ နည်းကြလို့ပဲ။ ရောဂါဖြစ်ရင် ဘယ်နတ် ဘယ်ဘိုးတော်ဆီမှ မသွားပါနဲ့။ ခေတ်မီ ဆေးခန်း၊ ဆေးရုံတွေ

ရှိနေပါပြီ။ အဲဒီ သွားကြပါလို့"

"ဟုတ်ကဲ့၊ အခုလိုရှင်းပြတာ ကျေးဇူးပါအစ်ကို၊ ကျွန်တော် ပြန်ပါဦးမယ် "

ဓမ္မရံသီ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ
အမှတ်(၃၅၄)

# အဆန်းထွင်ခြင်း

တစ်နေ့မောင်ကျောက်တိုင် ရောက်လာသည်။

" ဟော .. မောင်ကျောက်တိုင် စောစောစီးစီး ဘယ်ကလာတာလဲ " ဟု ကျွန်ုပ်က မေးလိုက်သည်။

" ကျွန်တော့်မိတ်ဆွေ တစ်ယောက်ရဲ့ သားမင်္ဂလာ ဆောင်လာရင်း အ ဂိုဆီ ဝင်လာတာပါ " ဟု မောင်ကျောက်တိုင်ကပြောသည်။

" ဩော် .. မင်္ဂလာဆောင်က အပြန် ဝင်လာတယ်ဆိုပါတော့

အကြောင်းရှိလား ”

“ ရှိတယ် အစ်ကို ”

“ ဆိုပါဦး၊ မင်္ဂလာဆောင်မှာ ဘာတွေ တွေ့ကြုံခဲ့ရလို့လဲ ”

“ မင်္ဂလာဆောင်မှာ မဟုတ်ပါဘူး၊ အစ်ကို။ လမ်းမှာ တွေ့ကြုံခဲ့၊ ကြားခဲ့ရတာပါ။ ”

“ လမ်းမှာ ဘာတွေတွေ့ခဲ့ရ၊ - ကြားခဲ့ရလို့လဲ ”

“ မင်္ဂလာဆောင်သွားရင်းဗျာ၊ အလှူခံမဏ္ဍပ်က နိဗ္ဗာန်ဆော် ရွတ်သွားတာကို သဘောမကျလို့ အစ်ကို့ဆီ ဝင်လာတာပါ။

“ နိဗ္ဗာန်ဆော်က ဘာတွေရွတ်လို့လဲ ”

“ နိဗ္ဗာန်ဆော်က ‘ဗုဒ္ဓမြတ်စွာ သာသနာရောင်ဝါနေသို့ လင်းစေသော ... ၊ ဓမ္မမြတ်စွာသာသနာ ရောင်ဝါနေသို့ လင်းစေသော..၊ သံဃာ့မြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းစေသော...’ လို့ ရွတ်သွားတယ်ဗျ။ နားထဲကြားရတာ တစ်မျိုးကြီး ဖြစ်နေတယ်။ အဲလို စာပေမှာ ဓမ္မမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းစေသော၊ သံဃာ့မြတ်စွာ သာသနာ ရောင်ဝါ နေသို့ လင်းစေသောဆိုတာ ရှိသလားလို့ပါ။”

“ စာပေမှာရော၊ အပြင်မှာ ရွတ်တာရော ဘယ်မှာမှ မရှိဘူးထင်တယ်။ အဲဒီနိဗ္ဗာန်ဆော်က အဆန်းထွင်ပြီး ရွတ်တယ်လို့

ဆိုရမှာပါ။ ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းစေသော်... ဆိုကြတာပဲရှိတာပါ။ သာသနာဆိုတာ မြတ်စွာဘုရား အဆုံးအမပါ။ အဆုံးအမဆိုတာလဲ ဘုရားဟောထားတဲ့ တရားတော်များကို တစ်ဆင့်ဟောကြားတာဖြစ်လို့ သာသနာဆိုတာ မြတ်စွာဘုရားနဲ့သာ ဆိုင်တာပါ။ ဓမ္မသာသနာ၊ သံဃာ့သာသနာလို့ မရှိနိုင်ပါဘူး။

" ခက်တယ်ကွာ၊ အချို့သူတွေက အတော် အဆန်းထွင် ချင်ကြတာပါပဲ၊ သင့်တော်၏ မသင့်တော်၏ဆိုတာ ဘာမှ မစဉ်း စားကြတော့ဘူး။ ပြီးတော့ရှိသေးတယ်၊ တစ်ဦးတစ်ယောက် ကွယ်လွန်သွားရင် ' သာသနာ့ဖခင်ကြီး၊ သာသနာ့ မိခင်ကြီး မည်သူ အနိစ္စရောက်သွားပါသဖြင့် ဟစ်နေကြတယ်။ ရှေးခေတ်က ဘုရားအကာ၊ ကျောင်းအကာ၊ ရဟန်းအကာ စသည်ဖြင့်ပဲ ဟစ်ကြတာ။

" ဒါကြောင့် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသက ' မစိုးရိမ်တိုက်သစ် သမိုင်း ' စာအုပ်မှာ... ထိုထက်ပို၍ ဆိုးဝါးသော မြောက်ပင့်၍ ခေါ်ဆိုခြင်း တစ်မျိုးရှိသေး သည်။ သဒ္ဓါတရား ထက်သန်ပြီး လှူဒါန်းမှု များသောသူကို သာသနာ့ မိခင်ကြီးတဲ့၊ သာသနာ့မိခင်ဟူ၍လည်းကောင်း၊ သာသနာ့ဖခင် ဟူ၍လည်းကောင်း၊ ခေါ်ဆိုထိုက်သူမှာ ဘုရားရှင်သာဖြစ်သည်။ အခြား မည်သူ တစ်ဦးတစ်ယောက်မျှ သာသနာ့မိခင်၊ သာသနာ့ဖခင် ဖြစ်

ထိုက်သူမရှိကြောင်း ရေးသားတော် မူခဲ့တယ် မောင်ကျောက်တိုင်”

“ လူတွေက သိပ်အဆန်းထွင်ချင်ကြတာပဲနော် ”

“ မလိုအပ်ဘဲနဲ့ အဆန်းထွင်ချင်တာကိုးကွ။ တို့ဆီမှာ တစ်ခါကြားလိုက်ပါသေးတယ်။ အမျိုးသားနေ့ရှိသလို အမျိုးသမီးနေ့လဲ ရှိသင့်တယ်ဆိုတာ။ အမှန်က အမျိုးသားနေ့ဆိုတာ ယောကျ်ားချည်းပဲ ဆိုလိုတာမဟုတ်ဘူး၊ မိန်းမတွေလဲ ပါတာပဲ။ အမျိုးသားမှတ်ပုံတင် ကြည့်ပါလား၊ ကဲ ..အဲဒီ အမျိုးသမီး မှတ်ပုံတင်လို ထူးပြောစရာ မလိုဘူးလေ။ အချို့ နေရာတွေမှာ နိုင်ငံ နဲ့ ချိလာရင် အမျိုးသားဆိုတာနဲ့ အမျိုးသမီးပါပြီးသာပဲ။ ဥပမာ- အိမ်တစ်အိမ်မှာ ဦးညို၊ ဒေါ်ဝါ၊ သား-မောင်နီ၊ သမီး-မဖြူ ရှိတယ်ဆိုပါတော့။ အဲဒီ အခြားသူတို့ကို မပြောဘဲ ဦးညိုတို့ မိသားစု လာကြပါဆိုရင် တစ်အိမ်သားလုံး ပါပြီပဲပေါ့ကွာ။”

“ မလိုအပ်ဘဲ၊ ဒါမှမဟုတ် မိမိမသိနားမလည်ဘဲ အဆန်း ထွင်ရင် လူရယ်စရာ၊ အထင်သေးစရာတွေ ဖြစ်ကုန်တာပေါ့နော်”

“ ဟုတ်တာပေါ့ လယ်တီဆရာတော်၊ မန်လည်ဆရာတော်တို့ ခေတ်တုန်းကလဲ အဆန်းထွင်တဲ့ ဆရာတော် ပေါ်ပေါက်ဖူးသတဲ့၊ ဘွဲ့တော်ကတော့ အရှင်ဉာဏဝံသ ထင်ပါတယ်။ ဘွဲ့တော် ကောင်းကောင်း မမှတ်မိဘူး၊ ထားပါတော့။ အဲဒီဆရာတော်က

သိပ္ပံဂွ သွားပြီး ဘုရားဖူးသတဲ့ အပြန်မှာတော့ စိတ်ကူးရလာပြီး 'မြတ်စွာဘုရားသည် ဆံမုတ်ဆိတ်သာ ပယ်တယ်၊ နှုတ်ခမ်းမွေး ပယ်တယ်လို့ အပါဠိမှာ မပါဘူး။ ဒါကြောင့် ဘုရားမှာ နှုတ်ခမ်းမွေး ရှိတယ်' ဆိုပြီး သူ့ကိုးကွယ်တဲ့ ဒကာ–ဒကာမ တွေရော၊ သူ့ကျောင်းမှာရှိတဲ့ ရုပ်ပွားတော်ဘုရားတွေကိုပါ နှုတ်ခမ်းမွေးတပ် ကိုးကွယ်ပါသတဲ့။

" ဒီကိစ္စကို မလိုလားကြတဲ့ ဒကာတွေက မန်လည် ဆရာတော်ကြီးထံ အဲဒီအကြောင်း လျှောက်ထားကြသတဲ့။ မန်လည်ဆရာတော်ကြီးကတော့ ငြိမ်မနေဘူးတဲ့၊ မဟုတ်ရာ အဆန်း ထွင်ရမလားဆိုပြီး အရှင်ဥာဏဝံသထံ ဒွေးချိုး စာရေးပြီး ပေးပို့ စေလိုက်သတဲ့။"

" အဲဒီဒွေးချိုးစာက ဘယ်လိုရေးထားသလဲ အစ်ကို "

" ဒီလိုကွ

လုပ်ငန်းရယ်ပို
နှုတ်ခမ်းကို သူကြည်ညိုပြန်သတဲ့
သိပ္ပံဂွပြန်ဘုန်း။
ယခင်ရှေးဟို
(ဘဝ်)မွေးကို ဘယ်လိုဆိုပ

သီဟိုဠ်ပြန် ဆရာဉာဏ်ရဲ့
အပါဒါန် ရွှေစာတန်းလို့
ကျမ်းပြုပါဦး .. တဲ့။ ”

“ အဲလိုပို့လိုက်တော့ ဘာဖြစ်သွားလဲ ”

“ အဲလိုပို့လိုက်ပေမဲ့ မပြေငြိမ်းဘူးတဲ့။ နောက်ဆုံး လယ်တီဆရာတော်ကြီးက ပညာသားပါပါ ဆုံးမလိုက်မှ အရှင်ဉာဏဝံသဟာ ဘုရားမှာ တပ်ထားတဲ့ နှုတ်ခမ်းမွေးတွေ အားလုံး ဖြုတ်ပစ်လိုက်တယ်လို့ ဆိုတာပဲ။ တို့ဗုဒ္ဓဘာသာတွေမှာ မလိုအပ်ဘဲ အဆန်းထွင်ကြတာ၊ အဆန်းထွင်ပြီးထားတာတွေ အများကြီးရှိတယ်။

“ ဆိုပါစို့၊ တနင်္ဂနွေသားမို့ တနင်္ဂနွေပါတဲ့ အသားနဲ့လုပ်ထားတဲ့ ပုတီးနဲ့ စိပ်ရမယ်တို့၊ တနင်္လာသားမို့ တနင်္လာပါတဲ့ အသားနဲ့လုပ်ထားတဲ့ ပုတီးနဲ့ စိပ်ရမယ် စသည်တို့၊ ကိုးနဝင်းပုတီးကို မည်သည့်နေမှာ ဘယ်နှစ်ပတ်စိပ် စတာတို့၊ ဘယ်အသားကိုထု ကိုးကွယ်ရင် လာဘ်ကောင်းတယ် စတာတို့ အများကြီးအများကြီးပါပဲ၊ ဒီမှာအားလုံး ပြောလိုပါတယ်။ ဗုဒ္ဓဘာသာက အဖြူထည်သက်သက်ပါ။ ဘာအရောင်မှ မဆိုးပါဘူးလို့။ အရောင်ဆိုးနေကြတာက ဗုဒ္ဓဘာသာ ကိုးကွယ်ကြတဲ့ အချို့သူတွေပါလို့ ”

" ဟုတ်ကဲ့ အစ်ကို အခုလိုရှင်းပြတာ ကျေးဇူးတင်ပါတယ်။ ပြန်ပါဦးမယ်။"

" ကောင်းပြီး မောင်ကျောက်တိုင် "

၂၀၁၉ခုနှစ်၊ ဇူလိုင် ၊ ဓမ္မရတနာ
အမှတ်(၂၇၁)

# အချိန်လွဲ အသုံးလွဲ

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" မောင်ကျောက်တိုင်ပျောက်ချက်သား ကောင်းလှချည်လား။ ငါ့ဆီ မလာတာ တစ်ပတ်ကျော်ကျော်လောက် ရှိပြီနော်၊ ဘယ်သွား နေတာလဲ" ဟု မေးလိုက်သည်။

" တခြားနယ်က မိတ်ဆွေတစ်ဦးရဲ့ ရှင်ပြုအလှူဖိတ်လို့ သွားနေတာပါ အစ်ကို။ ခြောက်ရက်တောင်ကြာခဲ့တယ်။ ကိုယ်မရောက်ဘူးတဲ့ ဒေသဆိုတော့လည်း လျှောက်လည်တာပေါ့။

ပြီးတော့ အိမ်မှာလည်း စပါးတို့ ပဲတို့ပြီးပြီဆိုတော့ ရက်ကြာ သွားတယ်။ ”

“ အေးကွာ ... အခုလို ဗုဒ္ဓဘာသာပီပီ ရှင်ပြုအလှူပေးတာဟာ အင်မတန် ဂုဏ်ယူစရာ နှစ်သက်စရာ ကောင်းပါတယ်။ ”

“ ဟာ.. အစ်ကိုရေ အကျွေးအမွေးကတော့ လိုလေသေး မရှိဘူး၊ အလှူမတိုင်ခင်ကတည်းက မဏ္ဍပ်ကြီးထိုးပြီး ကျွေးမွေး နေတာ၊ ကျွေးတာလည်း မပြောနဲ့လေ၊ ကျွန်တော့်မိတ်ဆွေ က လယ်ကေ နှစ်ဆယ်လောက် ရှိတယ်။ စပါးက တစ်ကေ ကိုးဆယ် လောက် ထွက်တယ်။ အခု စပါးဈေးက ‘ဝတီထွန်း’ တောင် တင်း ၁၀၀ ကို လေးသိန်းကျော်ပေါက် ဈေးရှိတယ်။ တစ်ခါ နှစ်သီးစားစိုက်လို့ မတ်ပဲလည်း ရတယ်။ မတ်ပဲက ဒီနှစ် တစ်ဧက တင်း ၂၀ ကျော် ထွက်သတဲ့၊ မတ်ပဲဈေးကလည်း ကောင်းတယ်။ တစ်တင်း လေးသောင်းကျော် ငါးသောင်းလောက် ဆိုတော့ လှူနိုင်တန်းနိုင် တာပေါ့ဗျာ အဲ ဒါပေမဲ့ ...”

“ ဟ ... မင်းကလည်း ချီးကျူးလာပြီမှ အဲ .. ဒါပေမဲ့က ဘာလဲကွ၊ ဆိုပါဦး ”

“ အဲ ... ဒါပေမဲ့က ဒီလိုပါ အစ်ကို၊ ပိုက်ဆံရှိလို့သာ ရှင်ပြု အလှူပေးပေမယ့် သူ့သားနှစ်ယောက်က ငယ်သေးတယ်

အစ်ကို”

“ သြော် .. အဲဒါကြောင့် ဒီပေမဲ့ ပြောတာလား။ မင်းမိတ်ဆွေရဲ့ သားတွေက ဘယ်အရွယ်တွေမို့လဲ ”

“ အကြီးက ၉–နှစ်၊ အငယ်က ၇–နှစ် လို့ပြောတာပဲ”

“ ၉– နှစ် ၇– နှစ် ရှင်ပြုရင် ရတယ်လို့ ပြောနိုင်ပါတယ်။ အဲ .. မင်းပြောတဲ့ ဒီပေမဲ့အတိုင်း ရှင်ပြုဖို့က အဓိကကျတယ်။ ဘုရားရှင်လက်ထက်က ၇–နှစ်ကို ပထမပိုင်းက ခွင့်ပြုခဲ့တယ်။ အဲဒီအချိန်က ပါဠိစကားပဲ ပြောကြတာဆိုတော့ ရှင်လောင်းလေးတွေ လိုက်ဆိုနိုင်စရာ ရှိတယ်။ အခုတော့ ကိုယ့်ဘာသာမဟုတ်တဲ့ ပါဠိအသံထွက် လိုက်ဆိုရတာဖြစ်လို့ အသက် ၁၂–နှစ်မှ အထက်ပဲ ရှင်ပြုတာ ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှင်ဖြစ်ရေးဟာ သရဏဂုံ ပီပီသသ ရွတ်နိုင်မှ ဖြစ်မှာ။

“ တို့ငယ်စဉ် တို့ဆရာဘုန်းကြီးက ၁၃–နှစ် မပြည့်ရင် ကိုရင် ဝတ်မပေးဘူး ၁၃–နှစ်ပြည့်တဲ့ သူတွေတောင် တစ်ပတ် ဆယ်ရက်က သင်္ကန်းတောင်း၊ ဆယ်ပါးသီလ စတာတွေကို သင်အံလေ့ကျက်ထားရတယ်။ တန်းကျောင်း သားတွေဆို နွေစာမေးပွဲပြီးလို့ ရှင်ပြု ကိုရင်ဝတ်ချင်တယ်ဆိုရင် ၁၅ ရက်၊ ရက် ၂၀ လောက်က ကျောင်းလာပြီး သင်ယူထားရတယ်ကွ ”

" ဟုတ်ပါတယ် အစ်ကို၊ ခုလို သာသနာတွင်းမှာ ရှင်ပြု အလှူပေးလို့ အမည်ခံပြီး ရှင်မပြုမှာ ကျွန်တော် စိုးရိမ် တယ်။ အချို့က ပိုက်ဆံရှိပြီဆိုရင် ကိုယ့်ကလေးက အသက်ငယ်ငယ် မငယ်ငယ် အဓိကမထားကြဘူး။ လှူဖို့သာ အဓိက ထားကြတာ၊ လှူတာကတော့ ကိုယ်ရှိရင် လှူနိုင်ပါတယ်။ ရှင်ကတော့ အရွယ် မရောက်သေးရင် မပြုသင့်သေးဘူးလို့ ထင်ပါတယ်။ "

" မှန်ပါတယ်၊ လှူတာတော့ ဘယ်အချိန်လှူလှူ အရေး မကြီးဘူး၊ ရှင်ပြုဖို့တော့ အရေးကြီးတယ်။ ခက်နေတာက ရှင်ပြုရင် အလှူကြီးပေးမှ ဖြစ်မယ်လို့ ထင်နေကြတာကိုးကွ "

" ဟုတ်တယ် အစ်ကို၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် အချို့သူတွေ အဲလိုဖြစ်နေကြတာ။ အဲ... ထားပါတော့ အစ်ကို နောက်ထပ်တစ်ခု မကြိုက်ခဲ့တာ တွေ့ခဲ့ရတယ်။

" ဟော ... ဘာမကြိုက်ခဲ့ ပြန်တာလဲ "

" အခု မိုးကျတော့မယ်လေ၊ မိုးလေဝသ ကင်းအောင် ရှင်ဥပဂုတ် တင်မြှောက်ထားတာ တွေ့ခဲ့ရတယ်။"

" ဟုတ်လား ပြောပါဦး "

" ထောင့်တစ်ခုက မဏ္ဍပ်တိုင် တစ်တိုင်မှာ အုန်းငှက်ပျော လက်ဖက် စသည် လင်ပန်းထဲထည့်၊ ဆိုင်းနဲ့ချိတ်ဆွဲတာ

တွေ့ခဲ့ရတာပဲဗျ”

“ ရှင်ဥပဂုတ် မရှိတဲ့ အကြောင်းကို ပိဋကတ်စာပေ ပညာရှင်တွေက အထောက်အထား အကိုးအကားတွေနဲ့ ရေးနေကြတာ အတော်များပါပြီ။ ဒါပေမဲ့ လူပြန်တော် ဓမ္မာစရိယတစ်ယောက်ကလည်း ရှင်ဥပဂုတ်ပူဇော်နည်းဆိုတဲ့ စာအုပ်ရေးထားတာတောင်တွေ့ဖူးတယ်။ ဒီအကြောင်း ထားပါတော့။ ပြောချင်တာက ရှင်ဥပဂုတ်ရှိတာ မရှိတာကို မဟုတ်ပါဘူး။ ကလေးကလား ဆန်ဆန် လုပ်ထားတာကိုပါ ”

“ ဘယ်လို ကလေးကလား ဆန်တာလဲ အစ်ကို ”

“ မင်းစဉ်းစားကြည့်လေ၊ အချို့က ရှင်ဥပဂုတ် ရှိတယ်ဆိုတာ လက်ခံထားကြတယ် မဟုတ်လား ”

“ အချို့က တော်တော်ကို ယုံကြည်ကြတာ ”

“ ဟုတ်ပြီ ရှင်ဥပဂုတ် ရှိတယ်လို့ ယုံကြည်သူတွေ ပြောချင်တယ် ”

“ ဘယ်လိုလဲ အစ်ကို ”

“ ရှင်ဥပဂုတ်ကို ရှိတယ်လို့ ယုံကြည်သူတွေက ရှင်ဥပဂုတ်ဟာ ဘာလို့ထင်နေကြလဲ ”

“ ရဟန္တာလို့ ထင်နေကြတာပါ အစ်ကို ”

" ရဟန္တာလို့ ထင်နေကြတယ်ဆိုရင် ရဟန္တာ ဖြစ်တဲ့ ရဟန်းတစ်ပါးကို နတ်တွေတင်သလို အုန်းငှက်ပျော လက်ဖက် စသည် နေ့ညထားရက်ထားပြီး ဆိုင်းနဲ့တင်ကောင်း မတင်ကောင်း ဆင်ခြင်သင့်တယ်။ ရဟန်းတစ်ပါးကို ပသတာ၊ တင်မြှောက်တာ ဆိုတာမျိုးတောင် မသုံးသင့်ဘူး၊ ပူဇော်တဲ့ အသုံးတော့ ထားပေါ့လေ"

" အယ် ... ဒါလည်း ဟုတ်တာပဲ "

" အခု ရှင်ဥပဂုတ်ကို ယုံကြည်ကိုးကွယ်နေကြတာက သီလ၊ သမာဓိ၊ ပညာဂုဏ်တွေ မဟုတ်ဘူးနော်၊ တန်ခိုးကြီး တယ်ဆိုလို့ မိုးတားနိုင်တယ်ဆိုလို့၊ မာရ်နတ်ကို နှိမ်နင်းနိုင်တယ်ဆိုလို့ ကိုးကွယ်နေကြတယ်။ ပြောမယ်ဆိုရင် ရဟန်းတစ်ပါးကို မအပ်စပ်တဲ့နည်းနဲ့ လှူနေကြတယ်။ မနိုင်းကောင်းတဲ့ အလုပ်ကို နိုင်း နေကြသလို ဖြစ်မနေဘူးလား "

" ရဟန်းတစ်ပါးကို နတ်ပသ သလို နတ်တင်မြှောက်သလို လုပ်နေကြတယ်။ ရှင်ဥပဂုတ်ကို ရုပ်တုလုပ်ပြီး ဆီမီး၊ ပန်း၊ ဆွမ်း၊ ရေချမ်းကပ်လှူ ကြတာကတော့ သူတို့ယုံကြည်လို့ လှူဒါန်း ဆက်ကပ်တယ်ပဲထားဦး ရှင်ဥပဂုတ် ရုပ်တုတင် အစားအသောက် တွေနဲ့ ၁၂ နာရီကျော် မှာ အချို့က ဖောင်မျှောကြသတဲ့။ အဲဒါ ဘာလုပ်ကြတာလဲ"

" သူတို့က ပြောမှာပေါ့ အစ်ကို၊ သမုဒ္ဒရာထဲမှာ ကြေးပြာသာဒ်နဲ့ သီတင်းသုံးနေတဲ့ ရှင်ဥပဂုတ် ကို ပူဇော်တာလို့ လုပ်သင့် မလုပ်သင့် တော့ မသိဘူးလေ "

" အချို့က ခက်တယ်ကွ၊ ဘာမသိ ညာမသိ လိုက်လုပ်နေကြတာပဲ။ ပြီးတော့ ဦးရှင်ကြီးကျတော့ မနက်အစောကြီး ထပြီး၊ ဆွမ်းတင်ကြသတဲ့။ ဦးရှင်ကြီး ဆွမ်းတင်တဲ့ စာအုပ်တွေတောင် ရှိတယ်။ ဦးရှင်ကြီးဆိုတဲ့ မောင်ရှင် သေတုန်းကဘာလဲ။ လူပဲရှိသေးတာ။ သေပြီး နတ်ဖြစ်တာပဲတဲ့။ နတ်ဖြစ်တယ်ဆိုရင် 'ဦးရှင်ကြီး ထမင်းတင်သည် ဟင်းတင်သည်' ဖြစ်ရမှာပေါ့။ ဦးရှင်ကြီးက ကိုရင်လည်းမဟုတ်ဘူး၊ ရဟန်းလည်း မဟုတ်ဘူး၊ နတ်ဆိုရင် 'ဆွမ်းနဲ့တင်' ရော မသုံးသင့်ဘူး၊ အဲ.. ဘုရား ရဟန်းကျတော့လည်း ဆွမ်းတင်စကား မသုံးသင့်ဘူး၊ ဆွမ်းကပ် ဆွမ်းလှူပဲ သုံးသင့်တယ် ထင်ပါတယ် "

" ဟင်း .. ဟုတ်တယ်နော် အစ်ကို၊ ရှင်ဥပဂုတ်က ရဟန်း၊ ဦးရှင်ကြီးကလူပဲ၊ အသုံးတွေလွဲနေတယ်။ ရဟန်းကို နတ်လိုတင်၊ နတ်ကိုရဟန်းလို ဆွမ်းကပ်တဲ့၊ ခုမှ သတိထားမိတယ်။"

" ဒါက တိုက်ဆိုင်လို့ သတိရလို့ ပြောဖြစ်တာပဲ ရှိသေးတာ။ မတိုက်ဆိုင်လို့ သတိမရလို့ မပြောဖြစ်သေးတဲ့ အများတွေက

အရပ်ထဲမှာ အများကြီး ရှိတယ်”

“ဟုတ်ကဲ့အစ်ကို နောက်ကြုံမှာပါ၊ အခုကျွန်တော့်ခွင့်ပြုပါဦး။

၂၀၁၇ ခုနှစ်၊ ဇွန်လ ဓမ္မရုံသီ

# မိမိတွက်တာ သာသနာ

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" အစ်ကိုရေ .. လေးအာသင်္ချေတို့၊ သုညကမ္ဘာတို့ ဘုရားပွင့်တဲ့ ကမ္ဘာတို့ စတာတွေ ပြောပြပါဦး "

" ဘယ်လိုဖြစ်လာတာလဲ မောင်ကျောက်တိုင် အခုမှ ဘာကြောင့် အရေးတကြီး သိချင်နေရတာလဲ "

" ဒီလိုဗျာ ကျွန်တော့်မိတ်ဆွေ တစ်ယောက်နဲ့ စကားပြောရာက အဲဒီလေးအာသင်္ချေစတဲ့ အကြောင်းတွေ ရောက်သွားကြတယ်။ သူက

အဲဒီအကြောင်းတွေသိလား၊ သိရင် ပြောပြပါတဲ့ ကျွန်တော် ဂဃနဏ ဘယ်သိမလဲ အဲကြောင့် လာမေး တာပါ”

“ အေးဟ် ... ဒီလိုလား ကောင်းပြီ၊ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ဒုတိယပိုင်းထဲက ထုတ်ပြောမယ်၊ ရှေးဦးစွာ ‘ တစ်ဆူသာရ၊ နှစ်မဏ္ဍ၊ ဝရသုံးဆူသာ၊ သာရမဏ္ဍ၊ လေးဆူပြ၊ ပဉ္စဘဒ္ဒကာ။ တစ်ဆူသော်မျှ၊ မပွင့်က သုညကပ်ကမ္ဘာ’ တဲ့ အဲဒီလင်္ကာအတိုင်း ကမ္ဘာတစ်ခုမှာ ဘုရားတစ်ဆူပွင့်ရင် သာရကမ္ဘာ၊ ဘုရားနှစ်ဆူပွင့်ရင် မဏ္ဍကမ္ဘာ၊ ဘုရားသုံးဆူ ပွင့်ရင် ဝရကမ္ဘာ၊ ဘုရားလေးဆူပွင့်ရင် သာရမဏ္ဍကမ္ဘာ၊ ဘုရားငါးဆူပွင့်ရင် ဘဒ္ဒကမ္ဘာလို့ ခေါ်သတဲ့၊ တို့အခု ကမ္ဘာဟာ ဘုရားငါးဆူပွင့်လို့ ဘဒ္ဒကမ္ဘာပေါ့၊ အဲ ... တစ်ဆူမှ မပွင့်တဲ့ ကမ္ဘာကိုတော့ သုညကမ္ဘာခေါ်ဟ”

“ ဟုတ်ကဲ့၊ လေးအသင်္ချေ ဘယ်လိုဖြစ်တယ်၊ ဘာကြောင့် ခေါ်တယ်ဆိုတာ ပြောပါဦး”

“ လေးအသင်္ချေ ဖြစ်ရတာ ဘုရားမပွင့်တဲ့ ကမ္ဘာတွေ မရေမတွက်နိုင်အောင် များပြားတာ လေးခါ ဖြစ်လို့တဲ့၊ ဒီလိုကွာ တို့ အခု ဂေါတမဘုရား အလောင်းတော် နိယတဗျာဒိတ်ရပြီး ပါရမီစလို့ ဖြည့်ကျင့်ခဲ့တဲ့ ကမ္ဘာကနေ စတင် ရေတွက်တာတဲ့။ အဲဒီ စတင်ရေတွက်တဲ့ ကမ္ဘာမှာ ၁။ တဏှင်္ကရာ၊ ၂။ မေဓင်္ကရာ၊

၃။ သရဏာက်ရာ၊ ၄။ ဒီပင်္ကရာရယ် လို့ ဘုရားလေးဆူပွင့်တယ်။ သာရမဏ္ဍကမ္ဘာ ခေါ်တာပေါ့၊ အဲဒီကမ္ဘာမှာ နောက်ဆုံးပွင့်တဲ့ ဒီပင်္ကရာဘုရား ကျမှ တို့ရဲ့ ဂေါတမဘုရား အလောင်းတော်ဟာ သုမေဓာရှင်ရသေ့ဘဝနဲ့ ဗျာဒိတ်ရတယ်၊ အဲဒီကစပြီး ပါရမီဖြည့်ကျင့်ခဲ့တာ၊ တဏှင်္ကရာ စတဲ့ ရှေ့ဘုရားသုံးဆူကို မမီဘူးတဲ့။

အဲဒီ တဏှင်္ကရာ ဘုရားကစပြီး ဘုရားလေးဆူပွင့်တဲ့ ကမ္ဘာကြီးဟာ နောက်ဆုံး ဒီပင်္ကရာ မြတ်စွာဘုရားပွင့်ပြီး ခြောက်ဆယ်လေးကပ် ကုန်ဆုံးသွားတာနဲ့ ကမ္ဘာကြီး ပျက်သွားရောတဲ့။

နောက်ကမ္ဘာတစ်ခု ပေါ်လာ၊ နောက်ကမ္ဘာ တစ်ခု ဖြစ်လာပေါ့ကွာ၊ အဲဒီလို ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေ မရေမတွက်နိုင်အောင် များပြားတယ်၊ အဲဒီနောက် ကမ္ဘာတစ်ခုမှာ ကောဏ္ဍည ဘုရားတစ်ဆူ သာပွင့်တဲ့ ကမ္ဘာဖြစ်လာသတဲ့။

ခုနက ပြောခဲ့တဲ့ တဏှင်္ကရာစတဲ့ ဘုရားလေးဆူ ပွင့်တဲ့ ကမ္ဘာမှာ နောက်ဆုံးပွင့်တဲ့ ဒီပင်္ကရာဘုရားနဲ့ သုညကမ္ဘာ တွေ မရေမတွက်နိုင်အောင် ဖြစ်ပြီး ဘုရားတစ်ဆူပွင့်တဲ့ ကောဏ္ဍည ဘုရားပွင့်တဲ့ ကမ္ဘာအကြား သုညကမ္ဘာတွေကို တစ်အသင်္ချေတစ်ခုလို့ ခေါ်တာတဲ့။

တစ်ခါ ကောဏ္ဍညဘုရားပွင့်တဲ့ ကမ္ဘာကုန်ဆုံးသွားတယ်၊ နောက်သုညကမ္ဘာပေါင်း မရေမတွက်နိုင်အောင် များစွာဖြစ်ပြီး ကမ္ဘာတစ်ခုမှာ ၁။ မင်္ဂလ၊ ၂။ သုမန၊ ၃။ ရေဝတ၊ ၄။ သောဘိတ ဆိုတဲ့ ဘုရားလေးဆူ ပွင့်တယ်၊ ဆိုခဲ့တဲ့ ကောဏ္ဍည ဘုရားပွင့်တဲ့ ကမ္ဘာနဲ့ သောဘိတဘုရားပွင့်တဲ့ ကမ္ဘာနှစ်ခု အကြား သုညကမ္ဘာတွေကို တစ်အသင်္ချေတစ်ခုတဲ့။

တစ်ခါ မင်္ဂလဘုရားကအစ သောဘိတအဆုံး ဘုရားလေးဆူ ပွင့်တဲ့ ကမ္ဘာကုန်ပျက်သွားပြန်တယ်၊ နောက် သုညကမ္ဘာပေါင်း မရေမတွက် နိုင်အောင်ဖြစ်ပြီး ကမ္ဘာတစ်ခုမှာ ၁။ အနောမဒဿီ၊ ၂။ ပဒုမ၊ ၃။ နာရဒဆိုတဲ့ ဘုရားသုံးဆူ ပွင့်တယ်၊ ဆိုခဲ့တဲ့ သောဘိတပွင့်တဲ့ ကမ္ဘာနဲ့ နာရဒပွင့်တဲ့ ကမ္ဘာ ဘုရားနှစ်ဆူအကြား သုညကမ္ဘာတွေကို တစ်အသင်္ချေတစ်ခုတဲ့။

တစ်ခါ အနောမဒဿီအစ နာရဒဘုရားအဆုံး ဘုရားသုံးဆူပွင့်တဲ့ ကမ္ဘာကုန် ပျက်သွားပြန်တယ်။ နောက် သုညကမ္ဘာ ပေါင်း မရေမတွက်နိုင်အောင်ဖြစ်ပြီး ကမ္ဘာတစ်ခုမှာ ပဒုမုတ္တရာဘုရား တစ်ဆူသာ ပွင့်လာတယ်၊ ဆိုခဲ့တဲ့ နာရဒပွင့်ခဲ့တဲ့ ကမ္ဘာနဲ့ ပဒုမုတ္တရပွင့်တဲ့ ကမ္ဘာ ဘုရားနှစ်ဆူအကြား သုညကမ္ဘာတွေကို တစ်အသင်္ချေတစ်ခုတဲ့ ”

" အဲဒါကို လေးအသင်္ချေခေါ်တာပေါ့နော်"

" ဟုတ်ပါတယ်၊ အဲဒီ လေးအသင်္ချေမှာ ကမ္ဘာတွေ မရေမတွက်နိုင်အောင် များပြားပေမဲ့ ဘုရားပွင့်တဲ့ ကမ္ဘာက သုံးကမ္ဘာ ပဲရှိတယ်၊ ဘုရားကလဲ ရှစ်ဆူတည်းပဲ၊ ကဲ... ဘုရားဖြစ်ရန် ဘယ်လောက်ခဲယဉ်းလဲ၊ မင်းတို့ငါတို့ အလွန်ကံကောင်းလို့ ဘုရားသာသနာနဲ့ လာကြုံရတာ "

" မှန်တာပေါ့ အစ်ကိုရယ် "

" အခုပြောခဲ့တဲ့ လေးအသင်္ချေကို အသွယ်သိရန် လက်ကျန်ရှိတယ်၊ မင်း မှတ်သွားမော့၊ စာလိုတော့ ဗုဒ္ဓန္တ အသင်္ချေ တစ်ခုစီပေါ့ "

၁။ ဒီပင်္ကရာ၊ ကောဏ္ဍည ၊ ကြားမှ တစ်အသင်္ချေ။

၂။ ကောဏ္ဍညနှင့် မင်္ဂလ ကြားမှ တစ်အသင်္ချေ။

၃။ သောဘိတနှင့် အနောမ ကြားမှ တစ်အသင်္ချေ။

၄။ နာရဒနှင့် ပဒုမုတ္တရ ကြားမှ တစ်အသင်္ချေ။

တဲ့ မောင်ကျောက်တိုင်

" ဟုတ်ကဲ့ အစ်ကို ကမ္ဘာတစ်သိန်းမှာ ပွင့်တော်မူကြတဲ့ ဘုရားတွေ ပြောပါဦး"

" လေးအသင်္ချေကုန်ဆုံးပြီး ပဒုမုတ္တရာဘုရားပွင့်တဲ့ ကမ္ဘာ ဖြစ်လာတယ်၊ အဲဒီနောက်မှာ အခုတို့ရဲ့ ဘဒ္ဒကမ္ဘာ အထိ ကြားထဲမှာ

ကမ္ဘာတစ်သိန်း ဖြစ်တယ်၊ အဲဒီကမ္ဘာတစ်သိန်းအတွင်းမှာ ဘုရားပွင့်တဲ့ ကမ္ဘာက ရှစ်ကမ္ဘာပဲရှိသတဲ့။ အဲဒီ ရှစ်ကမ္ဘာမှာ ပဒုမုတ္တရာဘုရားကစပြီး မေတ္တေယျဘုရား အရောက် တစ်ဆယ့်ခုနစ်ဆူသော ပွင့်တော်မူပါသတဲ့၊ အခုတော့ ဆယ့်ခြောက်ဆူပွင့်ပြီးပြီပေါ့၊ နောက်ဆုံး မေတ္တေယျ ဘုရားတစ်ဆူပွင့်ဖို့ ကျန်သေးတယ်။

**လင်္ကာကျက်ထား–**

အသချေ်လေးမှာ မြတ်ဗုဒ္ဓ
ပွင့်တာ သုံးကမ္ဘာ။
တစ်၊ လေး၊ သုံးသာ သုံးကမ္ဘာ
ပွင့်လာ ရှစ်ဆူပါ။
တစ်သိန်း ကမ္ဘာ၊ ဆယ်ခုနစ်သာ
ပွင့်လာ သိစရာတဲ့။

လေးအသချေ်မှာ သုံးကမ္ဘာပဲ ဘုရားပွင့်ကြောင်း၊ အဲဒီသုံး ကမ္ဘာမှာလဲ တစ်ကမ္ဘာက တစ်ဆူတည်း၊ နောက်ကမ္ဘာက လေးဆူ၊ နောက်ကမ္ဘာက သုံးဆူ၊ ပေါင်း ရှစ်ဆူသာပွင့်ကြောင်း ပြောခဲ့တယ် နော်၊ အခု ကမ္ဘာတစ်သိန်းမှာ ပွင့်တဲ့ ဘုရားတွေကို ပြောမယ်၊ ၁။ ပဒုမုတ္တရ၊ ၂။ သုမေဓ၊ ၃။ သုဇာတ ၊ ၄။ ပိယဒဿီ၊ ၅။ အတ္ထဒဿီ၊ ၆။ ဓမ္မဒဿီ၊ ၇။ သိဒ္ဓတ္ထ၊ ၈။ တိဿ၊ ၉။ ဖုဿ ၊

၁၀။ ဝိပဿီ၊ ၁၁။ သိခီ၊ ၁၂။ ဝေဿဘူ၊ ၁၃။ ကကုသန္ဓ၊ ၁၄။ ကောဏာဂမန၊ ၁၅။ ကဿပ၊ ၁၆။ ဂေါတမ၊ ၁၇။ နောက်ပွင့်မယ့် မေတ္တေယျ ပေါင်း တစ်ဆယ့်ခုနစ်ဆူပေါ့"

" ဘုရားပွင့်တဲ့ ကမ္ဘာတွေ ဆက်တိုက်ဖြစ်ဖို့ မလွယ်ဘူးနော်"

" မှန်တာပေါ့ကွာ၊ ကမ္ဘာတစ်သိန်းမှာ ပွင့်ကြတဲ့ ဘုရား ၁၇ ဆူဟာ တစ်ကမ္ဘာနဲ့ တစ်ကမ္ဘာ သုညကမ္ဘာတွေ သုံးလေးရလောက် ခြားတာတောင် မဟုတ်ဘူး၊ သုညကမ္ဘာတွေ အများကြီးခြားတာ၊ ပဒုမုတ္တရ ဘုရားပွင့်ပြီး သုညကမ္ဘာပေါင်း ခုနစ်သောင်းကြာတယ်၊ တို့ ဒီဘဒ္ဒကမ္ဘာက ပြန်ရေတွက်လိုက်ရင် ကမ္ဘာပေါင်း သုံးသောင်း အထက် ကမ္ဘာတစ်ခုမှာ သုမေဓ၊ သုဇာတဘုရားနှစ်ဆူ ပွင့်တယ်။

တစ်ခါ အခု ကမ္ဘာက ပြန်ရေလိုက်ရင် ကမ္ဘာပေါင်း တစ်သောင်း ရှစ်ရာအထက် ကမ္ဘာတစ်ခုမှာ ပိယဒဿီ၊ ဓမ္မဒဿီ၊ အတ္ထဒဿီ ဘုရားသုံးဆူ ပွင့်တယ်။

တစ်ခါ ကမ္ဘာပေါင်း တစ်ထောင့်ခုနစ်ရာခြောက်ကမ္ဘာ လွန်သွားပြီး ဒီကမ္ဘာက ပြန်ရေလိုက်ရင် ကိုးဆယ့်လေးကမ္ဘာ အထက်မှာ သိဒ္ဓတ္ထ ဘုရားတစ်ဆူတည်း ပွင့်တဲ့ကမ္ဘာဖြစ်လာတယ်။

တစ်ခါ ဒီကမ္ဘာက ပြန်ရေရင် ကိုးဆယ့်နှစ်ကမ္ဘာရောက်တော့ တိဿ၊ ဖုဿဆိုတဲ့ ဘုရားနှစ်ဆူပွင့်တယ်၊ နောက်တစ်ဖန် ဒီကမ္ဘာက

ပြန်ရေရင် ကိုးဆယ်တစ်ကမ္ဘာမှာ ဝိပဿီဘုရားတစ်ဆူတည်း ပွင့်တဲ့ ကမ္ဘာဖြစ်လာတယ်။ အဲဒီကနေ ငါးဆယ်ကိုး ကမ္ဘာ လွန်မြောက်ပြီး ဒီကမ္ဘာက ပြန်ရေရင် သုံးဆယ်တစ်ကမ္ဘာထက် သိခီ၊ ဝေဿဘူ ဘုရားနှစ်ဆူ ပွင့်တယ်။

အဲဒီဘုရားနှစ်ဆူပွင့်တဲ့ ကမ္ဘာကုန်ပျက်သွားပြီး သုညကမ္ဘာပေါင်း နှစ်ဆယ့်ကိုး ကမ္ဘာတောင် ခြားသွားပြန်တယ်။ ပြီးမှ ယခု တို့ရဲ့ ဘဒ္ဒကမ္ဘာဖြစ်လာတယ်။ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမရယ်လို့ ဘုရားလေးဆူ ပွင့်သွားပြီး မေတ္တေယျဘုရားက ဒီကမ္ဘာမှာ ငါးဆူမြောက်ပွင့်မဲ့ ဘုရားပေါ့။

ကမ္ဘာတစ်ခုတစ်ခုမှာ အန္တရကပ်ပေါင်း ခြောက်ဆယ်လေးကပ် ရှိသတဲ့။ အန္တရကပ်ဆိုတာ အသင်္ချေအထိ အသက် တမ်းရှည်၊ ဆယ်နှစ်တမ်းအထိ အသက်တို၊ အသက်ရှည်လိုက် တိုလိုက် အပြန်အလှန်ဖြစ်နေတာကို အန္တရကပ်တစ်ကပ်တဲ့၊ တစ်ကပ်တစ်ကပ် ဘယ်လောက်ကြာတယ်မသိဘူး၊ သက်တမ်းရှည်ကြတာက သီလ စသည် မြဲလို့၊ သက်တမ်းတိုကြတာက သီလ စသည် မရှိလို့တဲ့။

အဲ .. အခု ကမ္ဘာမှာ ဘုရားတွေပွင့်ကြတယ် ဆိုပေမဲ့ သက်တမ်းတစ်သိန်းအထက်မှာ ဘုရားမပွင့်ဘူးတဲ့၊ ဘာကြောင့် လဲဆိုတော့ သက်တမ်းရှည်လို့ အနိစ္စ စသည် ဟောရတာ

သဘောမပေါက်လွယ်ကြဘူးတဲ့။ အသက်တမ်း ရှည်ရှည်သွားတာကို တက်ကပ်ခေါ်တယ်၊ အဲ .. ပြီးတော့ တစ်ရာတမ်းအောက်မှာလဲ ဘုရားမပွင့်ဘူးတဲ့။ ဘာကြောင့် လဲဆိုတော့ လောဘ၊ ဒေါသ စသည်တွေ ထူပြောတဲ့အတွက် တရားမသိနိုင်ကြဘူးတဲ့။ အသက်ကမ်း တိုတိုသွားတာကို ဆုတ်ကပ်ခေါ်တယ်၊ ဒါကြောင့် သက်တမ်းတစ်သိန်းအထက်နဲ့ သက်တမ်းတစ်ရာအောက် ဘုရား မပွင့်ဘူး ဆိုတာ သိထားပေါ့။

" ဟုတ်ပါတယ် အစ်ကို"

" ဒါနဲ့ တို့အခု ဘုရားသာသနာနဲ့ တွေ့ရတယ်ဆိုပြီး - အထင်ကြီး မနေနဲ့ဦး "

" ဘာကြောင့်လဲ အစ်ကို "

" အခု မင်း အသက် ဘယ်လောက်လဲ "

" ငါးဆယ့်ခြောက်နှစ်ပါ အစ်ကို "

" ကောင်းပြီး မင်းမွေးကတည်းက ဗုဒ္ဓဘာသာ မိဘတွေက ပေါက်ဖွားလာသော်လဲ ဗုဒ္ဓတရား သိသေးတာမဟုတ်ပါဘူး၊ ကဲ ... ဘယ်အချိန်က ဘာသာရေးနားလည် သဘောပေါက်ခဲ့သလဲ"

" အင်း ...သုံးဆယ်ကျော်လောက်ကဆိုရမယ် ထင်တယ်"

" သုံးဆယ့်ငါးလောက်ပဲ စပြီး သိခဲ့တယ်ဆိုပါစို့၊ ၃၅ ကနေ

အခု မင်းရဲ့အသက် ၅၆ နှစ်ဆိုတော့ ဘုရားသာသနာ ဘုရားအဆုံး အမ မင်းမှာရှိတာ ၂၁ နှစ်ပဲ ရှိသေးတာ၊ အကယ်၍ မောင်ကျောက်တိုင် ရှေ့နှစ်မှာ သေရင် သာသနာနဲ့ဆုံတာ ၂၂ နှစ်သာ ရှိမှာပေါ့၊ မင်းဟာ အသက် ၆၀ မှာ သေရင် သာသနာတော်နှင့် မင်းဆုံတွေ့တာ နှစ်ဆယ့်ငါးနှစ်ပဲပေါ့ ”

“ ဟုတ်ကဲ့ ”

“ အဲ ... သာသနာတော်နဲ့ ဆုံတယ်လို့သာ ပြောတာ၊ ဘုရားရဲ့ အဆုံးအမ မင်းတို့ငါတို့ ဘယ်လောက် လိုက်နာကြသလဲ၊ ပရိယတ်ဘက်က သိသင့်တာတွေ ဘယ်လောက် သိထားကြပြီလဲ၊ ပဋိပတ်ဘက်က ကျင့်တာတွေ ဘယ်လောက်ကျင့်ကြံကြပြီလဲ၊ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်ရမယ်။ ပရိယတ်က သံဃာတွေလို သင်မှမဟုတ်ဘူးနော်၊ ကြားနာစာ သိဟာလဲ ပရိယတ်ပဲ ”

“ တကယ်ပြောရင် ကျွန်တော်တို့ဟာ ဗုဒ္ဓဘာသာဆိုပေမဲ့ သိဖို့၊ ကျင့်ဖို့တွေ အများကြီးလိုသေးတယ်နော်၊ နောင်ဘဝ လူပြန်ဖြစ်ဖို့ကလဲ မသေချာဘူး ”

“ ဟာ ... လူပြန်ဖြစ်ဖို့က ဘယ်သေချာမလဲ၊ လူပြန် ဖြစ်တယ်ပဲထားပါဦး၊ သာသနာထွန်းကားတဲ့ နေရာဖြစ်ဦးမှ ဖြစ်တယ်ဆိုဦး၊ မိစ္ဆာဒိဋ္ဌိမိသားစုထဲ ရောက်သွားရင် သွားရော ”

" ဟုတ်တာပဲနော် "

" ဒီတော့ ယုတ်စွအဆုံး ပြောရရင် နောက်ဘုရားသာသနာလဲ မမျှော်နဲ့၊ နောက်ဘဝ လူပြန်ဖြစ်လိမ့်မယ်လို့လဲ သေချာတွက်မထားနဲ့၊ အဲဒါတွေက မုချကေန် သိနိုင်တာမဟုတ်ဘူး၊ ဒို့ကြောင့်မင်းတို့ငါတို့ လက်တွေ့ပိုင်ဆိုင်နေတဲ့ သာသနာတွင်းမှာ နတ်ရွာသုဂတိ စသည် ရောက်ရေးထက် ကျော်လွန်နိုင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်မဲ့ ဝိပဿနာတရားကို အားထုတ်ကြရုံပဲ၊ ဝိပဿနာဆိုလို့ ပါချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိ တရားရိပ်သာတွေသွားမှမဟုတ် ပါဘူးဘဲ့၊ ဘေဂျီကာ စတဲ့ အမျိုးသမီးလို ကန်စွန်းကြော်ရင်းလဲ လုပ်နိုင်ပါသတဲ့၊ နေရင်းထိုင်ရင်း လုပ်သွားပေါ့။ နံနက်ညနဲ့ အားတဲ့အချိန်တိုင်း တရားနှလုံးသွင်း ဆင်ခြင်ရမယ်လို့ဆိုတယ် "

" တစ်ကမ္ဘာမှာ အန္တရကပ် ၆၄ ကပ်အနက် တစ်ကပ်တစ်ကပ်ဘယ်လောက်ကြာမှန်း မသိရဘူး၊ ပြီးတော့ ဘုရားပွင့်တဲ့ ကမ္ဘာကလဲ အများဆုံး ငါးဆူပဲပွင့်တာဆိုတယ်၊ အခု ငါးဆူပွင့်တဲ့ ကမ္ဘာမှာ ၆၄ ကပ်မှာ ရှေ့ခုနစ်ကပ် ပြောက်အထိ ဘာဘုရားမှမပွင့်ဘူး၊ ရှစ်ကပ်မြောက်မှ ကကုသန်၊ ကိုးကပ်မှာ ကောဏာဂမန၊ ဆယ်ကပ်မှာ ကဿပ၊ ဆယ့်တစ်ကပ်မှာ အခုတို့ ဂေါတမ၊

နောက်ဆယ့်နှစ်ကပ်မှာ မေတ္တေယျဘုရားပွင့်မယ်တဲ့။

အဲ .. ဆယ့်သုံးကပ်မြောက်ကစပြီး သွားပြီ၊ ဘုရားမပွင့်တော့ဘူး၊ ဒီကမ္ဘာ ဘုရားငါးဆူပွင့်ခဲ့တာ မှန်သော်လည်း၊ သာသာနက တစ်ကမ္ဘာလုံးမကည်ဘူးလေ၊ ဆယ့်သုံးကပ်မြောက်က ၆၄ ကပ် ရောက်တဲ့တိုင် ဘာတရားမှ မသိကြတော့ဘူး၊ အဆုံးရောက်နိုင်တာ ဖြတ္တာပြည်ပဲ ရှိတော့မှာ၊ ဘာထူးမှာလဲ၊ သုညကမ္ဘာမဟုတ်ပေမဲ့ အဲဒီကာလတွေမှာ မဂ်ဖိုလ် သိနိုင်တဲ့ တရားကွယ်သွားပြီ။

ဒါကြောင့် မောင်ကျောက်တိုင်ရေ သာသနာ ငါးထောင်တည်တည်၊ တစ်သောင်းတည်တည် ဆိုသူတွေနဲ့သာ ဆိုင်တာ၊ ဒါတောင် တန်ပိုးသိမှနော်၊ တို့နဲ့မဆိုင်ဘူး၊ ကိုယ်နေရမည့် အချိန်သာ ကိုယ်ရဲ့ သာသနာပဲ"

" ဟုတ်ကဲ့ အခုလို သိရတာ ကျေးဇူးတင်ပါတယ် ကျွန်တော့်ကို ခွင့်ပြုပါဦး "

" ကောင်းပါပြီဗျာ "

**အမှတ်(၃၃၆)၊ စက်တင်ဘာလ ၂၀၁၉**
**မြတ်ပန်းရဂုံ**

# အလွဲမှတ် အမှား နားစွဲနေကြပြီ

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" အစ်ကိုရေ လူရှုယ်လူငယ်တွေတော့ အလွဲမှတ်ပြီး အမှား နားစွဲနေကြပြီဗျာ" ဟု မောင်ကျောက်တိုင်က ညည်းညည်း တွားတွား ပြောပါသည်။"

" ဟော့ ... ဘယ်လိုကြောင့်လဲကွ " ဟု ကျွန်ုပ်က မေးလိုက်သည်။

" တစ်နေ့ကဗျာ ကျွန်တော် ပျင်းပျင်းရှိတာနဲ့ ဖုန်းထဲထည့်ထားတဲ့ သီချင်းတစ်ပုဒ်ကို ဖွင့်ပြီး နားထောင်နေတယ်၊ အဲဒီသီချင်းက

ဦးသုခရဲ့ ' ဘဝသံသရာ ရှည်လျား၊ ထွေပြား၊ မနေမနား တသွား တည်း သွားကြတာ' ဆိုတဲ့ သီချင်းပါ။ အဲဒီသီချင်း နားထောင်နေ တုန်း အသက်နှစ်ဆယ်ကျော် ကုလားတစ်ယောက် ဘက်လာပြီး ပြောတယ်ဗျာ"

" မင်းရဲ့ ကုလားက ဘာပြောလို့လဲကွ "

" တခြားမဟုတ်ပါဘူးဗျာ၊ ဦးကလဲ နေ့ခင်းကြောင်တောင်မှာ ဘယ်က အသုဘသီချင်း ဖွင့်နေတာလဲတဲ့ဗျာ၊

အဲ .. ဒီတော့ ကျွန်တော်က " ဟဲ့ .. ဒီသီချင်းက အသုဘသီချင်းလို့ ညည်းကို ဘယ်သူပြောတာလဲ" လို့ ကျွန်တော်က ကုလားလေးကို မေးလိုက်တယ်၊ " ဟာ .. ဦးလေး ကလဲ ဘယ်သူကဲ ပြောရမှာလဲ၊ အသုဘတိုင်း အဲဒီ သီချင်းဖွင့် ကြတာပဲ" လို့ ပြောတယ်။ ကျွန်တော်စိတ်ထဲမှာ "ဪ ဒီသီချင်းဟာ အသုဘမှ ဖွင့်ရကဲ့ သီချင်းလို့ ထင်နေပါလား" လို့ စိတ်မကောင်း ဖြစ်မိတယ်။

ဒါကြောင့် ကျွန်တော်က အဲဒီသီချင်းအကြောင်း ညည်း ဘယ်လောက်သိသလဲ၊ သီချင်းရဲ့ အနှစ်သာရတော့ နားလည်ရဲ့လား ဆိုတော့ ကုလားလေးက " ဟာ ... ဦးသီချင်း အဓိပ္ပါယ် ဘယ်နားလည်မှာလဲ" လို့ ပြောတယ်၊ အဲဒီအခါ ကျွန်တော်က

“ ညည်းတို့ရင်ထဲမှာ အလွဲမှတ်ပြီး အမှားစွဲနေတာ၊ အဲဒီသီချင်းက ဆရာကြီး ဦးသုခ ရိုက်ကူးတဲ့ ဘဝသံသရာ ဇာတ်ကားထဲက သီချင်းပါ၊ မသာအသုဘတွေမှာပဲ ဖွင့်နေကြတော့ အသုဘ သီချင်းလို့ ထင်နေကြတာပါ။ တကယ်တော့ အင်မတန် ကောင်းမွန်ပြီး အဓိပ္ပါယ်ပြည့်ဝတဲ့ သီချင်းတစ်ပုဒ်ပဲ သမီး ” လို့ ကျွန်တော်က ပြောလိုက်တယ်။

ဒါပေမယ့် ကျွန်တော်ပြောတာ ပြောတာပဲ ရှိတာပါ။ တူမက “ ဟာ ... သမီးကတော့ ဒီတွေ နားမလည်ဘူး၊ မသာအသုဘ တွေသာ ဖွင့်သံကြားတဲ့ သီချင်းမို့ မသာအသုဘ သီချင်းလို့ပဲ သဘောပေါက်တယ် ဦး ” ဆိုပြီး အိမ်ပေါ်က ဆင်းသွားတယ်ဗျာ”

“ တုတ်တယ် မောင်ကျောက်တိုင်ရေ၊ ငါလဲ တစ်ခါတွေ့ ကြုံဖူးတယ်၊ တစ်ခုသော မင်္ဂလာပွဲတစ်ပွဲလို့ ဆိုပါတော့ကွာ၊ အဲဒီမှာ လူကြီးတစ်ယောက်က တောဘုမ္မာသီချင်းအဖွင့်ခိုင်းတယ်၊ ဖွင့်လို့ တစ်ပုဒ်တောင် မရောက်သေးဘူး၊ မင်္ဂလာ အလှူရှင်သားက စိတ်ဆိုးမာန်ဆိုး - နဲ့ အသံချဲ့စက်ကို မသာအသုဘမှာ ဖွင့်တဲ့ သီချင်း ဖွင့်ရမှာလားလို့ ဒေါသပုန်ထပြီး အသံချဲ့စက်သမားကို ပွဲကြမ်းတော့တာပဲကွ။

အဲဒီမှာ ခုနဖွင့်ခိုင်းတဲ့ လူကြီးရောက်လာပြီး “ ဟော ..

အဲဒါ ငါ့အဖွင့်ခိုင်းတာကွ၊ မင်းက ဘာဖြစ်နေတာလဲ၊ ဒါ .. အသုဘသီချင်း မဟုတ်ဘူးကွ " လို့ လူငယ်ကို မာန်မဲတယ်၊ လူငယ်က သူ့တူလေ၊ ဦးလေးက ဖွင့်ခိုင်းတာဆိုတော့လဲ သူ့တူ မပြောသာဘူး၊ ဒါပေမယ့် အဲဒီကလေး အပေရောက်လာပြီး တောဘုမ္မာ အဖွင့်ခိုင်းတဲ့ လူကြီးကို " ကလေးတွေ မကြိုက်ရင်လဲ မဖွင့်ပါနဲ့ အစ်ကိုရာ " လို့ ပြောသွားတယ်။

" အခု မဟာဗောဓိရုပ်သံ စသည်တို့ကလာတဲ့ ဂ္ဂန္တာဆွေ ရေးပြီး အဆိုတော် ရိရိညန့် ဆိုထားတဲ့ " မဟာတမ မှောင်ကြီးကျ သည့် အဝိဇ္ဇာ အမိုက်တိုက်ဖမ်း အကန်းကမ္ဘာမှာ မမြင်စမ်းစမ်း ထွက်ပေါက်ရှာမရ ဘဝရောင်ချာချာ သံသရာ နဒီကြော ဝဲညြှ ဇလုပ်မှာ မြုပ်ချီပေါ်ချီ စုန်ချီဆန်ချီ ပလုံစီ၍ မျောကြရာ အတော မသတ် တရစပ်ရဟတ် ချားလယ်ပုံပမာ ရုပ်နာမ်ဖြစ်ချုပ် အစဉ်ဟာ ပဋိစ္စသမုပ္ပါဒ် အလည်ရပ်ခါမှ သံသရာတစပ် တကာယ်ပဲ ပြတ်နိုင်တာ၊ အဝိဇ္ဇာ တဏှာဒွေမူလ"

" တော်ပါပြီ မောင်ကျော့ကတိုင်ရယ် "

" ကျွန်တော် အဲဒီသီချင်း ကြိုက်လွန်းလို့ အရကျက်ထားတာ၊ အစ်ကို ကြားဖြတ်လိုက်တာနဲ့ ဗိလင်တောင် ပျောက်သွားပြီး၊ အဲဒီသီချင်းကိုလဲ ဘယ်လိုပြောမလဲ"

" အေးပါ ဟုတ်ပါပြီ တို့က သီချင်းစာသားအကြောင်း ဆွေးနွေးနေကြတာ မဟုတ်ဘူးလေ၊ ယနေ့လူငယ်တွေ အလွဲမှတ် အမှားနားစွဲနေတာကို ပြောနေကြတာလေ"

" ဟုတ်ပါတယ် အစ်ကိုရယ်၊ ကျွန်တော်က သီချင်းရဲ့ အဓိပ္ပါယ်ကို ပိုသိစေချင်လို့ပါ။ ထားပါတော့ဗျာ၊ ယနေ့လူငယ် လေးတွေ လွဲမှားနေတာက သီချင်းသာ မဟုတ်ဘူးဗျ၊ အခြားအရာ တွေလဲ အများကြီး ရှိသေးတယ်။

" အများကြီးရှိမှန်း သိပါတယ်။" ဒီမှာတော့ သီချင်းပဲ ပြောကြပါစို့၊ တို့ပြောခဲ့တဲ့ သီချင်းတွေ ဖွင့်တယ်ဆိုရင်တော့ မသာအသုဘ သီချင်းလို့ လက်ခံနားလည်နေကြတယ်၊ အဲ ... ရှင်ပြုရဟန်းခံ ကထိန်ပွဲ စတဲ့ သာသနာနဲ့ ဆိုင်ရာပွဲ တွေမှာ ဖွင့်တဲ့ သီချင်းကျတော့ ဘယ်လိုပြောမလဲ၊ တောင်ပြုံးမင်းညီနောင်နဲ့ ဆိုင်တဲ့ သီချင်းတို့၊ ပခန်းကိုကြီးကျော်နဲ့ ဆိုင်တဲ့သီချင်း စသည်တို့ကို ဖွင့်နေကြတယ် မဟုတ်လား၊ သီချင်းက ဘာတဲ့၊ အဲ ကျော်ကျော်တို့ ကိုကြီးကျော် "တို့ " တောင်ပြုံး၊ တောင်ပြုံး တို့ရဲ့ တောင်ပြုံး" တို့ သီချင်း စတာတွေပေါ့ "

" ဟုတ်တယ် အစ်ကိုရေ၊ အဲဒီ မင်းကြီးမင်းလေး၊ ကိုကြီးကျော် တို့နဲ့ ဆိုင်တဲ့ သီချင်းသာ မဟုတ်ပါဘူး၊ အခြားအချစ်နဲ့ ဆိုင်တဲ့

သီချင်းတွေလဲ သာရေးနာရေး တွေမှာ ဖွင့်နေကြတာပါ။ ဒီသီချင်း ကတော့ ဓမ္မလာဆောင်အတွက် ဖွင့် ဖို့ သီချင်း၊ ဒီသီချင်းကတော့ မသာဖွင့်ဖို့ သီချင်းရယ်လို့ သတ်မှတ်ထားမယ် မထင်ပါဘူး၊ ဒါပေမယ့် အသံချဲ့စက် ဖွင့်တဲ့ အသံချဲ့စက် ပိုင်ရှင်ပေါ့ဂ်က ဆီလျော်ရာ ဆီလျော်ရာ ဖွင့်သွားကြတာပါ။ ဒါပေမယ့် အချို့လူငယ်တွေက ' ဘဝသံသရာ' တို့ 'တေးဘုမ္မာ' တို့ ကို မသာအသုဘသီချင်းလို့ အလွဲမှတ်နေကြတာ၊ သူတို့နားမှာ အမှားကြီးက စွဲနေပြီလေ၊ အဲဒါကို အမှန်ထင်နေကြတာ အစ်ကိုရ "

" ဟုတ်တယ်ကွ၊ တို့ မြန်မာဗုဒ္ဓဘာသာ အများစုတွေတာ အလွန်အလွဲ မှတ်နေကြတာ၊ လူသေရင် ခေါင်းရင်းမှာ ကန်တော့ပွဲ ထားတာ၊ ကုတ်တီး ဖွာမင်းကျွေးတာ၊ ရေအိုးခွဲတာ စတာတွေ ကိုတော့ တရားသေမှတ်ထားကြတယ်၊ အခုလဲ ဘဝသံသရာတို့ တေးဘုမ္မာတို့ စတဲ့ သံပေဂသီချင်းတွေကိုလဲ တရားသေ မှတ်ထားကြတာ အသုဘမှ ဖွင့်ရတဲ့ သီချင်းလို့ "

" ဒါနဲ့ အစ်ကိုရေ **MRTV-4** ကလွှင့်တဲ့ ငွေတွေပင်ဆိုတဲ့ အခန်းကြည့်လား "

" မကြည့်ပါဘူး၊ ဘာဖြစ်လို့လဲ "

" ဒီလိုအစ်ကိုရ၊ တစ်လောက ငွေတွေဝင်အခန်းမှာ ဘဏ်

ကုမ္ပဏီတစ်ခုက အမျိုးသမီးနှစ်ယောက် ဖြေတဲ့ အကြောင်း ပြောချင်လို့ပါ။ သူတို့က ဗုဒ္ဓဘာသာဝင်တွေနော် ”

“ ဟုတ်ပါပြီ ပြောပါ ”

“ ဘာမေးတာလဲဆိုတော့ ဇေတဝန်ကျောင်းရဲ့ ကျောင်းဒါယကာနဲ့ ပုဗ္ဗာရုံကျောင်းရဲ့ ကျောင်းဒါယကာတို့ကို မေးထားတယ်၊ အဲဒီ တစ်ယောက်မှ အဲဒီကျောင်းရဲ့ ကျောင်းဒါကာတွေကို မပြောနိုင်၊ မဖြေနိုင်တာဖဲဗျ၊ ဇေတဝန်ကျောင်း ဒါကာသည် အနာထပိဏ်သူဌေး ပုဗ္ဗာရုံကျောင်း၊ ဒါကာမသည် ဝိသာခါဆိုတာ ဗုဒ္ဓဘာသာတိုင်းလိုလို သိနေကြတာ၊ ဒါပေမယ့် အဲဒီပြိုင်ပွဲဝင်သူတွေ မသိကြဘူး အစ်ကိုရေ .. ”

“ဟုတ်ပါတယ် မောင်ကျောက်တိုင် မှတ်သင့်မှတ်ထိုက် တာကိုကျတော့ မှတ်ထားရမှန်း မသိကြဘူး၊ မမှတ်သင့် မမှတ်ထိုက်တာကိုတော့ နားထဲစွဲနေအောင် မှတ်ထားကြတယ် မောင်ကျောက်တိုင်”

“ ဟုတ်ပါတယ် အစ် ကို၊ အဲ ... အချိန်တောင်ကြာသွားပြီး၊ ကျွန်တော်ပြန်ပါဦးမယ် အစ်ကို ”

အမှတ်(၃၃၈) နိုဝင်ဘာလ ၂၀၁၉
မြတ်ပန်းရဂုံ

# တန်တဲ့ အလုပ် မတန်တဲ့ အလုပ်

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။ ခရီးရောက် မဆိုက် ပြောသည်မှာ–

" အခုခေတ် ကလေးတွေ အတော်ပြောရခက်တယ်ဗျ "

ဟု ညည်းတွား၏။

' ဟ မောင်ကျောက်တိုင် ဘယ်ကလေးတွေလဲကွ "

" ကျွန်တော့်အစ်မက မွေးတဲ့သား၊ တူပေါ့ဗျာ၊ တက္ကသိုလ် ဘွဲ့တော့ ရပါတယ်၊ ဘာအလုပ်မှလဲ မလုပ်ချင်၊ ကျွန်တော့်အစ်မ

မှုဆိုးမကို အမြဲတန်း ဒုက္ခပေးနေတာ ”

“ သူက အစိုးရအလုပ် မလျှောက်ဘူးလား ”

“ ရတာမလို လိုတာမရ ဖြစ်နေတာ၊ ကျောင်းဆရာတော် မလုပ်ချင်ဘူးတဲ့၊ ကျန်တဲ့နေရာတွေက မလွယ်ဘူး၊ သူ့နေရာနဲ့သူ လူပြည့်နေတာများတယ်၊ အဲ ... ကျောင်းဆရာတောင် လျှောက်ထားတိုင်း ရတာမှ မဟုတ်တာ၊ ဒီကောင် ဒါတွေနားမလည်ဘူး၊ သူငယ်ချင်းတွေနဲ့ ဖဲရိုက်၊ ကြက်တိုက်၊ အရက်သောက်နဲ့ အချိန်ကုန်နေတယ်၊ ပြောရခက်တယ်။ ဘွဲ့လေးက ရထားတော့ တောမှာရှိတဲ့ လယ်ယာအလုပ်နဲ့ သူ့ပညာမတန်လို့ မလုပ်တာတဲ့၊ သူအလုပ်ရှာနေတယ်လို့ ဆင်ခြေပေးနေတာ ”

“ အင်း ... ကိုယ်နဲ့တန်တယ်၊ မတန်တယ် ဆိုတာမျိုး အကုသိုလ် လုပ်ရာမှာလဲ တိုင်းတာရင် သိပ်ကောင်းမှာ“

“ ပြောပါဦး အစ်ကို၊ ကျွန်တော် နားလည်အောင် ”

“ မင်းတူက ဘွဲ့ရလို့ ဟိုအလုပ်က သူနဲ့မတန်ဘူး၊ ဒီအလုပ်က သူနဲ့မတန်ဘူးဆိုတာ မပြောနဲ့၊ အချို့သူတွေလဲ ပြောတတ်ကြတာပဲ၊ ဆိုပါစို့၊ ငွေကြေးရှိတဲ့သူက တန်ရာတန်ကြေး မပေးချင်ဘဲခိုင်းရင်၊ ရတဲ့ငွေနဲ့ လုပ်ရတဲ့ အလုပ်နဲ့ မတန်ဘူး၊ **မလုပ်ဘူးလို့** ငြင်းပယ်ကြတာ၊ ဒါကြောင့် အလုပ်သမား **အလုပ်ရှင် မကြာခဏ** ပြဿနာ

တက်နေတာ၊ မင်းကြားမှာပါ"

"ဟုတ်ကဲ့၊ ကြားနေပါတယ်"

"အဲဒီ တကယ်မတန်လို့ မလုပ်ချင်တာလို့ ပြောမယ်ဆိုရင် ရတယ် မောင်ကျောက်တိုင်၊ လူတစ်ဦးတလေက အလုပ်ခိုင်းတယ်၊ တန်ရာတန်ကြေးထက်ပိုပြီး ပေးတယ်ဆိုရင် အလုပ်လုပ်ရတာ တန်တယ်ကွာလို့ပြောမှာ သေချာတယ် မောင်ကျောက်တိုင်"

"ဟုတ်ကဲ့၊ အဲ့လိုပြောမှာ အမှန်ပါပဲ"

"တို့စီးပွားရေး အလုပ်တွေသာ ကိုယ့်ပညာ၊ ကိုယ်ရဲ့ခွန်အား၊ ကိုယ့်ရဲ့စွမ်းအား စသည်နဲ့ မတန်ဘူးတန်တယ် တိုင်းတာ နေကြတာ၊ ကောင်းမှု၊ မကောင်းမှုတွေကိုလဲ တန်တယ်၊ မတန်တယ် တိုင်းတာလုပ်ကြမယ်ဆိုရင် ဒီကမ္ဘာ လောကကြီးဟာ ငြိမ်းချမ်းမှာပဲ မောင်ကျောက်တိုင်"

"အစ်ကို ဘာပြောချင်တယ်ဆိုတာ ကျွန်တော်တော့ ကောင်းကောင်းနားမလည်ဘူးဗျာ၊ ဆက်သာပြောပါ"

"ဪ... ဒီလိုလေ၊ ဥပမာ လူတစ်ဦးက လူတစ်ဦးကို သတ်လိုက်တယ်ဆိုပါစို့။ ဒီကောင်ကို သတ်လိုက်ရတာ တန်ပါတယ်၊ ငါ့အလုပ် အောင်မြင်သွားပြီ၊ ယောကျ်ားပဲ လုပ်ရဲရင် ခံရဲရမှာပေါ့၊ တစ်သက်တစ်ကျွန်းကျကျ ကြိုးစင်တက်ရတက်ရ" လို့ လူသတ်

သမားက နောင်တမရဘဲ ဂုဏ်ယူကျေနပ်နေရင် "အဲဒါမှန်တယ်လို့ မင်းထောက်ခံမှာလား"

"ဟာ... အစ်ကိုကလဲ ဘယ်ကထောက်ခံရမှာလဲ"

"ဘာကြောင့် မထောက်ခံတာလဲ"

"သူများအသက် သတ်လို့လေ"

"ဟုတ်ပါတယ်၊ ဒါက မင်းတို့ ငါတို့ရဲ့အမြင်၊ အဲဒီလူသတ်သမား ကတော့ ဘာမှထည့်မတွက်ဘူး။ တစ်သက်တစ်ကျွန်းတို့၊ သေစား သေစေတို့ မခံရအောင် လူသတ်မှုဆိုတာ အနည်းဆုံး လေးငါး ခြောက်နှစ် ထောင်ထဲနေရရင် မိသားစုနဲ့ ရှင်ကွဲကွဲနေရမယ်။ အကယ်၍ သေဒဏ်ခံရရင်လဲ သေကွဲကွဲရတော့မှာ၊ ဒါတင်ပဲလား၊ ဘယ်ဟုတ်မလဲ၊ အခြားဒုက္ခတွေလဲ အများကြီး။

ထောင်ထဲမှာ ထောင်သားအချင်းချင်းလဲ အနိုင်ကျင့် ခံချင်ခံရမယ်၊ ထောင်အာဏာပိုင်တို့ရဲ့ ညှင်းပန်းနှိပ်စက်တာကိုလဲ ခံချင်ခံရမယ်။ တစ်ခါ နေရစားရတာကအစ ဘယ်လောက်ဒုက္ခရောက်လိုက်မလဲ၊ ပြီးတော့ ကိုယ့်ရဲ့ မိုက်ပြစ်ကြောင့် ကိုယ်ကိုမှီခိုနေတဲ့ မိဘ ညီအစ်ကို မောင်နှမ (သို့မဟုတ်) သားမယား၊ သားသမီးရှိရင်လဲ အဲဒီကျန်ရစ် သူတွေ ကိုယ့်အတွက်နဲ့ ဘယ်လောက်စိတ်ဒုက္ခ ရောက်လိုက်ကြ မလဲ၊ ငွေကြေးနေတွေကုန် အလုပ်အကိုင်တွေပျက်၊ မှုခင်းသွားတာက

တွေ ရောက်ကြမှာပဲ။ သတ်သူကတော့ "ကျုပ် အတွက် ဘာမှ မစိုးရိမ်ကြနဲ့" လို့ မှာချင်မှာထားခဲ့ပေမဲ့ ပူကြမှာပေါ့။

ကဲ... မောင်ကျောက်တိုင် စဉ်းစားကြည့်နော်၊ လူ့ဘဝမှာ သက်တမ်းနဲ့ တွက်မယ်ဆိုရင် ခဏလေးရယ်၊ ဘယ်သူ့အတွက်မှ အကျိုးမရှိဘဲ သတ်လိုက်တာ လုံးဝမတန်ဘူး၊ ကိုယ့်မိသားစုအတွက် အကျိုးရှိတယ်ပဲဆိုဦး၊ ခံရတော့ ကိုယ်ပဲခံရမှာ၊ အဲ... တိုင်းပြည် အတွက် နယ်ချဲ့တိုက်ရလို့ အသက်စွန့်ရတာ၊ ထောင်ချခံရတာ၊ မတရားအုပ်စိုး သူတို့ကြောင့် အသက်စွန့်ရတာ၊ ထောင်ကျ ခံရတာတို့ကတော့ တစ်မျိုးပေါ့"

"ဟုတ်ကဲ့"

"အဲဒါက ဒီဘဝ ဒုက္ခမျှပဲ၊ လူသတ်သူကတော့ ယခုဘဝလဲ ခံရ၊ နောင်ဘဝမှာလဲ ပါဏာတိပါတ်၊ 'သူ့အသက်သတ်က၊ ချို့တဲ့အင်္ဂါ' စတဲ့ မကောင်းကျိုးတွေလဲ ခံရမှာ၊ ရှေးဦးစွာ အပါယ်ကျ နိုင်တယ်။ အဲဒီက လွတ်လာရင်လဲ ဘဝပေါင်းများစွာ အသတ်ခံရမယ်။ ငါးရာ့ငါးဆယ် **ဇာတ်တော်**တစ်ခုထဲမှာ မလ္လိကာမိဖုရားအလောင်းဟာ **တစ်ခုသော ဘဝက ဆိတ်**တစ်ကောင် လည်လှီးသတ်ပြီး သူ့မိတ်ဆွေ ကို ချက်ကျွေးခဲ့လို့ ဆိတ်မွေးနဲ့အမျှ ဘဝပေါင်းများစွာ အသတ်ခံရ တယ်လို့ ဆိုတယ်။ ဒါက နောက်ဘဝ ယုံကြည်သူတွေအတွက်

ပြောနေတာ၊ နောက်ဘဝ မယုံကြည်ဘူး ဆိုရင်လဲ ခုန ငါပြောသလို ယခုမျက်မှောက်ခံရမယ့် ဆင်းရဲတွေက အများကြီးပဲ မဟုတ်လား"

"တစ်ခါ အသတ်ခံရသူရဲ့ ဘက်ကိုလဲကြည့်၊ သူတို့ခမျာ ဘယ်လောက်ပူဆွေးလိုက်မလဲ၊ ကိုယ်ချင်းစာတယ်ဆို၊ အချို့က ကိုယ်ဖြစ်မှ ကိုယ်ချင်းစာတတ်ကြတာ၊ အမှန်က 'ငါသာ သူတို့နေရာဆိုရင်' ဆိုတဲ့စိတ်ထားပြီး ကိုယ်ချင်းစာရမှာ။ မောင်ကျော်တိုင်မင်း သေချာတွေးကြည့်စမ်းပါကွာ၊ အကုသိုလ်ပြုတာ မတန်ဘူးနော်၊ လူတချို့က တန်တယ်ထင်နေကြတာ၊ အခု ငါပြောတာ ပါဏာတိပါတ မြောက်တဲ့ အကုသိုလ်တစ်ခုကိုသာ နမူနာပြတာ၊

အကုသိုလ်မှန်ရင် ဘယ်အကုသိုလ်မဆို ငါ့ဒီအလုပ်လုပ်ရင် မတန်ဘူး၊ အခုဘဝလဲ အဖွဲ့ာနဝါဒဘေး၊ ပရာနုဝါဒဘေး၊ မင်းပြစ်ဒဏ်ဘေးတွေလဲ သင့်မယ်၊ နောင်တလွန်မှာလဲ အပါယ်ဒုဂ္ဂတိကျရောက်နိုင်တယ်၊ သူတစ်ပါးအသက် တစ်ခါသတ်ကာမျှနဲ့ ကိုယ့်အသက် ဘဝပေါင်းများစွာ အသတ်ခံရတာ မတန်ဘူး၊ သူများပစ္စည်းခိုးရင်လဲ တစ်ခါခိုးရုံနဲ့ ဘဝပေါင်းများစွာ လူငမွဲဖြစ်နိုင်တယ်စသဖြင့် ဆင်ခြင်လိုက်မယ်ဆိုရင် မကောင်းပေဘူးလားကွာ"

"အဲလိုဆို သိပ်ကောင်းတာပေါ့ အစ်ကို"

"ခုနက ငါပြောခဲ့ပြီလေ၊ လောကကြီး ငြိမ်းချမ်းချင်ရင်

ကိုယ်လုပ်တဲ့အလုပ်ဟာ အများထိခိုက်မယ်ဆိုရင် မလုပ်နဲ့၊ မတန်ဘူးပေါ့၊ ကိုယ်လုပ်လိုက်တဲ့ အလုပ်ဟာ အများအကျိုး ရှိတယ်ဆိုရင် တန်တာပေါ့၊ သူ့အသက်သတ်တာ၊ သူ့ဥစ္စာ ခိုးတာ စသည်ရှောင်ကြဉ်ပြီး ကိုယ်ချင်းစာစိတ်ထား မေတ္တာပွားကြမယ်ဆိုရင် တကယ်ပဲ ဒီကဲ့ဘ္ဘာကြီး ငြိမ်းချမ်းမယ်"

"ဟုတ်တယ်နော် အစ်ကို"

"မင်းတို့က ဘွဲ့ရပညာတတ်ဆိုတော့ အလုပ်ရွေးတယ်။ တချို့အလုပ်တွေ သူနဲ့မတန်ဘူးလို့ ထင်တယ်၊ တကယ်တော့ ဘယ်အလုပ်မဆို အပြစ်မရှိရင် တန်တယ်၊ လုပ်သင့်တယ်၊ နောက်ဆုံး အဆင်မပြေလာရင် ဘုရားအလောင်း မဟော်သဓာ ပညာရှိတောင် အိုးထိန်းသည်ဘဝ ရောက်ရသေးတာပဲ၊ ကိုယ့်အမေ စိတ်ချမ်းသာ အောင် 'အလုပ်ဟူက ဂုဏ်ရှိစွ' ဆိုသလို လုပ်သင့်တယ်။

အဲ... တကယ်မတန်တာကတော့ မင်းတို့ဟာ ပညာတတ်ပြီး သူငယ်ချင်းတွေနဲ့ ကြက်တိုက်၊ ဖဲရိုက်၊ သောက်လိုက် စားလိုက်၊ အမေ စိတ်ဆင်းရဲအောင် လုပ်နေတာကမှ မတန်တာကွ၊ ကုသိုလ်မှန် ရင် ဘုရားရှိခိုး မိဘလုပ်ကျွေးတာကစပြီး အားလုံးတန်တယ်၊ အကုသိုလ်မှန်ရင် လူပဲသတ်သတ် ပုရွက်ဆိတ်လေးပဲသတ်သတ် သိန်းတစ်ထောင်ပဲခိုးခိုး၊ ခံရမယ့် ကံနဲ့ဆိုရင် မတန်ပါဘူးကွာ၊

ဘယ်အကုသိုလ်ပဲလုပ်လုပ် သေးသေးလဲ မတန်ဘူး၊ ကြီးကြီးလဲ မတန်ဘူး၊ ဘယ်ကုသိုလ်မဲ လုပ်လုပ် သေးသေးလဲတန်တယ်၊ ကြီးကြီးလဲ တန်ပါတယ်ကွာ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ကို ဘယ်အရာလုပ်တာ တန်တယ်၊ ဘယ်အရာလုပ်တာ မတန်ဘူးလို့ သေသေချာချာ ရှင်းပြရမယ် အစ်ကိုရေ"

အမှတ်(၃၁၇) ဖေဖော်ဝါရီ ၂၀၁၈
မြတ်ပန်းရဂုံ

# အကုသိုလ် မဝင်ဖို့ ဆင်ခြင်စို့

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

"ဟော... မောင်ကျောက်တိုင် ဘယ်က လှည့်လာတာလဲ"

"ကျွန်တော် ဆေးခန်းက လာတာပါ"

"ဩော်... မောင်ကျောက်တိုင် ဘာဖြစ်လို့လဲ၊ နေထိုင်မကောင်းလို့ ဆေးခန်းလာပြတာလား"

"ကျွန်တော် မဟုတ်ပါဘူး အစ်ကို။ ကျွန်တော်သူငယ်ချင်းရဲ့သား ခေါင်းကွဲသွားလို့ ဆေးခန်း လာချုပ်တာပါ"

"မင်းသူငယ်ချင်းသားက ဘယ်လိုကြောင့် ခေါင်းကွဲရတာလဲ"

"ပြောရမယ် ဆိုရင်တော့ အရက်ပေါ့ အစ်ကိုရာ"

"ကောင်လေးက အရက်မူးပြီး ရမ်းကားလို့ သူများ အရိုက်ခံရတာလား"

"သူများရိုက်တာ မဟုတ်ဘူး အစ်ကိုရေ၊ သူ့အဖေ လက်သီးနဲ့ မျက်နှာထိုးလိုက်တာ နောက်ပက်လက်ကျပြီး လှေကားအုတ်ခုံနဲ့ တိုက်မိလို့ ခေါင်းကွဲသွားတာ"

"သူ့အဖေက အရက်သောက်လို့ လက်သီးနဲ့ ထိုးတယ် ဆိုပါတော့"

"တုတ်ပါတယ်၊ ကောင်လေးက အမြဲတမ်း အရက်သောက်ပါတယ်၊ အဖေကလဲ အမြဲပဲတားမြစ် ဆုံးမပါတယ်။ ဖြစ်ချင်တော့ သူ့အဖေက နယ်ထွက်သွားတယ်။ သုံးညအိပ်ကြာမယ်လို့ ပြောသွားပါတယ်။ ဒါကို ကောင်းလေးက အခွင့်ကောင်းယူပြီး သူငယ်ချင်းတွေနဲ့ အိမ်မှာ ဖြစ်ချင်သလို ဖြစ်နေတာ။ ကောင်လေး အမေကလဲ ဆုံးသွားပြီလေ။

"သုံးညအိပ် ကြာမယ်ဆိုတဲ့ ကောင်လေးအဖေ ကျွန်တော် သူငယ်ချင်း ကလည်း နှစ်ညအိပ်နဲ့ ပြန်လာတယ်။ အိမ်မှာ သူ့သားနဲ့ သူငယ်ချင်းတစ်စု သောက်စားပျော်ပါးနေတာ တွေ့တော့ ခရီးကလည်း ပြန်လာခိုက်ဖြစ်လို့ သားကို ဆူဆဲကြိမ်းမောင်းတာပေါ့။

ကောင်လေးသူငယ်ချင်းတွေလဲ အခြေအနေ မဟာန်မှန်းသိလို့ အလျှိုအလျှို ထွက်သွားကြတယ်။ သားအဖနှစ်ယောက်ကတော့ တစ်ယောက်တစ်ခွန်း စကားများ ရန်ဖြစ်နေကြတယ်။ ကျွန်တော် အဲဒီအချိန်မှာ သူတို့အိမ်ပေါက် ရောက်သွားတယ်။

"နောက်ဆုံး ကျွန်တော်ကြားလိုက်ရတာ ကတော့ 'အဖေလဲ အရက်သောက်တာပဲ၊ အဖေက ကျွန်တော့် ဘာလုပ်ချင်လို့လဲ' လို့ မူးမူးရူးရူး ပြန်ပြောနေခိုက် 'ကဲ... ဘာလုပ်ချင်လဲ ဟုတ်လား၊ ကဲကွာ' ဆိုပြီး သူ့သားမျက်နှာ ထိုးလိုက်တယ်။ ကျွန်တော် တားချိန်မရဘူး၊ အုတ်လှေကားနဲ့ တိုက်ပြီး ခေါင်းကွဲတာပဲ၊ ကျွန်တော်လဲ သူငယ်ချင်းကို 'မင်း ကိုယ့်သားကို ဒီလိုလုပ်ရလား' လို့ ပြောဆိုပြီး အဲဒီနားက လူအချို့ အကူအညီနဲ့ ဆေးခန်းခေါ် ခဲ့ရတယ်"

"မင်းသူငယ်ချင်း ကောင်လေးအဖေ မပါဘူးလား"

"ဟာ... ဘယ်နေမလဲ အစ်ကိုရာ၊ သူ့သား ဒီလိုဖြစ်တော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး စိုးရိမ်တာပေါ့"

"အချို့မိဘတွေက သားသမီးတွေ ဆုံးမတာ နည်းလမ်းမကျဘူးကွ၊ သားကို ရန်သူလို သဘောထားပြီး ထိုးတာ၊ ပြီးတော့ အနာပေါ်တုတ်ကျ ဆိုသလို 'အဖေလဲ အရက်သောက်တာပဲ၊

ဘာလုပ်ချင်လဲ့ကြောင့် ထိုးတာဖြစ်နိုင်တယ်”

“ဟုတ်မှာပေါ့ဗျာ”

“ဒီကလေး မူးနေချိန်မှာ သည်းခံလိုက်၊ နောက် အေးအေးဆေးဆေးကျမှ အကိုးသင့် အကြောင်းသင့် ပြောဆို ဆုံးမသင့်တယ်၊ အချို့ သားသမီးတွေက အရွယ်ရောက်လာရင် ဆွာရေဘိုင်း ချိုကြတယ်။ အကြမ်းနည်းနဲ့ ဆုံးမရင် ပိုဆိုးကယ်။ အဖေကိုယ်တိုင် အရက်မသောက်လဲ အခုခေတ် အရက်ဆိုင်တွေက နေရာအနှံ့ ရှိနေတော့ အရက်သောက် နေကြတဲ့ လူငယ်တွေက အများစုဖြစ်နေတယ် ဆိုရမယ်ထင်တယ်။ အဲ… အဖေကပါ သောက်နေတော့ အရက်သောက်တဲ့ သားကို ဘယ်လိုဆုံးမလို့ရမလဲ။

“အခု ငါကြားတာကတော့ အချို့မိဘတွေဟာ သားသမီးအပေါ် မတရားနိုင်းစားနေကြတယ်လို့ ဆိုတာ။ အချို့အဖေတွေက သားတွေနဲ့အတူ အရက်သောက်သတဲ့။ အချို့အမေတွေကလဲ ငွေရပြီးရော သမီးကို နိုင်ငံခြားသားတွေရဲ့ မယားငယ် နေခိုင်းကြတယ်တဲ့။ အဲမျိုးတွေ မဖြစ်သင့်ဘူး”

“ဟုတ်တယ် အဲ့စ်ကို၊ အချို့ဆို သမီးမကောင်းတာ လုပ်စားတာတောင် မိခင်တွေက သဘောတူတယ်လို့ ကျွန်တော်လဲ ကြားဖူးတယ်”

"အင်း... ဒါတွေကလဲ 'အမိသော်လဲ သားတော်ခဲ၊' 'ကမ္ဘာ မီးလောင် သားတောင်ချနင်း' ကြတာတွေပါ။ များသောအားဖြင့် မိဘတွေဟာ သားသမီးတို့ကို ချစ်မြတ်နိုးကြ၊ ကောင်းတာ ဖြစ်စေ ချင်ကြတာပါ။ ပြောရရင် မိဘတွေသာ ဆင်းရဲချင် ဆင်းရဲပါစေ၊ သားသမီးတွေကိုတော့ မဆင်းရဲစေချင်ပါဘူး။ အလားတူ အဖေသာ အရက်သမား ဖြစ်ချင်ဖြစ်ပေမယ့် သားကိုတော့ အရက်သမား မဖြစ်စေချင်ကြပါဘူး။ အမေကလဲ ကိုယ်သာ မကောင်းတာနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေသော်လဲ သမီးကိုတော့ ယင်ပိုတောင် မသမ်းစေချင်ကြပါဘူး။ ဒါတွေဟာ သားသမီးတွေ အပေါ်မှာထားတဲ့ မိဘရဲ့ စေတနာ မေတ္တာတွေပါ"

"ဒါပေမယ့် 'လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာ စရိယ မိနှင့်ဘ' လို့ ဆိုထားတဲ့အတိုင်း မိဘတို့ဟာ သားသမီတွေ့ရဲ့ ဆရာဖြစ်တယ်။ အဖေက အရက်သောက်ရင် သားလဲအရက် သောက်ဖို့ အတုခိုးမှာပဲ။ အမေက မကောင်းတာလုပ်ရင်၊ မကောင်း တာဆိုတာ ကိုယ်ရောင်းစားတာ တစ်ခုကို ပြောတဲ့တာမဟုတ်ဘူး၊ သမီးတွေလည်း မကောင်းတာ ဖြစ်တတ်တာပဲ။ အထက်က ပြောခဲ့သလို မိဘတွေ ကောင်းတာတောင် သားသမီးတွေက ဆိုးနေကြတာ အများကြီးရှိတယ်။ မိဘဆိုးလဲ ကောင်းတဲ့

သားသမီးတွေလဲ ရှိတာပေါ့ကွာ။ ယေဘုယျ ပြောရတာပါ"

"ဒီကောင်လေးဟာ ဖြစ်ချင်တော့ အကုသိုလ် ဝင်တာပေါ့ဗျာ"

"ဟော... ဘယ်လို အကုသိုလ်ဝင်တာလဲ"

"အဲဒီကောင်လေးဟာ သူ့အဖေ ဒီနေ့ ပြန်လာလိမ့်မယ် မထင်လို့ သူ့သူငယ်ချင်းတွေနဲ့ သောက်စားနေတာ၊ သူ့အဖေ ပြန်လာတော့ အကုသိုလ်ဝင်တာပေါ့"

"အကုသိုလ်ဝင်တယ်ဆိုတာ ကောင်လေးကို သူ့အဖေက လက်သီးနဲ့ မျက်နှာထိုးလိုက်လို့ ခေါင်းကွဲသွားတာကို အကုသိုလ် ဝင်တယ်လို့ မောင်ကျော့ချက်တိုင် ပြောတာလား"

"ဟုတ်ပါတယ် အစ်ကို"

"အဲဒါ အကုသိုလ်ဝင်တာ မဟုတ်ဘူးကွ၊ အကုသိုလ်အကျိုး ခံစားရတာ"

"ဗျာ... အစ်ကိုပြောတာ ကျွန်တော်နားမလည်ဘူး"

"ဟုတ်တယ်ကွ၊ ဒေါက်တာနန္ဒမာလာဘိဝံသ ဆရာတော်က သမာပတ္တိသုတ် တရားတော်မှာ အချို့သူတွေက တစ်ခုခုဖြစ်ရင် အကုသိုလ်ဝင်တာလို့ ပြောကြတယ်တဲ့။ အဲဒါ အကုသိုလ်ဝင်တာ မဟုတ်ဘူး၊ အကုသိုလ် အကျိုးခံစားရတာတဲ့။ အကုသိုလ်က ကိုယ့်နှလုံးသားထဲမှာ လောဘ၊ ဒေါသ၊ မောဟ မာန စတဲ့

ကိလေသာတွေ လွန်ကျူးရင် အကုသိုလ်ဝင်တာ။ များသောအားဖြင့် ပုထုဇဉ်တွေဟာ အချိန်နဲ့အမျှ အကုသိုလ်ဝင် (အကုသိုလ်ဖြစ်) နေကြတာ မဟုတ်လား၊ လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက် စသဖြင့်ပေါ့ကွာ"

" ဒါတော့ ဟုတ်ပါတယ်အစ်ကို"

" အမှန်အတိုင်း ပြောရရင် မင်းသူငယ်ချင်းသား ကောင်လေး ဟာ သူ့သူငယ်ချင်းတွေနဲ့ အရက်သောက်ကတည်းက အကုသိုလ် ဝင်နေတာ "

" ဟာ ... အဲလိုမဟုတ်ဘူး အစ်ကို၊ သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး သောက်စားနေတာသာ ဖြစ်တယ်၊ ဘယ်သူမှ ရန်မလုပ်ကြပါဘူးတဲ့ အစ်ကို "

" ဩော် ...တော်တော်နားဝေးတာပဲ မောင်ကျောက်တိုင်"

" ဟုတ်ကဲ့ ကျွန်တော့် ရှင်းပါဦး "

" အရက်သောက်တာ ကုသိုလ်လား၊ အကုသိုလ်လား "

" အယ် .. ဒါတော့ အကုသိုလ်ပေါ့ဗျာ "

" အေးလေ အရက်သောက်မှတော့ အကုသိုလ်ဝင်ပြီး အကုသိုလ် ဖြစ်ပြီပဲ၊ အရက်သောက်ထားတော့ အဖေကို ပမာမခန့် ပြောရဲတယ်၊ ဆိုရဲတယ်။ အဖေကလဲ ဒေါသ အကုသိုလ်ဝင်နေတော့

စိတ်မထိန်းနိုင်ဘဲ သားကို လက်သီးနဲ့ ထိုးတယ်၊ အကုသိုလ် အကျိုးဆက်က ခေါင်းကွဲ၊ အဖေက သော်ကရောက်၊ နောင်တရ တယ်။ အဲဒါတွေ အကုသိုလ် ဝင်လို့ ရလိုက်တဲ့ အကျိုးဆက်တွေပေါ့။

ဆိုပါစို့ကွာ၊ လူတစ်ယောက် ဒေါသအကုသိုလ်ဝင်နေတုန်း တစ်ဖက်သားကို ရိုက်နက်သတ်ဖြတ်ရင် ထောင်ကျသွားမယ်၊ တစ်သက်တစ်ကျွန်း ကျသွားမယ်၊ အဲဒါအကုသိုလ်ရဲ့ အကျိုးဆက်ပဲ။ ဒီဘဝမှာ လူမသိလို့ လောကပြစ်က လွတ်ပေမယ့် သံသရာပြစ် ကတော့ မလွတ်နိုင်ဘူး၊ •အလားတူ သူများပစ္စည်းခိုးရင် လောဘ အကုသိုလ်ဝင်လို့ ခိုးတာ၊ မိသွားရင် ထောင်ကျမှာပဲ၊ မမိဘဲ လွတ်သွားလဲ သံသရာမှာ အကုသိုလ်အကျိုးကတော့ ခံရမှာပဲ။

“ တို့တွေဟာ အနုသယကိလေသာ လောဘဒေါသ စတဲ့ အကုသိုလ်ဆိုးတွေ ရှိနေကြတာ အမှန်ပဲ။ သို့သော် ပရိယုဋ္ဌာန ထကြွသောင်းကျန်း မလာအောင် ထိန်းကြရမယ်။ ထကြွသောင်း ကျန်းပြီး ဝီတိက္ကမ လွန်ကျူးရင် အကုသိုလ်ဝင် (အကုသိုလ် အကြီးစားဖြစ်)ပြီး အချုပ်ကျ၊ ထောင်ကျ အကုသိုလ်အကျိုးခံစား ရမှာပေါ့ကွာ”

“ ဟုတ်တယ် အစ်ကိုရေ၊ ကျွန်တော်တို့ဟာ ကုသိုလ်ဝင်နေတဲ့ အချိန်ထက် အကုသိုလ်ဝင်နေတဲ့ အချိန်တွေက များနေတယ် ”

" အကုသိုလ်ဝင်ကြတော့ အချို့ အခုဘဝလွှတ်ပေမယ့် သံသရာမှာ အကုသိုလ်အကျိုးခံကြရမှာပဲ မောင်ကျောက်တိုင်၊ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီး ကြည့်ပါလား၊ ပစ္ဆိမဘဝက နောက်ဆုံးဘဝမှာ သူတော်ကောင်းကြီး တန်ခိုးအရာ ဧတဒဂ်အရ မထေရ်မြတ်ကြီး၊ ဒါပေမဲ့ အတိတ်ဘဝက မိဘတွေ စော်ကားခဲ့တဲ့ ဝဋ်ကြွေးက မကျေတော့ အတိတ်ဘဝက ဒေါသအကုသိုလ်ဝင်ပြီး မိဘစော်ကားခဲ့တာကြောင့် နောက်ဆုံးဘဝ အကုသိုလ် အကျိုးခံစား သွားရတာ မဟုတ်လား"

" ဟုတ်ကဲ့ အစ်ကိုပြောတာ ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော်တို့ဟာ အကုသိုလ်ကျိုး မခံစားရဖို့ အကုသိုလ် ဝင်မလာအောင် နေရမှာပေါ့ဗျာ။ ကျေးဇူးတင်ပါတယ် "

**အမှတ် (၃၂၄) ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ**
**ဓမ္မရံသီ**

# ပညာပါရမီ ဘယ်သို့ ဖြည့်ကြမည်

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။ ထုံးစံအတိုင်း သူ သိလိုရာ မေးပါသည်။

" အစ်ကို လွှေကြေးချမ်းသာ သူတစ်ဦးက သူဟာ နောင်ဘဝမှာ ပညာတတ် အသိဉာဏ်ကြွယ်ဝ သူဖြစ်အောင် အခု သူတတ်နိုင်သလောက် ၉/၁၀ တန်း တက်နေတဲ့ ကျောင်းသားအချို့ကို ခဲတံ၊ ဘောပင် လိုအပ်တဲ့ အထူးထုတ် စာအုပ် စာတမ်းများ ထောက်ပံ့တယ်၊ တက္ကသိုလ်မတက်နိုင်ကဲ့ **ကျောင်းသားအချို့**ကို တက္ကသိုလ်ပို့ပေးတယ်လို့ ပြောပါတယ် "

“ ဟ .. ကောင်းတာပေါ့ကွာ၊ သူတို့လို ငွေကြေးရှိတဲ့ သူတွေက အဲလိုထောက်ပံ့တာ မင်္ဂလာရှော်နဲ့လဲ ညီညွတ်တာပေါ့”

“ ဟာ .. အစ်ကိုကလဲ ကျွန်တော့်စကား မဆုံးသေးပါဘူး”

“ ဟုတ်လား အဲဖြင့် ဆက်ပြောပါဦး ”

“ အဲဒီလူက ဆက်ပြောတယ် အစ်ကို၊ သူအဲလိုလုပ်တာ ပညာဒါန၊ ပညာပါရမီမြောက်အောင် လှူဒါန်းထောက်ပံ့ နေတာတဲ့၊ အဲဒီလူက ဂုဏ်ပကာသန အမိကထားတယ်လို့ ပြောကြတယ်၊ ဒါကြောင့် အဲဒီလူပြောတဲ့ ပညာဒါနပြုတာ ပညာပါရမီမြောက်အောင် လုပ်နေတယ်ဆိုတာ ပညာဒါန ဖြစ်မဖြစ် ပညာပါရမီမြောက်မမြောက် သိချင်လို့ပါ ”

“ အော် .. အဲလိုပြောတာလား ထောက်ပံ့တာက နည်းနည်း ကြွားဝါဂုဏ်ယူပြောတာတွေက များများဆိုပါတော့ ”

“ ဟုတ်ပါတယ်အစ်ကို ပညာဒါနစကား ပါရမီစကား အခု အတော်တွင်တွင်ကျယ်ကျယ် ကြားကြားနေရလို့ သိချင်တာနဲ့ လာမေးတာပါ။ အခုကြည့်လေ၊ စကားဝိုင်းတွေမှာ မသိဘဲနဲ့ လျှောက်ကျယ်လုပ် ပြောနေကြတာတွေ တွေ့တွေ့နေရတယ် ”

“ ဟုတ်ပါပြီး ... ဟုတ်ပါပြီ ထားပါတော့ကွာ၊ ဒါပေမဲ့ သူများကို ပညာတတ်စေအောင်၊ အသိဉာဏ် ကြွယ်ဝအောင် သူ

တတ်နိုင်သလောက် ထောက်ပံ့တဲ့အတွက် အဟောသိကံတော့ မဖြစ်ပါဘူး၊ နောက်ဘဝမှာ တူသောအကျိုးအနေနဲ့ မင်းပြောတဲ့ ငွေကြေးချမ်းသာ သူလဲ အသိဉာဏ်ရှိသူ၊ ဉာဏ်ထက်သူ တစ်ယောက်တော့ ဖြစ်နိုင်ပါတယ်။ သို့သော် ပညာဒါန၊ ပညာပါရမီတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်"

" ဒါဆိုရင် အဲဒီအကြောင်းတွေ ရှင်းပြပေးပါလား "

" အေး .. ငါမှတ်သား ဖတ်ရှု နားလည်သလောက် ပြောရမယ်ဆိုရင် အဲလို စာအုပ်စာတမ်း စသည် လှူဒါန်းတာဟာ ပညာဒါန မဖြစ်နိုင်ဘူး ထင်ပါတယ်၊ အာမိသဒါနသာဖြစ်မှာပါ။ ပညာဒါန ဖြစ်ဖို့ကတော့ မိမိကိုယ်တိုင် ပညာသင့်ပေးရမှာပါ။ တစ်တန်း နှစ်တန်းမှစပြီး ကိုးတန်း ဆယ်တန်း တက္ကသိုလ် အဆင့်အထိ အခကြေးငွေ မယူဘဲ သင်ပေးတာမျိုးက ဖြစ်နိုင်မှာပါ။ ဒါက တစ်ဘဝစာအတွက် ပညာတွေပါ၊ အနေကန်ပါ "

" တကယ် ပညာဒါန ဖြစ်ချင်ရင် ခန္ဓာ၊ ဓာတ်၊ အာယတန၊ သစ္စာ စသည်တို့ကို သင်ကြားပို့ချ ဟောကြားမှသာ ပညာဒါန ဖြစ်နိုင်မှာပါ။ အဲဒါမျိုးသာ ပညာဒါန (ဓမ္မဒါန)၊ ဖြစ်နိုင်ပါလိမ့်မယ်၊ အဲ ... သူများကို ဓမ္မဒါနပြုတာရား ဟောမယ်ဆိုရင်လဲ လောဘ၊ ဒေါသ စတဲ့ ညစ်နွမ်းစိတ် လုံးဝမရှိစေဘဲ မဖောက်မပြန် မှန်ကန်တဲ့

တရားမျိုးဟောကြားရမယ်တဲ့။

များသောအားဖြင့် အချို့သူတွေ အာမိသဒါနနဲ့ ပညာဒါန မကွဲတဲ့ ဖြစ်နေကြဟန်တူပါတယ်၊ ပညာမသင်နိုင်သူတွေအတွက် စာအုပ်၊ ဘောပင် စတာတွေ ထောက်ပံ့လှူဒါန်းရင် ပညာဒါနချည်း ထင်နေကြတာကိုးကွ၊ တစ်ဆက်တည်း ပြောလိုက်ဦးမယ်၊ ပုညကြိယာဆယ်ပါးထဲပါတဲ့၊ ဆောင်ရမဲ့ ဝေယျာဝစ္စ သီလကိုလဲ လုပ်အားဒါနလို့ အများပြောနေကြတယ်။ ဝေယျာဝစ္စ လုပ်တာ သီလပါ၊ ဒါန မဟုတ်ပါဘူး၊ ထားပါတော့ ဒါကတိုက်ဆိုင်လို့ တင်ပြတာပါ။"

" ဟုတ်ပါပြီအစ်ကို ပညာပါရမီမြောက်အောင် ဘယ်လို ဖြည့်ကျင့်ရမလဲ ပြောပါဦး "

" ပညာပါရမီမြောက်ချင်ရင် ရှေးဦးစွာ ငါ့ဥစ္စာလို့ မိစ္ဆာဝိတက်များ အကြံမှားခြင်းများဟာ ပညာပါရမီရဲ့ ညစ်နွမ်း ကြောင်း ဖြစ်ပါသတဲ့၊ ပါရမီဆိုတာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ မနှိပ်စက် မဖျက်ဆီးဘဲ မဟာကရုဏာ ဥပါယကောသလ္လဉာဏ် တို့ကို အချိန်ထားပြီး ပြုတဲ့ ဂုဏ်ကျေးဇူးတွေဟာ ပါရမီမည်ပါသတဲ့ "

" အခြားဆန့်ကျင်ဘက်တွေကော အစ်ကို "

" အင်း .. လောဘ၊ ဒေါသ၊ မောဟ တွေဟာ သတ္တဝါများကို မမြင်အောင် ကန်းအောင်ပြုတတ်တဲ့ တရားများဖြစ်ပါ သတဲ့၊

ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟ တွေဟာ ပညာပါရမီရဲ့ ဆန့်ကျင် ဘက်များတဲ့ လောဘသည် အလောဘရဲ့ ဆန့်ကျင်ဘက် ပါ။ ဒေါသသည် အဒေါသ(မေတ္တာ)၏ ဆန့်ကျင်ဘက်ပါ၊ မောဟသည် အမောဟ(ပညာ)၏ ဆန့်ကျင်ဘက်ပါ၊ ဒါကြောင့် ဒါန၊ သီလ၊ ပညာ သုံးပါးအစုံကြောင့် အာမိသဒါန၊ အဘယဒါန၊ ဓမ္မဒါန ပြီးမြောက်တဲ့ အကျိုးရပါသတဲ့ ဆိုလိုချင်တာက ဒါနကြောင့် အာမိသဒါန ပြီးမြောက်တယ်၊ သီလကြောင့် အဘယဒါန ပြီးမြောက် တယ်၊ ပညာကြောင့် ဓမ္မဒါန ပြီးမြောက်တယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ် ”

“ ဟုတ်ကဲ့ မှတ်ထားပါ့မယ် အစ်ကို ”

“ အကယ်၍ တကယ် ပညာပါရမီ မြောက်လိုတယ်ဆိုပါက သုတမယပညာကို ရှေးဦးစွာ လုပ်ရမတဲ့၊ အဲဒီ သုတမယပညာ ရင့်သန်စေရန် အထက်က ပြောခဲ့သလို ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့် ရှစ်ပါး၊ သစ္စာလေးပါး၊ ဣန္ဒြေနှစ်ဆယ့်နှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန် စတဲ့တရားများကို ရှိသေစွာ သင်ကြားနာယူ အရဆောင် လေ့လာမေးမြန်း စုံစမ်း သောအားဖြင့် မိမိကိုယ်တိုင် ထိုတရားတို့၌ သက်ဝင်သိမြင်သော ပညာရှိဖြစ်ပြီး သူတစ်ပါးတို့ကိုလည်း ထိုတရားတို့၌ တည်စေသော

အားဖြင့် သုတမယပညာဖြစ်ကြောင်းတွေ ပါပဲတဲ့။

အလားတူ ခန္ဓာ အာယတန စတဲ့ သဘာဝ ဓမ္မတွေကို သင်ကြားနာယူ မှတ်သားလေ့လာပြီး သဘာဝဓမ္မတို့ရဲ့ ဖြစ်ပုံအခြင်းရာကို ကြံစည်ခြင်း အဦးပြု၍ ရူးရူးစိုက်စိုက် ဆင်ခြင်တာဟာ စိန္တာမယ ပညာဖြစ်ပါသတဲ့၊ ကဲ ... ဒါတွေဟာ ဘုရားအလောင်းတော်တို့ရဲ့ ကျင့်စဉ်တွေပဲ၊ မောင်ကျောက်တိုင်လဲ ဘုရားအလောင်းမှ စပြီး ပစ္စေကဗုဒ္ဓါ အလောင်း အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက အလောင်းတစ်မျိုးမျိုးဖြစ်ချင်ရင် သုတဘယ ပညာကို ဦးစွာ ကျင့်ပေတော့ ”

ကျောင်းတန်ကျင့် ရမှာပေါ့ဗျာ၊ ပညာပါရမီဖြည့်လိုလျှင် ဒီလိုပြောရမယ်ဆိုတာတော့ သိရတာပေါ့၊ အများသိအောင်လဲ ပြန့်ပြောရမှာပဲလေ ”

“ အဲ .. ဟုတ်ပါပြီ၊ အခုပြောကဲ့ဟာ တွေဟာ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ဒုတိယပိုင်း ပကိဏ္ဏကခဏ်း ကိုမှီပြီး ပြောလိုက်တာပါ။ နောက်ဘာဝနာမယ ပညာနဲ့ ပါရမီအကြောင်း အကျယ်ကို မဟာဗုဒ္ဓဝင်မှာကြည့်ပါ မောင်ကျောက်တိုင်”

“ ဟုတ်ကဲ့ ကျေးဇူးပါ အစ်ကို၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး”

**အမှတ်(၃၁၉)ဧပြီလ ၂၀၁၈ မြတ်ပန်းရဂုံ**

# ပညာပါရမီ ဖြစ်မဖြစ်

တစ်နေ့ ယောင်ကျောက်တိုင် ရောက်လာပြီး အောက်ပါအတိုင်း မေးပါသည်။

" အစ်ကိုရေ ပညာပါရမီဖြစ်အောင် ဘာတွေ လုပ်သင့်သလဲ" ဟု မေး၏။

" နေပါဦး ယောင်ကျောက်တိုင် မင်းက ဘာကြောင့် မေးတာလဲ၊ ပညာပါရမီဖြည့်ပြီး ဘုရားဆုတောင်းနေတာလား၊ ပစ္စေက ဗောဓိ ဆုတောင်းနေတာလား၊ ဒါမှမဟုတ် အဂ္ဂသာဝက၊ မဟာသာဝကဆု"

" ဟာ ... အစ်ကိုကလဲ ကျွန်တော် ဘာဆုမှ တောင်းလို့

မေးတာ မဟုတ်ပါဘူး ”

ကျွန်ုပ် စကားမဆုံးမီ မောင်ကျော့ကက်တိုင်က ကြားဖြတ်ဝင်ပြောလိုက်၏။

“ အဖြင့် ဘာကြောင့် မေးတာလဲ ”

ဟု ကျွန်ုပ်က မေးလိုက်၏။

“ ဩော် .. အလျူတစ်ခု စကားဝိုင်းမှာ ကျွန်တော်တို့ရွာက မြို့ပြောင်းသွားပြီး သူဌေးဖြစ်နေတဲ့ ဦးက သူဟာ ပညာပါရမီဖြည့်နေကြောင်း ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေကို ကျောင်းထားပေးကြောင်း၊ အမှတ်ကောင်းကောင်းရတဲ့ ကျောင်းသားကျောင်းသူလေးများကို အင်ဂျင်နီယာလိုင်း၊ ဆရာဝန်လိုင်း စသည်ပို့၍ ထောက်ပံ့ကြောင်းတွေ ပြောပါတယ်။ အဲလိုထောက်ပံ့တာ ပညာပါရမီ ဖြစ်နိုင်သလားလို့ သိချင်တာကြောင့် လာမေးတာပါ။ ”

“ ပါချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ ကတော့ အဲလို ထောက်ပံ့တာတွေက ပညာပါရမီ မဖြစ်ဘူးလို့ ဟောထားပါတယ်၊ ပညာဒါနတော့ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘာကြောင့်လဲဆိုရင် ပါရမီဆယ်ပါးမှာ ဒါနတစ်မျိုးသာ သူများကို လှူဒါန်းလို့ အကျိုးရနိုင်သော်လဲ ကျန်ပါရမီကိုးပါးကတော့ ကိုယ်ကိုယ်တိုင်လုပ်မှ ရနိုင်မယ်၊ အဓိက ကိုယ်တိုင်ကျင့်ကြံ အားထုတ်ရမယ်။

ဆိုပါစို့. သီလပါရမီ၊ သီလပါရမီ ပြည့်အောင် အခြားသီလ ရှိသူတွေကို လျှစ်နီးထောက်ပံ့နေရုံနဲ့ ကိုယ့်မှာ သီလပါရမီ မပြည့်နိုင်ဘူး၊ ကိုယ်ကိုယ်တိုင် သီလဆောက်တည်ကျင့်သုံးမှ သီလပါရမီ ပြည့်နိုင်တယ်၊ ပြည့်ကျင့်ရာ ရောက်နိုင်တယ်၊ အလားတူ နေက္ခမ္မပါရမီလဲ ကိုယ်တိုင်ကျင့်မှ ရမယ်။

ဒီနေရာမှာ နိက္ခမနဲ့ နေက္ခမ္မ မတူကြောင်း သိထားဖို့လိုတယ်၊ (နိက္ခမတ လွတ်မြောက်သောသူ၊ နေက္ခမ္မတ လွတ်မြောက်ခြင်း) လို့ အဓိပ္ပာယ်ရသတဲ့၊ နိက္ခမက ထွက်မြောက်သောသူ၊ လူဖြစ်တော ဖြစ်တဲ့အတွက် အဲဒီလူဖြစ်ဟာ ပါရမီ မဖြစ်နိုင်ဘူးတဲ့၊ လွတ်မြောက်ခြင်း သဘောတရားသာ ပါရမီဖြစ်တာမို့ နိက္ခမလို့ မခေါ်ရ နေက္ခမ္မသာ ခေါ်ရမတဲ့။

အဲဒီနောက် ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီတွေလဲ ကိုယ်တိုင်ကျင့်မှ ရမယ့် ပါရမီများဖြစ်တယ်လို့ ဆိုရမယ်၊ လှူတာကတော့ ဗဟိဒ္ဓဖြစ်တဲ့ ပစ္စည်းဥစ္စာ လယ်ယာကျွဲနွား စသည်နဲ့ အဇ္ဈတ္တဖြစ်တဲ့ ကိုယ်အင်္ဂါကြီးငယ်တွေ လှူလှူ ဒါနပါရမီပဲ ဖြစ်နိုင်မယ်။ မင်းပြောတဲ့ ကျောင်းသူကျောင်းသားတွေ ထောက်ပံ့တာလဲ ဒါနပဲဖြစ်မယ်၊ ပညာပါရမီတော့ မဖြစ်နိုင်ဘူး၊

အဲ ... ဟစ်မိုးတော့ ရှိတယ်၊ ဒါကလဲ လောကီပညာအတွက် လျှော်နိုး‌ထောက်ပံ့တာကို ဆိုလိုတာမဟုတ်ဘူး၊ ဒီမှာ ကြားဖြတ် ပြောရဦးမယ်၊ မင်္ဂလာတရားတော်အရ 'ဉာတကာ နစ္စသင်္ဂဟော' ဆိုသည့်အတိုင်း ဆွေမျိုးမဟုတ်ပေမဲ့ လူမျိုးချင်းတူတော့ ဉာတကာ နစ္စနဲ့ အညီ ပေးကမ်းထောက်ပံ့တာ မင်္ဂလာပဲ၊ ဒါလဲ ပေးကမ်း ထောက်ပံ့သင့်တယ်။ သို့သော် အခု သိလိုရင်းက အဲလို ကျောင်းတွေ ကို ထောက်ပံ့ပေးကမ်းတာဟာ ပညာပါရမီ ဖြစ်မဖြစ် သိချင်တာပဲ မဟုတ်လား၊ ဒါနသာပြောက်မယ်၊ ပညာပါရမီ မပြောက်ဘူး၊ လူဘဝစွအဆုံး ပညာမတောင် မဖြစ်နိုင်ဘူး။

ဒါကြောင့် ဒါနကို အကြောင်းပြုပြီး ဖြစ်တဲ့ ပညာဟာ ဒါနမယ ပညာလို့ဆိုတယ်၊ စေတနာ သုံးတန်နဲ့ယှဉ်တဲ့ ပညာ မျိုးပေါ့ကွာ၊ ဒါကလဲ သာသနာတွင်းက ရဟန်းသံဃာတို့ကို လှူတာမျိုးမှ ဒါနမယပညာဖြစ်မယ် "

" ဒါဆိုရင် ပြောခဲ့တဲ့ ပညာပါရမီဖြစ်အောင် ဘာတွေ လုပ်ရမလဲ ရှင်းပြပါဦး အစ်ကို "

" ငါ ပြောခဲ့ပြီလေ၊ ဒါနပါရမီကလွဲရင် ကျန်ကိုးပါးက ကိုယ်တိုင် လိုက်နာကျင့်ရမယ်၊ ပညာပါရမီဖြစ်ချင်ရင် ပညာပွားကြောင်း ခုနစ်ပါးကို လိုက်နာကျင့်သုံးရမယ် လို့ဆိုပါသည်"

မိတ်ဆွေစာပေ

“ ပညာပွား ကြောင်း ခုနစ်ပါးကို ရှင်းပါဦး အစ်ကို ”

“ အဲဒီ ခုနစ်ပါးကို လင်္ကာဖွဲ့ ဆရာတော်ဦးဇဝနက မှတ်တမ်းတင်ထားခဲ့တယ်၊ (ဖန်ဖန်မေးမှု၊ ဝတ္ထုစင်စေ၊ ဣန္ဒြေညီမျှ၊ ဗာလကိုကြဉ်၊ ဉာဏ်ရှိယှဉ်မှု၊ ဆင်ခြင်နက်လှ၊ ဓိမုတ္တတာ ဉာဏ်ပွား ကြောင်း ခုနစ်တည်း)တဲ့။

၁။ ပရိပုစ္ဆကတာ – ပညာရှိတို့ထံ အဖန်ဖန် မေးမြန်းရမယ်။

၂။ ဝတ္ထုဝိသဒကိရိယာ – ကိုယ်တွင်းကိုယ်ပ သန့်ရှင်း စင်ကြယ်ရမယ်။

၃။ ဣန္ဒြိယသမတ္တပဋိပါဒနာ – သဒ္ဓါစတဲ့ ဣန္ဒြေညီမျှရမယ်။

၄။ ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ – ပညာမဲ့တဲ့ ပုဂ္ဂိုလ်တို့ကို ဝေးဝေး ရှောင်ရမယ်။

၅။ ပညဝန္တပုဂ္ဂလသေဝနာ – ပညာရှိတဲ့ ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ရမယ်။

၆။ ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ – နက်နဲတဲ့ ဉာဏ်ရဲ့ ကျက်စားရာ တရားသဘောတို့ကို ဆင်ခြင်ရမယ်။

၇။ တဒဓိမုတ္တတာ– ဉာဏ်ပညာပွားများမှုမှာ ညွတ်ကိုင်းတဲ့ စိတ်ရှိရမယ်တဲ့ ”

“ အဲဒီ အစ်ကိုပြောတဲ့ ဥနက်[illegible] ကျွန် နားလည်သလို

လိုရှိဟယ်၊ အချို့ ဘာမှနားမလည်ဘူး၊ လိုရင်းလောက် ရှင်းပြပေးပါဦး ”

**နံပါတ်(၁)** ပညာရှိထံ မေးမြန်းရမယ်ဆို တာတော့ သိလောက်ပါပြီ။ အဲဒါပေမဲ့ မေးမြန်းဆိုရာမှာ ပေါက်ကရလျှောက် မေးတာမျိုးကို မဆိုလိုဘူးနော်၊ တရားနဲ့ဆိုင်ရာသာ မေးမြန်းရမယ်။

**နံပါတ်(၂)** ကိုယ်တွင်းကိုယ်ပ သန့်ရှင်းစင်ကြယ် ရမယ်ဆိုတာက စိတ်လဲ စင်ကြယ်နေရမယ်၊ ဒေါသ စသည် မရှိရဘူးပေါ့ကွာ၊ ကိုယ်မှာလဲ အညစ်အကြေး ချွေးသံ စသည်မရှိဘဲ အဝတ်အစား စသည် သန့်ပြန့်နေရမှာပေါ့။

**နံပါတ်(၃)** ဣန္ဒြေညီမျှ ရမယ်ဆိုတာက သဒ္ဓါနဲ့ ပညာ ဝီရိယနဲ့ သမာဓိတို့ ညီမျှရမယ်ဆိုလိုတာ။

**နံပါတ်(၄)** ပညာမဲ့ကို ဝေးစွာရှောင်ဆိုတာက ဒီမှာ တခြားကိုပြောတာ မဟုတ်ဘူး (ခန္ဓာ အာယတန စတဲ့ သဘောတရားစုမှာ သက်ဝင်နိုင်သော ဉာဏ်မရှိသည့် ပုဂ္ဂိုလ်မျိုးကို ပညာမဲ့-ဒုပ္ပညပုဂ္ဂိုလ်တဲ့။ အဲဒီပုဂ္ဂိုလ်မျိုးကို ဝေးစွာ ရှောင်ရမယ်လို့ ဆိုလိုတာပါတဲ့။

**နံပါတ်(၅)** ပညာရှိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ် ရမယ်ဆိုတာက **နံပါတ်(၄)** ကို အပြန်ယူလိုက်ပေါ့၊ ဒါ့အပြင် သိမ်မွေ့ နက်နဲတဲ့

ခန္ဓာအာယတန စသည့် သဘောတို့ကို မသိမြင်နိုင်သော်လဲပဲ သာမညမျှ ' ဒီလိုလှူ၊ ဒီလိုမလှူနဲ့၊ ဒီလိုသီလ ဆောက်တည်' စသည်ဖြင့် ပြောနိုင်ရင် ပညာရှိလို့ ဆိုနိုင်သတဲ့၊ ထိုသူမျိုးကို မှီဝဲဆည်းကပ်သင့်တယ်ပေါ့ကွာ။

**နံပါတ်(၆)** နက်နဲသော ဉာဏ်ရဲ့ ကျက်စားရာ တရားသဘော ဆင်ခြင်ရမယ်ဆိုတာက ခန္ဓာအာယတန စသည်တို့ကို ဆင်ခြင်နှလုံး- သွင်းရမယ်ပေါ့။

**နံပါတ်(၇)** ဉာဏ်ပညာပွားများမှု၌ ညွတ်ကိုင်းတဲ့ စိတ်ရှိရမယ် ဆိုတာက လျောင်းထိုင် ရပ်သွား ဣရိယုတ် လေးပါးမှာ ပညာတရား ဖြစ်ပွားဖို့သာ လိုလားညွတ်ကိုင်း နေရမတဲ့ကွ "

" အကျယ်ကို သိချင်ရင် မဟာဗုဒ္ဓဝင် ပထမတွဲ ပထမပိုင်း အနုဒီပနီပါဠိတော် ခဏ်းမှာ ကြည့်ပေတော့ မောင်ရေ "

" ဟုတ်ကဲ့ပါ အစ်ကိုရယ်၊ ရွာထဲရပ်ထဲမှာတော့ လုံးချနေကြတာ များတယ်၊ အခြားပါရမီတွေ မဆိုထားနဲ့၊ ဒါနတောင် အကျိုးရှိအောင် လှူတတ်ဖို့ မလွယ်ပါဘူး၊ အချို့ ကံကံ၏ အကျိုးဆိုတာ ဘာမှန်း မသိတဲ့သူတောင် တွေ့ရတယ် အစ်ကို "

" ဒါကြောင့် ပညာရှိထံ ဆွေးနွေးမေးမြန်းရမယ်လို့ ဆိုတာ ပေါ့ကွာ၊ အခုခေတ်ဝော့ တရားတိတ်ခွေတွေ၊ တရားစာအုပ်

တွေ ရှိတယ်၊ တရားနာဖို့ တရားစာအုပ်ဖတ်ဖို့ပဲ လိုတယ်၊ ဒီလဲ ပညာပါရမီမဖြစ်တောင် ပညာဉာဏ်တော့ တိုးပွား နိုင်တယ်”

“ ဟုတ်ကဲ့ အစ်ကို ကျေးဇူးပါပဲ၊ ကျွန်တော့်ကိုခွင့် ပြုပါဦး”

**မြတ်ပန်းရဂုံ မဂ္ဂဇင်း**

မိတ်ဆွေစာပေ

# ပြုမိခဲ့သော အကုသိုလ်ကို

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။ ခရီးရောက်မဆိုက်မှာပင်...

"အစ်ကို ကျွန်တော် မေးစရာရှိလို့ လာတာ၊" ဟု ပြော၏။

"သိရင်တော့ ဖြေရတာပေါ့ကွာ၊ ကဲ...ဆိုပါဦး"

"ဒီလိုပါ အစ်ကို၊ ကျွန်တော်အိမ်အနီးက အသက်ရှစ်ဆယ်အရွယ် အဘိုးကြီးတစ်ယောက် သေသွားတယ်၊ အဲဒီအဘိုးကြီးဟာ အရင်က ဘာတွေမကောင်းတာ လုပ်ခဲ့တယ်ဆိုတာတော့ မပြောတတ်ဘူး၊ ကျွန်တော် သိထားတာ ပြောရရင်တော့ မကောင်းတာ လုပ်တယ်

ဆိုတာ မရှိသလောက်ပဲ၊ ရှင်ပြု၊ ရဟန်းခံ၊ ကထိန်ခင်း စတဲ့ ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့တယ်။ ခုနှစ်ရက် တရားစခန်း တွေမှာလည်း အကြိမ်များများဝင် တရားလုပ်တယ်။ ဒါပေမယ့် သေခါနီးမှာ ရှန်းကန်လှုပ်ရှား အော်ဟစ်ညည်းညူ သေဆုံးသွားရှာတယ်။

များသောအားဖြင့် အဲဒီလို ဝိပဿနာကုသိုလ် လုပ်ထားတဲ့သူတွေ သေရင် မတွေ့မဝေ သေရတယ်လို့ ကြားဖူးတယ်။ အခု ဘာကြောင့် ဒီအဘိုးကြီး သေခါနီးမှာ မငြိမ်မသက်ဖြစ်ပြီး သေရတယ်ဆိုတာ ကျွန်တော် နားမလည်နိုင်အောင် ဖြစ်နေလို့ပါ။ အဲဒါ ဘာကြောင့် ဖြစ်ရတာလဲ၊ အစ်ကိုများ သိမယ်ဆိုရင် ကျွန်တော့်ကို ရှင်းပြစေချင်ပါတယ်။

"အင်း... မင်းကို အာစိဏ္ဏကံ၊ အာသန္နကံ၊ အကြောင်းကစပြီး ရှင်းပြရမယ်ထင်တယ်၊ အာစိဏ္ဏကံ၊ အာသန္နကံ အကြောင်း ကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ်"

"အဲဒီနှစ်မျိုးဟာ ကုသိုလ် အာစိဏ္ဏကံ၊ ကုသိုလ် အာသန္နကံနဲ့ အကုသိုလ် အာစိဏ္ဏကံ၊ အကုသိုလ် အာသန္နကံရယ်လို့ ရှိတယ်။ အချို့လူတွေက တစ်သက်လုံး အကုသိုလ် အာစိဏ္ဏကံ များတယ်။ အချို့လူတွေက တစ်သက်လုံး ကုသိုလ် အာစိဏ္ဏကံ များတယ်

ပေါ့ကွာ”

“အဲ့ဒါ ကျွန်တော်မရှင်းဘူး အစ်ကို”

“အာစိဏ္ဏကံဆိုတာ အလေ့အကျက်တဲ့၊ တစ်သက်လုံး မကောင်းတာတွေ လုပ်နေတဲ့သူဟာ အကုသိုလ် အာစိဏ္ဏကံ များတယ်ပြောတာ၊ တစ်သက်လုံး ကောင်းတာတွေ လုပ်နေတဲ့ သူဟာ ကုသိုလ် အာစိဏ္ဏကံ များတယ်လို့ ပြောတာကွ”

“ဪ… အဲလိုဆိုလိုတာလား”

“အေး… ဟုတ်တယ်၊ အဲဒီလို တစ်သက်လုံး တစ်ဦးက အကုသိုလ်တွေ လုပ်ခဲ့ပေမဲ့ သေခါနီးမှာ ကုသိုလ် အာသန္နကံကြောင့် ကောင်းရာသုဂတိ ရောက်နိုင်တယ်တဲ့၊ တစ်ဦးက ကုသိုလ်တွေ လုပ်ခဲ့ပေမဲ့ သေခါနီးမှာ အကုသိုလ် အာသန္နကံကြောင့် မကောင်းသော ဒုဂ္ဂတိရောက် နိုင်တယ်လို့ဆိုတာ။ အဲဒီအကြောင်းကို ဋီကာကျော်က နွားအိုကြီးတွေနဲ့ ဥပမာ ပေးထားတယ်။

ညနေနွားကျောင်းလို့ ပြန်လာပြီး နွားတွေ ခြံထဲသွင်းရင် နွားပျို့နွားသန့်တွေက ခြံထဲအရင်ဝင်ကြတယ်၊ နွားအိုကြီး တွေက တော့ အင်အားချည့်နဲ့နေလို့ တုံ့နှေးစွာ ခြံထဲဝင်ရရှာတယ်။ ဒီတော့ နွားအိုကြီးတွေကဟာ ခြံအလယ် မနေရဘဲ ခြံဝ အပေါက်နားမှာပဲ အိပ်ရရှာတယ်။ အဲ… ဒါပေမယ့် နံနက် နွားခြံဖွင့်လို့ ထွက်ရင်

အဲဒီနွားအိုကြီးတွေက အရင်ထွက်ရမှာလား၊ နောက်မှ ထွက်ရမှာလား"

"ဟာ… ဒါတော့ ခြံပေါက်ဝနွားတွေက အရင် ခြံပြင်ထွက်ရမှာပေါ့"

"ဟုတ်တာပေါ့၊ အေး… မင်းပြောတဲ့ အဘိုးကြီးလဲ တစ်သက်လုံး ကုသိုလ် အာစိဏ္ဏကံတွေ လုပ်ခဲ့သော်လဲ သေခါနီး အကုသိုလ် အာသန္နကံနဲ့ သေသွားတာ ဖြစ်နိုင်တာပေါ့။ ခြံကထွက်တော့ အလယ်ကနွားတွေက ဘယ်အရင် ထွက်ရမှာလဲ၊ နွားအိုတွေက အရင်ထွက်ရသလို၊ အခုလဲ တစ်သက်လုံး ကုသိုလ် အာစိဏ္ဏကံ အကျိုးမပေးဘဲ အကုသိုလ် အာသန္နကံ အကျိုးပေးသွားတာလဲ ဖြစ်မယ်ထင်ပါတယ်ကွာ"

"ဝိပဿနာကုသိုလ် လုပ်တာတောင် သေတာဂတိမမြဲဘူးလား"

"မိုးကုတ်ဆရာတော် ဘုရားကြီးရဲ့ လက်ာမင်း သတိမထားမိဘူးထင်တယ်။ 'ဝိပဿနာ၊ လေ့လာအကြိမ်ကြိမ်' ဆိုတာ ပါတယ်လေ၊ ဝိပဿနာ တရားအားထုတ်တဲ့သူဟာ တစ်နှစ်မှာ **တစ်ခါ** သို့မဟုတ် ခြောက်လမှာ တစ်ခါ ခုနှစ်ရက်စခန်း ဝင်တာဟာ ဝိပဿနာ လေ့လာအကြိမ်ကြိမ် ပြောလို့မရဘူး။ စာက ဘာဝိတာဗဟုလီကတာ'တဲ့ ကြိမ်ဖန်များစွာ ပွားများရမယ်လို့ဆိုတာ၊

"ကုသိုလ်ကံ သုံးမျိုးရှိတယ်၊ ကာမာဝစရကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်တဲ့၊ မဟဂ္ဂုတ်ကုသိုလ်က ဗြဟ္မာ့ပြည်ရောက်မှာ သေချာတယ်။ လောကုတ္တရာ ကုသိုလ်ကလဲ သောတာပန် စသည် ဖြစ်သွားလို့ နိဗ္ဗာန်သွားမှာ သေချာတယ်။ ကာမာဝစရ ကုသိုလ်ကတော့ ဝိပဿနာ အားထုတ်လို့ စူဠသောတာပန်ဆိုလဲ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဆုတ်ယုတ်မှသာ ဂတိမြဲနိုင်ကြောင်း (မဟာစည် ဆရာတော်ကြီးက ဝိသုဒ္ဓိမဂ်ကျမ်း မြန်မာပြန် ကင်္ခါဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသ စူဠသောတာပန်မည်ကြောင်း အဖွင့်မှာ) အဋ္ဌကထာ အလိုရှင်းထားပါတယ်။ ပြီးတော့ မဟာဋီကာမှာလဲ စူဠသောတာပန် ဂတိမြဲတယ်ဆိုတာ ဝိပဿနာ အားထုတ်ဆဲသာ လောကီသီလ၊ သမာဓိ၊ ပညာတို့ ပြည့်စုံလို့ ဂတိမြဲတာ ဖြစ်ပါသတဲ့။

"တစ်ခါ မဂ္ဂသံယုတ် အဋ္ဌကထာမှာလဲ စူဠသောတာပန်သည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ လေးပါးကို မသေမချင်း အစဉ်ထာဝရ စင်ကြယ်မှသာ စူဠသောတာပန် ဖြစ်နိုင်ပါသတဲ့။ အဲဒီအကြောင်းတွေ ထောက်ရင် မင်းအဘိုးကြီးဟာ ကာမာဝစရ ကုသိုလ်မျှသာရှိသေးလို့၊ ဘယ်မှာ ဂတိမြဲနိုင်မလဲကွာ။ ဝိပဿနာ ကြိမ်ဖန်များ မရှုဘ်တာ **ထင်ရှားပါတယ်**"

"သေခါနီးမှာ သိပ်အရေးကြီးတာပဲနော်"

"ကြီးတာပေါ့၊ များသောအားဖြင့် လူတွေဟာ မိမိတို့ရဲ့ ယုတ်မာကောက်ကျစ်တဲ့ အကုသိုလ်တရားတွေကို တစ်ပါးသူအား ပြောရမှာ အလွန်ဝန်လေးကြတယ်။ မိမိတို့ ကောင်းတာတွေ လုပ်ခဲ့တာကိုတော့ သူတစ်ပါးအား မကြာခဏ ပြောတတ်လေ့ ရှိကြတယ်။ အဲ... ဒါပေမယ့် တစ်ယောက်တည်းနေတဲ့အခါ စိတ်ထဲ ဘာအမှတ်ရ၊ ဘာပေါ်လာတတ်သလဲဆိုရင် ယခင်က မိမိလုပ်ခဲ့ဘူးတဲ့ မကောင်းမှုတွေ ပေါ်ပေါ်လာတတ်တယ်။ အဲလို မသေခင်တောင် မကြာခဏ အကုသိုလ်တွေ ပေါ်ပေါ်လာရင် သေခါနီးအချိန်မှာ ပြုခဲ့တဲ့ကုသိုလ် အာစိဏ္ဏကံပျောက်ပြီး အကုသိုလ် အာသန္နကံ ထင်ရှားပေါ်လာတတ်တာပေါ့။

"သာဓကပြရရင် မလ္လိကမိဖုရားကြီးဟာ သေခါနီးမှာ သူမတူအောင် လှူခဲ့တဲ့ အသဒိသ အလှူကုသိုလ် ကောင်းမှုကို အမှတ်မရဘဲ၊ ကောသလမင်းကြီးအပေါ် လိမ်ညာလှည့်စားခဲ့တဲ့ အကုသိုလ်ကို သတိရပြီး သေသွားလို့ ငရဲကျရတာ၊ သေခါနီးအကုသိုလ် အာသန္နကံ အားကောင်းသွားတယ်လို့ ဆိုရမှာပေါ့ကွာ။ အလားတူပါပဲ။ ကဿပ မြတ်စွာဘုရားရှင် လက်ထက်မှာ ရဟန်းတရားကို အနှစ်နှစ်သောင်းနီးပါလဲ အားထုတ်ခဲ့တယ်၊ ဝိနည်းစည်းကမ်းကိုလဲ

မကျိုးမပေါက်အောင် ထိန်းသိမ်းခဲ့တယ်။ ဒါပေမယ့် သေခါနီးမှာ အရင်က ဒေသနာမကြားခဲ့တဲ့ ခုဒ္ဒကာသိက္ခာပုဒ်ဖြစ်တဲ့ ပိန်းရွက်ဖျား လေး အမှတ်တမဲ့ ဆွဲလိုက်လို့ ပြတ်သွားတာကို သတိရပြီး သံသယ ကုက္ကုစ္စကြောင့် သေတော့ နဂါးကြီးဖြစ်သွားတဲ့ ရဟန်းတစ်ပါး ရှိခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"အဲဒီရဟန်းဘဝတုန်းက လှေစောင်းသွားလို့ အမှတ်မထင် လန့်ပြီး ပိန်းရွက်ကို လှမ်းဆွဲလိုက်တာ ပြတ်သွားတယ်။ ဒါကို သူ ဝိနည်းမကျွမ်းတော့ အပြစ်ရှိလား၊ အပြစ်မရှိဘူးလား သူမသိဘူး။ အာပတ်ဖြေဖို့ကလဲ အနီးအနားမှာ ရဟန်းတစ်ပါးမှ မရှိတော့ အဲဒီအကုသိုလ် အာသန္နကံနဲ့ သေတဲ့အခါ နဂါးကြီး သွားဖြစ်ရ တာပေါ့။ အခုလဲ မင်းအဘိုးကြီးဟာ တစ်သက်လုံး လုပ်လာခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို မေ့ပြီး တစ်ချိန်ချိန်က သူလုပ်ခဲ့တဲ့ မကောင်းမှု တစ်ခုခုကို သတိရပြီး အကုသိုလ် အာသန္နကံ ဖြစ်သွားပုံပဲ။ သေခါနီး နှလုံးသွင်းမှားတဲ့ 'အယောနိသောမနသိကာရ' ဖြစ်သွားတယ်လို့ ပြောလဲရတယ်"

"ဟုတ်နိုင်တယ် အစ်ကို၊ ကျွန်တော်တို့ အစ်ကိုတို့ ဘယ်လောက်ပဲ ကာမာဝစရ ကုသိုလ်တွေ ရှိရှိ၊ သေခါနီးမှာ

အကုသိုလ် အာသန္နကံ ဖိစီးနှိပ်စက် ခံရပြီးဆိုရင်တော့ ဒုဂ္ဂတိ ရောက်ဖို့ကတော့ မလွဲဘူးနော်၊ ဒါ့ကြောင့် ပုထုဇဉ်ဟာ ဂတိမမြဲဘူးလို့ ပညာရှိ သူတော်ကောင်းကြီးတွေ ဆိုထားခဲ့တာ နေမယ်"

"အေးပေါ့ ကဲ... ဒါဒီတော့ လူများတွေသေတာ အသာထား၊ တို့များလဲ တစ်နေ့သေမှာပဲ၊ အခု မသေခင် အာစိဏ္ဏကံ ကုသိုလ်တွေ အမြဲတန်း လုပ်ကြရမယ်။ တစ်ဦးတစ်ယောက်တည်း နေတဲ့အခါမှာလဲ လုပ်ခဲ့မိတဲ့ အကုသိုလ်တွေကို တွေးတော စဉ်းစား ပူဆွေး ဝမ်းနည်းမနေနဲ့၊ ရင်ထဲမှာ ဘယ်အခါမှ အကုသိုလ်မပေါ်စေဘဲ ကိုယ်ပြုခဲ့တဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကိုသာ အမှတ်ရ အောက်မေ့သတိရပြီး ဝမ်းမြောက်ဝမ်းသာ ကြည်နူးပေတော့၊ ဒါဆိုရင် သေခါနီးမှာလဲ ကုသိုလ်အာသန္နကံ ဖြစ်ပေါ်လာနိုင်ပါတယ်။

"ဟုတ်ကဲ့၊ အခုလို ရှင်းပြလို့ သိရတာ ကျေးဇူးပါပဲ အစ်ကိုရေ..."

အမှတ်(၃၂၇)၊ ဩဂုတ် ၂၀၁၈
မြတ်ပန်းရဂုံ

# မုန့်ခြင်းစတာလည်း သံယောဇဉ်ပါ

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

မောင်ကျောက်တိုင် နှင့် တွေ့ရာလေးပါး ပြောဆိုကြသည်။ ယင်းသို့ ပြောဆိုရာတွင် သံယောဇဉ်အကြောင်း ပါရှိလာပါသည်။ ထိုအခါ မောင်ကျောက်တိုင်သည် သူတို့အိမ်အနီးမှ ခုနှစ်ဆယ်ကျော် အဘိုးကြီး၏ သားသမီးတွေအပေါ် သံယောဇဉ်ကြီးကြောင်း အောက်ပါအတိုင်း ပြောပြပါသည်။

"ကျွန်တော့်နားက အဘိုးကြီးဟာ သူဇနီးသေသွားတာ ၆၀နှစ်လောက်ရှိနေပြီ အစ်ကို၊ အဘိုးကြီးမှာ သားနှစ်ယောက်၊

သမီးသုံးယောက်ရှိတယ်၊ သားအကြီးဆုံးက ရန်ကုန်မှာ အဆင်ပြေတယ်၊ ဒုတိယသမီးက ပြည်မှာနေတယ်၊ သူလဲ အဆင်ပြေပါတယ်၊ တတိယသမီးလဲ အဆင်ပြေပါတယ်၊ သူက တိုက်ကြီးမှာနေတယ်၊ စတုတ္ထသားကရွာမှာ အဆင်မပြေဘူး၊ ပဥ္စမသမီးလဲ အဆင်မပြေဘူး၊ ရွာမှာပဲ၊ အဘိုးကြီးက သမီးအငယ် ဆုံးနဲ့နေတယ်။

အဲဒီ အဘိုးကြီးကို ရန်ကုန်၊ ပြည်၊ တိုက်ကြီးနေကြတဲ့ သားသမီးတွေက နေဖို့ခေါ်ကြတယ်၊ သူက ဒီဆင်းရဲတဲ့ သမီးနဲ့ပဲ နေတယ်၊ ရန်ကုန်နေတဲ့သား၊ ပြည်နေတဲ့သမီး၊ တိုက်ကြီးနေတဲ့ သမီးတို့ဆီ မသွားဘူးလားဆိုတော့ သွားတယ်၊ လေးငါးရက်ဆို ပြန်လာတယ်။ ရန်ကုန်ရောက်ရင် ပြည်၊ တိုက်ကြီးက သားသမီးတွေ အတွက် ပူပန်စိုးရိမ်နေတယ်၊ အဲလို ပြည်ရောက်ရင် အခြားသားသမီး တွေအတွက် ပူပန်စိုးရိမ်နေတယ်၊ သမီးငယ်နဲ့နေတယ် ဆိုပေမဲ့လည်း ဟိုသားသမီး ဒီသားသမီးဆီ စိတ်ကူးရတိုင်း သွားနေတာ၊ သားသမီးတွေ အောက်မေ့လို့တဲ့ ကျွန်တော်ဖြင့် သူ့အစား စိတ်မောလိုက်တာ အစ်ကိုရယ်၊ အသက်ကြီးနေတော့ ကား၊ ရထားပေါ် တစ်ခုခုဖြစ်ရင် မလွယ်ဘူး၊ သားသမီးတွေ အပေါ်ထားတဲ့ မေတ္တာက လွန်ကဲလှတယ်”

“တကယ်တော့ သားသမီးတွေအပေါ်မှာ တွယ်တာလွန်း

အားကြီးတာဟာ မေတ္တာစစ်လို့ ထင်နေကြတာကိုးကွ၊ အဲဒီ မေတ္တာမဟုတ်ဘူး၊ မေတ္တာယောင်ဆောင်လာတဲ့ တဏှာပေမတဲ့ကွ၊ သားသမီးနဲ့မိဘ မောင်နဲ့နှမ စသည် ချစ်ခင်တွယ်တာတာ 'ဂေဟာသိတပေမ'လို့ ဆိုတယ်။ မဟာဗုဒ္ဓဝင် မေတ္တာပါရမီခန်းမှာ တိပိဋက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးက သေချာ ရှင်းပြထားပါတယ်၊ မေတ္တာစစ်က မပူလောင်ဘူး၊ မေတ္တာတုသာ ပူလောင်တာ"

"ဟုတ်ပါတယ် အစ်ကို ကျွန်တော်တို့က သားသမီးချစ်၊ ညီအစ်ကိုမောင်နှမအချစ်၊ မိဘအချစ်တွေကို တကယ့် ငါးရာ နှစ်ဆယ့်ရှစ်လို့ ထင်နေကြတာကို အမှန်က သားသမီးက မိဘကို တွယ်တာတာဟာ မိဘက သားသမီးကို တွယ်တာတာတွေဟာ တဏှာသံယောဇဉ်တွေချည်းပဲပေါ့နော်"

"ဟုတ်တယ်၊ မြတ်စွာဘုရားရှင်က ရာဟုလာ သားအပေါ်ထား တဲ့ မေတ္တာနဲ့ ဒေဝဒတ်ပေါ်တူမျှစွာ ထားနိုင်တယ်၊ အဲလိုမေတ္တာမျိုးမှ တကယ့်မေတ္တာစစ်စစ်တဲ့၊ အဲသံယောဇဉ်ဆိုလို့ မင်းသံယောဇဉ်ကို ဘယ်လို နားလည်ထားသလဲ"

"သမီးရည်းစား လင်မယားကစပြီး မိဘနဲ့ သားသမီး ဘယ်သူနဲ့မဆို စသဖြင့် တဏှာနဲ့တွယ်တာနေတာတွေဟာ

သံယောဇဉ် မဟုတ်ဘူးလား အစ်ကို”

“ဟုတ်ပါတယ်၊ ဒီမျိုးတွေကို သံယောဇဉ်လို့ ခေါ်ကြတာပါပဲ၊ ဒီပေမဲ့ အများသိထားကြတာက တစ်ဦးနဲ့တစ်ဦး တွယ်တာချစ်ခင်နေမှ သံယောဇဉ်လို့ ထင်နေကြတာ၊ မာနကြီးတာ သူများကို အာဃာတ ဒေါသထားတာကြတော့ ဘယ်သူမှ သံယောဇဉ်လို့ မထင်ကြဘူး”

“ဘယ်လို ဘယ်လို အစ်ကိုပြောတာ ကျွန်တော်နားမရှင်းဘူး၊ မာနတို့ ဒေါသတို့က ဘာကြောင့် သံယောဇဉ် ဖြစ်ရတာလဲ”

“ချစ်ခင် တွယ်တာတာသာ တစ်မျိုးတည်း သံယောဇဉ်လို့ ပြောနေကြပေမဲ့ စာပေမှာတော့ သံယောဇဉ်က သုတ္တန်နည်း သံယောဇဉ်ဆယ်မျိုး အဘိဓာန်နည်းဆယ်မျိုးလို့ ရှိတယ် မောင်ကျောက်တိုင်”

“ဟင်... ဟုတ်လား၊ ကျွန်တော် အဲဒါတွေ မသိဘူး အစ်ကို”

“ငါ ပြောပြမယ်၊ သုတ္တန်နည်း ဆယ်မျိုးက (၁)ကာမရာဂ သံယောဇဉ်၊ (၂)ရူပရာဂသံယောဇဉ်၊ (၃)အရူပရာဂသံယောဇဉ်၊ (၄)ပဋိဃသံယောဇဉ်၊ (၅)မာနသံယောဇဉ်၊ (၆)ဒိဋ္ဌိသံယောဇဉ်၊ (၇)သီလဗ္ဗတပရာသ သံယောဇဉ်၊ (၈)ဝိစိကိစ္ဆာသံယောဇဉ်၊ (၉) ဥဒ္ဓစ္စသံယောဇဉ်၊ (၁၀)အဝိဇ္ဇာသံယောဇဉ်တဲ့၊

တစ်ခါ အဘိဓမ္မာသံယောဇဉ် ဆယ်မျိုးကတော့ (၁) ကာမရာဂသံယောဇဉ်၊ (၂) ဘဝရာဂသံယောဇဉ်၊ (၃) ပဋိဃသံယောဇဉ်၊ (၄) မာနသံယောဇဉ်၊ (၅) ဒိဋ္ဌိသံယောဇဉ်၊ (၆) သီလဗ္ဗတပရာမာသသံယောဇဉ်၊ (၇) ဝိစိကိစ္ဆာသံယောဇဉ်၊ (၈) ဣဿာသံယောဇဉ်၊ (၉) မစ္ဆရိယသံယောဇဉ်၊ (၁၀)အဝိဇ္ဇာသံယောဇဉ်တဲ့၊ ဒါကြောင့် အဲဒီနှစ်မျိုးကို တူရာတူရာ ပေါင်းလိုက်ရင် တရားကိုယ်မှာ ၉ ပါးရှိကြောင်း အဘိဓမ္မတ္ထ သင်္ဂဟကျမ်း သမုစ္စည်းပိုင်းမှာ ဆိုထားတယ်။

သုတ္တန်နည်းမှာပါတဲ့ ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်နဲ့ အရူပရာဂသံယောဇဉ် သုံးမျိုးက တရားကိုယ်မှာ လောဘပါပဲ။ သီလဗ္ဗတပရာသသံယောဇဉ်ကလဲ ဒိဋ္ဌိပါပဲ။ ဒီတော့ သံယောဇဉ် ဆယ်မျိုးပြားသော်လဲ တရားကိုယ်ကောက်ရင် ခုနစ်မျိုးရတယ်၊ တစ်ခါ အဘိဓမ္မာနည်းမှာ ကာမရာဂ သံယောဇဉ်နဲ့ ဘဝရာဂ သံယောဇဉ်က တရားကိုယ်မှာ လောဘပဲ၊ သီလဗ္ဗတပရာမာသ ဆိုတာ ဒိဋ္ဌိလို့ သုတ္တန်နည်းအတိုင်းပါပဲ၊ ပဋိဃသံယောဇဉ် ဆိုတာက တရားကိုယ်မှာ ဒေါသပါ၊ အဘိဓမ္မာနည်း သံယောဇဉ် ဆယ်ပါး ဆိုသော်လည်း တရားကိုယ်ကောက်လိုက်ရင် ရှစ်မျိုးပဲရပါတယ်။ သုတ္တန်နည်း အဘိဓမ္မာနည်း နှစ်ရပ်တူရာ ပေါင်းလိုက်ရင်

တရားကိုယ်က ကိုးမျိုးပဲ ရှိတော့တာပေါ့။

ထားပါတော့ကွာ ဒါတွေက သိရုံလောက် ပြောပြတာပါ၊ တကယ်သိရမှာက သူတစ်ပါးအပေါ် အာဃာတထား ဒေါသပွား ရန်ငြိုးကြီးမားတာလဲ သံယောဇဉ်ပဲ၊ မသိမိုက်မဲတာလဲ သံယောဇဉ်ပဲ ဆိုပါစို့ကွာ၊ ဒေဝဒတ်က မြတ်စွာဘုရားရှင်ကို အမျိုးမျိုး သေကြောင်းကြံတာလဲ ဒေါသသံယောဇဉ်ပဲပေါ့၊ ပြောရမယ်ဆိုရင် ချစ်ခြင်းမုန်းခြင်း၊ ခွေးလိုဟွားလိုကျူးခြင်း စတဲ့ အယူမှားတာတွေကလဲ သံယောဇဉ်တွေပါပဲ"

"ဒေါသထားတဲ့ သံယောဇဉ်က ပိုဆိုးမယ်နော် အစ်ကို"

"မထူးပါဘူးကွာ ချစ်တတ်တဲ့ တဏှာသံယောဇဉ်ကလဲ ဆိုးတာပါပဲ၊ ဒါကြောင့် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက သမုစ္စည်းပိုင်းဘာသာဋီကာ၊ အကုသလသင်္ဂဟမှာ သံယောဇန၊ သံယောဇေန္တီတိ သံယောဇနာ နှောင်ဖွဲ့တတ်ကုန်၏။ ဣတိ- ထိုကြောင့်၊ သံယောဇနာနိ-သံယောဇဉ်လို့မည်၏။ 'သံယောဇဉ်ကြိုး'ဟု ခေါ်ဝေါ်ရိုး ရှိသည့်အတိုင်း ကြိုးဖြင့်ချည်နှောင်ထားသကဲ့သို့ မိမိကိုနိုးရာ သတ္တဝါကို သံသရာဝဋ်မှ မလွတ်ရအောင် ချည်နှောင်ထားသော တရားကို 'သံယောဇဉ်' ဟုခေါ်သည်။ မှန်၏။ ပုထုဇဉ်တို့ သန္တာန်၌ ကြိုးဆယ်ချောင်းရှိ၏။ ထိုတွင် ကြိုးငါးချောင်းမှာ ကာမဘုံ၌

ဆက်သွယ်၍ အခြားကြိုး ငါးချောင်းက အထက်ဖြတ်ဘုံ၌ ဆက်သွယ်လျက်ရှိ၏တဲ့ကွ။

ပြီးတော့ ယောဂ၊ ဂန္ထ၊ သံယောဇဉ်၊ ဤသုံးမျိုးသည် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်အောင် တစ်မျိုးစီ ယှဉ်စပ်ဖွဲ့နှောင်တတ်ကြသဖြင့် သဘောတူသကဲ့သို့ ရှိသော်လည်း 'အဝေးဘုံတဝသို့ ရောက်စေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့် ဆွဲထားသကဲ့သို့ ဆွဲချည်ဖွဲ့နှောင်တတ်သော သဘောသည် သံယောဇဉ်မည်၏။ သံကွင်းချည်း ဖွဲ့ဆက်သကဲ့သို့ စုတိပဋိသန္ဓေ-ပဋိသန္ဓေစုတိအားဖြင့် ရုပ်နာမ်အပေါင်းကို ဖွဲ့စပ်တတ်သော သံယောဇဉ်သည် ဂန္ထမည်၏။ သစ်စေးဖြင့် ကပ်ထားသကဲ့သို့ ဝဋ်ဒုက္ခ၌ မိမိကိန်းရာ သတ္တဝါကိုယှဉ်စပ် ကပ်ထားတတ်သော သဘောသည် ယောဂမည်၏တဲ့၊ မောင်ကျောက်တိုင်၊ သံယောဇဉ်ဟာ ယောဂ၊ ဂန္ထတို့နဲ့ သဘောတူသယောင်ဖြစ်သော်လည်း ကွဲပြားတဲ့အကြောင်း ရှင်းပြထားသေးတယ်။

"အစ်ကို ပြောပြမှပဲ သံယောဇဉ်ဆိုတာ ချစ်တာတင်မဟုတ်ဘဲ ဒေါသ၊ မာန စသည်တို့လဲ ပါဝင်ကြောင်းသိရလို့ အထူးကျေးဇူးတင်ပါတယ် ကျွန်တော်ပြန်ပါဦးမယ်"

**မြတ်ပန်းရဂုံ ၂၀၁၈၊ နိုဝင်ဘာ အမှတ်(၃၂၆)**

# မန်းတောင် ရိပ် ခို

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

"အစ်ကိုရေ ကျွန်တော် အင်တာနက်ကလာတဲ့ တံရားတစ်ဆင့် ဖောက်သည်ချချင်လို့ လာတာ"

"အင်တာနက်က မင်းက ဘာတွေ့ရလို့လဲ"

"အင်တာနက်ကို ကျွန်တော်ကြည့်တာ မဟုတ်ပါဘူးဗျာ၊ ဆွမ်းတွေ့တစ်အိမ်မှာ သွားရင်း ဘုန်းကြီးဟောတာကို နာခဲ့ရတာပါ"

"ဘုန်းကြီးက အင်တာနက်ကယူပြီး ဘာတွေဟောသလဲ"

မိတ်ဆွေစာပေ

"တစ်နေ့ အင်တာနက်ကို ကြည့်လိုက်တယ်လို့ ဘုန်းကြီးက ပြောတယ်၊ အဲဒီမှာ မှတ်သားစရာကောင်းလို့ ဒကာ၊ ဒကာမတွေကို သိရအောင် တရားထဲ ထည့်ဟောတာပါလို့ မိန့်ပါတယ်"

"ဆိုပါဦး"

"တခြားမဟုတ်ပါဘူး၊ အသက်ကလေးရယ်တဲ့ ရှည်စေလို မန်းတောင်ရိပ်ခို ဆိုတဲ့ သီချင်းစာသားပါ။ အဲဒီသီချင်းကို အင်တာနက် တင်သူက ဤအကြောင်းအရာသည် သာမန်ကြည့်လျှင် သီချင်းတစ်ပုဒ်သာဖြစ်သည်၊ သို့သော်လည်း တရားသဘောဆင်ခြင်သော် အလွန် မှတ်သားထိုက်သည်၊ သို့ဖြစ်၍ အများသိရန် တင်ပြလိုက်ပါသတဲ့၊

မန်းတောင်ရိပ်ခိုဆိုတာ သွယ်ဝိုက်တဲ့ အဓိပ္ပါယ်ပါတဲ့၊ မန်းဆိုတာ ကြာသပတေးနံ ငါးဖြစ်တယ်၊ ငါးဆိုတော့ ငါးပါးသီလ လုံခြုံအောင်ရ ဖြဲရမယ်လို့ ဆိုတာပါ။ တောင်ဆိုတာ စနေနံ-ခုနစ်ဖြစ်တယ်၊ ခုနစ်ဆိုတော့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းဥစ္စာ ခုနစ်ပါးရှိရမယ်တဲ့၊ ရိပ်ဆိုတာ ဗုဒ္ဓဟူးနံ- လေးဖြစ်တယ်၊ လေးဆိုတော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးတဲ့၊ ဒီခန္ဓာငါးပါးဟာ ဓာတ်ကြီး လေးပါးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်တယ်၊ ခိုဆိုတာ တနင်္လာနံ-နှစ် ဖြစ်ပါတယ်၊ နှစ်ဆိုတော့ ဟိရိ၊ ဩတ္တပ္ပ တရားနှစ်ပါးပါတဲ့၊ လောကမှာ

ငါးပါးသီလကိုထိန်းပြီး သူတော်တရား နဲ့ နေကြပါ၊ ခန္ဓာငါးပါးတာလဲ ခတ်ကြီးလေးပါး အစုအဝေးဖြစ်လို့ ဘာမှခင်တွယ်စရာ မရှိပါ၊ ဒါကြောင့် လောကပါလ- လောကကို စောင့်ရှောက်ထားတဲ့ ဟိရိဩတ္တပ္ပနှစ်ပါးကိုလည်း လုံခြုံကြပါလို့ ဘုန်းကြီးက ဟောတာပါပဲ”

“အင်း... ကောင်းသားပဲကွ၊ လိုက်နာကျင့်သုံးထိုက်ပါတယ်၊ မင်းပြောတော့ ငါလဲ ပြောရဦးမယ် မောင်ကျောက်တိုင်ရေ၊ မန်းတောင်ရိပ်ခိုက တစ်မျိုးကောက်လို့ ရသေးတယ်ကွ၊ ပြောမယ် ဆိုရင်ကွာ ကဗျာတစ်ပုဒ်ကို သူ့အမြင် ကိုယ့်အမြင် ခံစားတာချင်း မတူသလိုပေါ့”

“ဟုတ်ကဲ့ အစ်ကို၊ မန်းတောင်ရိပ်ခို သီချင်းကို တစ်မျိုး ကောက်လို့ရတာ ပြောပြပါဦး”

“မန်းဆိုတာ ကြာသပတေးနံ ငါး၊ ငါးဆိုတော့ ခန္ဓာငါးပါးပေါ့ကွာ၊ တောင်ဆိုတာ စနေနံ- ခုနစ်၊ ခုနစ်ဆိုတော့ ဗောဇ္ဈင်ခုနစ်ပါးပေ့ါ၊ ရိပ်ဆိုတာ ဗုဒ္ဓဟူးနံ- လေး၊ လေးဆိုတော့ သတိပဋ္ဌာန်လေးပါပဲ၊ ခိုဆိုတာ တနင်္လာနံ- နှစ်၊ နှစ်ဆိုတော့ ထွက်လေဝင်လေ အာနာပါနပေါ့”

“ဟုတ်ကဲ့”

မိတ်ဆွေစာပေ

"ခန္ဓာငါးပါးထဲမှာ ရူပက္ခန္ဓာအပေါ် ထွက်လေဝင်လေ အာနပါန ကို ပွားများရမယ်ပေါ့၊ အဲလိုပွားများနေရင် အလွန် အကျိုးများသတဲ့၊ မြတ်စွာဘုရားရှင်က ရဟန်းတော်များကို ဘယ်လိုဟော ခဲ့သလဲဆို တော့–

"ရဟန်းတို့ အာနာပါနသသတိကို ပွားများရင် အကျိုးအာနိသင် များတယ်၊ သတိပဋ္ဌာန်လေးပါးကို ပြည့်စေနိုင်တယ်၊ သတိပဋ္ဌာန်လေး ပါးကို ပွားများရင် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စေနိုင်တယ်၊ ဗောဇ္ဈင်ခုနစ်ပါး ကို ပွားများရင် ဝိဇ္ဇာဝိမုတ္တိကို ပြည့်စေနိုင်တယ်"တဲ့။

ဒါက မဇ္ဈိမနိကာယ် တတိယပိုင်း အာနာပါနသသတိသုတ်ကပဲ၊ အဲဒီသုတ်မှာ ထွက်လေဝင်လေ အာနာပါနသသတိ ပွားများပုံတွေ ပါရှိတယ်၊ အဲဒီသုတ်ကို ပိုင်ပိုင်နိုင်နိုင်ကြည့်ထားရင် တရားအား ထုတ်တတ်မှာပါ၊ ဒီမှာတော့ အထူးမပြော တော့ပါဘူး၊ ဒီမှာပြောချင် တာက–

အာနာပါနကို ပွားများရင် သတိပဋ္ဌာန်လေးပါး ဘယ်လိုပြည့် သလဲ၊ ရှုတဲ့ပုဂ္ဂိုလ်ဟာ ဝင်သက်ထွက်သက်တို့ရဲ့ အတိုအရှည်ကို သိ၍ ရှုရှိုက်ရမယ် ထွက်သက်ဝင်သက်တို့ရဲ့ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို [illegible] ရှုရှိုက်ရမယ်လို့ လေ့ကျင့်အား ထုတ်ရပါသတဲ့၊ အဲဒီပုဂ္ဂိုလ်ဟာ ပြင်းစွာလုံ့လစိုက်ပြီး သတိသမ္ပဇဉ်နဲ့

ယှဉ်ကာ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီး ကိုယ်၌ကိုယ်ရယ်လို့ အဖန်ဖန်ရှု၍ နေတယ်မည်ပါသတဲ့။ အဲလိုအားထုတ်ရင် ထွက်သက် ဝင်သက်သည် ကိုယ်၌အကျုံးဝင်ကြောင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူတယ်၊ ရှေ့လဲကျန်သေးတယ်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ အစ်ကို"

"ပြီးတော့ သတိပဋ္ဌာန်လေးပါးကို ပွားများရင် ဗောဇ္ဈင်ခုနှစ်ပါး ပြည့်စုံပုံလဲ ဟောတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ခုနကလို အပူတပြင်း လုံ့လစိုက်ပြီး ကိုယ်၌ ကိုယ်ဟူ၍လည်းကောင်း၊ ဝေဒနာတို့၌ ဝေဒနာဟူ၍လည်းကောင်း၊ စိတ်၌ စိတ်ဟူ၍လည်းကောင်း၊ တရားသဘော၌ တရားသဘောဟူ၍လည်းကောင်း အဖန်ဖန်ရှုနေရမယ်၊ ထိုအခါ တရားအားထုတ်သော ပုဂ္ဂိုလ်အား သတိ မပျောက်ပျက်ဘဲ စွဲမြဲနေသောကြောင့် သတိသမ္ဗောဇ္ဈင် ပြည့်စုံပါသတဲ့၊ အဲလိုသတိရှိပြီးနေသော ပုဂ္ဂိုလ်ဟာ ထိုတရားသဘောကို စူးစမ်းဆင်ခြင်သောကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင် ပြည့်စုံနေပါသတဲ့။ အဲဒီတရားသဘောကို မတွန့်မဆုတ် အားထုတ်ပြီးဖြစ်လို့ ဝီရိယသမ္ဗောဇ္ဈင် ပြည့်စုံပါသတဲ့။ အဲလို အားထုတ်သော ဝီရိယ ရှိတဲ့ပုဂ္ဂိုလ်ဟာ သာယာမှုကင်း နှစ်သိမ့်ခြင်းပေါ်လာ၍ ပီတိသမ္ဗောဇ္ဈင် ပြည့်စုံပါသတဲ့။ နှစ်သိမ့်တဲ့ စိတ်ရှိသော ပုဂ္ဂိုလ်အား ကိုယ်ရောစိတ်ပါ

ငြိမ်းသဖြင့် ပဿဒ္ဓိသမ္ဗောဇ္ဈင် ပြည့်စုံပါသတဲ့။ ကိုယ်ငြိမ်းအေး ချမ်းသာမှုရှိသော ပုဂ္ဂိုလ်၏စိတ်သည် တည်ကြည်လာသောကြောင့် သမာဓိသမ္ဗောဇ္ဈင် ပြည့်စုံပါသတဲ့။ အဲဒီတည်ကြည်တဲ့ စိတ်ကို ကောင်းစွာလျစ်လျူရှု၍ နေသော ပုဂ္ဂိုလ်အား ဥပေက္ခာသမ္ဗောဇ္ဈင် ပြည့်စုံပါသတဲ့။ ဒါကြောင့် အဲလိုသတိပဋ္ဌာန် ပွားများရင် ဗောဇ္ဈင် ခုနစ်ပါးတို့သည် ပြည့်စုံပါသတဲ့ မောင်ကျောက်တိုင် ”

“ ဟုတ်ကဲ့ ”

“ အဲ ... နောက်ဆုံးတော့ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများရင် တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကိလေသာဆိတ်သုဉ်းခြင်း တပ်မက်မှုကင်းကွာခြင်း၊ ချုပ်ငြိမ်းခြင်းကိုမှီ၍ စွန့်လွှတ်မှုကို ရှင်းကျက်စေတတ်သော ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသဖြင့် ဝိဇ္ဇာဝိမုတ္တိ ပြည့်စုံစေပါသတဲ့ ”

အဲဒီ မန်းတောင်ရိပ်ခို သီချင်းမှာ မန်းက ခန္ဓာငါးပါး၊ တောင်က ဗောဇ္ဈင်ခုနစ်ပါး၊ ရိပ်က သတိပဋ္ဌာန်လေးပါး၊ ခိုက ဝင်သက်ထွက်သက် အာနာပါန နှစ်ပါးလို့ ကောက်လိုက်တာပဲ ”

“ သီချင်းရေးတဲ့လူက ဒီလိုအဓိပ္ပါယ်တွေနဲ့ ရေးတာရော ဟုတ်သလား အစ်ကို ”

“ ဒါတော့ မပြောနိုင်ဘူးလေ။ ဒါပေမဲ့ လူတွေကြားမှာ

ရေပန်းစားတဲ့သီချင်းကို ဒီလိုကောင်းတဲ့ အဓိပ္ပါယ်တွေ ကောက်ပြီး ခံစားနိုင်ရင် ကုသိုလ်ဖြစ်နိုင်တာပေါ့၊ အစ်ကိုလဲ ဉာဏ်မီသလောက် ကောက်လိုက်တာပါ။ မောင်ကျော့ာက်တိုင် လဲ ကြိုက်သလို ဖွင့်ဆိုနိုင်တယ်လေ ”

“ ဟုတ်ကဲ့အစ်ကို အခုလို ကျွန်တော်ထပ်ပြီး အသိတိုးလို့ အစ်ကို့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်ပြန်ပါဦးမယ်။

မြတ်ပန်းရဂုံ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ
အမှတ်(၃၃၄)

မိတ်ဆွေစာပေ

# ကြောင်းကျိုး မသိမြင် လူမိုက်ပင်

မောင်ကျောက်တိုင်သည် ကျွန်ုပ်ထံမှ မြတ်ပန်းရဂုံ၊ မွေ့ရတနာ၊ မွေ့ရံသီ၊ မွေ့ဗျူဟာစာစောင် များကို လစဉ်တိုင်း ငှားယူကြည့်ရှု ဖတ်မှတ်ပါသည်။ ထိုကဲ့သို့ ကြည့်ရှုဖတ်မှတ်ရာတွင် သူမရှင်းသည့် အကြောင်းအရာများကို မေးလေ့ ရှိသည်။ ကျွန်ုပ်ကလည်း ချက်ချင်း သိလျှင် ချက်ချင်းဖြေလိုက်သည်။ မသိလျှင် ကျမ်းစာအုပ်ထဲမှ ရှာဖွေ၍ ဖြေကြားလိုက်သည်။

များသောအားဖြင့် ချက်ချင်းသိ၍ ဖြေလိုက်သော်လည်း ကျွန်ုပ်အဖြေကို ခိုင်လုံရန် ကျမ်းကိုး ကျမ်းကားကို ထောက်ပြ လိုက်သည်။ ယခုလည်း မောင်ကျော်တိုင်သည် အမှတ်–၃၂၄၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလထုတ် မြတ်ပန်းရဂုံစာစောင် ထဲမှာ အကြောင်းအရာကို မေးပါသည်။ မောင်ကျော်တိုင် မေးသည်မှာ ကိုချို(မြကိုင်း)၏ 'တရားတော်များ သင်ကြားခြင်း' ဆောင်းပါးမှ စာသားနှစ်ခု ဖြစ်ပါသည်။

တစ်ခုမှာ ယင်းကိုချို၏ ဆောင်းပါးမှာ–

ဥပမာ– **ပဋိရူပ ဒေသဝါသောစ** = သင့်တင့်လျောက်ပတ်ကောင်းမြတ်သော အရပ်၌နေရခြင်းဟု မြန်မာလို အဓိပ္ပာယ်ပြန်ထားသည်။ တစ်ဖန် မင်္ဂလာဦးဘသန်းနှင့် ဒဂုန်ဦးထွန်းမြင့်တို့ ရေးသားထားသော မင်္ဂလာကဗျာများကိုလည်း အောက်၌ ဖော်ပြထားသည်။ 'ကုသိုလ်ပညာ၊ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ' ဟု ကဗျာမှာ ရေးထားသည်။ ဤတွင် သင်ကြားသူသည် စေတနာကောင်းဖြင့် ပိုမိုလွယ်ကူ ရှင်းလင်းစွာ သိရှိနားလည်နိုင်ရန် ပါဠိမြန်မာပြန် အဓိပ္ပာယ်နှင့် ကဗျာအကြောင်းတို့ကို တွဲစပ်အဓိပ္ပာယ်ဖော်၍ ' သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်ဆိုတာ ကုသိုလ်လည်းရမည့်နေရာ၊ ဥစ္စာလည်း ရမည့်နေရာဖြစ်တဲ့ မြို့အရပ်ကို

ဆိုလိုသည်ဟု ရှင်းပြရာ အမှားဖြစ်သွားတော့သည်' ဟု ရေးသား ထား၏။

ဤသည်ကို မောင်ကျောက်တိုင်က -

" အစ်ကို ဒီမှာ ' ကောင်းမြတ်သောအရပ်ဆိုတာ ကုသိုလ် လည်းရမည့်နေရာ၊ ဥစ္စာလည်းရမည့်နေရာဖြစ်တဲ့ မြို့အရပ် ကို ဆိုလိုသည်' ကို ဆရာကိုချိုက အမှားဖြစ်သွားကြောင်း သာပါတာ၊ ဘာကြောင့် မှားတယ်ဆိုတာ မပါဘူး၊ အဲဒါ ရှင်းပြပါဦး " ဟု ဆိုလာခြင်း ဖြစ်ပါသည်။

" ဆရာကိုချိုက သင့်တင့်လျောက်ပတ်တဲ့ နေရာဟာ မြို့လို့ သင်ပြသူက ပြောလိုက်လို့ အမှားဖြစ်သွားကြောင်း ဆိုလိုဟန် တူပါတယ်"

" အစ်ကိုကရော ဘယ်လိုသဘောရလဲ "

" ငါလဲ ကိုချိုအဆိုကို ထောက်ခံပါတယ်၊ သင့်တင့်လျောက် ပတ်တဲ့ နေရာဟာ မြို့လို့ ညွှန်းလို့ မရဘူးလေ၊ ဆိုပါစို့ .. တရားအားထုတ်တဲ့သူအတွက် မြို့ကြီးဟာ သင့်တင့်လျောက်ပတ်တဲ့ နေရာ ဖြစ်ပါ့မလား၊ အဲလိုပဲ ပတ္တမြား ကျောက်စိမ်း ရလိုတဲ့သူဟာ ပတ္တမြားကျောက်စိမ်း မထွက်တဲ့ မြို့ကြီးနေရာ သွားတူးလို့ မရနိုင်ဘူးလေ၊ ဒါကြောင့် ဆရာက စေတနာကောင်းနဲ့ ရှင်းပြပေမယ့်

တို့လောကမှာ ပြောနေကြတာ ရှိတယ်မဟုတ်လား၊ စေတနာက ဝေဒနာဖြစ် သွားတယ် ဆိုတာမျိုးပေါ့ကွာ "

အဲဒီ ပဋိရူပ မင်္ဂလာကို အခြေပြုမင်္ဂလာသုတ်မှာ ဆရာတော် အရှင်ဇနကာဘိဝံသက ဒီလိုဖွင့်ဆိုထားတယ်။ 'သင့်တော်ရာ အရပ် မြို့ဖြစ်စေ၊ ရွာဖြစ်စေ လောကအလိုက် ကြီးပွားလမ်း၊ ကောင်းသော အရပ် (လ) တို့ကြောင့် ရေမြေကောင်းသော အရပ်သည် ကျမ်းမာရေးအတွက် ပဋိရူပ ဖြစ်၏။ ကစားချိန် အရွယ်ရောက်သော ကလေးများအတွက် လိမ္မာသော ကစားဖော်ကလေးများ ရှိနိုင်သော ရပ်ကွက်သည် ပဋိရူပဖြစ်၏တဲ့ကွ "

" ဆရာတော်ကြီး ဆိုလိုတာက မြို့ရယ်၊ တောရယ် မဟုတ်ဘူး၊ မိမိနဲ့ အစစအရာရာ အဆင်ပြေတဲ့ အရပ်ဟာ ပဋိရူပပေါ့၊ နားလည်ပါပြီ၊ နောက်တစ်ခုလဲ ရှင်းပါဦး အစ်ကို "

" နောက်တစ်ခု ဆရာချို တင်ပြထားသော 'ထို့အတူ အသေဝနာစဗာလာနံ'- လူမိုက်ကို မမှီဝဲ မပေါင်းသင်းရခြင်းဟု ပါဠိလို အဓိပ္ပာယ် ပြန်ထားသည်ကို စေတနာကောင်းဖြင့် ပိုမို သိစေရန် ရှင်းပြသည်မှာ ' လူမိုက်ဆိုတာ သိလား၊ တုတ်၊ ဓား၊ လက်နက်များနဲ့ ထိုးခုတ်ရိုက်ပုတ်သူကို ခေါ်တယ် ' ဟု အမှား လေးဖြစ်သွားတော့သည်။ သင်ကြားသည်မှာမှန်၏ သို့သော်

မပြည့်စုံသေးပါ' တဲ့ မောင်ကျော်ကိုင် ”

“ ဒီအသေဝနာစ ဇာလာနံလဲ မှားကြောင်း မပြည့်စုံသေးကြောင်း သာပါတာ ဘယ်လိုမှားတယ်၊ ဘာတွေလိုတယ်ဆိုတာ ရှင်းမပြတော့ ကျွန်တော်တို့လို အသိဉာဏ်နည်းတဲ့သူတွေအဖို့ မသိဘူးဖြစ်နေတယ်၊ အဲဒါလဲ ရှင်းပြပါဦး ”

“ အဲဒီ အကြောင်းမပြောမီ ဒီမှာ မောင်ကျော်ကိုင် အမတ်ကြီး ဦးပေါ်ဦးရဲ့ မတတ်သူက မသိသူကိုသင်ဆိုတာ သွားသတိရမိတယ်”

“ ပြောပါဦး အစ်ကို ”

“ ဒီလိုကွ တစ်နေ့မှာ ဘိုးတော်ဦးဝိုင်းက 'ဟဲ့ ပေါ်ဦး တို့စစ်မှုထမ်းရဲ့ ဝမ်းဗိုက်နံစ တွေမှာ ဆေးမင်ကြောင် ရေးထိုးကြရ တယ်၊ အဲလို ရေးထိုးရတာ ဘယ်အချိန်က စတင်လို့ ဘာကြောင့် အမှတ်အသား ရေးထိုးကြသလဲဆိုတာ သံတော်ဦး တင်စမ်း ' လို့ ဦးပေါ်ဦးကို အမိန့်ရှိတယ် ”

“ မှန်လှပါ မင်ကြောင်နဲ့ ဆေးထိုးခြင် အလေ့အထသည် ရှေးခေတ် သဒ္ဒါကျမ်များနဲ့အညီ ထိုးကြတာ ဖြစ်ကြောင်း ပါလို့ ဦးပေါ်ဦးက လျှောက်တင်လိုက်တယ် ”

“ ဘိုးတော်ဦးဝိုင်းက ရှေးခေတ် သဒ္ဒါကျမ်းက ဘယ်လိုလဲ ပေါ်ဦးရဲ့လို့ မေးတယ် ”

" မှန်လှပါ ကစ္စည်းသဒ္ဒါ ကျမ်းကြီး၌ နံချတော ကတ ရသ ' ဟု ရှိပါသည်။ ချတောနံစ - ဝမ်းဗိုက်တို့တွင် မှင်ကြောင်ထိုး သောသူသည် ကတ ရသ - ရဲရင့်တတ်၏ဟူ၍ အနက်ပေး ထားသည့် အတိုင်း ရဲဆေးပြီး ဆေးတင်သော အားဖြင့် မင်ကြောင် ထိုးကြခြင်း ဖြစ်နိုင်ကြောင်းပါလို့ လျှောက်ထားလိုက်တယ် "

" တဲ .. ပေါ်ဦး ဟုတ်ဟုတ် မဟုတ်ဟုတ် ရမ်းတုတ်တာ မဟုတ်လားတဲ့၊ ဦးပေါ်ဦးက မှန်လှပါဘုရား၊ မတတ်တဲ့ လူက ပြောတော့ မသိတဲ့လူက ယုံရမှာပါဘုရားလို့ ဘုရင်ကို စောင်းချိတ် လျှောက်ထားလိုက်တယ်တဲ့ "

" ဒါနဲ့ အစ်ကို အဲဒီ ဦးပေါ်ဦး ဆိုတာ သမိုင်းမှာ မရှိခဲ့ဘူးဆို၊ သူ့လျှောက်ထုံးတွေက အထင်အရှားပဲနော်။

အမတ်ကြီး ဦးပေါ်ဦး ဆိုတဲ့ အမည်နဲ့ ပညာရှိကြီးကတော့ တကယ်ရှိခဲ့တယ်။ ဒါပေမဲ့ ဒီလို ပျော်တော်ဆက် ဆန်ဆန် အမတ်ကတော့ မရှိခဲ့ဘူး၊ ဦးပေါ်ဦး ရဲ့ အမည်ကိုယူပြီး နောက် စာရေးဆရာတွေက အိန္ဒိယက လျှောက်ထုံး တွေမှီးပြီး ရေးကြ တာလို့ မှတ်ပူးတယ်၊ အခုလဲ ဥပမာ တစ်ခု အနေနဲ့ ပြောပြတာပါ။ မတတ်တဲ့သူက မသိသေးတဲ့ ကလေးတွေကို အမှားသင်မိရင် သွားပြီ မောင်ကျောက်တိုင်၊ တရားစာပေသင်တာ လူတွေမဆိုထားနဲ့

အချို့ ရဟန်းတွေ မောင် အကောက်လွဲတာတွေ ရှိတယ်တဲ့ ”

“ ဟုတ်ကဲ့ပါ အစ်ကို၊ ဗာလာနံ ကို ရှင်းပြပါဦး ”

“ကြောင်းကျိုးမြင်သိကို ဘယ်လိုဆက်ဆိုလဲ မောင်ကျောက်တိုင်”

“ အဲဒါ ရှင်းနေပြီ ကြောင်းကျိုးမြင်သိ ပညာရှိလို့ ဆိုထားတယ်၊ အဲကြောင်းကျိုးကို မမြင် မသိတဲ့လူဟာ လူမိုက်ပေါ့၊ တုတ်၊ ဓား၊ လက်နက်နဲ့ ထိုးခုတ်တာလဲ လူမိုက်ဟုတ်တယ်၊ ဆရာချိုကာမပြည့်စုံ သေးဘူးဆိုတာလဲ မှန်တယ်လို့ ထောက်ခံရမယ်၊ ငါးရာငါးဆယ် ဇာတ်တော်ထဲမှာ အမေက လက်မအားလို့ “ သမီးရယ် အမေ့နဖူး ကို ခြင်ကိုက်နေတယ်၊ လုပ်ပါဦး ” ဆိုတော့ သမီးက ဒါလောက် ကိုက်ချင်တဲ့ခြင် ကဲဟယ်ဆိုပြီး အမေ့ နဖူးကို ရေတ်ကျည်ပွေ့နဲ့ ထုလိုက်တာ ခြင်မသေဘဲ အမေခမျာ နဖူးကွဲ သေသွားပါရောတဲ့၊ အဲဒီသမီးဟာ ကြောင်းကျိုးမသိတဲ့ လူမိုက်ပဲပေါ့ကွာ။”

အဲဒီအကြောင်းကို အခြေပြု မင်္ဂလသုတ်မှာ ဆရာတော် အရှင် ဇနကာဘိဝံသက အသေဝနာစဗာလာနံ အဖွင့်မှာ လူတစ်ယောက် ဖြစ်စေ၊ အများဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ဆင်းရဲကြောင့်ကြ အမှုကို ပြုလုပ်ပြောဆို ကြံစည်နေသူကို ဗာလ– လူမိုက်ဟုလည်းကောင်း။ လူတစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ချမ်းသာ ကြောင်းအမှုကို ပြုလုပ်ပြောဆို ကြံစည်နေသူကို ပဏ္ဍိတ လူလိမ္မာဟု

လည်းကောင်း မှတ်ပါ။ ထို့ကြောင့် လူလိမ္မာ ပဏ္ဍိတ ဖြစ်လိုသူသည် သူတစ်ပါးဆင်းရဲမှ ကိုယ်ချမ်းသာနိုင်မည့်အလုပ် အများဆင်းရဲမှ တစ်မျိုးတစ်ဆွေ တစ်အိမ်သားမျှ ချမ်းသာနိုင်မည့် အလုပ်မျိုးကို မပြုသင့်တဲ့ကွ ။

ပြောရရင်တော့ကွာ လူသတ်၊ အရက်သောက် ခိုးဆိုးတိုက်ခိုက်မှ လူမိုက်မဟုတ်ဘူး၊ ရဟန်းပဲဖြစ်စေ၊ လူပဲဖြစ်စေ စသဖြင့် ကြောင်းကျိုး မသိရင် လူမိုက်ပါပဲ ။ ဥပမာ– ရှင်ဒေဝဒတ်သည် ရဟန်းဖြစ်သော် လည်း လူမိုက်၊ တိုင်းပြည်အုပ်ချုပ် တဲ့ ဘုရင်ဖြစ်သော်လည်း ပြည်သူ/ သားများအပေါ် မတရား ပြုကျင့်နေရင် လူမိုက်ပါပဲတဲ့ မောင်ကျောက်တိုင်ရေ ”

“ အင်း .. ဟုတ်ပါပြီ အစ်ကို၊ ဆရာချို့ ဆောင်းပါးအတိုင်း တရားတော်များ သင်ကြားရင် မိမိကိုယ်တိုင် နားလည် ထားသင့် တယ်နော် ”

“ မှန်တာပေါ့ကွာ အမှန်ကတော့ ယဉ်ကျေးမှု သင်တန်းတွေကို ရဟန်းတော်တွေကပဲ သင်ကြားပေးသင့်ပါတယ်။ လူက သင်ပေးရင် လဲ လောကုတ္တရာ စာတက်ဖူးသူ သင်သင့်ပါတယ်။ ”

“ ဟုတ်ကဲ့ ကျွန်တော် ပြန်လိုက်ပါဦးမယ် ”

မြတ်ပန်းရဂုံ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အမှတ်(၃၂၉)

# အသက်ကြီးလာ လိုက်နာစရာ

ရန်ကုန်ကအပြန် ရထားပေါ်မှာ ဖတ်ရန် စံတော်ချိန် သတင်းစာ ဝယ်လာခဲ့သည်။ သို့သော်လည်း ရထားပေါ်မှာ ဖတ်၍မရပါ။ ရထားသံလမ်းတွေက မညီညာသဖြင့် ရထားတွဲများ ခုန်သောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ စာမဖတ်တော့ဘဲ အိမ်ရောက်မှ ဖတ်မည်ဟု ဆုံးဖြတ်ကာ စံတော်ချိန် သတင်းစာကို အိတ်ထဲထည့်လိုက်သည်။

ရထားသည် အင်းစိန်ဘူတာမှ နံနက် ၅ နာရီ ၄၀ ထွက်လာရာ ဟိုဘူတာရဖ် သည်ဘူတာရပ်နှင့် လက်ပံတန်းသို့ နံနက် ၁၁

နာရီခန့်ရောက်သည်။ ထိုလက်ပံတန်းမှ စက်ခေါင်းလဲပြီး ဆက်လက်ခုတ်မောင်းခဲ့သည်။ ဇီးဖြူကုန်းဘူတာသို့ နေ့လယ် ၁ နာရီခွဲလောက်မှာ ရောက်သည်။

အိမ်ရောက်လျှင် ခေတ္တနား၊ ထမင်းစားပြီး စံတော်ချိန်သတင်းစာကို ကောက်ကိုင်လိုက်ကာ ဟိုလှန်သည်လှန် ကြည့်လိုက်သည်။ 'မျောက်လိုလှုပ်ရှား၊ ကြောင်လိုစား' ဆောင်းပါးခေါင်းစဉ်ကို စိတ်ဝင်စားသွားသည် ဖတ်ကြည့်လိုက်သည် ဆောင်းပါးက အသက်ကြီးသည့် ကျွန်ုပ်တို့လူကြီးများအတွက် လိုက်နာရမည့် ဆောင်းပါးဖြစ်သည်။ ထိုစဉ် မမျှော်လင့်ဘဲ မောင်ကျော်တိုင် ရောက်လာသည်။

" အစ်ကို သဲကြီးမဲကြီး ဘာတွေ ဖတ်နေတာလဲ "

ဟု မောင်ကျော်တိုင်က မေးသည်။

" တခြားမဟုတ်ပါဘူးကွာ ရန်ကုန်ကအပြန် ဝယ်လာတဲ့ စံတော်ချိန် သတင်းစာကို ဖတ်နေတာပါ "

" ဒီနေ့ ထုတ်လား အစ်ကို "

" အေး ... ဟုတ်တယ်၊ ၇-၁-၂၀၁၈ အင်္ဂါနေ့ထုတ် ယနေ့သတင်းစာပါ "

" ဘာတွေ ပါနေလို့လဲ "

မိုးကြာဆွေစာပေ

" တို့လို အသက်ကြောက်ဆယ်- ခုနစ်ဆယ်အရွယ်တွေအတွက် လိုက်နာရန် ရေးသားထားတဲ့ ဆောင်းပါးပါ။ ရေးသူက 'စံလွင် (ဒါးဦးစီး)' တဲ့။ သူလဲ အာစရိယ ကန်တော့ပွဲ ဆရာ /ဆရာမ များရဲ့ ကိုယ်စား ဆရာမကြီး တစ်ဦးက သူ မှတ်သားထားတဲ့ စကားတစ်ခုကို ကိုးကားပြီး ဆုံးမစကား ပြောကြားတာ ကြားခဲ့ပါ သတဲ့။ အဲဒီ ပြောကြားတဲ့အထဲမှာ ဖိုးဖိုးတို့ အသက် ၆၀ ကျော်အရွယ် လူအိုလူမင်းတို့နဲ့ လိုက်ဖက်လွန်းလို့ သူနာယူမှတ်သားထားသမျှ ကို ပြန်လည် ဝေငှလိုက်တာပါ။"

" ဘယ်လို ရေးထားသလဲ အစ်ကို၊ ပြောပြပါဦး "

" သူ့ဟာက ကဗျာလေးနဲ့ကွ၊ ကောင်းတယ်၊ ဒါကလဲ တစ်ဆင့် မွေမိတ်ဆွေများကို ဖောက်သည်ချရတာပေါ့ကွာ၊ ကဗျာက ဒီလို -

" မျောက်လိုလှုပ်ရှား၊ ကြောင်လိုစား၊
နွားလိုရေသောက်၊ လိပ်လိုလျှောက်၊
တုတ်ထောက်မပျင်းနဲ့တဲ့ကွ "

" အဓိပ္ပာယ်က ဘယ်လိုလဲ အစ်ကို "

" အဓိပ္ပာယ်ကိုတော့ ဆရာစံလွင်ရေးတာ မပြောတော့ပါဘူး၊ ဒါပေမယ့် သူပြောတဲ့ အဓိပ္ပာယ်ကိုမှီးပြီး ပြောပါ့မယ်"

" ဟုတ်ကဲ့ပါ အစ်ကို "

" မျောက်လိုလှုပ်ရှားဆိုတာ မျောက်က အငြိမ်မနေဘူးလေ၊ ဟိုခုန်သည်ကူး အမြဲတန်း လုပ်နေတာ၊ အခုလဲ အသက်ကြီးလာရင် အငြိမ်မနေဘဲ တံမြက်လှည်း၊ မြဲစိုက်၊ လမ်းလျှောက်၊ ကျန်းမာရေး လေ့ကျင့်၊ ကိုယ်လက်လှုပ်ရှား စသည်ပေါ့ကွာ "

" ကြောင်လိုစားဆိုတာက "

" ကြောင်လိုစားဆိုတာ ကြောင်တွေဟာ တို့နံ့တို့နံ့ စားတတ်ကြတယ်၊ မင်းမကြားဖူးဘူးလား၊ ' ဒီလူစားတာ ကြောင်စာလောက်ပဲ စားတယ်" ဆိုတာလေ။

" ဟုတ်ကဲ့ ကြားဖူးပါတယ် "

" အသက်ကြီးလာရင် တအားစားလို့ မဖြစ်ဘူး၊ ငယ်ငယ်တုန်းကလို စားပါက တေဇောက မချက်တော့ဘူး၊ စားကောင်းတိုင်း စားရင် အစာမကြေဘဲ ဗိုက်အင့်ပြီး အနေရ အထိုင်ရခတ်တယ်၊ ဒါကြောင့် အသက်ကြီးလာရင် နည်းနည်းစားလို့ ပြောတာ၊ ဒီမှာ မကြာမီက MMTV က လာတဲ့ မြန်မာတိုင်းရင်းဆေးဆရာတစ်ဦး သင်တန်းပို့ချတာ နားထောင်လိုက်ရတယ်၊ အချို့က ထမင်းစားပြီး ရေမသောက်ရဘူးလို့ ဆိုတယ်၊ ဒါကြောင့် သင်တန်းသားတွေ ထမင်းစားပြီး ရေသောက်သင့်သလားလို့ သင်တန်းဆရာက

မေးတယ်၊ သင်တန်းသားတွေက မသောက်သင့်ကြောင်း ပြောကြတယ်။

ဒီတော့ သင်တန်းဆရာက ထမင်းစားပြီး ရေမသောက်ရဆိုတာ ပုံသေမယူသင့်ကြောင်း ပြောပါတယ်။ ဘာကြောင့် လဲဆိုတော့ ထမင်းစားတဲ့အခါ အကြော်အလှော်၊ အခြောက် စ တာတွေနဲ့ စားရင် ထမင်းစားပြီး ရေသောက်သင့်ပါသတဲ့၊ ထမင်းနဲ့ အရည်ရွှမ်းသော အသီးအနှံဟင်း၊ ချဉ်ရေပဲဟင်း စသည်တို့နဲ့စားရင် ထမင်းစားပြီး ရေမသောက်တာ မှန်ပါသတဲ့။

ဒီမှာ တစ်ခု ပြောချင်သေးတယ်၊ လက်ျာတော်ရဲ့ အရှင်မြတ်သာရီပုတ္တရာမထေရ်ကြီး ကတော့ ထမင်းစားရင် ဝအောင် မစားဘဲ ရေသောက်ရန် ထားပြီး (သို့မဟုတ်) သုံးလေးလုပ်စာ ချန်ပြီး ရေသောက်ပါတဲ့၊ မင်းကြိုက်ရာယူပေါ့ကွာ။

နွားလို ရေသောက်ဆိုတာကတော့ နွားတွေက ရေအလွန်သောက်သတဲ့။ ဒါကြောင့် စကားပုံတောင် ရှိတယ်လေ၊ 'နွားတော်ရေချကျနေတာပဲကွာ' လို့ တောင် ပြောတတ်ကြတယ် မဟုတ်လား၊ ဆရာဝန်တွေကလဲ ရေများများ သောက်ရန် ညွှန်ကြားတယ်၊ ရေများများသောက်တာ ဆေးတစ်ခွက်လို့တောင်ဆိုတာ၊ နံနက်အိပ်ရာထတို့၊ ရေချိုးခါနီးတို့ အချို့ရေဝဝ သောက်ကြတာ

ပိတ်ဆေ့စာပေ

တွေ့ပါလိမ့်မယ် ”

“ ဟုတ်ကဲ့ အစ်ကို လိပ်လိုလျှောက်ဆိုတာက ”

“ လိပ်လို လျှောက်ဆိုတာက အသက်ကြီးလာရင် မြန်မြန် သွားပါက ချော်လဲတတ်တယ်၊ ငယ်ငယ်က ခြေကျိုးလက်ကျိုး စသည်ဖြစ်ရင် အရိုးဆက်လွယ်တယ်၊ အသက်ကြီးလာတော့ အရိုးတွေက ပွကုန်ပြီ၊ အက်ကုန်ပြီ ချော်လဲရင် မခံသာဘူး ဝို့အတွေ့အကြုံတစ်ခု ပြောဦးမယ် ”

ဝို့ သူငယ်ချင်းရဲ့ အဖေ အသက် ၉၀ ရှယ် အဘိုးကြီး အိမ်သာသွားတယ်၊ အဲဒီ ချော်လဲပါရောလား၊ ဒါနဲ့ အရိုးကု ဆရာဝန်ကို သွားပြတယ်။ ဝို့သူငယ်ချင်းက ‘ဆရာရေ .. ကျွန်တော့်အဖေ အိမ်သာသွားရင်း လဲသွားလို့ အရိုးကျိုး သွားတယ်’ လို့ပြောတော့ ဆရာဝန်က ‘ ဟာ ... ခင်ဗျားအဖေက လဲလို့ အရိုးကျိုးတာ မဟုတ်ပါဘူး၊ အရိုးကျိုး လို့ လဲတာပါ’ လို့ ပြောသတဲ့။

အသက်ကြီးတော့ အရိုးတွေက ပွနေ၊ အက်နေပြီလေ မခိုင်တော့ဘူး၊ အရိုးကျိုးလို့ ချော်လဲရတာ မဟုတ်လား၊ ဆိုလိုချင် တာက ချော်လဲလို့ အရိုးကျိုးတာ မဟုတ်ဘဲ အရိုးကျိုးလို့ ချော်လဲခြင်း ဖြစ်ပါသတဲ့။ ဒါကြောင့် အသက်ကြီးလာရင် နှေးနှေး

ကွေးကွေး လိမ်လိုသွားပါလို့ ဆိုလိုတာပါ ”

“ တုတ်ထောက်မပျင်းနဲ့ ဆိုတာ က ”

“ အသက်ကြီးလာရင် အရိုးကျိုးလို့လဲ လဲတတ်တယ်၊ နည်းနည်းတိုက်မိခိုက်မိလဲ မထိန်းနိုင်ဘဲ လဲတတ်တယ်၊ ဒါကြောင့် သွားလေရာရာမှာ တောင်ဝှေးဆောင်သွား၊ တောင်ဝှေးတုတ်ယူဖို့ မပျင်းနဲ့လို့ ပြောတာပါ။

“ မောင်ကျောက်တိုင်ရေ မင်းလဲ တစ်နေ့ အသက်ကြီးလာမှာပဲ၊ ဒီအိုနာသေ တရားကတော့ ဘယ်သူမှမလွတ်ဘူး၊ အသက်ကြီးလာတာနဲ့ ဒါတွေက ကြုံတွေ့ရမှာ၊ အရေးကြီးတာက အသက်ကြီးလာရင် အိပ်ယာထဲလှဲချည်းမနေပါနဲ့ လှုပ်ရှားပါ၊ စားရိုင်လဲ ဗိုက်ကားအောင် အဝအပြဲမစားမိပါစေနဲ့၊ ရေလဲမကြာမကြာသောက်ပါ၊ သွားလာ နေထိုင်ရင်လဲ အဆောတလျင် မလုပ်မိပါစေနဲ့၊ ဘယ်သွားသွား တောင်ဝှေးဆောင်ဖို့လဲ မမေ့သင့်ပါဘူး မောင်ကျောက်တိုင် ”

“ ဟုတ်ကဲ့ ”

“ တို့က အသက်ကြီးပြီကွ၊ အသက်ကြီးသူတိုင်း ကျန်းမာရေး လိုက်စားသင့်ကြပါတယ်၊ ဘာကြောင့် ကျန်းမာရေး လိုက်စားသင့်သလဲဆိုကာ ကျန်း[illegible]ရေး မကောင်းရင် ကိုယ့်မိသားစု အနှောင့်အယှက် ဖြစ်စေတယ်၊ ကိုယ်တိုင်လဲ ဘာမှ မလုပ်နိုင်တော့ လူဗိုလို

ဖြစ်နေတယ်၊ ပြီးတော့ ဘိုးဘိုးက ခြောက်ဆယ်ကျော်တွေ၊ ရှစ်ဆယ်ကျော်တွေက အားကိုးစရာက တောင်ဝှေးပဲ မဟုတ်လား "

" ဟုတ်ကဲ့ အသက်ကြီးလာရင် တောင်ဝှေးဟာ အားကိုးစရာပါ "

" အဲဒီလိုပဲ တောင်ဝှေးဟာ အသက်ကြီးသူတွေအတွက် ရှစ်ဆယ်ကို များစွာအထောက်အကူ ပြုသလို တရားနာခြင်း၊ တရားစာဖတ်ခြင်း၊ တရားထိုင်ခြင်း တွေဟာလဲ အသက်ကြီး သူတွေအဖို့ နာမ်စရွာဆိုတဲ့ စိတ်ရဲ့မှီခိုအားထားရာ ဖြစ်ပါတယ်၊ ဘိုးဘိုးက ဗုဒ္ဓဘာသာဝင်တွေလေ "

" ဒါပေမယ့် အစ်ကို၊ အရိုး အဘိုးကြီး အဘွားကြီးတွေကို ကျွန်တော်တွေ့ဖူးတယ်၊ အသက်ကြီးလာလေလေ လောဘ၊ ဒေါသတွေ ကြီးလေပဲဗျာ "

" ဟုတ်ပါတယ် အရိုး အဘိုးအဘွားကြီးတွေ ရှိတတ်ပါတယ်၊ အဲဒါ တရားနှလုံး မသွင်းကြလို့ ထင်ပါတယ်။ တရားကိုသာ မှီခိုအားထားနေရင် အတော်စိတ်ချမ်းသာ ပါတယ်၊ အထူးသဖြင့် အရိုး အဘိုးကြီး အဘွားကြီးတွေဆိုရင် ရောဂါလဲရှိ အစားအသောက်စသည်လဲ ရှိတဲ့၊ သားသမီး စသည်တို့ကလဲ သိပ်ဂရုမစိုက်ရင် ဒေါသကြီးတတ်ကြတာ များပါတယ်၊ ဒါကြောင့် ရှစ်ကျန်းမာအောင်

ကျန်းမာရေး လိုက်စားပါ၊ နာမ်ကျန်းမာအောင် တရားနဲ့နေပါ၊ တစ်ယောက် တည်းနေရင် သတိပဋ္ဌာန် စသည့် တရား တစ်မျိုးမျိုး ရှုမှတ်ပွားများနေရင် အကောင်းဆုံးပါပဲ ”

“ ဟုတ်ကဲ့ အစ်ကို အသက်ကြီးလာသူတိုင်း ကျန်းမာရေး၊ တရားဘာဝနာရေး လိုက်စားသင့်သလို လူငယ်တွေပါ အပါအဝင်ပေါ့ ဘယ်သူမဆို လိုက်နာသင့်ပါတယ် အစ်ကို ”

“ မှန်တာပေါ့ကွာ ”

မြတ်ပန်းရဂုံ ၂၀၁၈ ဒီဇင်ဘာလ
အမှတ်(၃၂၇)

မိတ်ဆွေစာပေ

# တုံ့ညီ၍ ဤကဲ ကွဲဖြစ်နေသည်

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" ဟော .. မောင်ကျောက်တိုင် လာတော့ ဘယ်ကလာတာလဲ"

" ကျွန်တော့် မိတ်ဆွေရဲ့ မွေးနေ့ဆွမ်းကျွေးက လှည့်လာတာပါ"

" မွေးနေ့ပွဲဆိုတော့ မွေးနေ့လက်ဆောင်တွေ ဘာတွေ ပေးရသေးလား "

" အာ ... လက်ဆောင် မပေးရပါဘူး၊ သူ့မွေးနေ့ အတွက်

ကုသိုလ်ဒါန ဆွမ်းကျွေးတာပဲ ဖြစ်ပါတယ် ”

“ အင်း … ခုခေတ်က မွေးနေ့ပွဲတွေ အလွန်လုပ်လေ့ရှိတယ်၊ ကလေးလူကြီး မ ေ်သိလရှင်၊ ဘုန်းကြီး စသည်မကျန်ပေါ့။ အဲလိုပွဲမျိုးတွေမှာ မွေးနေ့လက်ဆောင် ပေးကြရတာက များနေလို့ မေးကြည့်တာပါ။”

“ ဟုတ်ပါတယ်၊ အစ်ကိုပြောသလို မွေးနေ့ပွဲဖိတ်ရင် လက်ဆောင်တွေ ပေးကြရပါတယ်၊ အခြားမွေးနေ့တွေသွားတိုင်း လက်ဆောင်ကယူသွား ရတာချည်းပါပဲ၊ အထူးသဖြင့် သားလေး သမီးလေး ဘယ်နှစ် နှစ်မြောက် ကြွရောက် ချီးမြှင့်ပါဆိုရင် လက်ဆောင်က ပါစမြဲပဲ၊ အခု မိတ်ဆွေကတော့ သူ့မွေးနေ့ တမင် ကုသိုလ်ပြုတာပါ။”

“ မွေးနေ့ပွဲလုပ်တာ မြန်မာ့ယဉ်ကျေးမှုတော့ မဟုတ်ဘူးကွ၊ ဘာသာခြားတို့ရဲ့ အစဉ်အလာဖြစ်တယ်၊ ဒါပေမယ့် မွေးနေ့ကို လူတိုင်းက တို့ရဲ့ယဉ်ကျေးမှုလို့ ထင်နေကြပါပြီ၊ မွေးနေ့လုပ်တာ အချို့က ပျော်ပွဲရွှင်ပွဲနဲ့ လုပ်ကြတယ်၊ အချို့က ဆွမ်းကျွေးကြတယ်၊ အကုသိုလ်ကင်းတဲ့ မွေးနေ့ပွဲဟာ အကောင်းဆုံးပဲ၊ ဒါပေမယ့် ဘာသာခြားတွေ၊ အချို့ မြန်မာတွေရဲ့ မွေးနေ့ပွဲလုပ်ရင် ဘီယာ အရက်စတဲ့ ယစ်မူးစေတတ်တဲ့ အရာတွေ ပါတတ်တယ်၊ ဒါ

သိပ်မကောင်းဘူး ”

“ ဘီယာအရက် စတဲ့အရာတွေကတော့ တောရွာတွေမှာ မွေးနေ့လုပ်ကြသူတွေ သိပ်ပါလေ့ မရှိကြပါဘူး အစ်ကို အဲ .. မြို့ဆိုရင်တော့ ပါမှာပေါ့ ”

“ မှာပေါ့ မဟုတ်ဘူး၊ မြို့က မွေးနေ့တွေမှာ ဘီယာ အရက် စသည်ပါကြတာ များတယ်၊ မောင်ကျော်ကျက်တိုင် ဗွီဒီယို ဇာတ်ကားတွေ ကြည့်ဖူးသားပဲ၊ မွေးနေ့ပွဲဆိုရင် သောက်တာ စားတာတွေ ပါတတ်တာပဲ၊ အဲဒါ ဗွီဒီယိုရုပ်ရှင် ဇာတ်ကားထဲမို့ ပါလို့ မပြောနဲ့နော်၊ အပြင်မှာ ဒီလိုရှိလို့ ဒီလိုရိုက်ပြတာ မဟုတ် သား”

“ ဒါလဲ ဟုတ်တာပဲ အစ်ကို ”

“ တကယ်တော့ ဒါတွေဟာ မဖြစ်သင့်ဘူးလေ၊ ဒါပေမယ့် မရတော့ဘူး၊ မြန်မာနဲ့ ကမ္ဘာ့ယဉ်ကျေးမှုတွေ ရောကုန်ပြီ အရင်တုန်းက မိန်းကလေးတွေ ပေါင်ရင်းကပ်နေတဲ့ ဘောင်းဘီ တိုနံ့နံ့တွေ ဝတ်ဖို့မဆိုထားနဲ့ ခြေသလုံးပေါ်တာတောင် အလွန် ရှက်တတ်ကြတယ် ”

“ အခုတော့ ရှက်ရမှန်း မသိကြတော့ဘူး အစ်ကိုရေ ”

“ တုတ်တယ် မရှက်ကြတော့ဘူး ကဲပါ ... အဲဒီအကြောင်း

ထားလိုက်ပါ။ မွေးနေ့ဆိုတာ ပြန်ဆက်ကြရအောင် ”

“ ဟုတ်ကဲ့ ပြောပါ အစ်ကို ”

“ မောင်ကျောက်တိုင် အရပ်ထဲမှာ လူဆိုတာ မွေးတစ်နေ့ သေတစ်နေ့ပဲ၊ ဘာမှ ဂရုစိုက်စရာမလိုဘူးကွလို့ စသဖြင့် ပြောဆိုတာ ကြားဖူးပါလိမ့်မယ် ”

“ ဟုတ်ကဲ့ ကြားဖူးပါတယ် ”

“ ဟုတ်တယ်၊ ကြားဖူးပါတယ်၊ မောင်ကျောက်တိုင် မင်းမွေးတာ ဘယ်နှနေ့ရှိလဲ”

“ ဟာ .. အစ်ကိုကလဲ မွေးတာတစ်နေ့တည်း ရှိတာပေါ့”

“ အဲဖြင့် သုံးနှစ်မြောက်မွေးနေ့၊ ဆယ်နှစ်မြောက်မွေးနေ့၊ နှစ်ခုနှစ်ဆယ်မွေးနေ့ စသည်တွေ ဘာလို့လုပ်နေကြ တာလဲ ”

“ အဲ .. ဒါက .. ဒါက မသိဘူး အစ်ကို ”

“ မွေးနေ့လုပ်ကြတာ တင်စားလုပ်ကြတာပါ။ မွေးနေ့ဆိုတာ နှစ်နေ့မရှိနိုင်ပါဘူး၊ အစ်ကို့အမြင် ပြောရရင် မွေးနေ့ပွဲ ဆိုတာ မှားနေတယ် ”

“ ဟုတ်ကဲ့၊ ဘာကြောင့် မှားတာလဲ အစ်ကိုပြောပြပါဦး ”

“ အချို့ အရာကိစ္စတွေဟာ အမှားကြားတော့ အမှန်ဖြစ်နေ တတ်ကြတယ်၊ အခုလဲ မွေးနေ့ဆိုတာ နှစ်နေ့မရှိလို့ မွေးနေ့ဆိုရင်

မှားတာပေါ့ ”

“ အဖြင့် ဘယ်လို ပြောရမလဲ ”

“ နေနေ့၊ နေရက် (သို့မဟုတ်) နေနှစ်များပေါ့ကွာ ”

“ ဗျာ .. ဘယ်လို ဘယ်လို ကျွန်တော် နားမလည်ဘူး ”

“ ဩော် .. မောင်ကျောက်တိုင် ကလဲ မင်းအခု အသက် ဘယ်လောက်ရှိပြီလဲ ”

“ ကျွန်တော်အသက်အခု လေးဆယ့်ခြောက်နှစ်ပါ အစ်ကို”

“ အဖြင့် မင်း သေပြီလား ”

“ ဟာ .. အစ်ကိုကလဲ ဘာတွေပြောမှန်းလဲ မသိဘူး၊ မသေလို့ အစ်ကိုနဲ့ စကားပြောနေတာပေါ့ ”

“ စိတ်မဆိုးပါနဲ့ကွာ မင်းသဘောပေါက်အောင် ပြောမလို့ပါ”

“ ဟုတ်ကဲ့ပါ ထားပါတော့ ”

“ အခု မင်း အသက်လေးဆယ့်ခြောက်နှစ်နော် ”

“ ဩော် ... ဟုတ်ပါတယ်ဆိုနေမှပဲ အစ်ကိုရှ ”

မောင်ကျောက်တိုင်သည် ကျွန်ုပ်အား သည်းခံနိုင်ပုံမပေါ် ခပ်ပြတ်ပြတ် ခပ်မာမာ တုံ့ပြန်သည်။

“ အေးပါ အေးပါ ဟုတ်ပါပြီ၊ မင်းအခု မသေသေးလို့ လူ့ဘဝ မင်းနေရတဲ့ နေ့ရက် (သို့မဟုတ်) နှစ်ဘယ်လောက်

လဲ၊ လေးဆယ့်ခြောက်နှစ်ရှိသွားပြီ၊ အဲဒီတော့ မင်း လူ့ဘဝနေနေ့ နေရက် အတိအကျ ဆိုရင် မင်းလူ့ဘဝ နေရတာ လေးဆယ့် ခြောက်နှစ်ပေါ့၊ နေနေ့ နေရက်နဲ့ တွက်လိုက်ရင် ရက်ပေါင်း သုံးရာခြောက်ဆယ်ကို လေးဆယ့်ခြောက်နဲ့ မြှောက်ကြည့်လိုက်၊ ရက် ဘယ်လောက်ရမလဲ "

" လေးဆယ့်ခြောက်နဲ့ သုံးရာခြောက်ဆယ်မြှောက်လိုက်ရင် ရက်ပေါင်း တစ်သောင်း ခြောက်ထောင် ငါးရာ ခြောက်ဆယ် ဖြစ်ပါတယ် အစ်ကို "

" အေး .. မင်း လူ့ဘဝ နေရတာ ရက်အားဖြင့် ၁၆၅၆၀ ပေါ့ နှစ်အားဖြင့် ၄၆ နှစ်ပေါ့ ကဲ .. အဲဒီရက် တွေဟာ လူ့ဘဝနဲ့ မင်းနေရတဲ့ ရက်တွေပဲ မဟုတ်လား မောင်ကျောက်တိုင် ဒီတော့ မွေးနေ့ဆိုတာက မှန်သလား လူ့ဘဝနေနေ့ နေနှစ် ၄၆ နှစ်က မှန်သလား "

" အဲလို ပြောရင်တော့ နေနေ့ နေရက် နေနှစ်က မှန်မှာပေါ့"

" လူ့ဘဝမှာ မွေးမယ်၊ နေမယ်၊ သေမယ် ဒါပဲမဟုတ်လား၊ စာလိုပြောရင်လဲ ပဋိသန္ဓေစိတ်ရယ်၊ ဘဝင်စိတ်ရယ်၊ စုတိစိတ်ရယ် ဒါပဲရှိတာ၊ စောစောက ငါပြောခဲ့သလို မွေးတစ်နေ့ သေတစ်နေ့ပဲ ရှိတယ်၊ မွေးတာလဲ နှစ်နေ့မရှိဘူး၊ သေတာလဲ နှစ်နေ့မရှိဘူး၊

နေတဲ့ရက်သာ နေနေ့ နေနှစ် တွက်နိုင်တာ ”

“ ဒီလို ပြောရမယ်ထင်တယ်၊ ကလေးတစ်ဦး ဒီနေ့မွေးတယ်၊ နောက် ဒီလိုရက်ရောက်ရင် တစ်နှစ်ပြည့် မွေးနေ့ အစား တစ်နှစ်ပြည့် လူ့ဘဝ (နေနေ့) လို့ ပြောရမယ်၊ ဟုတ်လားအစ်ကို ”

“ ဟုတ်ပါတယ်၊ လူတစ်ယောက်ဟာ လူ့ဘဝ ဆယ်နှစ်နေရရင် နေနှစ် ဆယ်နှစ်၊ ဆယ့်ငါးနှစ်နဲ့ သေရင်လူ့ဘဝနေနှစ် ၁၅ နှစ်ပဲပေါ့၊ ရှစ်ဆယ် အထိ နေရရင် လူ့ဘဝ နေနှစ် ရှယ်ဆယ်ပေါ့ကွာ ”

“ ဟုတ်ကဲ့ ဒါဆိုရင် သုံးဆယ်မြောက်မွေးနေ့ လေးဆယ် မြောက် မွေးနေ့၊ ငါးဆယ်မြောက် မွေးနေ့ သုံးရဦးမှာလား ”

“ ဟာ ... ငါက မွေးနေ့ဆိုတာထက် နေနေ့ နေနှစ်သုံးတာက မှန်တယ်သာပြောတာပဲ၊ သုံးထားပြီးသားစကား ကို ဖျက်ဖို့က အလွန်ခက်တယ်၊ လူညီရင် ဤတောင် ကွဲပတ်လို့ ရသေးသလို အခုလဲ လူညီလို့ မွေးနေ့ခေါ်နေကြတာကို မွေးနေ့ပဲ ထားလိုက်ပါတော့ကွာ ”

“ ဟုတ်ကဲ့ ဤကို ကွဲပတ်နေကြတာ ဘာတတ်နိုင်မှာလဲဗျာ..”

မြတ်ပန်းရဂုံ ၂၀၁၉ ခုနှစ်၊ မေလ
အမှတ်(၃၃၂)

# သိက္ခာကာမ

၁

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

မောင်ကျောက်တိုင်သည် ညနေခြောက်နာရီ၌ Channel 7 မှ လာသော 'ငွေတွေဝင်' အစီအစဉ်ကို ကြည့်လိုက်သည်တဲ့ အမေး ပုစ္ဆာမှာ သိက္ခာကာမ တောအင်ရသော ရဟန်းပုဂ္ဂိုလ်ကို မေးသည်ဆို၏ ထိုအမေးတွင် အရှင်အာနန္ဒာ၊ အရှင်ရာဟုလာ၊ ကျွန်ုပ်ပါး (မမှတ်မိ) တို့ကို မည်သည့်ပုဂ္ဂိုလ် နည်းဟု မေးသည်တဲ့၊ ဖြေသူက အရှင်ရာဟုလာတု ဖြေသဖြင့် အဖြေမှန်ကြောင်း မောင်ကျောက်တိုင် က ပြော၏။

မောင်ကျောက်တိုင် သိချင်သည်မှာ 'သိက္ခာကာမ' အကြောင်း ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်ကို 'သိက္ခာကာမဆိုတာ ရှိုင်းမနေဘူး လားအစ်ကို' ဟု ဆိုပါသည်။ " ယင်းသိက္ခာကာမ ဘာဆိုလိုပါသလဲ" ဟု မေးပါသည်။

" မောင်ကျောက်တိုင်က 'ကာမ' ဆိုတာနဲ့ အလွဲသွားတွေး၊ သွားသတိရတာကိုးကွ။ ဒါကြောင့် ရှိုင်းတယ်ထင်နေကြ ကာ။ ထင်မယ်ဆိုလဲ ထင်စရာပဲ၊ အရပ်ထဲမှာ ကာမအရယူတယ်၊ ကာမ အရကြံတယ်၊ ကာမပိုင် ယောကျ်ားလို့ သုံးနှုန်း နေကြတော့ ချက်အောက်က စကားလို့ ဖြစ်နေကြတာ။ ဥပမာ– တဏှာရူး လိုမျိုးပေါ့ကွာ"

" ဒါဖြင့် ကာမဆိုတာ မရိုင်းဘူးပေါ့ "

" ကာမဆိုတိုင်း မရိုင်းပါဘူးကွ၊ 'သိက္ခာကာမ'ဆိုတာ သိက္ခာက အကျင့်တရား၊ ကာမက အလိုဆန္ဒ၊ ပေါင်းလိုက်ရင် သိက္ခာကာမ အကျင့်သိက္ခာရှိတဲ့နေရာမှာ တေဇင်ရတာကို ပြောတာပါ။ သီလ သမာဓိ စသည် ကြီးမားတဲ့ ဆရာတော်ကြီး တစ်ပါးပါး ပျံလွန်တော်မူရ 'သိက္ခာကာမ လင်္ကာပေသလ' စသည်ရေးတာ မောင်ကျောက်တိုင် တွေ့ဖူးမှာပါ။ အဲဒါလဲ သိက္ခာအလိုရှိတာ၊ အရှက်အကြောက်ရှိတာကို ဆိုလိုချင်တာပါ"

မိုက်ရွှေဘုမ

" ဟုတ်ကဲ့ "

" တစ်ခါတစ်ရံ၊ အရပ်သုံးအနေနဲ့ ရိုင်းတယ်ထင်ရပေမဲ့ စသုံးကျ မရိုင်းတာတွေ အများကြီးရှိတယ်။ ဥပမာ- 'ဒီလူ စောက်မှန်းကမ်းမှန်း မသိလိုက်တာ' လို့ ပြောလိုက်ရင် ခံရသူက သူ့ကို စောက်နဲ့နှိုင်းရမလားလို့ စိတ်ဆိုးကောင်း ဆိုးလိမ့်မယ် ဟုတ်တယ်လေ၊ အရပ်ထဲမှာလဲ 'စောက်သုံးမကျဘူး၊ စောက်မှန်း ကမ်းမှန်းမသိ' စသည်တွေ ပြောနေကြတော့ စောက်မှန်း ကန်းမှန်းမသိ သူဆိုရင် ရိုင်းတဲ့စကားလို့ ထင်တက်ကြတာပေါ့။ အမှန်က ရိုင်းတဲ့စကား မဟုတ်ပါဘူး၊ ဆိုလိုတာက နက်စောက်တဲ့ ချောက်မှန်းမသိ ကမ်းစပ်မှန်း မသိဘဲ ရှေ့တိုးသူကို ဆိုလိုတာတဲ့၊ အဲဒါကို လူတစ်ဦးတစ်ယောက်က အမှားဝင်ပြော၊ အမှား-ဝင်လုပ် "ဒီလို စောက်မှန်းကမ်းမှန်း မသိဘဲ ရမ်းဝင့်ပြောတယ်၊ ရမ်းဝင် လုပ်တယ် ' လို့ ပြောကြတာပါ "

" ဟုတ်ကဲ့ .. အစ်ကို "

" မင်း ဘုရားဂုဏ်တော်ကို သိတယ်မဟုတ်လား "

" ဟုတ်ကဲ့ သိပါတယ် "

" အဲဒီ ဂုဏ်တော်ကိုးပါးထဲမှာ နောက်ဆုံး ဂုဏ်တော်က ဘာလဲ မောင်ကျောက်တိုင်"

" ဘဂဝါဂုဏ်တော်ပါ အစ်ကို "

" အဲဒီ ဘဂဝါဂုဏ်တော်မှာ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားဆိုတာ ပါတယ်။ အဲဒီထဲက ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်ဆိုတာ မောင်ကျောက်တိုင်သိလား"

" မသိပါဘူး အစ်ကို "

" အေး .. မသိရင်မှတ်ထား၊ ဣဿရိယ၊ ဓမ္မ၊ ရသ၊ သိရီ၊ ကာမ၊ ပယတ္တရယ်လို့ ခြောက်ပါးရှိတယ်၊ အဲဒီခြောက်ပါးထဲမှာ မောင်ကျောက်တိုင် ဘာသတိပြုလိုက်မိသလဲ "

" ကျွန်တော်တော့ ဘာမှ သတိမပြုလိုက်မိဘူး အစ်ကို "

" ဩော် ... မောင်ကျောက်တိုင်က သတိမပြုလုပ်မိပဲကိုး။ ဣဿရိယ၊ ဓမ္မ၊ ရသ၊ သိရီ၊ ကာမ ဆိုပြီး ကာမ မပါဘူးလား"

" အား .. ဟုတ်သားပဲ၊ 'ကာမ ' ပါတယ်နော် အစ်ကို"

"အေး ... ဟုတ်တယ်၊ ကာမဆိုတိုင်း မကောင်းတာကို သွားမမြင်ဖို့ ပြောချင်တာပါ "

" ဟုတ်ပါပြီ အစ်ကို၊ ပြောလက်စနဲ့ ဘုန်းတော်ခြောက်ပါးကို သိရအောင် ..စ်ခုချင်း ပြောပြပါလား အစ်ကို "

" ကောင်းပါပြီဗျာ မောင်ကျောက်တိုင် မှတ်သားထားပေါ့။ အဲ .. ဘုန်းတော်ခြောက်ပါးမှာ ဣဿရိယ ဘုန်းတော် တစ်ခုထဲကိုပဲ

ရှစ်ပါးရှိပါသတဲ့။ အဲဒါတွေက–

(က) **အဏိမာ** – မိမိကိုယ်ကို အဏုမြူပမာဏမျှ သေးငယ်အောင် ပြုတော်မူနိုင်သော တန်ခိုးတော်။

(ခ) **လဃိမာ** – မိမိကိုယ်ကို ပေါ့ပါးအောင်ပြု၍ ကောင်းကင်၌ သွားတော်မူနိုင်သော တန်ခိုးတော်။

(ဂ) **မတိမာ**– ကိုယ်တော်ကို ပကတိ အနေအထား ထက်ကြီးအောင် ဖန်ဆင်းတော်မူနိုင်သော တန်ခိုးတော်။

(ဃ) **ပတ္တိ**– ကြွတော်မူလိုရာ ဒေသသို့ ခဏချင်း ရောက်နိုင်သော တန်ခိုးတော်။

(င) **ပါကမ္မ** – လိုအပ်သော အမှုကို ပြုနိုင်ဖန်ဆင်းနိုင်သော တန်ခိုးတော်။

(စ) **ဤသိတာ** – မိမိအလိုတော်သို့ လိုက်စေနိုင်သော အစိုးရခြင်း တန်ခိုးတော်။

(ဆ) **ဝသိတာ** – ရေမီးအစုံစသော ထူးဆန်းသော အရာတို့ကို ဖန်ဆင်းနိုင်ခြင်း လျင်မြန်စွာ လေ့လာနိုင်သော ဝသီဘော် တန်ခိုးတော်။

(ဇ) **ယတ္ထကာမဝသာယိတော** – အလိုရှိရာ ပြုလိုတိုင်း အပြီးအဆုံးတိုင်အောင် ပြုလုပ်နိုင်သော တန်ခိုးတော်

တို့ ဖြစ်ကြပါတယ်။

(၂) ဓမ္မ = ထို့အတူ လောကုတ္တရာတည်း ဟူသော 'ဓမ္မ' ဘုန်းတော်လဲ ရှိတော်မူတယ်။

(၃) ယသ = လောကသုံးပါး၌ ပျံ့နှံ့သော တုတ်မှန်သော၊ ဂုဏ်တော်တို့ကြောင့် ရအပ်သော အလွန်စင်ကြယ်သော အလွန်ကျော်စောသော 'ယသ' ဘုန်းတော်လဲ ရှိတော်မူတယ်။

(၄) သိရီ = ရူပကာယ ဟူသော အဆင်းတော်ကို ဖူးမြင်ကြရကုန်သော လူအပေါင်းတို့အား မျက်စိကြည်လင်ခြင်းကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် အသွယ်သွယ် အခြင်းအရာတို့ဖြင့် ပြည့်စုံသော ခပ်သိမ်းသော အင်္ဂါကြီးငယ်တို့၏ တင့်တယ်ခြင်း အသရေတော် 'သိရီ' ဘုန်းတော်လဲ ရှိတော်မူတယ်။

(၅) ကာမ = ထိုမြတ်စွာဘုရားသည် အကြင် အကြင်သို့သော ကိုယ်တော်၏ စီးပွားကို လည်းကောင်း၊ သူတစ်ပါး ၏ စီးပွားကို လည်းကောင်း အလိုရှိရင် တော့တရင် ထိုထိုအလိုရှိတော့တတိုင်း ပြီးစီးနိုင်တဲ့ 'ကာမ' ဘုန်းတော်လဲ ရှိတော်မူတယ်။

(၆) ပယတ္တ = ခပ်သိမ်းသော သတ္တလောက၏ ဆရာအဖြစ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော သမ္မာဝါယာမ ဟု ဆိုတဲ့

လို့လ 'ပယတ္တ' ဘုန်းတော်လဲ ရှိတော်မူတယ်တဲ့ ”

"ဟုတ်ကဲ့ပါ အစ်ကို ”

" ဒီဘုန်းတော်ခြောက်ပါးထဲမှာ ကာမဘုန်းတော်ဆိုတာ ပါတယ်လေ ”

" ဟုတ်ကဲ့ ဒီတစ်ခါတော့ သေချာမှတ်မိလိုက်ပါတယ် ”

" ဟုတ်တယ် 'ကာမ' ဆိုတာ အလိုကို ဆိုခြင်း ဖြစ်တယ်လေ၊ မြတ်စွာဘုရားကသာ ရှင်တော်ဘုရားရဲ့ အကျိုးစီးပွား၊ သူတစ်ပါးရဲ့ အကျိုးစီးပွားအတွက် အလိုရှိတိုင်း တောင့်တလိုက်မယ်ဆိုရင် မပြီးနိုင်တာ မရှိဘူးဆိုတဲ့ 'ကာမ' ဘုန်းတော်ပဲ မောင်ကျောက်တိုင်ရေ။ ကာမ ဆိုတိုင်း မဟုတ်တာ တစ်မျိုးထဲကိုသာ သွားတွေးတော မနေနဲ့ဦး"

" အဲဒါတွေ ဘယ်ထဲမှာ ပါတာလဲ အစ်ကို ”

" အဲဒါတွေ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန်၊ ပထမတွဲ၊ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ ပြန်ဆိုတဲ့ ဗုဒ္ဓါနုဿတိ အခန်းမှာ ကြည့်ပေါ့ကွာ။ အဲဒါနဲ့ တို့အဘိဓမ္မာ သင်တန်းတွေ ပို့ချနေတဲ့ ပဋ္ဌာန်းဒေသနာ စသည်တို့ကို ဟောကြားတော်မူတဲ့ ပါဠိမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသနဲ့လဲ မှားနေဦးမယ်နော် ”

" ဟာ ... အဲဒီ ဆရာတော်နဲ့တော့ ခွဲသိပါတယ်ဗျာ "

" အေးပါ သိရင်ပြီးတာပါပဲ၊ အရေးကြီးတာက ကာမတို့၊ တဏှာတို့၊ စောက် တို့စသည်တို့ ဆိုတိုင်း အရပ်သုံး အရိုင်းစကား မဟုတ်ပါဘူးလို့ နောက်ဆုံးနိဂုံးချုပ် မောင်ကျောက်တိုင်ကို ပြောချင်ပါတယ် "

" ဟုတ်ကဲ့ပါ ကျွန်တော့်ကလဲ အခုလို ရှင်းပြတာ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ပြန်လိုက်ပါဦးမယ် "

" ကောင်းပါပြီဗျာ "

**အမှတ်(၃၅၈)**

**၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ဓမ္မရုံသိ**

မိတ်ဆွေစာပေ

# မိမိကိုယ်ကို ချစ်ကြလျှင်

ကျွန်တော့်ကြောင့် အစ်ကိုစာဖတ်နေတာ အနှောက်အယှက် ဖြစ်သွားပြီထင်တယ်။”

ဂျာနယ်တစ်စောင် ဖတ်နေစဉ် မောင်ကျော်ကျော်တိုင် ရောက်လာပြီး ပြောလိုက်သည်။

“ အနှောင့်အယှက် မဖြစ်ပါဘူးကွာ။ နက်နက်နဲနဲ စာတွေမှ မဟုတ်တာ။ ဟိုသတင်း ဒီသတင်းတွေ လျှောက်ဖတ်နေတာပါ။ ဂျာနယ်သတင်းစာတွေ ဖတ်တော့ အနယ်နယ် အရပ်ရပ်က သတင်းတွေ သိရတာပေါ့ကွာ”

မိတ်ဆွေစာပေ

" ကျွန်တော်တော့ ဂျာနယ်၊ သတင်းစာတွေ မဖတ်ချင်တော့ဘူး၊ ဖတ်ရင် စိတ်ညစ်လို့ဗျာ "

" ဟော .. ဂျာနယ် သတင်းစာဖတ်တာနဲ့ မင်းက ဘယ်လိုကြောင့် စိတ်ညစ်ရတာလဲ "

" များသောအားဖြင့် ဖတ်လိုက်ရင် စိတ်မချမ်းသာစရာချည်းတွေ့ရတာဗျ၊ ဘယ်မှာ လူသတ်တယ်၊ ဘယ်မှာ ဖောက်ထွင်းခံရတယ်၊ ဘယ်မှာ မုဒိမ်းကျင့်ခံရတယ်ဆိုတဲ့ မကောင်းသတင်းတွေဖတ်ရတာ များလို့ပဲ "

" မင်းပြောတာလဲဟုတ်တာပါပဲ၊ ဒါပေမဲ့ ငါကတော့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စတဲ့ သတင်းတွေနဲ့ ဆောင်းပါးတွေပဲ အဖတ်များပါတယ်။ သတင်းဆိုးတွေကိုတော့ ခေါင်းစဉ်လောက်ပဲ ဖတ်ဖြစ်တယ်။ ရှေ့ဆက်မဖတ်တော့ဘူး "

" ဒါနဲ့အစ်ကို အချို့သူတွေ ကံငါးပါးကို ဘာကြောင့် ဖောဖောသီသီ ကျူးလွန်နေကြတာလဲဟင် "

" ကိုယ့်ကိုယ်ကိုယ် မသနားကြလို့ပေါ့ကွာ၊ ဒါပေမဲ့ အချို့က ကိုယ့်ကိုယ်ကိုယ် သနားတယ် ထင်ပြီး မသနားကြဘူး ဖြစ်နေကြတယ်ကွ "

" ကျွန်တော် နားမရှင်းဘူး အစ်ကို "

“ ဩော် .. မင်းကလဲ သေချာနားထောင်ပါ။ နောက်တော့ အဖြေပေါ်လာမှာပေါ့။ တစ်ခါက မြတ်စွာဘုရားရှင်ကို ကောသလမင်းကြီးက သူ့အတွေးပေါ်တာကို လျှောက်ထားဖူးတယ်။ အဲဒါက ‘ မြတ်စွာဘုရား၊ သတ္တဝါတွေဟာ ကိုယ့်ကိုယ်ကိုယ် ချစ်ကြတယ်ဆိုပြီး သူတစ်ပါးအသက်ကို သတ်ကြတယ်။ သူတစ်ပါး ဥစ္စာကို ခိုးကြတယ်ဘုရား’ လို့ စသဖြင့် လျှောက်ထားသတဲ့။ ဘုရားရှင်ကလဲ ‘ အေး .. ဟုတ်တယ် မင်းကြီး’ လို့ မိန့်သတဲ့။ အကျယ်သိချင်ရင်တော့ ကောသလသံယုတ်တို့၊ ဓမ္မပဒတို့ စတဲ့ ကျမ်းတွေမှာ ကောသလနဲ့ ဆိုင်တဲ့ အကြောင်းတွေ လိုက်ကြည့်ပေါ့ကွာ ”

“ ဟုတ်ကဲ့ အစ်ကို ဆက်ပြောပါ ”

“ အတိတ်က သတ်ဖြတ်ညှဉ်းဆဲခဲ့လို့ ယခုဘဝ ရောဂါထူတယ်၊ အသက်တိုတယ်၊ အတိတ်က ခိုးဆိုးတိုက်ခိုက်ခဲ့လို့ ယခုဘဝ ဆင်းရဲငတ်မွတ်ရတယ် စတာတွေ ထားလိုက်ကွာ။ တစ်ခါ အခုဘဝ သူတစ်ပါးကို သတ်ဖြတ်ညှင်းဆဲလို့ အနာဂတ်ဘဝမှာ ငရဲကျ၊ တိရစ္ဆာန် ပြိတ္တာဖြစ်ရ၊ ထိုမှလွတ်ပြီး လူလာဖြစ်ရင် ရောဂါထူ၊ အသက်တို၊ သူတစ်ပါးပစ္စည်း ခိုးဆိုးတိုက်ခိုက် မတရားယူလို့ နောင်အနာဂတ်မှာ ငရဲကျ စသည်တွေဖြစ်၊ ကံကောင်းလို့ လူဖြစ်ရင်လဲ ဆင်းရဲမွဲတေ စတာတွေ မပြောလိုဘူး၊ ငါ မင်းကို ပစ္စုပ္ပန်

တည့်တည့်ပဲ ပြောပြမယ်။ အတိတ်က အကြောင်းတွေ၊ အနာဂတ် အကျိုးတွေ ထားခဲ့ကြစို့ ”

“ ဟုတ်ကဲ့ .. အစ်ကို ပြောပါ။ ကျွန်တော် မှတ်သားထား ပါမယ် ”

“ သူ့အသက်သတ်ခြင်းဆိုတဲ့ ‘ပါဏာတိပါတ’ ကစပြီး ပြောကြစို့ကွာ၊ သူ့အသက်သတ်တယ်ဆိုတာ ဒေါသကြောင့် သတ်ကြတာတော့ မှန်တယ်၊ ဒါပေမဲ့ သတ်ရတဲ့ အကြောင်းရှာရင်တော့ လောဘက အရင်းခံပဲ။ ဘာကြောင့်လဲဆိုတော့ ပဋိစ္စသမုပ္ပါဒ် တရားတော်မှာ မူလနှစ်ပြာဟာ တဏှာနဲ့ အဝိဇ္ဇာ မဟုတ်လား၊ တရားကိုယ်ကတော့ တဏှာသည် လောဘ၊ အဝိဇ္ဇာသည် မောဟပါပဲ။ အဝိဇ္ဇာဆိုတဲ့ မောဟဖြစ်ရင်သာ လောဘနဲ့ဒေါသတို့ မပါသော်လဲ လောဘဖြစ်လဲ အဝိဇ္ဇာမောဟပါတယ်၊ ဒေါသဖြစ်ရင်လဲ အဝိဇ္ဇာမောဟ ပါတာချည်းပဲလို့ အဘိဓမ္မာက ဆိုထားတယ် ”

“ အဲ .. အဲ . အစ်ကို အဘိဓမ္မာအကြောင်း တွေပြောတာနဲ့ ကျွန်တော် ပိုရှုပ်ကုန်လိမ့်မယ်”

“ အဲဒါကိုက မင်းတို့ခက်တာ မောင်ကျော်ကျော်တိုင်၊ အဘိဓမ္မာ ဆိုရင် ကိုယ်နဲ့မဆိုင်သလိုပဲ၊ စိတ်စေတသိတ် ရုပ်ဆိုတာတွေဟာ သက်ရှိ မင်းတို့ ငါတို့ရဲ့ သန္တာန်မှာပဲ ဖြစ်နေကြတာလေ။

သက်မဲ့သစ်ပင် တောတောင် စတာတွေကတော့ စိတ်၊ စေတသိတ် မရှိဘူးပေါ့ကွာ။ သက်မဲ့တွေကတော့ ရုပ်ပဲပေါ့။ ”

“ မင်းကိုပဲ နမူနာထားပြောကြစို့ကွာ ”

“ ပြောပါ အစ်ကို ”

“ ဆိုပါစို့ မင်း သူတစ်ပါးကို သတ်လိုက်တယ်၊ ဒေါသကြောင့် မုန်းလို့သတ်တာလား၊ လောဘကြောင့် မင်းရစရာ မပေးလို့ သတ်တာလား။ ဒါမှမဟုတ် သူ့ကြွေးတွေ မပေးချင်လို့ သတ်တာ လား စသဖြင့်ပေါ့။ ဘာကြောင့်ပဲ သတ်သတ်၊ အကြောင်းရင်းက လောဘပဲ၊ မုန်းတာလဲ၊ သူက စီးပွားရေးကိုယ့်ထက်သာနေလို့လား၊ လူလွတ်ချင်းဆိုရင် ကိုယ်ချစ်တဲ့သူက ကိုယ့်ကို မချစ်တဲ့ တခြားသူကို ချစ်နေလို့လား စသည် စသည်ပေါ့ကွာ။ ဒေါသ ဝှာသာမဏ္ဍရိယ ဖြစ်တဲ့ စိတ်တွေဟာ ဒေါသဖြစ်ပေမဲ့ အရင်းခံက လောဘတဏှာပဲ နောက်မှ ဒေါသဘက် ရောက်သွားတာပေါ့။ ”

“ အဲလို သတ်လိုက်တာဟာ ငါ့အတွက် ငါ့သားမယားအတွက်၊ ကိုယ့်ကိုယ်ကိုယ် ချစ်လို့ ထင်နေကြတာ၊ အမှန်တော့ အဲဒါ ကိုယ့်ကိုယ်ကိုယ် မချစ်တာဘဲ။ ခုနက အတိတ်၊ အနာဂတ်ကို မစဉ်းစားနဲ့လို့ ပြောထားတယ်နော်။ ကဲ … ပစ္စုပ္ပန်ကိုကြည့် ကြစို့။ သူတစ်ပါးကို ဘာအကြောင်းကြောင့်ပဲ သတ်သတ်၊

မင်းသတ်လိုက်တဲ့သူဟာ ခင်ပွန်းဆိုရင် ဇနီးခင်ဗျာ ခင်ပွန်းမဲ့ရှာပြီး သားဆိုရင် မိဘတွေမှာ သားဆုံးရှုံးရှာပြီ စသဖြင့် ပေါ့ကွာ။

“ အဲလို သတ်လိုက်တဲ့အတွက် တစ်ဖက် မိသားစုတွေ ဝမ်းနဲပူဆွေး ဒုက္ခဒေါမနဿတွေ ခံစားရမှာပဲ။ ဒါက အသတ်ခံရသူတွေ ဘက်နော်။ သတ်တဲ့မင်းဘက်ကလဲကြည့် မင်းမိသားစုတွေ စိတ်ချမ်းသာမယ်ထင်သလား၊ ဘာကြောင့်လဲ၊ မင်းတရားဥပဒေနဲ့ ရင်ဆိုင်ရမယ်လေ ”

“ တရားရင်မဆိုင်ချင်လို့ တရားခံပြေး လုပ်ဦး၊ မင်းဟာ သားတကွဲ မယားတကွဲ ဖြစ်ပြီး မင်းလဲ စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ သွားသွား စားစား ကျီးလန့်တစ်ကောင်လို နေရမှာ၊ ဒါက အမှုရင်မဆိုင်ဘဲ ရှောင်နေတာကိုပြောတာ။ အမှုရင်ဆိုင်မယ်ဆိုရင် အချုပ်ခံ၊ ထောင်ကျမယ်၊ သေစားသေစေ အထိလဲ အဖြစ်ရနိုင်တယ်။ ပဋိသန္ဓေ မျက်မှောက်ဘဝမှာပဲ သူတစ်ပါး မိသားစုတွေ ပြိုကွဲ ပျက်စီးသလို မင်းတို့ မိသားစုလဲ ပြိုကွဲပျက်စီးရတာပဲ မဟုတ်လား၊ အဲဒါကိုယ့်ကိုယ်ကိုယ် မသနားလို့ ကိုယ်မိသားစုကို မငဲ့ညှာလို့ဘဲ မောင်ကျောက်တိုင် ”

“ ဗြော် .. ကိုယ့်ကိုယ်ကိုယ်: ကိုယ့်မိသားစုကို ချစ်ကြရင် သနားကြ... သူတစ်ပါးအသက် မသတ်သင့်ကြဘူးပေါ့နော်အစ်ကို”

" ဟာ ... မောင်ကျောက်တိုင် ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်မိသားစုကို တကယ်ချစ်ရင် သူတစ်ပါးအသက်သာ မသတ်ရမှာ မဟုတ်ဘူး ကျန်နေတဲ့ သူ့ဥစ္စာခိုးခြင်းဆိုတဲ့ ကံလေးပါးကိုလဲ လုံခြုံအောင် စောင့်ထိန်းရမှာပဲကွ၊ သူတစ်ပါး ဥစ္စာခိုးလဲ ထို့အတူ၊ သူတစ်ပါး သားမယား စော်ကားရင် လိမ်ညာယူရင် တရားဥပဒေက မင်းကို လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ ထောင်ချမှာပါပဲ။ ကံအားလျော်စွာ လွတ်မြောက်နေဦး ကိုယ့်လိပ်ပြာ ကိုယ်လန့်နေမှာ သေချာတယ်။

" ခိုးတတ်တဲ့သူ၊ သူတစ်ပါး သားမယားပြစ်မှားစော်ကားတဲ့သူ၊ လိမ်ညာလှည့်ပတ် အမြတ်ထုတ်တတ်သူကို ဘယ်လူကောင်း ကမှ လက်ခံကြမှာ မဟုတ်ပါဘူး။ မျက်မှောက်ဘဝမှာပဲ ဒီလူတွေဟာ နေရာကျဉ်းမြောင်းပါတယ်။ ရပ်ကွက်ထဲမှာ အဲလိုလူမျိုးကို ခေါ်ပြောချင်သူ ရှားပါတယ် မောင်ကျောက်တိုင် "

" ဟုတ်ပါတယ် အစ်ကို "

" အရက်ကလဲ ထောင်မကျပေမဲ့ မျက်မှောက်မှာပဲ စိတ် ဖောက်ပြား စိတ်ချောက်ချား၊ သတိမေ့၊ ရူးသွပ်၊ ရောဂါရ၊ အရှက်ရ စတာတွေ ဖြစ်တတ်တာပါပဲ၊ အဲဒီ ကိုယ့်ကိုယ်ကိုယ် မသနားကြ လို့ပေါ့။ ကျန်တဲ့ စိတ်ကြွဆေး၊ မူးယစ်ဆေးပြား၊ ဘိန်းဖြူ စတာတွေ

သုံးစွဲရင်တော့ ယောင်ကျနိုင်ပါတယ်။ အဲ့ဒါတွေ သုံးစွဲလို့ ဘဝပျက်ကြ သူတွေ အများကြီး မဟုတ်လား မောင်ကျောက်တိုင် ကံငါးပါး ကျူးလွန်နေကြတာ ကိုယ့်ကိုယ်ကိုယ် မသနားကြလို့ဆိုတာ သဘောပေါက်ပြီလား ”

“ ဟုတ်ကဲ့ သဘောပေါက်သွားပါပြီ။ ကျွန်တော်တို့က ကိုယ်ဒုက္ခကြုံရရင် ကိုယ့်မိသားစု မဝတ်ရ မစားရရင် မဟုတ်မဟတ် ဟွေလုပ်၊ မတရားငွေရှာ၊ သူ့အသက်သတ်၊ သူ့ဥစ္စာခိုး စတဲ့ ကံတွေ ကျူးလွန်နေကြတာဟာ ကိုယ့်ကိုယ်ကိုယ် မသနားကြ တာဘဲ၊ အစ်ကိုက လက်တွေ့ကျကျ ပစ္စုပ္ပန်မျက်မှောက်ဘဝသာ ပြောပေမဲ့ သံသရာက အရှည်ကြီးပဲ။ ကံငါးပါးကျူးလွန်လို့ကတော့ နောင်အနာဂတ်မှာ ရင်းစားလူပြန်ဖြစ်ဖို့ သိပ်မလွယ်ဘူးနော် ”

“ ဟုတ်ပါတယ် မောင်ကျောက်တိုင် ကိုယ့်ပတ်ဝန်းကျင် က လူတွေကို သဘောပေါက်အောင် ရှင်းပြလိုက်ပါ။ ကိုယ့်ကိုယ်ကိုယ် ချစ်ရင် ကံငါးပါး မကျူးလွန်ကြပါနဲ့ လို့ ”

“ ဟုတ်ကဲ့အစ်ကို ကျွန်တော်လာတာနဲ့ အစ်ကိုလဲ စာဖတ်ပျက်နေပြီ ကျွန်တော်ပြန်လိုက်ပါဦးမယ် ”

**ဓမ္မရတနာ ၂၀၁၈ ခုနှစ်၊ မေအောက်တိုဘာလ၊ အမှတ်(၂၆၂)**

မိတ်ဆွေစာပေ

# မြန်မာ့ရိုးရာ မမေ့သင့်ပါ။

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" မောင်ကျောက်တိုင် မင်းမျက်နှာက အလိုမကျတဲ့ပုံနဲ့ ဘယ်သူနဲ့ ဘာဖြစ်လာသလဲ "

" လမ်းမှာ မတော်တာတွေ့လို့ ပြောမိတယ်။ အဲဒါဗျာ ကျွန်တော့်ကို ကက်ကက်လန် ရန်တွေ့သွားတယ်။ အဲဒါကို မကျေမနပ် ဒေါသဖြစ်လာတာပဲ အစ်ကို "

" ဟော ... ဘယ်လိုဖြစ်ခဲ့တာလဲ ပြောပါဦး "

" ဒီလို အစ်ကိုရေ လမ်းမှာ တူမဝမ်းကွဲနဲ့ မမျှော်လင့်ဘဲ တွေ့လာတာ သူဝတ်ထားတဲ့ ဘောင်းဘီတိုက အလွန်တိုနေလို့ ကျွန်တော်က 'ဟဲ့ .. နင်ဝတ်ထားတဲ့ ဘောင်းဘီက တိုလှချေလား၊ ဘာဖြစ်လို့ ဒီလောက်တိုတဲ့ ဘောင်းဘီဝတ်ရတာလဲ' လို့ ပြောမိတယ် "

" အဲလိုပြောတော့ မောင်ကျောက်တိုင် တူမက ဘယ်လိုပြောလို့လဲ "

" ဘယ်လိုပြန်ပြောလဲဆိုရင် 'တာ .. ဦးကလဲ ဒီလိုတိုတို ဝတ်တာ ဆန်းသလား၊ လူတိုင်း ဝတ်နေကြတာပဲ၊ ဦးတို့က ဒါပဲ လိုက်ကြည့်ပြီး အပြစ်ပြောနေကယ်။ မမြင်ချင် ရှောင်သွားပေါ့၊ နေရာတကာ ပါတယ်။ လူကြီးက လူကြီးလို မနေဘူး ' တဲ့ဗျာ"

" အင်း .. အချို့လူငယ်တွေက အမြင်မတော်လို့ အမြင် မတော်တာပြောမိရင် ပြန်ပြီး ကက်ကက်လန် ရန်တွေ့တုံ့ပြန်တတ်ကြ တာကွ"

" ခေတ်အလိုက် ဝတ်ကြတာ ကျွန်တော်လက်ခံပါတယ်ဗျာ၊ ဒါပေမဲ့ ခေတ် ဘက်ကျော်ပြီး ရှေ့ပြေးနေတာမျိုးတော့ ကျွန်တော် မကြိုက်ဘူးဗျာ"

" ဒါတော့ ဟုတ်ပါတယ် မောင်ကျောက်တိုင်။ သူများလုပ်ရင်

ကိုယ်ကလိုက်ပြီး လုပ်ချင်ကြတာ နိယာမပါ။ ဒါပေမဲ့ လူဆိုတာ မကောင်းမှုမှာသာ မွေ့လျော်တတ်တဲ့သူတွေ များတာကိုး၊ ဘုရားဟောခဲ့တဲ့ 'သဗ္ဗပါပဿ အကရဏံ' ဆိုတဲ့ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထားတတ်သူက ရှိတော့ရှိတယ်၊ ရှားတယ်ပေါ့။"

" ဟုတ်ပါတယ် အစ်ကို "

" ရုပ်ရှင်၊ ဗီဒီယိုစတာတွေမှာပဲ ကြည့်ကြည့်၊ အပြင်လူ့လောက ထဲမှာပဲ ကြည့်ကြည့် စာမေးပွဲကျတဲ့ ကျောင်းသားတွေ၊ ရည်းစားနဲ့ အဆင်မပြေတဲ့သူတွေ၊ အိမ်ထောင်ရေး အဆင်မပြေတဲ့သူ စတဲ့ ယောက်ျားတွေဟာ မောင်ကျောက်တိုင် ဘာလုပ်နေ ကြတာ တွေ့ဖူး ကြားဖူးသလဲ"

" များသောအားဖြင့် အရက်သောက်ကြပါတယ် "

" အကြောင်းအမျိုးမျိုးကြောင့် စိတ်ညစ်ပူဆွေး သောက ရောက်ရင် အရက်ပဲသောက်တယ်။ အခုခေတ် အချို့မိန်းကလေး တွေလဲ စိတ်ညစ်ပူဆွေးနေရင် အရက်သောက်နေကြပြီ၊ အရက် မသောက်တဲ့ မိန်းကလေး အချို့ကတော့ အိမ်က ထွက်ပြေး ကြတယ်။ လင်နောက်လိုက်ပြေးကြတယ် စသည်ပေါ့။ အဲဒါမျိုး တွေက သူတစ်ပါး လုပ်လို့ လုပ်တာလား၊ မိမိကိုယ်တိုင်လုပ်တာလား၊

စဥ့်စား ကြည့်နော် ”

“ ဟုတ်ပါတယ် အစ်ကို ”

“ အဲလို မကောင်းတဲ့နေရာသာ ‘သူများလဲလုပ်ကြတာပဲ၊ တို့လုပ်တာ ဘာဆန်းသလဲ ’ ဆိုပြီး အရှက်အကြောက်မရှိ လုပ်နေကြတာများတယ်။ ကောင်းတဲ့နေရာကျတော့ လိုက်လုပ်သူက နဲတယ် မောင်ကျောက်တိုင် ”

“ ဟုတ်ကဲ့ ”

“ နေရာတကာမှာ တို့လို လူကြီးသူမက ဆုံးမသွန်သင်ရင် မနာခံကြတော့ဘူး။ ခေတ်က ‘ကလိယုဂ်’ ခေတ်ဖြစ်နေလို့ ထင်ပါတယ်”

“ နေပါဦးအစ်ကို ယုဂ်လေးပါးဆိုတာ ကျွန်တော်ကြားဖူးတယ်၊ အဲဒီယုဂ် အကြောင်း နဲနဲရှင်းပြပေးပါလား ”

“ အကျဥ်းပဲ ပြောမယ်ကွာ ယုဂ(ယုဂ်) က လေးမျိုးရှိသတဲ့။ (၁) ကတယုဂ် (၂)တြေတြာယုဂ် (၃) ဒွါပရာယုဂ် (၄)ကလိယုဂ် တဲ့ အသက်တမ်း ငါးထောင်အထက်မှာ ကတယုဂ်လို့ ဆိုကြတယ်။ စားပွဲမှာ ထော က်လေးချောင်း ရှိသလို သက်တမ်းငါးထောင် အထက်မှာလဲ လူလေးယောက်၊ လူလေးရာ၊ လူလေးထောင် စသည် လေးပုံပုံရင် လေးပုံစလုံး လူကောင်း လူလိမ္မာချည်းပဲ ဆိုတယ်။

အဲဒါကို ကတယုဂ်ခေါ်တာတဲ့။

" တစ်ခါ တပြည်းပြည်း အကျင့်စာရိတ္တ စတာတွေ ကျဆင်းပြီး စားပွဲဟာ ခြေထောက်တစ်ချောင်း ကျိုးသွားသလို အုပ်စု လေးပုံပုံရင် သုံးပုံက လူကောင်း လူလိမ္မာ၊ တစ်ပုံက လူမိုက် လူဆိုးတဲ့။ အဲဒါကို တြေတြာယုဂ်လို့ ခေါ်သတဲ့။ "

" အဲဒီက တပြည်းပြည်း အကျင့်စာရိတ္တ စတာတွေ ကျဆင်း ပျက်စီးလာတယ်။ နောက်စားပွဲဟာ ခြေထောက် လေးချောင်းမှာ နှစ်ချောင်း ကျိုးသွားသလို အုပ်စုနှစ်ပုံက လူကောင်း လူလိမ္မာတဲ့။ နှစ်ပုံက လူမိုက်လူဆိုးတွေတဲ့။ အဲဒါကို ဒွါပရာယုဂ်လို့ ခေါ်သတဲ့။

" နောက် စားပွဲထောက်လေးချောင်းမှာ သုံးချောင်းကျိုး တစ်ချောင်းသာ ကျန်တော့သလို လူအုပ်စု လေးပုံပုံရင် တစ်ပုံသာ လူကောင်း လူလိမ္မာဖြစ်ပြီး ကျန်သုံးပုံက လူမိုက်လူဆိုးတွေတဲ့။ အဲဒါကို ကလိယုဂ်ခေါ်ပါသတဲ့။"

" အခုတို့ရဲ့ ရာတမ်းခေတ်၊ သို့မဟုတ် ခုနစ်ဆယ့်ငါးနှစ်တမ်း ခေတ်ပဲပေါ့။ နောက်ဆုံး စားပွဲထောက်လေးချောင်း ကျိုးသလို အုပ်စုလေးပုံမှာ လေးပုံစလုံး လူမိုက်လူဆိုးတွေချည်းပဲ ဖြစ်မယ်လို့ ဆိုပါတယ်။ ခုချိန် ထောက်တစ်ချောင်းရှိသေးတယ် ထင်တယ်။ အတိအကျ သိချင်ရင် 'စက္ကဝတ္တိ' သုတ် စသည်ကြည့်ပေါ့ကွာ "

“ ဟုတ်ကဲ့ အစ်ကို သုံးချောင်း၊ လေးချောင်းကျိုးက ကလိယုဂ်ပေါ့နော် ”

“ အေး .. ဟုတ်တယ်၊ ယခုအခါမှာ ဆုတ်ကပ်ခေတ်ဖြစ်လို့ လူတိုင်းနီးပါး (ပုထုဇဉ်တိုင်းသည်) မကောင်းမှုမှသာ မွေ့လျော်တတ်ကြပါတယ်။ ဒါကြောင့် သူများလုပ်တိုင်း လိုက်လုပ်နေ ကြတာဟာ အကောင်းဘက်ကနဲပြီး မကောင်းဘက်သာ လိုက်လုပ် နေကြတယ်လေ။ နေရာတကာမှာ ယှဉ်ကြည့်လိုက်ရင် သိသာပါတယ်”

“ ဒါတော့ ဟုတ်တယ်အစ်ကို ”

“ လမ်းမှာ မောင်ကျောက်တိုင်ရဲ့ တူမကို သူများလဲ ဝတ်နေလို့ ဝတ်တယ်ပြောတယ်။ သူများလုပ်တိုင်း လိုက်လုပ်နေကြရင် ကောင်းတဲ့ ဘက်ကျတော့ လိုက်လုပ်၊ တုပကြတာ နဲတယ်။ မကောင်းတဲ့နေရာ အမြင်မတော်တာမျိုးတော့ အတုခိုး အလွန်မြန်တယ် ”

“ မှန်တာပေါ့ အစ်ကိုရာ ”

“ မင်းစဉ်းစားကြည့် မောင်ကျောက်တိုင် ဘာသာရေးပွဲတွေမှာတောင် ဘုရားတရား အာရုံရောက်သူက အနဲငယ်ပဲ ရှိတယ်၊ ဘယ်မှာ ဘုရားပွဲတဲ့ဆိုရင် ရုပ်ရှင်၊ ဇာတ်၊ အငြိမ့် ကြည့်ဖို့သာ အဓိကထားကြတယ် မဟုတ်လား။ ပျော်ပွဲရွှင်ပွဲဆိုရင် စည်ကား

လိုက်တာ။ ဥပမာ တရားပွဲနဲ့ ဂီတဖျော်ဖြေပွဲမှာ ဘယ်နေရာက လူတွေများမယ်လို့ မောင်ကျောက်တိုင် ထင်သလဲ ”

“ ဟုတ်ပါတယ်အစ်ကို ဂီတဖျော်ဖြေရေးပွဲကပဲ လူများမှာပါ”

“ သကြံန်မှာလဲ သေချာလေ့လာလိုက်၊ တစ်နိုင်ငံလုံး ဥပုသ်စောင့်ကြသူ သီလရှင်ဝတ်၊ နှလ္လဘာဝတ်၊ ရိပ်သာမှာ တရားဝင် ရောက်အားထုတ်သူနဲ့ သကြံန်ရေပက် ပျော်ပါးကြသူ ယှဉ်ကြည့်ရင် ရေပက်ဆော့ကစားကြတဲ့သူက များတာတွေ့ရမှာပေ ”

“ ဒါတော့မှန်တယ် အစ်ကိုရေ ”

“ ကျောင်းသားတွေ စာမေးပွဲကျတော့ အရက်သောက်တယ်တဲ့၊ ကဲ ... စာမေးပွဲအောင်ရင် ဂုဏ်ထူးတွေပါရင်လဲ သူကို့မျှော် မှန်းထားသလို ဖြစ်လာကြလို့ အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ သူငယ်ချင်းတွေ အရက်စုသောက်ပြန်သတဲ့။ အဲလိုကြောင့် စာမေးပွဲ အောင်ကြတဲ့ အချို့ကျောင်းသားတွေ ရေနစ်သေတာ၊ ကားမှောက် သေတာတွေ မကြာမကြာ ကြားနေ တွေ့နေရတယ်မဟုတ်လား”

“ ဟုတ်ကဲ့ အစ်ကို ”

“ စိတ်ညစ်လို့ အရက်သောက်တယ်၊ စာမေးပွဲအောင်လို့ အရက်သောက်တယ်သာ ရှိတာကွ၊ စိတ်ညစ်လို့ ဥပုသ်စောင့်တယ်၊ စိတ်ပျော်လို့ ဥပုသ်စောင့်တယ်ဆိုတာ ရှားသလို စိတ်ညစ်လို့

ရိပ်သာဝင်တယ်၊ . စိတ်ပျော်လို့ ရိပ်သာဝင်တဲ့ ကျောင်းသားလဲ မရှိပေဘူးကွ ”

“ ဟုတ်ပါတယ် အစ်ကို ”

“ ဒါကြောင့် နောက်ဆုံး ပြောလိုတာက အများလုပ်တိုင်း လိုက်လုပ်ချင်ကြတယ်ဆိုရင် ကောင်းတဲ့ဘက်ကို ခြေဦးလှည့် အတုယူ သင့်တယ်။ ပျော်ပွဲရွှင်ပွဲ စတဲ့ဘက်မှာလဲ မလွန်စေနဲ့ ပေါ့။ ‘မြန်မာ မလေးတွေ ဝတ်ဆင်ထားတာ ယဉ်ကျေးလိုက်တာ’ ဆိုတဲ့ ရှေးခေတ်က အဆိုကို လိုက်နာရင် ကောင်းပါတယ်။ ‘ အခုခေတ် မိန်းကလေးတွေက ဟိုဟာဖော် ဒီဟာဖော်နဲ့ တစ်ကိုယ်လုံး ပေါ်နေပြီ’ ဆိုတာ မကောင်းဘူး၊ မြန်မာပြည်သူ ပြည်သားတိုင်း ရိုးရာမမေ့ကြနဲ့။ ခေတ်ရေစီးကြောင်းအရ ဝတ်ဆင်ပါ။ ဒါပေမဲ့ လိုတာထက် ပိုရင် မကောင်းဘူး”

“ ဟုတ်ကဲ့ပါ အစ်ကို ကျွန်တော်ပြန်လိုက်ပါဦးမယ် ”

“ ကောင်းပါပြီဗျာ ”

**ဓမ္မရုံသီ ၂၀၁၉ ခုနှစ်၊ မေ**
**အမှတ်(၃၅၃)**

# အတွင်းပစ္စည်း

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

"ဟော... မောင်ကျောက်တိုင် ဘယ်ကလာတာလဲ"

"လပတ်ဆွဲမ်းသွပ် တစ်ခုက တရားနာပြီး အစ်ကိုဆီဝင်လာတာပါ။"

"ဪ... ဒေါ်(--------)ကြီး တမလွန် ပြောင်းသွားတဲ့ တစ်လပြည့်လား"

"ဟုတ်ပါတယ် အစ်ကို"

"အဲဒီ ဒေါ်(---)က တောသူဌေး ကတော်ကြီးပဲ သူ့ခင်ပွန်း

ထားရစ်ခဲ့တဲ့ ပစ္စည်းတွေက အများကြီးဆို၊ ဟုတ်လား မောင်ကျောက်တိုင်"

"ဟုတ်တယ် အစ်ကိုရေ... ဒါပေမယ့် မဟာန်ပါဘူးဗျာ၊ သားသမီးတွေက အမွေကိစ္စနဲ့ စကားများလိုက်ကြတာ၊ လူကြား မကောင်း၊ သူကြားမကောင်းပါပဲ အစ်ကိုရာ၊ အမွေက အမွှေဖြစ် တော့တာဗျ"

"ပစ္စည်းဥစ္စာတွေက အတော်ကျန်ရစ်သလား"

"ဟာ... ကျန်ရစ်တာပေါ့ဗျာ၊ သားနှစ်ယောက်ကို လယ်ဆယ် ကေဆီ ချထားတာ(အလုပ်ခိုင်းထားတာ) ရှိတယ်။ သမီးကိုလည်း ဈေးဆိုင်ပေးထားတယ်။ နွားကလဲ ခြောက်ကောင်ရှိတယ်၊ အခြား စပါး၊ ပဲနဲ့ ခွန်ဒေါင်း စတဲ့ ပစ္စည်းတွေကလဲ ရှိသေးတယ်၊ အိမ်ကလဲ ငါးပင်(လေးခန်း)နှစ်ထပ်၊ ကျွန်းသစ်သားအိမ်ကြီး၊ ဒါကအပြင် ပစ္စည်းတွေပါ၊ အတွင်းပစ္စည်းတွေကလဲ စိန်တစ်ဆင်စာ၊ ရွှေတစ်ဆယ်သားခန့်နဲ့ ဘဏ်မှာ (၃၅)သိန်းရှိသတဲ့၊ အဲဒီတော့ မောင်နှမတွေ အမွေက အမွှေဖြစ်ပြီး အဝေမတဲ့ဘဲ စကားများ ကြတော့တာပါပဲဗျာ"

" ဒါမျိုးက မိဘသေရင် ယေဘုယျဖြစ်တတ်တာချည်းပါပဲ၊ မိဘတွေက ပစ္စည်းဥစ္စာ များများ ကျန်ရစ်လေလေ အမွေပြသနာ

ရှုပ်ထွေးလေလေပဲ မောင်ကျောက်တိုင်ရေ ...”

“ ဟုတ်တယ်အစ်ကိုရေ ...”

“ ဒါနဲ့ မောင်ကျောက်တိုင် လူ့လောကမှာ အပြင်ပစ္စည်း၊ အတွင်းပစ္စည်းရယ်လို့ ပြောဆိုနေကြတယ်၊ အပြင်ပစ္စည်းက တောသား သူဌေးဆိုရင် လယ်ယာ၊ ကျွန်းကိုင်း၊ ကျွဲ နွား ခြံမြေ စသည်ပေါ့။ မြို့သားသူဌေးဆိုရင် ခြံမြေတိုက်တာ အဆောက်အဦး ကား၊ ကုမ္ပဏီ ဆိုင်ခန်းစသည်တို့ပေါ့နော်၊ ဟုတ်လား မောင်ကျောက်တိုင် ”

“ ဟုတ်ကဲ့ အဲဒီအတိုင်းပါ ”

“ အတွင်းပစ္စည်းကတော့ တောသား၊ မြို့သားရော စိန်ရွှေငွေ လက်ဝတ်ရတနာ စသည်တို့ပေါ့ကွာ၊ တကယ်တော့ အခုပြောခဲ့ တာတွေဟာ လောကလူတွေက ဤအရာသည် အပြင်ပစ္စည်း၊ ဤအရာသည် အတွင်းပစ္စည်းလို့ သတ်မှတ်ထားကြသော်လဲ သေချာ တွေးတောစဉ်းစားကြည့်လျှင် အပြင်ပစ္စည်းတွေချည်းပဲ၊ အတွင်း ပစ္စည်းဆိုတာ မဟုတ်ပါဘူး မောင်ကျောက်တိုင် ”

“ ဆိုပါအုံး အစ်ကို၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်သံပတ္တမြား စသည်တို့ကိုလဲ ဘာကြောင့် အပြင်ပစ္စည်းလို့ ပြောရတာလဲ ”

“ အေး ... အခုသေသွားတဲ့ ဒေါ်(---) ရဲ့ ခင်ပွန်းရှိစဉ်က

ဘာနဲ့ကြီးပွားလာသလဲဆိုတာ မောင်ကျောက်တိုင် သိတယ်မ ဟုတ်လား ”

“ ဟုတ်ကဲ့ ... အင်း၊ အိုင် လေလံဆွဲပြီး ကြီးပွားလာတာပါ”

“ အင်း .. အိုင် ထဲမှာ ဘာတွေရှိမလဲ ”

“ ဟာ အစ်ကိုကလဲ အင်း၊ အိုင်ထဲမှာ ငါးတွေပဲရှိမှာပေါ့ ”

“ အဲဒီ ငါးတွေကို မွေးမြူ ဖမ်းရောင်းချတာ ကုသိုလ်ဖြစ်မလား၊ အကုသိုလ် ဖြစ်မလား မောင်ကျောက်တိုင် ”

“ သူတစ်ပါး အသက် သတ်(သေစေ)မှတော့ အကုသိုလ်ပေါ့ အစ်ကိုရ ”

“ အဲ.. ငါး ကုန်သည်၊ အင်းလေလံဆွဲ၊ ကြီးပွားရာကမှ လယ်ယာကိုင်းကျွန်း၊ ကျွဲ၊ နွား စသည်တွေဝယ်ပြီး အလုပ်ပြောင်း တာမဟုတ်လား ”

“ ဟုတ်တယ်လေ ”

“ လုပ်ပြီးသား အကုသိုလ်ဆိုတာ လုပ်ပြီးပြီလေ၊ ..ပျောက် အောင်လုပ်လို့ကော ရနိုင်ပါ့မလား ”

“ ဟာ ဒါတော့ ဘယ်ရနိုင်မှာလဲ အစ်ကိုရ ”

“ ဟုတ်တယ် လုပ်ပြီးသား ကုသိုလ်ကို ပျောက်အောင် လုပ်လို့မရဘူး၊ သို့သော် ‘ ရေများရေနိုင်၊ မီးများမီးနိုင် ’

ဆိုတာ ရှိတယ်၊ မည်သည့်အကုသိုလ်တွေ ကျူးလွန်၊ ကျူးလွန် အကြောင်းမဟုတ်ဘူးတဲ့၊ ပဉ္စာနန္တရိယကံကိုသာ မကျူးလွန်ဘူးဆိုရင် ကုသိုလ်တွေကို များများလုပ်၊ ကုသိုလ်က အကုသိုလ်ကို နိုင်သွားရင် အကုသိုလ်အကျိုးတွေ မပေးနိုင်ဘူးတဲ့၊ မောင်ကျောက်တိုင် ' တံငါတစ်သက်၊ မဂ်တစ်ချက်' ဆိုတာ ကြားဖူးမှာပါ။ အကုသိုလ်က ကုသိုလ်တို နိုင်သွားရင်လဲ ထို့အတူပဲပေါ့ "

" ဟုတ်ကဲ့ ကြားဖူးပါတယ်၊ ဘဝတစ်ပြန် ကျားတစ်ပြန် လိုနေမယ်ထင်တယ် "

" ဒီတော့ အဲဒီ ဒေါ်(---)ရဲ့ ခင်ပွန်း မသေခင်က စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေဟာ ဘာ့ကြောင့် အားလုံးအပြင် ပစ္စည်း တွေချည်း ပြောရသလဲဆိုတာ မောင်ကျောက်တိုင် သဘော ပေါက်ပါလိမ့်မယ် "

" ဟဲ .. ဟဲ .. 'ကျောချမှ ဓားပြမှန်းသိ ' ဆိုသလိုပဲ အစ်ကို့ရေ..ကျွန်တော်က အုံ့ဖေးတယ်ဗျ၊ သေချာရှင်းပြပါအုံး "

" ဩော် မောင်ကျောက်တိုင်ကလဲကွာ ' တောက်တဲ့၊ တောက်တဲ့ ' လို့ မြည်နေတာတောင် 'ဘာကောင်လဲ' လို့ မေးနေ သလိုပဲ "

" ကျွန်တော်တကယ် မသိတာပါ အစ်ကို "

" ဒါဆိုရင် ဒေါ်(---)တို့ လင်မယား သက်ရှိထင်ရှားစဉ်က ဒါန၊ သီလ၊ ဘာဝနာတွေရော မလုပ်ခဲ့ဘူးလား "

" လုပ်ခဲ့တာပေါ့ အစ်ကိုရ၊ သားတွေကိုလဲ အကြီးအကျယ် ရှင်ပြုခဲ့တယ်၊ ကထိန်လဲ ခင်းခဲ့တယ်၊ ရဟန်းဒကာလဲခံခဲ့တယ် စသည်ပေါ့ အစ်ကိုရာ သူတို့ လုပ်ခဲ့တဲ့ ကုသိုလ်တွေ မနည်းဘူး ဒေါ်(---) ကလဲ ရိပ်သာတွေဝင်ဖူးတယ် "

" ဟုတ်ပြီး အင်းလေလံဆွဲတာက "

" အကုသိုလ်ပါ အစ်ကို "

" ရဟန်းခံ ရှင်ပြုစသည် ပြုခဲ့တာက "

" ကုသိုလ်ပါအစ်ကို "

" အကုသိုလ်၊ ကုသိုလ်နှစ်ခုစလုံး ရောပြုထားတာဖြစ်တဲ့ အတွက် မိဿကကံတွေ သူတို့မှာ ရှိမနေပေးဘူးလား "

" ဟုတ်ကဲ့ ရှိနေပါတယ် အစ်ကို "

" အခု ဒေါ်(--) လင်မယား ကျန်ရစ်တဲ့ ပစ္စည်းတွေကို သားသမီးတွေက အမွေခွဲ ' သူကသာတယ်၊ ငါကနာတယ်' စသဖြင့် အဝေမညီမျှဘူး ထင်ကြလို့ စကားများ အငြင်းပွား နေကြတယ်နော် "

" ဟုတ်ကဲ့ "

" အဲ..ဒေါ်(--) တို့ လင်မယား ဘာပစ္စည်းမှ ယူသွားလို့ မရဘူး မဟုတ်လား၊ အပြင်ပစ္စည်းဆိုတဲ့၊ လယ်ယာကိုင်းကျွန်း၊ ကျွဲ၊ နွား စသည်တွေလဲ ထားခဲ့ရတယ်၊ အတွင်းပစ္စည်းဆိုတဲ့ စိန်၊ ရွှေ၊ ငွေ ရတနာတွေလဲ ထားခဲ့ရတယ်။ အဲဒါကြောင့် စိန်၊ ရွှေ၊ ငွေ၊ ရတနာတွေဟာလဲ အပြင်ပစ္စည်းလို့ ပြောတာ တကယ်အတွင်းပစ္စည်းက သူတို့နောက် ပါသွားပြီကွ "

" ဟာ ... ဘာတွေလဲ အစ်ကို "

" ဘာတွေရမှာလဲ မောင်ကျောက်တိုင်ရယ် သူတို့ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ တွေကသာ သူတို့ရဲ့ အတွင်းပစ္စည်း တွေပဲပေါ့။ မဟုတ်ဘူးလား မောင်ကျောက်တိုင် "

" သေလိုက်မဲ့ နန္ဒိယ၊ အခုမှ ရှင်းသွားတော့တယ်၊ ကဲ .. ကျွန်တော်လဲ ပြန်ပါအုံးမယ် ခွင့်ပြုပါအုံးအစ်ကို "

" ကောင်းပါပြီဗျာ "

မြတ်ပန်းရဂုံ

# အပါယ်မကြောက် ခုနစ်ယောက်

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

“ အစ်ကိုရေ မေးစရာရှိလို့ပါ” ဟု ဆို၏။

“ ဟေား .. မောင်ကျောက်တိုင် ငါက ဘာပညာရှိမှ မဟုတ်ဘူး နော် မင်းမေးတိုင်း ဖြေချင်မှ ဖြေနိုင်မှာ ” ဟု ပြောလိုက်၏။

“ အခြားမဟုတ်ပါဘူး အစ်ကိုရာ၊ ဝါဆိုဦးက (၁၃၇၉ ခု၊ ဝါဆိုလဆန်း ၁၄ ရက်) မြန်မာ့အသံက ကြေညာသွားတာ ကြားလိုက်ရလို့ပါ။ ဝါဆိုသင်္ကန်းလှူဒါန်းရင် အပါယ်မကျဘူး၊ သောတာပန်နဲ့

အလားတူတယ်တဲ့။ အဲဒါ ကျွန်တော်လဲ အပါယ်မကြောက် ခုနစ်ယောက် ဆိုတာ ကြားဖူးထားတယ်။ ကပေါက်ချို ကပေါက်ချာ သာ သိတယ်၊ ခုနစ်ယောက်စလုံး မသိဘူး။ အဲဒီ ပါဠိသက်နိုး စတာတွေ လျှံအိန်းရင် တကယ်အပါယ်မကျတော့တာလား၊ အဲဒီ (နိဗ္ဗ) ခုနစ်မျိုးလဲ ပြောပြပါဦး"

" မင်းက မသိဘူးလဲ ပြောတယ်၊ အပါယ်မကြောက် ခုနစ်ယောက်တို့ နိဗ္ဗ တို့တော့ သိနေပါလား "

" ဟာ ... အဲလောက်တော့ သိတာပေါ့၊ ဓမ္မကထိကတွေ ဟောတာ နာရတာပဲ အစ်ကိုရဲ၊ ကဲပါ .. နိဗ္ဗ အမြဲကောင်းမှု ရှင်များကို ပြောပါဦး "

" တတိယအုပ် အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ အဲဒီအကြောင်း ပါရှိပါတယ်။ နဝင်္ဂုတ္တရ သဥပါဒိသေသသုတ် အဖွင့်ကြည့်ပါ။ ကျမ်းထဲမှာ ခြောက်ပါး ဆိုထားတယ်။ အပြင်မှာတော့ အများအားဖြင့် မင်းပြောသလို နိဗ္ဗကုသိုလ်ရှင်များကို 'အပါယ်မကြောက် ခုနစ်ယောက်' လို့ ပြောဆိုနေကြပါတယ်"

" ဒါဆို ဘယ်ဟာက မှန်သလဲ "

" ခြောက်ပါးပြောပြော၊ ခုနစ်ပါးပြောပြော မှန်တာချည်းပါပဲ၊ ဘာကြောင့်လဲဆိုရင် ကျမ်းဂန်မှာ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလ

ကို တစ်ပါးဘဲ ယူထားလို့ ခြောက်ပါးဖြစ်နေတာ။ အပြင်မှာ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလကို တစ်ပါးစီ ယူပြောကြလို့ ခုနစ်ပါး ဖြစ်သွားတာပါ "

" ဪ .. အဲလိုလား ပြောပြပါဦးအစ်ကို "

" အေး.. သေချာမှတ်သွားပေါ့ကွာ။

(၁) သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ ဆောက်တည်ခြင်း၊

(၂) စာရေးတံဆွမ်း လှူဒါန်းခြင်း၊

(၃) ရက်မှန် ဆွမ်းလှူဒါန်းခြင်း၊

(၄) ဝါဆိုသင်္ကန်း လှူဒါန်းခြင်း၊

(၅) ရေတွင်းရေကန် လှူဒါန်းခြင်း၊

(၆) ဇရပ်တန်ဆောင်း၊ သိမ်ကျောင်း ဆောက်လုပ် လှူဒါန်းခြင်း တို့ ဖြစ်ပါတယ်။ ခုနစ်ပါး ဆိုရင်တော့ နံပါတ်(၁)က သရဏဂုံနဲ့ ငါးပါးသီလ တစ်ပါးစီ ယူရုံပါပဲ "

" အဲဒီကုသိုလ်တွေလုပ်ရင် တကယ်အပါယ် မကျတော့ဘူးပေါ့။ သောတာပန်နဲ့ အလားတူ သွားပြီးပေါ့နော် "

" ကံကိုယ့ ဒြိုး ဆုံးပုံနှင်းရင်တော့ ခြေထောက်ဆူးစူးမှာ အမှန်ပဲ၊ တချို့တွေမှာ ပုံသေယူလို့ မရဘူး၊ ကောန်ဆိုတာလဲ ရှိတယ်၊ အနေကံဆိုတာလဲ ရှိတယ်။ မောင်ကျောက်တိုင် ... နံပါတ်(၂)

ကနေ (၆)အထိ ငါးမျိုးက နိဗ္ဗာ ကုသိုလ်ဒါနတွေ ဖြစ်ကြပါတယ်။ အဋ္ဌကထာက နိဗ္ဗာကုသိုလ် တစ်မျိုးမျိုးကို ပြုထားရင် နောက်ဘဝမှာ လူ နတ် တစ်မျိုးမျိုး ဖြစ်နိုင်ကြောင်း၊ အပါယ်လေးပါး မကျနိုင်ကြောင်း၊ သောတာပန်နဲ့ အလားတူကြောင်း ဖွင့်ဆိုထားတာ ဖြစ်ပါတယ်၊ နံပါတ်(၁)ကတော့ ခါးဝတ်ပုဆိုး လို နေ့တိုင်းမြဲရဲ့ နိဗ္ဗာ ကုသိုလ်ပါပဲ။ အဋ္ဌကထာ ဆရာက ကုသိုလ်ကံ အကျိုးကို ပြဆိုထားတာပါ။ သို့သော် မဟာကမ္မဝိဘင်္ဂ သုတ်ထောက်ရင် ကံတရားဟာ ဘုရား ကလွဲပြီး ဘယ်သူမှ သေချာမသိနိုင်ဘူး ဆိုတယ်။ ကြည့်လေ မဟာကမ္မဝိဘင်္ဂသုတ်မှာ-

(၁) သူ့အသက်သတ်ခြင်း စသည်ပြု၍ သေလွန်သော် အပါယ် ရောက်ကျသူ။

(၂) ထိုမကောင်းမှုများပြု၍ သေလွန်သော် နတ်ရွာရောက်သူ။

(၃) သူ့အသက်သတ်ခြင်း စသည်တို့ကို ရှောင်ကြဉ်သဖြင့် သေလွန်သော် နတ်ရွာရောက်သူ။

(၄) ထိုမကောင်းမှုများမှ ရှောင်ကြဉ်လျက် သေလွန်သော် ငရဲကျသူရယ်လို့ လေးမျိုးရှိတယ်။

" အဲဒီ လေးမျိုးမှာ နံပါတ်(၁)ပုဂ္ဂိုလ်နဲ့ နံပါတ်(၄)ပုဂ္ဂိုလ်ဟာ သေခါနီး 'အယောနိသော မနသိကာရ' နှလုံးသွင်းမှားလို့

အပါယ်ကျရသတဲ့။ နံပါတ်(၂) ပုဂ္ဂိုလ်နဲ့ နံပါတ်(၃)ပုဂ္ဂိုလ်တို့က ေတာ့ သေခါနီး 'ယောနိသော မနသိကာရ' နှလုံးသွင်းမှန်လို့ နတ်ရွာရောက်ကြရသတဲ့။ အကျယ်သိချင်ရင် မဟာကမ္မဝိဘင်္ဂသုတ် ကြည့်နိုင်တယ်။

"မင်းကြားဖူးမယ်၊ သောဏာထေရ်ရဲ့ ဖခင် မုဆိုးကြီးတို့ တစ်သက်လုံး တံငါသည်ကြီး ဒမိဠ လူမျိုးတို့ဟာ သေခါနီးမှာ မိတ်ဆွေကောင်းတွေ့ပြီး ယောနိသော မနသိကာရကြောင့် နတ်ပြည်ရောက်သွားကြတယ်။ အဲဒီ ဒမိဠ တံငါသည်ဟာ စူဠပဏ္ဍပါတိကတိဿမထေရ်ထံ သရဏဂုံသာဆောက်တည်နိုင်လို့ အောက်ဆုံးနတ်ပြည် ရောက်ရတာတဲ့။ အကယ်၍ ငါးပါးသီလပါ ဆောက်တည် ကွယ်လွန်မယ်ဆိုရင် တာဝတိံသာ စတဲ့ အထက် နတ်ပြည်တွေမှာ ရောက်နိုင်သတဲ့။ သရဏဂုံ ဆောက်တည်ပြီး သေဆုံးသွားရှာလို့လေ။

" အခြား တမ္ဗဒါဌိက စတဲ့ ပုဂ္ဂိုလ်မျိုးတွေလဲ သေခါနီးမှ ဆရာသမားကောင်း၊ မိတ်ဆွေကောင်း တို့နဲ့ တွေ့လို့ နတ်ပြည် ရောက်ကြရတာပဲ မဟုတ်လား၊ ခုပြောခဲ့တဲ့သူတွေဟာ တစ်သက်လုံး အကုသိုလ်တွေ လုပ်ခဲ့ကြပေမဲ့ သေခါနီးမှာ ဆရာသမားကောင်း တွေနဲ့ တွေ့ရလို့ နှလုံးသွင်း မှန်ပြီး ကောင်းရာသုဂတိ ရောက်ကြရ

တယ်။ အဲ ... တိဿရဟန်းတို့ မလ္လိကာ တို့ကျတော့ သေခါနီး နှလုံးသွင်း မှားသေသွားကြတော့ အပါယ်ကျရတယ်။

" ဒါကြောင့် နိဗ္ဗာန်ကုသိုလ်ပြုထားသူတွေလဲ အပါယ် မကျနိုင်ဘူးလို့ သေချာပြောလို့ မရဘူး။ အဲဒါဆိုရင် အဋ္ဌကထာ စကားက မှားသလားဆိုတော့ မမှားပါဘူး၊ ဒါပေမဲ့ ငါးရာ့ငါးဆယ်၊ စတုတ္ထနိပါတ်၊ စူဠကာလိင်္ဂဇာတ်ထဲက ကာလိင်္ဂမင်းလို နေလို့ တော့မရဘူး။ ကာလိင်္ဂမင်းက " အဿကမင်းနဲ့ စစ်တိုက် ရမယ်၊ ဘယ်သူနိုင်မလဲ" လို့ ရသေ့သွားမေးတယ်။ ရှင်ရသေ့ကလဲ သကြားမင်းထံမေးပြီး ' ကာလိင်္ဂမင်းက နိုင်မယ် ' လို့ ပြောလိုက် တယ်။ ကာလိင်္ဂမင်းဟာ သူနိုင်မယ်ဆိုတော့ ဘာမှမကြိုးစားဘဲ ဒီအတိုင်းနေတယ်။ အဿကမင်းကတော့ စစ်ပညာတွေ လေ့ကျင့် သင်ကြားနေတာပေါ့။ တကယ်စစ်တိုက်လဲ စစ်တိုက်ရော ကာလိင်္ဂ မင်းကြီး ရှုံးသွားတယ်။ အခုလဲ အဋ္ဌကထာဆရာက နိဗ္ဗာန်ကောင်းမှု တစ်မျိုးမျိုး လုပ်ထားသူတွေ အပါယ်မကျတော့ဘူးဆိုပြီး မေ့မေ့လျော့ လျော့နေ၊ မကောင်းမှုတွေ လုပ်ရင်တော့ အပါယ်က လွတ်မယ် မထင်ဘူး။

" မင်းနားလည်အောင် လောကဥပမာနဲ့ ပြောရရင် ဆိုကြပါစို့၊ လူတစ်ယောက်ဟာ သူ့ရဲ့ လုံ့လဝီရိယကြိုးစားမှုတို့ကြောင့်

ထိုက်တန်တဲ့ ရာထူးရရှိတယ်။ အဲလို ရာထူးရပြီး မကြိုးစားဘဲ လုပ်ချင်ရာလုပ်၊ မတရားအနိုင်ကျင့်၊ ကိုယ်ကျိုးကြည့်၊ ထင်ရာစိုင်း၊ မင်းမူနေရင် သက်ဆိုင်ရာ တို့က အဲဒီအရာရှိကို ဆက်ထားမှာလား၊ ရာထူးက ဖြုတ်မှာလား မောင်ကျောက်တိုင် ”

“ ပုဂ္ဂိုလ်မငဲ့ဘဲ ဘက်မလိုက်ဘဲ အမှန်အတိုင်းဆိုရင်တော့ အဲဒီအရာရှိကို ဖြုတ်ပစ်ရမှာပဲ အစ်ကို”

“ အေး .. ဟုတ်ပြီ၊ အကယ်၍ အဲဒီအရာရှိက သူနဲ့ ထိုက်တန်တဲ့ ရာထူးရပြီး ကိုယ်ကျင့်သီလကောင်းစွာ ကိုယ်ကျိုးစွန့် ကြိုးစား၊ အမှန်အကန် ထမ်းဆောင်နေရင် သူဟာ ရာထူးတိုးလာမှာလား သို့မဟုတ် ရာထူးတည်မြဲနေမှာလား၊ အဖြုတ်ခံရမှာလား”

“ အဲလိုဆိုရင်တော့ ရာထူးမတိုးတောင် လက်ရှိရာထူးက မြဲနေမှာပဲ အစ်ကို ”

“ အေး .. အဲလိုပဲ ကြိုးစားအားထုတ်တာ နဲ့ လှူချင်တာနဲ့ တူတယ်။ ရာထူးရတာနဲ့ လှူလို့ ငရဲမကျတာနဲ့ တူတယ်။ ရာထူးရပြီး လုပ်ချင်ရာလုပ်တာနဲ့ လှူပြီး အကုသိုလ်လုပ်တာနဲ့ တူတယ်။ မဟုတ်တာတွေလုပ်လို့ ရာထူးမတည်မြဲဘဲ အဖြုတ်ခံရသလို အကုသိုလ်လုပ်လို့ သုဂတိ မရောက်ဘဲ အပါယ်ကျသွားတာနဲ့ တူတယ်လို့ ဆိုနိုင်တယ်။

" သောတာပန်နဲ့ တူတယ်ဆိုတာလဲ သောတာပန်လို အရိယာဖြစ်သွားတာမျိုး မဟုတ်ဘူး၊ သောတာပန်လဲ မကောင်းမှု အကုသိုလ်မပြုသလို နိဗ္ဗာန်ကုသိုလ်ရှင်လဲ မကောင်းမှုအကုသိုလ်တွေ မပြုဘူး၊ ဒါကြောင့် သောတာပန် အပါယ်မကျသလို နိဗ္ဗာန်ကုသိုလ် ရှင်လဲ အပါယ်မကျဘူးလို့ ဆိုလိုတာ။ အဲလိုမဟုတ်ဘဲ ဝါဆို သင်္ကန်းစသည် လှူပြီးပြီ၊ အပါယ်မကျတော့ဘူးဆိုပြီး ဒုစရိုက်တွေ လုပ်ရင်တော့ အပါယ်က လွတ်နိုင်မှာ မဟုတ်ဘူး။

" ပြီးတော့ ဒီမှာ ပြောစရာရှိတယ်၊ အင်းစိန်ရွာမ ပရိယတ္တိတိုက် ဆရာတော်ကြီး အရှင်တိလောကာဘိဝံသက ခင်ပွန်းကြီး ၁၀- ပါး ဆိုတာ ဘုရားဟော မရှိဘူးတဲ့။ တကယ်တော့ ခင်ပွန်းကြီး ၁၀ ပါးမက ရှိတယ်တဲ့။ အခုလဲ အဋ္ဌကထာထဲမှာ မပါပေမဲ့ ကထိန်ခင်း ရှင်ပြု ရဟန်းခံ စတဲ့ ကုသိုလ်တွေလဲ အကျုံးဝင် ပါမဲ့။ ကထိန်ခင်း စတဲ့ ကုသိုလ်တွေပြုပြီး တစ်သက်လုံး အကုသိုလ် ရှောင်၊ တစ်ရှိန်ထိုး ကုသိုလ်တရားတွေ မပြတ်လုပ်နေရင်လဲ အပါယ်မကျနိုင်ပါဘူး။ တစ်ခါ ဒုစရိုက် ၁၀ ပါးထဲမှာ သုရာမေရယ မပါပေမဲ့ ကာမေသုနဲ့ အလားတူကြောင်း အဋ္ဌကထာကျမ်းများက ဆိုထားတယ်။ ငါးပါး သီလနဲ့ မင်္ဂလသုတ် စသည်တို့မှာလဲ အရက်ကို သီးခြားဟောထားတယ်။ ဒါကြောင့် ဒီမှာလဲ အခြား

ကုသိုလ်တွေပါ ယူရမယ်။

" မင်းကြားဖူးမယ်၊ ပန်းတစ်ပွင့်လှူလို့ ကိုးဆယ့်တစ်ကမ္ဘာ အပါယ်မလားဘူးဆိုတာ၊ အဲဒါလဲ ပန်းတစ်ပွင့်လှူပြီး အကုသိုလ်တွေ လုပ်ပေမဲ့ အပါယ်မကျတာလို့ မထင်နဲ့။ ပန်းတစ်ပွင့်လှူပြီးနောက် သူ့ရဲ့ ကုသိုလ်ကောင်းမှုကို ဝမ်းမြောက် ဝမ်းသာဖြစ်၊ ကိုးဆယ့် တစ်ကမ္ဘာတိုင်တိုင် မကောင်းမှုရှောင် ကောင်းမှုကျင့်သုံးလို့ အပါယ် မကျတာလို့ ဆိုတယ်၊ အခုလဲကုသိုလ်ရဲ့ အထောက်အပံ့ ဖြစ် တာတွေလုပ်မှ အပါယ်မကျမှာ သေတာပန်နဲ့ အလားတူမှာ "

" ဟုတ်ကဲ့၊ အခုလို ရှင်းပြတာ ကျေးဇူးတင်ပါတယ် အစ်ကို ကျွန်တော့်ကို ခွင့်ပြုပါဦး "

**မဲ့ရုံသီ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ**
**အမှတ်(၃၄၈)**

# ခေါင်းပါးစွာကျင့်ခြင်း ဆိုသည်မှာ

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" မောင်ကျောက်တိုင် .. ထိုင်ကွာ၊ လက်ဖက်ရည်ကြမ်း သောက်ပါဦး "

ကျွန်ုပ်က အိမ်ပေါ်တက်လာသော မောင်ကျောက်တိုင် ကို ဆီးကြိုဖိတ်ခေါ်လိုက်သည်။

" အစ်ကိုရေ ကျွန်တော်လာတာ မေးစရာ ရှိလို့ပါ။ "

" ဘာများ မေးမှာလဲ ဆိုစမ်းပါဦး မောင်ကျောက်တိုင် "

"အခြားမဟုတ်ပါဘူး အစ်ကို၊ စကားဝိုင်း တစ်ခုမှာ စပ်မိစပ်ရာ စကားပြောရင်း 'ခေါင်းပါးစွာကျင့်ခြင်း' ဆိုတဲ့ စကားလုံး ပါလာတယ်။ အဲဒီစကားလုံးကို အသက်နှစ်ဆယ်ကျော် လူငယ် တစ်ဦးက 'ခေါင်းပါးစွာကျင့်တယ်' ဆိုတာဘာလဲ၊ ဘာအဓိပ္ပာယ်လဲ လို့ မေးတယ်ဗျာ၊ စကားဝိုင်းထဲက လူကြီးတွေလဲ မဖြေနိုင်ကြဘူး၊ ကျွန်တော်လည်း မဖြေနိုင်ဘူး၊ အဲဒါ သိချင်လို့ လာမေးတာပါ"

"ခေါင်းပါးစွာဆိုတာ ရှေးခေတ်လူတွေရဲ့ ဝေါဟာရစကားမို့ မသိကြတာပါ။ မသိတဲ့ လူတွေကို အပြစ်ပြောစရာ မရှိပါဘူး။ အချို့ရှေးအသုံး အနှုန်းစကားတွေဟာ အခုခေတ်လူတွေနဲ့ စိမ်း နေကြတော့ ဘယ်သိမလဲ"

"ဟုတ်တယ် အစ်ကို သူသူငါငါ ပြောတော့ပြောနေကြတာပဲ။ အဲ .. မေးလိုက်တဲ့အခါမှာ ယောင်နနတွေ ဖြစ်ကုန်ကြတာပဲ။ အဲလိုလူထဲမှာ ကျွန်တော်လဲ အပါအဝင်ပေါ့ဗျာ"

"ဒါလဲ ဟုတ်ပါတယ်၊ အခုလူတွေ အသုံးများတဲ့ စကားတစ်ခုကိုတောင် အမှုမဲ့ အမှတ်မဲ့ သုံးနေကြပေမဲ့ သိသူ ရှားနေတယ် မောင်ကျောက်တိုင်ရေ"

"အဲဒီ စကားက ဘာလဲ အစ်ကို"

"မင်္ဂလာ ဆောင်တဲ့အခါ သတို့သားနဲ့ သတို့သမီး

'စုလျားရစ်ပတ် လက်ထပ်ကြတယ်' ဆိုတာလေ "

" ဟဲ့ ... ဟုတ်တယ်၊ တော်တော်များများ 'စုလျားရစ်ပတ် လက်ထပ်' ဆိုတဲ့ စကားပြောကြတာပဲ။ စုလျားဆိုတာ ဘာကို ခေါ်တာလဲ "

" စုလျားဆိုတာ ရှေးဝေါဟာရစကားပဲကွ၊ စုလျားဆိုတာ တဘက်ပဝါကို ခေါ်တာတဲ့။ ပြီးတော့ ဒုံပတီးဆိုတာလဲ တဘက်ပဝါကို ခေါ်တာတဲ့။ အဲဒါတွေ ထားပါတော့ကွာ၊ မင်းသိချင်တဲ့ ခေါင်းပါးကို ဆက်ပြောကြပါစို့ "

" ဟုတ်ကဲ့ပါ အစ်ကို ကျွန်တော်မှတ်ထားပါ့မယ် "

" မောင်ကျောက်တိုင်တို့က သတိမထားကြလို့ပါ။ ကပ်သုံးပါးမှာ ပါရှိပါတယ်"

" ဟင် .. ဟုတ်လား အစ်ကို ပြောပါဦး "

" သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်လို့ ကပ်သုံးပါး ကြားဖူးတယ် မဟုတ်လား "

" ဟုတ်ကဲ့ အပါယ်လေးပါး ကမ္ဘာသုံးပါး၊ ရပ်ပြစ်ရှစ်ပါး စသည်ဖြင့် ကျွန်တော်တို့ ဘုရားရှိခိုးတိုင်း သာရေး နာရေးတွေမှာလဲ ဘုန်းကြီးတွေ ချပေးတိုင်း ဆိုနေရတာပဲ အစ်ကို "

" အေး .. ဟုတ်ပါပြီဗျာ အဲဒီကပ်သုံးပါးထဲမှာ ဒုဗ္ဘိက္ခန္တရကပ်

ဆိုတဲ့ အဓိပ္ပာယ်က ဘာတဲ့လဲ မောင်ကျောက်တိုင်

" ဝတ်မွတ်ခေါင်းပါးခြင်း ဘေးပေါ့ အစ်ကို "

" ကဲ .. အဲဒါဆို အပြေပေါ်နေပြီ "

" ဘယ်လို .. ဘယ်လို ရှင်းပါဦး အစ်ကို "

" မောင်ကျောက်တိုင် ကလဲကွာ၊ မင်း 'အမြဲတစေ' ဆိုတာ ကြားဖူးလား "

" ဟာ .. အဲဒါတော့ ကြားဖူးရုံမက လူတိုင်း ပြောဆိုနေကြတာပဲ "

" အေး ... ဟုတ်တယ်၊ အချို့ဒေသက 'အမြဲတစေ' လို့ တွဲသုံးတယ်၊ တချို့ဒေသက 'အမြဲ'ကိုပဲ သုံးတယ်၊ အချို့ဒေသက 'တစေ' ကိုပဲ သုံးတယ်။ ဥပမာ– 'ဒီလူ အမြဲအရက်သောက်တယ်'၊ 'ဒီလူ တစေ အရက်သောက်တယ်' ဆိုတဲ့ စကားဟာ အတူတူချည်းပဲလေ၊ ဒီမှာလဲ ဝတ်မွတ်နဲ့ ခေါင်းပါးတွဲပြီး ဝတ်မွတ်ခေါင်းပါးခြင်းလို့ သုံးထားတာ မဟုတ်လား။ ဝတ်မွတ်ဆိုတာလဲ ရှားပါးတာကို ဆိုလိုတာ။ ခေါင်းပါးတယ်ဆိုတာလဲ ရှားပါးတာကို ဆိုလိုတာပါ။ ခေါင်းပါးက မင်းတို့ငါတို့နဲ့ ခေတ်ကွာပြီး စိမ်းနေလို့ပါ။ ခေါင်းပါးဆိုတာ ရှားပါးတာ၊ ချို့တဲ့တာ၊ မြိုးမြဲတာ၊ နဲတာကို ပြောတာပါ "

" ဩော် .. ဒီလိုဆိုတော့လဲ ဟုတ်သားပဲ "

" စာတွေက အဓိပ္ပာယ်သိရင် လွယ်ပါတယ်ကွ။ သူ့ခေတ်နဲ့သူ သုံးစွဲတဲ့ ဝေါဟာရတွေ ဖြစ်နေကြလို့ပါ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန်ခဲ့တဲ့ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် ဆရာတော်ကြီး အရှင်နန္ဒမာလာမထေရ်မြတ်ကလဲ စုတာဂ်နိဒ္ဒေသပိုင်းမှာ–

" ဤသို့ ဓုတင်ဆောက်တည်သည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်အား နည်းသောအလိုရှိသော သူ၏အဖြစ် ရောင့်ရဲလွယ်သောသူ၏ အဖြစ်၊ ခေါင်းပါးအောင်ပြုခြင်း၊ ဆိတ်ငြိမ်ရာ၌ နေခြင်း၊ ကိလေသာကို ဖျက်ဆီးခြင်း၊ အားထုတ်သော ဝိရိယရှိခြင်း၊ မွေးမြူလွယ်ခြင်း " စသည် ရေးထားပါတယ်။

" အခုရွတ်ပြတဲ့အထဲမှာ 'ခေါင်းပါးအောင်ပြုခြင်း' ဆိုတာ ပါတယ်"

" ဟုတ်တယ်လေ ပါတယ်၊ အဲဒါလဲ ကိလေသာ နဲအောင် လုပ်တာကို ပြောတာ "

" ဟုတ်ကဲ့ "

" အဲဒီ ခေါင်းပါးအောင် ပြုခြင်း ဆိုတာဟာ ကိလေသာဆိုတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ တရားများကို ခေါင်းပါးအောင် နဲအောင်

ပြုရမှာကို ဆိုလိုတာပါပဲ ”

“ ဟုတ်ကဲ့ အစ်ကို ”

“ ပြီးတော့ တစ်ခုရှိသေးတယ်။ ကို့တစ်တွေ အရပ်ထဲမှာ ပြောဆိုနေကြတာ မောင်ကျောက်တိုင် ကြားဖူးပါလိမ့်မယ် ”

“ ဟုတ်ကဲ့ ပြောပါဦး အစ်ကို ”

“ ဒီလိုလေ ‘ဒီကောင် တော်တော် အသိဉာဏ် ခေါင်းပါးတယ်’ ဆိုတာလေ ”

“ အဲ ... ဟုတ်တယ်၊ ဟုတ်တယ် ကျွန်တော် ကြားဖူးတယ် အစ်ကို ”

“ အသိဉာဏ်ခေါင်းပါးတယ် ဆိုတာဟာ တကယ်တော့ အသိဉာဏ်ချို့တဲ့တယ်၊ အသိဉာဏ်နဲတယ် ဆိုတာတွေနဲ့ အတူတူပဲလေ ”

“ ဟုတ်ကဲ့ပါ အစ်ကို ”

“ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသကတော့ ‘သလ္လေခသုတ် အနှစ်ချုပ်’ တရားတော်မှာ ခေါင်းပါးစွာ ကျင့်ခြင်း ဆိုတဲ့ မြန်မာပြန်ကို မကြိုက်ဘူးတဲ့။ သလ္လေခ ကိလေသာ တို့ကို ခြစ်ထုတ်ခြင်းလို့ မြန်မာပြန်တာ ပိုကြိုက်သတဲ့။ ဒါပေမဲ့ ကိလေသာတို့ကို ခြစ်ထုတ်တာနဲ့ ခေါင်းပါးအောင် လုပ်တာနဲ့

မထူးဘူးလို့ ထင်ပါတယ်"

" ခြစ်ထုတ်တာက ဘယ်လိုလဲ "

" ဟာ ... မောင်ကျောက်တိုင် ကလဲကွာ ထမင်းအိုးတူးရင် ချေးကို ဘာနဲ့မှ ခြစ်ရလဲ "

" ဇွန်းနဲ့ပြောင်အောင် ခြစ်ပစ်ရမှာပေါ့ "

" ခုလဲ မိမိမှာတပ်နေတဲ့ ကိလေသာချေးတွေကို ပညာ၊ သတိ၊ ဝီရိယ စတဲ့ ဇွန်းနဲ့ခြစ်ရမှာလေ။ အဲဒီလိုခြစ်ရင် ကိလေသာ ချေးတွေ မရှိနိုင်ဘူး၊ 'ခေါင်းပါး' မသိရင်မှတ်ထားကွာ (ဝေါ်မွတ် ခေါင်းပါးတာကို)၊ ဒါမှမဟုတ်၊ ခြစ်ထုတ်တာကိုမှတ်ထား၊ ဒါဆို 'ခေါင်းပါး'သည် ကိလေသာမရှိအောင် ဖယ်ထုတ်ဘာလို့ မှတ်ပေ တော့ကွာ "

" တုတ်ကဲ့ အစုလိုရှင်းပြတာ ကျေးဇူးပါပဲ အစ်ကိုရာ "

အမှတ်(၃၅၇) ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ

ဓမ္မရံသီ

# ကန်တော့ထိုက် မကန်တော့ထိုက်

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

မောင်ကျောက်တိုင် လက်၌ စာအုပ်တစ်အုပ် ကိုင်လာသည်ကို တွေ့ရသည်။

" မောင်ကျောက်တိုင် မင်းလက်ထဲက ဘာစာအုပ်လဲကွ" ဟု ကျွန်တော်က မေးလိုက်သည်။

" ဒီစာအုပ်က အစ်ကိုဆီက တစ်ဆင့်ဝယ်ထားတဲ့ 'အဋ္ဌမအကြိမ် ထေရဝါဒဓမ္မစာမူ ပြိုင်ပွဲဆုရ၊ ဓမ္မအမြင် ရှင်သန် ပူးပွင့်စေ" စာအုပ်ပါ အစ်ကို။

လေးမြိုင်ဓမ္မပူဇာ စာပေဆုပေးပွဲ တက်ရောက်လျှင် မောင်ကျောက်တိုင်က ပြိုင်ပွဲဆုရ စာအုပ်ဝယ်ခဲ့ပါဆို၍ ဝယ်လာပြီး တစ်ဆင့် ရောင်းခြင်းဖြစ်သည်။ ၎င်းအုပ်ဝယ်လာရာ ကျန်စာအုပ်များကို အခြားသူများက ဝယ်သွားကြ၏။

" နေပါအုံး အဲဒီစာအုပ်က ဘာလို့ယူလာတာလဲ ဝို့ဆီလဲရှိတာပဲဟာ "

" ရှိမှန်း ကျွန်တော်သိပါတယ်၊ ဖတ်ရင်းနဲ့ယူလာတာပါ။ "

" ဟုတ်ပါပြီး အကြောင်းက "

" ဒီစာအုပ် အခန်းကိုဖတ်ပြီး ပြီလား "

" အာ .. မဖတ်ရသေးဘူးကွ၊ အခြားစာအုပ်ဖတ်နေလို့ ဘာဖြစ်လို့လဲ "

" ဒီမှာ အခန်းကို သက်ဝေမျှ ဆောင်းပါး 'သူတော်ကောင်း တရားဘုံထဲမှာ ညောင်ဦးမြို့နယ်၊ ၎င်းသရောက်မြို့၊ ဝက်လူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ဆရာကန်တော့ပွဲ ဓာတ်ပုံထဲမှာ ကိုရင်လေးတွေက ကုလားထိုင်ပေါ်က ဆရာဆရာမတွေကို အောက်က ထိုင်ကန်တော့တာထဲ ပါနေသတဲ့အခန်းကို "

" ကျောင်းသူကျောင်းသား တွေနဲ့အတူ ကိုရင်လေးတွေကလဲ သူတို့ကို စာသင်ပေးတဲ့ ဆရာ၊ ဆရာမ တွေကို ကန်တော့

တယ်ဆိုပါတော့ ”

“ ဟုတ်ပါတယ် အစ်ကို ”

“ အခုခေတ်ကလဲ အကော်ခက်သားလားကွ၊ ရဟန်းတစ်ပါး အပေါ်(သို့မဟုတ်) သာသနာအပေါ် တစ်ခုခု မှားယွင်းစွာ ပြောမိ၊ လုပ်မိရင် သာသနာညှိုးနွမ်းစေမှု စသည်လောက်သာ ထင်နေကြ တယ် မောင်ကျောက်တိုင်။ အခုလို ကျောင်းဆရာ၊ ကျောင်းဆရာမ တွေက အပေါ်ကနေ ကိုရင်လေးတွေက အောက်ကနေပြီးတော့ အများ ကျောင်းသား၊ ကျောင်းသူ တွေနဲ့ ကန်တော့ခံတာမျိုး ကျတော့ သာသနာ ညှိုးနွမ်းစေကြောင်း ဆိုတာ ဘယ်သူမှ မထင်ကြ တော့ဘူးလား မသိဘူး ”

“ မသိလို့ ကန်တော့ခံကြတာပေါ့အစ်ကိုရာ ”

“ ဒီကိစ္စ ကျောင်းထိုင်ဆရာတော်သိချင်မှ သိမယ်ကွ ”

“ မသိဘူးဆိုတာတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်အစ်ကိုရာ အာစရိယပူဇော်ပွဲ ကိုရင်တွေကို ကျောင်းထိုင်ဆရာတော်ပဲ လွှတ် တာနေမှာပေါ့ ”

“ လွှင ဘယ်ပဲ ထားပါအုံးကွာ၊ အခုပူဇော်ခံ ဆရာ၊ ဆရာမ တွေဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ဖို့များပါတယ်။ ကိုရင်တွေဟာ လူ့ထက်မြင့်မြတ်တယ်ဆိုတာတော့ သိဖို့ကောင်းပါတယ်ကွာ ”

" ဒါကလဲ ခက်တယ်အစ်ကိုရ အချို့ ဆရာ၊ ဆရာမ တွေကလဲ ဗုဒ္ဓဘာသာ အမည်ခံပြီး ဗုဒ္ဓဘာသာ အကြောင်း ကောင်းကောင်း မသိကြသူတွေ ရှိတယ် "

" အချို့ ဘုန်းကြီးကျောင်းတွေမှာ မိဘမဲ့ ဂေဟာ၊ ဘုန်းကြီး ပညာသင်ကြားရေး ကျောင်းတွေရှိတယ်။ အချို့ သီလရှင်တွေလဲ မိဘမဲ့ ကလေးတွေကို စောင့်ရှောက်မွေးမြူထားတဲ့ သီလရှင်ကျောင်း လဲရှိသတဲ့။ များသောအားဖြင့် အချို့ကျောင်းတွေမှာ မိန်းကလေး အချို့ကို သီလရှင်ဝတ်ပေးပြီး ယောကျ်ားလေး အချို့ကို ကိုရင် လေးတွေ ဝတ်ပေးထားကြတယ်၊ အများအမြင်ကြည့်ရင်တော့ ဟုတ်သလိုလိုပဲ၊ ဒါပေမယ့် သာသနာတော်ဘက်ကြည့်ရင် အဆင် မပြေဘူး လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သာသနာ့ဝန်ထမ်း ကိုရင်နဲ့ သီလရှင်ဆိုတာ သာသနာနဲ့ ဆိုင်ရာ စာတွေကိုသာ သင်ပေးသင့်တယ် ထင်ပါတယ်။

" အခုတော့ ဝတ်ထားတာက သင်္ကန်း၊ သင်ကြားနေတာ က လောကီအတန်းစာတွေ၊ ကလေးတွေကို အတန်းစာ သင်ပေးမယ် ဆိုရင် သီလရှင်၊ ကိုရင်ဝတ်မပေးသင့်ဘူးလို့ ထင်တယ်၊ ကိုရင်ဝတ်နဲ့ သီလရှင်ဝတ်က သက်သာတယ်၊ အဝတ်အစားကလဲ အထူးရှာစရာမလို၊ ညနေစာပဲ ထူးကျွေးစရာမလို့ ဆိုပြီး

ဝတ်မပေးသင့်ပါဘူး။

" အတန်းစာ သင်ပေးပါ၊ မူလတန်း၊ အလယ်တန်းအဆင့် အထိပေါ့။ အဲဒီနောက်ကော့ သင်္ကန်းဝတ်ပေးပေး၊ သီလရှင်ဝတ်ပေး ပေး ကောင်းပါတယ်။ သို့သော် စာကိုတော့ သင်္ကန်းဝတ်နဲ့ သီလရှင်ဝတ်နဲ့ အထက်တန်းပညာ မသင်စေချင်ပါ။ မူလတန်း၊ အလယ်တန်းအောင်ပြီး အထက်တန်း ဆက်မတက်လိုသည့် ကလေးတွေကိုသာ ရှင်အဖြစ်၊ သီလရှင်အဖြစ် ဝတ်ပေးသင့်ပါတယ်။ စာကိုလဲ ဘာသာရေးစာသာ သင်ပေးသင့်ပါတယ်။

" ဝို့အမြင် ပြောရရင်တော့ သီလရှင်၊ ကိုရင်ဝတ်နဲ့ အတန်းစာ သင်စေတာတွေဟာ သာသနာညှိုးနွမ်းကြောင်း၊ သာသနာဆုတ် ကြောင်းလို့ ထင်ပါတယ်။ မိဘမဲ့ကလေးတွေ၊ ကယ်တင်တာ၊ ပရဟိတလုပ်တာ ကောင်းပါတယ်။ ဒါပေမယ့် မမှန်မကန်တဲ့ နည်းလမ်းဆိုရင် မထောက်ခံနိုင်ဘူး မောင်ကျောက်တိုင်၊ အခု ကြည့်လေ ကိုရင်လေးတွေက ဆရာ၊ ဆရာမ တွေကို ကန်တော့ တယ်ဆိုတာ လုံးဝ မဖြစ်သင့်ဘူး "

" ဟုတ် ါတယ် အစ်ကို ဒါကြောင့်လဲ ကျွန်တော်လာပြတာပါ"

" မောင်ကျောက်တိုင် အစ်ကိုမေးမယ်။ မာတာပိတု ဂုဏော၊ အာစရိယဂုဏော လို့ရှိတယ်။ မိဘရဲ့ဂုဏ်ကျေးဇူးနဲ့ ဆရာ သမားရဲ့

ဂုဏ်ကျေးဇူးတွေ ဘယ်သူက ပိုများမယ်ထင်သလဲ ”

“ ဟာ ဒါတော့ ဆရာသမားရဲ့ ကျေးဇူးထက် မိဘကျေးဇူးက ပိုများမှာ ပေါ့အစ်ကိုရ ”

“ ဟုတ်ပြီ ဒါဆိုရင် မိမိတို့ ရှင်ပြုပေးလိုက်တဲ့ သားကိုတောင် မိဘတွေက ရှိခိုးရသေးတယ်လို့ ဆိုတယ်။ ကျန်သူတွေ ပြောစရာ လိုသေးလား ”

“ ဘာယ်ပြောစရာ လိုမလဲအစ်ကို ”

“ မိဘတောင် ကိုယ့်သားငယ် ရှင်သာမဏေကို ရှိခိုးကန်တော့ ရသေးတယ်၊ အာစရိယ ဆိုတဲ့ ဆရာ၊ ဆရာမ တွေလဲ ကိုရင်လေး တွေက သူတို့ကို မကန်တော့စေဘဲ ကိုယ်ကသာ ကန်တော့ရမယ် ဆိုတာ ဗုဒ္ဓဘာသာ တစ်ယောက်အနေနဲ့ သိထားဖို့ ကောင်းတာပဲ မောင်ကျောက်တိုင် ”

“ ဟုတ်ပါတယ် အစ်ကို ”

“ ဆတ္တပါဏတို့ စိတ္တာသူကြွယ်တို့၊ ဝိသာခ သူဌေးတို့ဟာ အနာဂါမ်တွေ ဖြစ်ကြတယ်၊ အဲဒီအနာဂါမ် တွေဟာ ကောသလ မင်းကြီးတို့၊ အဇာတသတ်မင်းကြီးတို့ကို ခစား အလေးပြု ကန်တော့ရတယ်နော် ”

“ ဟုတ်ကဲ့ ”

" တရားသဘော အမြင်နဲ့ ကြည့်မယ်ဆိုရင် ကောသလတို့၊ အဇာတသတ်တို့က သာမန်ပုထုဇဉ်တွေ၊ ဟိုသူဌေး သူကြွယ်တွေက အနာဂါမ် တွေ၊ ဒါပေမယ့်လဲ လောကီဂုဏ်မြင့်တဲ့ ရှင်ဘုရင်တွေကို-အနာဂါမ် တွေကရှိခိုးကန်တော့ နေရတယ်။ အနာဂါမ်တွေက လောကုတ္တရာ၊ ဂုဏ်မြင့်သော်လဲ လောကီဂုဏ်ကတော့ ဘုရင်တွေအောက် ဂုဏ်နိမ့်နေတယ် မဟုတ်လား၊ သို့သော် အဲဒီမင်းတွေနဲ့ အနာဂါမ် လူတွေဟာ ယနေ့ဝတ်တဲ့ ကိုရင်ကို ရှိခိုးဦးခိုက်ထိုက်သတဲ့။ "

" ဒါကြောင့် မြတ်စွာဘုရားရှင်က သာမညဖလသုတ် (ဒီဃနိကာယ်) မှာ အဇာတသတ်မင်းကို မေးထားတာ ရှိတယ်။ " မင်းကြီး အကယ်၍ သင့်ကျွန်တစ်ယောက်ဟာ ရဟန်းဘောင်ဝင်သွားရင် မင်းကြီးဘာလုပ်မလဲ" လို့လေ။ မင်းကြီးက " ပစ္စည်းလေးပါး ထောက်ပံ့ပြီး ကိုးကွယ်ဆည်းကပ်မှာ ဖြစ်ကြောင်း " လျှောက်ထားတယ်။ ဒီ ငါကလိုရင်း ပြောလိုက်တာ (သာမညဖလသုတ် မှာ အကျယ်ကြည့်)"

" အဆင့်က ကျွန် နော် မြင့်မြတ်တဲ့ ရဟန်းပြုလိုက်တဲ့အတွက် အဇာတသတ်မင်းကြီးက အရိုအသေပြု ဆည်းကပ်ရတာ။ တစ်ခုပြောအုံးမယ်၊ ပုထုဇဉ်ရဟန်းက ဝါကြီးတယ်ဆိုရင် ရဟန္တာရဟန်းက

ပို့ခိုးဦးချရသတဲ့။ သက်န်းဝတ်ခြင်းရဲ့ အကျိုးဟာ ဘယ်လောက်ကြီး တယ်ဆိုတာ သိနိုင်တယ်။ အခုကိုရင်ဆိုတာလဲ သင်္ကန်းဝတ်ထား တာလေ ”

“ သင်္ကန်းဝတ်ပေးထားပြီး မတော်ရာ အသုံးမချသင့်ဘူး တစ်နေ့က ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသ ဆရာတော် ဟောတဲ့ တရားတစ်ပုဒ်ကို တီဗွီတစ်ခုက နာလိုက်ရတယ်။ တရားနာမည်တော့ မသိလိုက်ဘူး၊ ဆရာတော်က ဘာဟောသလဲ ဆိုတော့ ရဟန်းတွေကို သတိပေးဟောကြားထားတယ်။ ရဟန်း ဆိုရင် ပိဋကတ်ကို အရင်တတ်အောင် သင်ပါတဲ့။ နောက်မှ အင်္ဂလိပ်စာ စသည်တို့ကို သင်ပါတဲ့။ ”

“ ပြီးတော့ မြန်မာတွေကိုလဲ သတိပေးထားတယ်။ မြန်မာမှန်ရင် မြန်မာစာကိုတော့ တတ်အောင်သင်ကြားပါတဲ့။ အခုအချို့သူ တွေဟာ မြန်မာစာ အားနည်းပြီး အခြားစာတတ်ရေးသာ ဦးစားပေးနေ ကြတယ်လို့ ဆိုပါတယ်။ အခုလဲ မိဘမဲ့ကလေးတွေကို မြန်မာစာ သင်စေပြီး၊ မူလတန်း (သို့မဟုတ်) အလယ်တန်းအောင်ပြီး သူတို့လုပ်ချင်တာရွေးစေချင်ပါတယ်။ အတင်းအဓမ္မ ဝတ်တာမျိုး မဟုတ်ဘဲ။ ကိုရင်၊ သီလရှင် ဝတ်ချင်သူကို ဝက်ပေးနိုင်ပါတယ်။ သို့သော် ကိုရင်၊ သီလရှင် ဝတ်စေပြီး အတန်းစာတော့

မသင်စေချင်ပါ။ ဤကိစ္စမျိုးဟာ ဥပဒေနဲ့ တားမြစ်လို့ရမှာ မဟုတ်ဘူး မောင်ကျောက်တိုင်၊ ကိုယ့်အသိနဲ့ကို ထိန်းသိမ်းကြရမှာ။ ကဲ .. ငါလဲ စာဖတ်လိုက်အုံးမယ် ”

“ ဟုတ်ကဲ့ အစ်ကို ကျွန်တော်လဲ ပြန်ပါအုံးမယ် ”

ဓမ္မရုံသီ

မိတ်ဆွေစာပေ

# ဒုလ္လဘရဟန်း ဝတ်ရကျိုး

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

“ အစ်ကို ဒုလ္လဘရဟန်း ဝတ်တာ အကျိုးရှိလား ”

“ မင်းက ဘာကြောင့် မေးတာလဲ အကြောင်းမရှိဘဲနဲ့တော့ မောင်ကျောက်တိုင် မေးလိမ့်မယ် မထင်ဘူး ”

“ အကြောင်းရှိပါတယ်အစ်ကို တစ်နေ့က သူငယ်ချင်း ဒုလ္လဘရဟန်းဝတ်တဲ့ ဘုန်းကြီးကျောင်းကို ညနေ ငါးနာရီ လောက်က ရောက်သွားတယ်။ အကြောင်းမဲ့ သွားတာမဟုတ်ပါဘူး၊ ဒုလ္လဘဝတ် နေတဲ့ သူငယ်ချင်းကိုတွေ့ချင်လို့ပါ။ ကျွန်တော် ရောက်သွားတော့ ဒုလ္လဘကိုယ်တော်တွေ ငါးပါးတာ အပေါ်ကောသိမပါဘဲ နှစ်ပါးက

သစ်ပင်လှဲဆွဲ နေကြတယ်။ နှစ်ပါးက သင်္ကန်းခါးတောင်း ကြိုက်နဲ့ မြေပေါက်နေကြတယ်။ တစ်ပါးက ခါးတောင်းတော့ မကြိုက်ဘူး အပေါ်ကသီ မပါဘဲ မြေသယ်နေတယ် အဲ့ဒါတွေ တွေ့မြင်ခဲ့ရလို့ပါ"

" ကျောင်းထိုင် ဘုန်းကြီးက ခိုင်းလို့နေမှာပေါ့။ ဘုန်းကြီးတော့ မတွေ့ခဲ့ရဘူးလား "

" တစ်နေရာ ကြွသွားတယ်လို့ ပြောတယ်။ မတွေ့ခဲ့ရပါဘူး။ အခုဒုလ္လဘရဟန်းတွေ လုပ်နေတာဟာ ကျောင်းထိုင်ဘုန်းကြီးက ခိုင်းလို့တဲ့။"

" ရဟန်းတွေ သေနာသနဝတ်လုပ်တာတော့ လုပ်သင့်တဲ့ အလုပ်ပါ။ ဥပမာ တံမြက်လှဲတာတို့၊ ရေခတ်တာတို့၊ ကုဋီသန့်ရှင်းရေးတို့ စသဖြင့်ပေါ့ ဒါပေမယ့် ဒုလ္လဘရဟန်းတွေကို ဝိနည်းပြစ် မလွတ်တဲ့ သစ်ပင်ခုတ်တာတို့၊ သစ်ပင်လှဲတာတို့၊ မြေပေါက်တာတို့၊ မြက်တွေရှင်းတာတို့ မခိုင်းသင့်ဘူး၊ ပြီးတော့ ဧကသီခေါ် ကိုယ်ရဲ့ သင်္ကန်းကိုလဲ ကိုယ်နဲ့ခွာပြီး (ကိုယ်ဇုံးလုံး) မနေသင့်ပါဘူး။ သင်္ကန်းခါးတောင်းကြိုက်တာကတော့ ပိုအမြင်မတော်တာပဲ၊ ဒုလ္လဘရဟန်း ဝတ်တာဟာ အဲဒီလိုမျိုးဆိုရင် သင်္ကန်းဝတ်ရကျိုး မနပ်ပါဘူးကွာ "

" တုတ်တယ်အစ်ကို ဒါကြောင့် မေးကြည့်တာ "

" ညကျတော့ရော ဘာတွေ ဘုန်းကြီးက ခိုင်းသတဲ့လဲ "

" ညမှာ ခုနစ်နာရီလောက်နဲ့ မနက်ဆွမ်းမစားခင် ဘုရားရှိခိုးရသတဲ့၊ ဘုရားရှိခိုးပြီး မနက်ရော ညရော တရားထိုင်ရသတဲ့"

" ကောင်းသားပဲ၊ ဒါပေမယ့်ကွာ သံယုတ်(သို့မဟုတ်) ဝိသုဒ္ဓိမဂ်လာအတိုင်း

" သီလေ ပတိဋ္ဌာယနရော သပညော၊
စိတ္တံ ပညဉ္စဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။

" ပဋိသန္ဓေ နေစဉ်ကပင် တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇ ပညာပါရှိသောသူသည် သီလအကျင့်၌ ကောင်းစွာ ခေါက်တည်၍ ကိလေသာကို ပူပန်ခြောက်သွေ့စေတတ်သော လုံ့လ၊ ဆန့်ကျင်ဘက် ကိလေသာကို တားမြစ်နိုင်စွမ်းသော ပညာရှိသည်ဖြစ်၍ စိတ်၏ တည်ကြည်မှု သမာဓိကိုလည်းကောင်း၊ အထူးရှုမြင်မှု ဝိပဿနာပညာကိုလည်းကောင်း ပွားစေသည်ရှိသော် ထိုသို့သဘောရှိ သောသူသည် ဝါးရုံပင် အခက်အလက်နှင့်တူသော ဤတဏှာ အမြွှေးအယှက်ကို ဖြေဖြတ်ရှင်းလင်း အကြွင်းမဲ့ သုတ်သင်နိုင်ရာ၏တဲ့ ၊ ဒါ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင်

အရှင်နန္ဒမာလာ ပြန်ဆိုတဲ့ ဝိသုဒ္ဓိမဂ်ထဲကပါ။

" ရဟန်းမှ မဟုတ်ပါ။ မည်သူမဆို သီလပဲရှေ့ဦးစွာ လုံခြုံအောင် စောင့်ထိန်းကြရမှာပါ။ မဇ္ဈိမနိကာယ် ရထဝိနီတသုတ်မှာ သီလဝိသုဒ္ဓိကို ရှေ့ဆုံးက ပြထားတယ် မောင်ကျောက်တိုင်။ ဘာပဲလုပ်လုပ် သီလသာ အရေးအကြီးဆုံးဖြစ်ပါတယ် "

" ညညမှာတော့ ဒေသနာကြားရသတဲ့အစ်ကို "

" ဒေသနာကြားတာကောင်းပါတယ်။ ဒါပေမယ့် သဘောတူ အာပတ်ရှိရင် ဒေသနာကြားလို့ မရဘူးတဲ့၊ မရတဲ့အပြင် ဒုက္ကဋ် အာပတ်တောင် ထပ်သင့်ရောက်တယ်လို့ ဆိုတာ "

" ဒါဆို ဒုလ္လဘ ရဟန်းဝတ်တာ ဘယ်အကျိုးရှိတော့ မလဲနော်"

" ဒုလ္လဘရဟန်းဝတ်သူတိုင်း အကျိုးမရှိတာ မဟုတ်ပါဘူး။ ဝိနည်းပြစ် မသင့်စေဘဲ အထူးသဖြင့် ရဟန်းတို့ ကျင့်ဝတ်သီလ ကိုသာ လုံခြုံအောင် စောင့်ထိန်းနေမယ်ဆိုရင် အကျိုးရှိပါတယ်"

" များသောအားဖြင့် ကျွန်တော်တွေ့ဖူးတဲ့ ဒုလ္လဘရဟန်း တွေဟာ ခပ်ပေါ့ပေါ့နေကြတာပဲ တွေ့ရတယ် "

" ဒါလဲဟုတ်ပါတယ်၊ ဒါပေမယ့် အချို့သီလအကျင့်နဲ့ ပြည့်စုံကြ တဲ့ ဒုလ္လဘတွေလဲ ရှိပါတယ်။ အကယ်၍ ဒုလ္လဘသက်န်းဝတ်နဲ့ ကိုယ်တာတ်နိုင်သလောက် တစ်ပါတ်တတ်နိုင်ရင် တစ်ပါတ်ပေါ့၊

နှစ်ပါတ်တတ်နိုင်ရင် နှစ်ပါတ် စသည်ပေါ့ကွာ။ သီလဖြူဖြူစင်စင်နဲ့ နေရင် အကျိုးတကယ် ရှိပါတယ် ပြောပြမယ် "

" အခုခေတ်လို ဒုလ္လဘဆိုတဲ့ ဝေါဟာရတော့ မဟုတ်ဘူး၊ ထေရာအပ ဒါန်မှာ သတ္တာဟပဗ္ဗဇိတထေ္ထရဝတ္ထု ဆိုတာရှိတယ်။ အဲဒီလူသာ ဝိပဿီမြတ်စွာဘုရားလက်ထက်က ခုနစ်ရက် ရဟန်း ဝတ်ခဲ့ဖူးတယ်။ အဲဒီလူဟာ သင်္ကန်းဝတ်ချင်လို့ ဝတ်တာဟုတ်ပုံ မရဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူကိုယ်တိုင်က စည်းစိမ်တွေ ပျက်စီးခဲ့တယ်။ ဆွေမျိုးတွေ ပျက်စီးခဲ့တယ်။ အဲဒါတွေ ငြိမ်းအေး စေရန် ဝိပဿီမြတ်စွာဘုရား သာသနာမှာ ဆိုခဲ့အတိုင်း ခုနစ်ရက် သင်္ကန်းဝတ်တယ်။ "

" သင်္ကန်းဝတ်နေစဉ် အခုခေတ် မင်းပြောခဲ့တဲ့ အချို့ဒုလ္လဘ တွေလို လုပ်ချင်ရာလုပ်၊ နေချင်ရာနေတာ မဟုတ်ဘူး၊ မြတ်စွာ ဘုရားရှင်ရဲ့ သာသနာတော်မှာ မြတ်စွာဘုရားရှင် အဆုံးမအတိုင်း ကျင့်ကြံနေထိုင်ခဲ့သတဲ့။ သူနေတဲ့ ရက်သတ္တပါတ်အတွင်း အလွန် မွေ့လျော်ခဲ့သတဲ့။ "

" ရက်သတ္တပါတ်(ခုနစ်ရက်)ဝတ်၊ ခုခေတ် ဝေါဟာရနဲ့ ပြောရရင် ဒုလ္လဘရဟန်း ခုနစ်ရက် ဝတ်ခဲ့တာပေါ့။ အဲဒီကောင်းမှု ကြောင့် ခု ဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်မှာ အပါယ်လေးပါး

တစ်ခါမှ မရောက်ခဲ့ဘူးလို့ ဆိုတယ်။ အဲဒါဒုလ္လဘရဟန်း ဝတ်ရခြင်းရဲ့ အကျိုးပဲ ဒါတွေလား မဟုတ်သေးဘူး ”

“ အခု ဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ခုနစ်ကမ္ဘာထက်၌ ကြောဝတေးမင်း ခုနစ်ကြိမ် ဖြစ်ခဲ့ရသတဲ့။ တို့ဂေါတမမြတ်စွာဘုရား လက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါး စသည်တို့နဲ့တကွ သတ္တာဟရဟန္တာ မထေရ်လာ ဖြစ်ရပါတယ် မောင်ကျောက်တိုင် ”

“ ဒုလ္လဘရဟန်းဝတ်ရတာဟာ မြတ်စွာဘုရား အဆုံးအမ အတိုင်းသာ လိုက်နာမယ်ဆိုရင် အင်မတန် အကျိုးများတာပဲနော် အစ်ကို ”

“ အကျိုးများတာပေါ့ကွာ။ မင်းလဲဒုလ္လဘရဟန်း ဝတ်ဖူးလား”

“ ကျွန်တော် မဝတ်ဖူးသေးပါဘူးအစ်ကို ”

“ ဒါလောက် ဒုလ္လဘရဟန်းဝတ် ခေတ်စားနေတဲ့ အချိန်မှာ မင်းတစ်ခါလောက်တော့ ဝတ်သင့်တယ် ”

“ ကျွန်တော်ဒုလ္လဘဝတ်ဖို့ ဆန္ဒရှိပါတယ်။ အခုမြင်တွေ့ခဲ့ရတဲ့ ကိုးရိုးကားရား ဒုလ္လဘရဟန်းမျိုးတွေလိုတော့ မဝတ်ချင်ပါဘူးဗျာ။ ကျွန်တော်က သင်္ကန်းဝတ်တယ်ဆိုရင် “သမဏသာရုပ္ပ” ဆိုတဲ့ သူများကြည်ညိုအောင်လဲ နေချင်တယ်။ ဝိနည်းပြစ်တွေလဲ

မသင့်စေချင်ဘူး "

" အဲလိုဆိုရင် 'ဓမ္မပဒ၊ စိတ္တဝဂ်မှာ အညတရဘိက္ခုဝတ္ထု' ဆိုတာ ရှိတယ်။ အဲဒီထဲက ဂါထာအတိုင်း ကိုယ့်စိတ်ကိုယ်ဆုံးမ နေမယ်ဆိုရင် အာပတ်ကျူးလွန်နိုင်မယ် မထင်ပါဘူး "

" အဲဒီ ဝတ္ထုထဲက ဂါထာရွတ်ပြပါအုံး "

" ရွတ်ပြရမယ်ဆိုရင် မောင်ကျောက်တိုင် သေချာနားထောင်ပါ"

" ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမ နိပါတိနော။ စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ " တဲ့ကွ

" အဓိပ္ပါယ်က - နှိပ်နင်းရန် ခဲယဉ်း၍ လျင်မြန်သော သဘောရှိသော အလိုရှိရာ အာရုံ၌ ကျရောက်ရှိသော စိတ်ကို ဆုံးမ ခြင်းသည်ကောင်း၏။ (ဆုံးမပြီး၍) ယဉ်ကျေးသောစိတ်သည် ချမ်းသာ ကို ဆောင်ရွက်တတ်၏ လို့ ဆိုထားတယ်။ မောင်ကျောက်တိုင် ရေ ... အာပတ်သင့်မှာစိုးရင် ကိုယ်စိတ်ကို ဆုံးမပြီး နေရင် ရနိုင်ပါတယ်။ မောင်ကျောက်တိုင် ကြားဖူးတယ်မဟုတ်လား 'စိတ်သာရှင်စေ ဘုရားဟော'လို့ အများပြောနေကြတာလေ "

" ဟုတ်ကဲ့ ကြားဖူးပါတယ် "

" မင်းမှာ ဒုလ္လဘလေးပါး ပြည့်စုံနေပြီ၊ ရဟန်းဝတ်ဖို့ပဲ လိုတော့တယ် "

" ဟုတ်တော့ ဟုတ်ပါတယ် အစ်ကိုရာ၊ ရဟန်းဝတ်တာ ကုသိုလ်ရချင်လို့ဝတ်တာ အကုသိုလ်တွေ တိုးရင် မဟန်ဘူး၊ စိတ်ကို ဆုံးမဖို့ကလဲ အတော်ခတ်သားလားဗျ "

" ဘာပဲပြောပြော ဘယ်နှစ်ရက်ပဲနေနေ ကိုယ်တတ်နိုင်သလောက် နေပါ။ ရပါတယ်၊ သို့သော်လဲ ဘုရားအဆုံးအမအတိုင်း နေနိုင်မှသာ ဒုလ္လဘရဟန်း ဝတ်တာအကျိုးများပါတယ် မောင်ကျောက်တိုင် ခုနပြောခဲ့တဲ့ ထေရာအပဒါန်ကမထေရ်ဝတ္ထုတာ သာဓကပါပဲ "

" ဟုတ်ကဲ့ အခုလို ဒုလ္လဘသင်္ကန်း ဝတ်ရကျိုး ပြောပြတာ ကျေးဇူးပါပဲ၊ ကျွန်တော် သင်္ကန်းဝတ်ဖို့ စဉ်းစားအုံးမယ်အစ်ကိုကဲ .. ကျွန်တော်ပြန်အုံးမယ်။

**ဓမ္မရုံသီ**

# ဘယ်သိန်းသက်န်းလှူမှ မြတ်သလား

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" အစ်ကို သင်္ကန်းလှူတာထဲမှာ ဘယ်သင်္ကန်းလှူတာ အမြတ်ဆုံးလဲ "

" ဘာလဲ တက်ထွန်သင်္ကန်း၊ ဝိဗိုင်စိသင်္ကန်း စသည် လှူဒါန်းတာကို ပြောတာလား "

မောင်ကျောက်တိုင် မေးလိုသည်မှာ သင်္ကန်းအညွှန့်စား၊ သင်္ကန်းအကောင်းစားလှူခြင်းကို မေးလိုတာ မဟုတ်ကြောင်း သိသော်လည်း တမင်ပြန်ပြောလိုက်ခြင်း ဖြစ်၏။

" ဟာ အစ်ကိုကလဲ အဲလိုသက်န်းမျိုး ပြောတာမဟုတ်ပါဘူး ဥပမာ၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း လှူဒါန်းတာမျိုးကို ပြောတာ ပါ"

" ဩော် .. အဲလိုလား မင်းက ဘယ်သင်္ကန်းလှူမှု မြတ်တယ် ထင်လို့လဲ "

" ကျွန်တော် မသိလို့မေးပါတယ်ဆိုမှ အစ်ကိုက ကျွန်တော်ကို ပြန်မေးနေသေးတယ် "

" မသိဘူးလေကွာ သင်္ကန်းမှာ ကထိန်ဆိုထားတော့ ကထိန်သင်္ကန်းအမြတ်ဆုံးလို့ မင်းဖြေမလားလို့ "

" အဲဒီကထိန်သင်္ကန်း အကြောင်းပဲ ပြောချင်တာအစ်ကိုရ၊ လူတွေ ကျောင်းဆောက်ရင် သိမ်၊ သင်္ကန်းလှူရင် ကထိန်သင်္ကန်း သာ အမြတ်ဆုံး ထင်နေကြတာ။ ကျွန်တော်တို့ လေး/ငါး ဆယ်နှစ် သားက ဘုန်းကြီးကျောင်းတိုင်း တစ်နှစ်တစ်ခါ ကထိန်မဖြစ်ဘူး တချို့ကျောင်းဆိုရင် သုံး/လေးနှစ်တောင် ကထိန်မဖြစ်တာရှိတယ်။ ခုတော့ ကျောင်းတိုင်း ကျောင်းတိုင်း နှစ်စဉ် ကထိန်ရှိတယ်။ အချို့ဘုန်းကြီးကျောင်းတွေဆိုရင် ကထိန်ခင်းရဖို့ နှစ်ချီစောင့် နေကြရတယ်။ အဲဒီထဲ ကျွန်တော်တို့ ရွာက ဘုန်းကြီးကျောင်းလဲ ပါတယ်။ ကထိန်ခင်းရဖို့ နှစ်စောင့်နေတဲ့ထဲမှာ ကျွန်တော့်ဦးလေးလဲ

ပါတယ်။ ဒါကြောင့် အစ်ကို့ကို ဘယ်သက်နှုန်းလျှတာက အမြတ်ဆုံး လဲလို့ မေးတာ "

" အခုခေတ်ကာလဲ ဝါဆိုသက်နှုန်းတို့၊ ကထိန်သက်နှုန်းတို့ လှူမှ အမြတ်ဆုံးလို့ ထင်နေကြတာကွ။ ဘယ်အချိန်လှူလှူ ရဟန်းက သက်နှုန်းလိုအပ်ချိန်ဖြစ်ရမယ်။ လိုအပ်ချိန်ဆိုတာ သက်နှုန်းဝတ်စရာ မရှိတာကို ပြောတာ၊ ချည်သက်နှုန်းရှိပါလျက် ပိုးသက်နှုန်း လိုအပ်တာမျိုး မဟုတ်ဘူးနော် ထားပါတော့။ ရဟန်း ကလဲ သက်နှုန်းမရှိချိန်ဖြစ်ပြီး အလှူရှင်ကလဲ မုဋ္ဌစေတနာ ထက်သန်ပြီး သက်နှုန်းလှူရှန်လဲ တတ်နိုင်မယ်ဆိုပါက အကျိုးမြတ်မှာ ချည်းပါပဲ မောင်ကျောက်တိုင်။ တကယ်တော့ သက်နှုန်းကာလ ဆိုတာ လူတွေအတွက် ပြောတာမဟုတ်ပါဘူး၊ ရဟန်းတွေ အတွက် ပါ "

## ကာလသက်နှုန်းဆိုတာ

" ဒီနေရာမှာ ကာလသက်နှုန်းနဲ့ အကာလသက်နှုန်းသိပို့ ဝါဆိုသက်နှုန်း အကြောင်းပါ ပြောပြမယ်။ တောင်မြို့ဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့ ဘုရားဥပဒေတော်ကြီး ' နိဿဂ္ဂိပါစိတ်၊ ပဏ္ဏဝဂ်၊ အစွဲကစိဝရသိက္ခာပုဒ် ' က ဆရာတော်ကြီးရဲ့ မှတ်ချက်ကို ထုတ်ပြပါ့မယ်။

" ဝသဝါသိက သင်္ကန်းဟူသည် ဝါတွင်း ကာလပတ်လုံး ဝါမကျိုးအောင် နေပြီးသော ရဟန်းများအား လှူအပ်သော သင်္ကန်းတည်း ယခုကာလ၌ကား ဝါမဆိုခင် (ဝါဆိုသည့် အခါဝတ်ဖို့ ရန်)ဝါဆိုသင်္ကန်းလှူလေ့ရှိကြ၏။ ထိုဝါဆိုသင်္ကန်းသည် ဝသဝါသိက သင်္ကန်းမဟုတ် "တဲ့

" တစ်ခါ ဆရာတော်ကြီးက "သင်္ကန်းကာလ" ဟူသည် ကထိန်အကျိုး(အာနိသင်)မရလျှင် သီတင်းကျွတ် လပြည့်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လတည်း ကထိန်အာနိသင်ရလျှင် တစ်ပေါင်းလပြည့်အထိ ငါးလတည်း။ ထိုလရက်အတွင်း၌ အဓိဋ္ဌာန် မတင် ဝိကပ္ပနာ မပြုဘဲ သင်္ကန်းထားနိုင်သောကြောင့် 'သင်္ကန်း ကာလ' ခေါ်ကြောင်း ရေးထားပါတယ် ရှင်းလား "

" ရှင်းပါတယ်အစ်ကို ရဟန်းတွေအတွက် သင်္ကန်းကာလဆိုတာ ကထိန်အာနိသင် မရရင် သီတင်းကျွတ်လပြည့်က တန်ဆောင်မုန်း လပြည့်အထိ တစ်လ၊ ကထိန်အာနိသင် ရရင် တပေါင်းလပြည့်အထိ ငါးလ၊ သင်္ကန်းကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ထားလို့ ရတယ်။ ကျန်အချိန်တွေမှာ မရဘူးဆိုတာ သဘောပေါက်ပါတယ်"

" ဟုတ်ပါပြီ မောင်ကျောက်တိုင် အခုကထိန်သင်္ကန်း လှူတာမှ မြတ်တာမဟုတ်ကြောင်းကို တောင်မြို့ဂန္ဓာရုံဆရာတော်ကြီး

အရှင်ဇနကာဘိဝံသ နောက်ဆုံး ဟောကြားသွားတဲ့ 'သာသနာရေး ဩဝါဒ' တိတ်ခွေတရားတော်ထဲက ကထိန်သင်္ကန်းအကြောင်းနဲ့ ဆိုင်ရာ ကူးယူထားတာကို ကောက်နုတ်ဖတ်ပြပါအုံးမယ်။"

**ကထိန်သင်္ကန်းနဲ့ အခြားသင်္ကန်းလှူရကျိုးတူမတူ**

" ကထိန်ဆိုတဲ့ ဥစ္စာဟာ သံဃိက အထမြောက်မှ ဖြစ်တယ်။ အခုကထိန်အမက သာသနာကို ဘယ်လောက်ကိုးကွယ် သလဲ ဆိုတာတော့ မပြောနဲ့တော့။ သူမမွေးခင် အဖေအမေတွေက ဆရာတော်ကြီးတွေနဲ့ ကိုးကွယ်လာတယ်။ သူလဲ အခုထက်ထိ ကထိန်ဟာ ဘယ်လိုဆိုတဲ့ ဥစ္စာကို မပိုင်သေးဘူး " ဆရာတော်ဖို့ ဆရာတော်ဖို့" နဲ့ " တဲ့ ဒီဖို့မဟုတ်ဘူး သံဃိက " လို့ပြောနေရ တယ် (လ)

" ဘုတ်သင်္ကန်း ဘယ်သူရသတုန်းဆိုတော့ အကြီးဆုံး ဆရာတော်ရတယ်။ များသောအားဖြင့် အဲဒါကြောင့် မှန်းကတဲက အကြီးဆုံး ဆရာတော်ကို မှန်းတယ်။ ပစ္စည်းကိုလဲ အကြီးဆုံး ဆရာတော်ပဲ မှန်းတယ်၊ အကြီးဆုံး ဆရာတော်ကို မှန်းတယ်ဆိုက တဲကိုက နှုတ်ကဘယ်လောက်ပဲ 'သံဃဿဒေမ' ဆိုနေနေ သူတို့စိတ်က ပုဂ္ဂလိက ဖြစ်နေတယ်၊ ပုဂ္ဂလိက မှန်းတယ်၊ ကထိန် စစ်စစ်မဖြစ်တော့ဘူး ဒါကြောင့် **ကထိန်စစ်စစ်** ဖြစ်အောင်

'သံဃာသဒေမ' သံဃာအား လှူဒါန်းပါတယ်ဆိုရမယ် (လ)

" ဘာဖြစ်လို့ ကထိန်ပေါ်လာရတာလဲဆိုတော့ မြတ်စွာဘုရား လက်ထက်က အားလုံးသံဃာတွေဟာ သင်္ကန်းသုံးထည်သာ ရှိတယ်။ တစ်ပါးသုံးထည်ထက် မပိုကြဘူး(လ)

" တချို့ကဆိုရင် ကထိန်မခင်းရင် ဗုဒ္ဓဘာသာထုံးစံ မဖြစ်သလိုပဲ။ အဲဒါကြောင့် တချို့က နှစ်စဉ် ခင်းလာကြတာ။ ကထိန် ကထိန်နဲ့ အဲဒီလို နှစ်စဉ်ခင်းတဲ့အတွက် သံဃာတော်များ မတော့ သင်္ကန်းရ ပါတယ်။ ဒါပေမယ်လို့ သင်္ကန်းမရှိတဲ့ ဖုဂ္ဂိုလ်မဟုတ် တော့ သိပ်မထူးလှဘူး၊ ဒါကြောင့် သင်္ကန်းရပေမယ့် သိပ်မထူးလှဘူး ယခုလို တိုက်ကြီးတွေကျတော့ သင်္ကန်းမှုတရုံလောက်ပဲ ရှိပါလိမ့်မယ်။ ရဟန်းတွေအတွက်တော့ တော်တယ်လို့ ဆိုရမယ် (လ)

" ကထိန်ဆိုတဲ့ ဥစ္စာ ရှေးက သင်္ကန်းရှားပါးတဲ့ခေတ်က အရေးတကြီး 'သံဃာသဒေမ' သင်္ကန်းရှားပါးတဲ့ ပုဂ္ဂိုလ်ရရော (လ)

" သံဃိက ဆိုတော့ ဒီအချိန် (ကထိန်ကာလ) သံဃိက လှူဒါန်းမှု ကုသိုလ်ပိုရသလား၊ ဒီပြင် အချိန် သံဃိက သင်္ကန်းလှူဒါန်း ရင်ကော ကုသိုလ်မရဘူးလား။ ဒီပြဿနာပေါ်လာတယ်။ ရပါတယ်၊ ဒီအချိန်လဲရတယ်၊ ဟိုအချိန်က ဒီကာလမို့လို့ ပိုရတာမဟုတ်ဘူး၊

သို့သော်လဲ ဒီအချိန် ဒီကာလမှ ပိုရတယ်လို့တော့ ဟောကြတာ ပေါ့လေ။ ဟောပေမယ်လို့ သဘာဝက ဒီလိုမဟုတ်ဘူး။ သံဃာတွေ သက်နီးရတဲ့အတွက်ကြောင့် လွတ်လပ်ခွင့် မပေးဘူး။ လွတ်လပ်ခွင့် မပေးပေမယ့် အဲဒီ လွတ်လပ်ခွင့် ရတဲ့ဥစ္စာကို အသားကြီးယူပြီးတော့ လွတ်လပ်ခွင့် ရလို့ အကျိုးများတယ်ကြီး ဖြစ်ရော၊ ဒီလိုမဟုတ်ဘူး လွတ်လပ်ခွင့်ကိုက နဂိုတင်းတင်းကြပ်ကြပ် နေတဲ့ ပုဂ္ဂိုလ်မှာ လွတ်လပ်ခွင့် မထူးပါဘူး ဒီအတိုင်းပါပဲ။ "(လ)

" ဒီပြင် အခါမှာ သံဃိကလှူလဲ အကျိုးရတယ်။ ဒီအခါ (ကထိန်ကာလ) လှူတဲ့သင်္ကန်းက ပိုအကျိုးများတယ်လို့ မမှတ်ပါနဲ့။ သံဃိက ဘယ်လောက်အကျိုးရတယ် ဆိုတာတော့ ဗုဒ္ဓမြတ်စွာ က သာသနာဆုတ်ပြီး ကိုယ်တော်တွေက ဒီလိုသင်္ကန်း ပီပီသသ မဝတ်ကြတော့ဘူး၊ လယ်ပင်းမှာ သင်္ကန်းပတ်ထားရုံ လေးပဲရှိမယ် ဒါတောင် 'သံဃသသဒေမ' သံဃာအား လှူပါတယ် လို့ဆိုရင်ပဲ အများကြီး ကုသိုလ်ရတယ် " လို့ စသည် ဟောထားပါတယ်။

" အဲဒါ ငါကူးထားတာကို မောင်ကျောက်တိုင် အား ဖတ်ပြလိုက်တာပါပဲ။ ငါ့အဘဘော် ပြောတာ အပြင် ဆရာတော်ကြီး အာဘော်ကို အကျယ်တင်ပြလိုက်တာပါ။ 'သံဃသသဒေမ' သံဃာအား ရည်စူးလှူရင် ဝါဆို၊ ကထိန်မှမဟုတ်ပါဘူးဘဲ

ဘယ်အချိန် လှူလှူ အကျိုးထူးပါသတဲ့။"

" ဒါနဲ့ အစ်ကို ကျွန်တော်တို့ ရွာကျောင်းမှာ ဘုန်းကြီးကလဲ တစ်ပါးပဲရှိတာ ကျွန်တော့်ဦးလေးအပါအဝင် အချို့ကလဲ ကိုယ့်ကျောင်းမှ ကိုယ့်ကျောင်းပဲ ကထိန်ခင်းချပ်ကြတာ။ လှူဒါန်း ကတဲက သံဃာမရည်စူးပဲ ပုဂ္ဂိုလ်ရည်မှန်းထားကြတာ ဆိုတော့ ဂန္ဓာရုံ ဆရာတော်ကြီး မိန့်သလိုဆိုရင် ကထိန်မြောက်ပါ့မလား "

" ဒါတော့ ကထိန်ဒါယကာ ပေါ်မှာပဲမူတည်တယ်လို့ ထင်ပါတယ်။ အစကတဲကိုက နှစ်စောင့်၊ တန်းစီပြီး ဒီကျောင်းမှ ဒီကျောင်းဆိုပြီး တစ်ပါးတည်း နေတဲ့ကျောင်းပဲ ဖြစ်ဖြစ် သုံး/လေး/ ငါးပါးနေတဲ့ ကျောင်းပဲ ဖြစ်ဖြစ် ကျောင်းထိုင် ရည်စူးလှူရင် ကထိန် မမြောက်ဖို့များပါတယ်။ ဒါကြောင့် ဂန္ဓာရုံဆရာတော်ကြီး မိန့်သလို ဘယ်ကာလပဲ လှူလှူ 'သံဃသသဒေမ' လှူတာ အကောင်းဆုံးပါပဲ"

" ဟုတ်ကဲ့ အခုလို သိရတာ ကျေးဇူးတင်ပါတယ်အစ်ကို ကျွန်တော် ပြန်ပါအုံးမယ် "

ဓမ္မရုံသီ

# အနုမာနဖြင့် မှန်းဆသော်

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" အစ်ကို အခုကျွန်တော်တို့ခေတ်မှာ ဆန်းဆန်းပြားပြား ပညာတွေ အတော်ထွန်းကားတာပဲနော် "

" ဟုတ်ပါတယ် မောင်ကျောက်တိုင် အိုင်တီခေတ်ကြီးပဲ "

" အဲ့ ရှေးဘုရားရှင်တွေ လက်ထက်မှာ ဒီလိုထူးဆန်းတာတွေ ရှိခဲ့ဖြစ်ခဲ့ပူးသလား အကို "

" အခုခေတ်လို ထူးထူးဆန်းဆန်း ခေတ်ပညာနည်းတွေ ကျမ်းစာအုပ်တွေထဲမှာ ဟောထားတာ မရှိပါဘူး "

" ကျွန်တော့်အထင်တော့ အခုခေတ်ကျမှ ခေတ်မီပညာတွေ ပေါ်ပေါက်လာတယ်ထင်တာပဲ "

" ဟာ အဲလို ပြောလို့တော့ ဘယ်ရမလည်း မြတ်စွာဘုရား မဟောခဲ့တိုင်း မရှိခဲ့၊ မဖြစ်ခဲ့လို့ ပုံသေတွက်မထားနဲ့လေ၊ မြတ်စွာဘုရားရှင်တို့ မည်သည် အကျိုးရှိမဲ့အရာကိုသာ ဟောတော်မူခဲ့တာ၊ အကျိုးရှိတာတောင် အချို့မေးလျှောက်မှ ဟောတာမျိုး ရှိတယ်၊ ဘုရားရှင်သိပေမဲ့ မဟောခဲ့တာတွေ အများကြီးရှိတယ်"

" ဒီဆိုရင်အခု ခေတ်ပေါ်တာတွေက လူတွေအတွက် အကျိုး မရှိဘူးလား "

" ဒါပေမယ့် အခုခေတ်အင်တာနက်စတဲ့ ပညာတွေက အကျိုးရော၊ အပြစ်ရောရှိတယ်လေ၊ ပြီးတော့ ဘုရားရှင်တို့သည် ရုပ်ပိုင်းတိုးတက်မှုထက် စိတ်ပိုင်းတိုးတက်မှုမျိုးကိုသာ ဦးစားပေး ဟောကြားတော်မူကြတာ ကြည့်လေ.. ကျမ်းစာတွေထဲမှာ ဗောဓိပက္ခိယ (၃၇)ပါး စသည်မဟုတ်လား အနှစ်ချုပ်တော့ သီလ၊ သမာဓိ၊ ပညာပဲပေါ့၊ ဘုရားဟောက အပြစ်ဆိုစရာကို မရှိဘူး "

" ဟုတ်ပါတယ်၊ ကျွန်တော်စဉ်းစားတာက ဘယ်ကမ္ဘာ၊

ဘယ်ကာလမှမပေါ်ဘဲ အခုခေတ်မှ ဒီမျိုးတွေ ပေါ်ဟယ်ထင်တာ အစ်ကိုရ ”

“ အဲဒီလို မဟုတ်နိုင်ဘူးလေ၊ ရုပ်ဝါဒနဲ့ နာမ်ဝါဒ တိုးတတ်မှုက မတူပေဘူး၊ ထားပါတော့၊ ဘုရားဖြစ်ဖို့ ဘယ်နှသင်္ချေပါရမီ ဖြည့်ရသတဲ့လဲ ”

“ ပညာဓိကဘုရားသည် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိကဘုရားသည် ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိက ဘုရားသည် တစ်ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့် ရတယ်လို့ ကြားဖူးပါတယ်အစ်ကို ”

“ ဟုတ်ပြီ တစ်အသင်္ချေဆိုတာကရော ”

“ ကမ္ဘာပေါင်း မရေမတွက်နိုင်ပါဘူးတဲ့အစ်ကို ”

“ ကဲ... ဘုရားဖြစ်ဖို့ လွယ်သလား ခက်သလား ”

“ ဘုရားဖြစ်ဖို့ အလွန်ခက်ပါတယ် အစ်ကို ”

“ ဟုတ်ပြီ ဒုလ္လဘငါးပါးဆိုတာ ရှိတယ်၊ ဘုရားဖြစ်ရန် (သာသနာတွေ့ရန်)လဲ ခဲယဉ်းတယ်၊ လူဖြစ်ရန်လည်း ခဲယဉ်းတယ်၊ ရဟန်းဖြစ်ရန်လည်း ခဲယဉ်းတယ်၊ သဒ္ဓါတရားနဲ့ ပြည့်စုံသူဖြစ် ရန်လည်း ခဲယဉ်းတယ်၊ သူတော်ကောင်း တရားနာကြားရန်လဲ အလွန့်အလွန်ခဲယဉ်း သတဲ့ ”

" အစ်ကို ဘာကိုပြောချင်တာလဲ "

" ဘာကိုပြောချင်တာလဲဆိုရင် မင်းစိတ်ထဲမှာ ကွန်ပျူတာတို့ စမတ်ဖုန်းစသည်တို့က ဟိုကမ္ဘာ ဒီကမ္ဘာတွေကလဲ ပေါ်ဘူးမှာမဟုတ် အခုသာပဲ ပေါ်လာတယ်ဆိုလို့ ပြောချင်တာပါ၊ အခုကမ္ဘာမှ လေးအသင်္ချေအထက် သက်တမ်းတိုတဲ့ဘုရား၊ ဘုရားရှင်ဟော ထားတာမရှိလို့ မသိရဘူး၊ အခုဂေါတမမြတ်စွာရှင် ပါရမီဖြည့်ခဲ့တဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပွင့်ခဲ့ကြတဲ့ ဘုရားရှင်တွေထဲမှာ သက်တော်အတိုဆုံး မြတ်စွာဘုရားရှင်ဟာ တို့ဂေါတမ မြတ်စွာ ဘုရားပဲဖြစ်တယ်။

" အခု ကမ္ဘာမှာ သုံးဆူမြောက်ပွင့်သွားတော်မူတဲ့ ကဿပ မြတ်စွာဘုရားရှင်တောင် သက်တမ်း နှစ်သောင်းမှာ ပွင့်သတဲ့ တို့ဂေါတမမြတ်စွာဘုရားကျတော့ သက်တမ်းတစ်ရာမှာ ပွင့်တော် မူတယ်ဆိုတော့ ဘယ်လောက်ကွာခြားလဲ သက်တမ်းရှည်တဲ့ ခေတ်မှာ ပွင့်တော်မူကြတဲ့ ဘုရားတွေလက်ထက်မှာ အတိုက်အခံတို့၊ မိစ္ဆာဒိဋ္ဌိတို့ နည်းပါးတယ်လို့ဆိုတယ်။

" ဆိုပါစို့၊ ပဒုမုတ္တရ မြတ်စွာဘုရားရှင်သည် သက်တမ်း တစ်သိန်းမှာ ပွင့်တော်မူပါတယ် ၊ အဲ့ဒီ ပဒုမုတ္တရ ဘုရားရှင်ရဲ့ လက်ထက်မှာ ထူးခြားတာကတော့ သာသနာပြင်ပ တိတ္ထိ

အယူရှိသူတွေ အကုန်လုံး သာသနာအတွင်းဝင်ပြီး ရဟန်းပြုကြသတဲ့၊ ရဟန်းမပြုနိုင်သူတွေဟာ အနည်းဆုံး သရဏဂုံသုံးပါးနဲ့ ငါးပါး သီလတော့ ခံယူဆောက်တည်ကြပါသတဲ့"

" သက်တမ်းရှည်တဲ့ခေတ်မှာ လူတွေဟာ သီလစသည် မြဲကြသတဲ့၊ ရာသီဥတုကလဲကောင်း အစာအာဟာရကလဲကောင်း၊ မိုးလေဝသကလည်းမှန်သတဲ့ ဆန်းပြားတဲ့ လက်နက်စသည် တွေလဲမရှိဘူးတဲ့။ ဟော သက်တမ်းတဖြည်းဖြည်း တိုတိုလာပြီး သက်တမ်းငါးထောင် အောက်မှာ ခိုးမှုကစပြီး ငါးပါးသီလတွေ မလုံခြုံတော့ပဲ လူတွေပျက်စီးလာတယ်လို့ စက္ကဝတ္တိသုတ်မှာ ဆိုထားတယ်.

" အခု သက်တမ်းတစ်ရာမှာ လာပွင့်ရတဲ့ ဂေါတမမြတ်စွာဘုရား လက်ထက်မှာ အကျင့်ပျက်သူတွေ အလွန်ပေါတယ် မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ သာသနာပြင်ပ ပုဂ္ဂိုလ်တိတ္ထိတွေပေါ်များတယ် အဲဒီနောက် အခုထိ သာသနာရှိသေးသော်လည်း သက်တမ်းက တစ်ရာမရှိတော့ပဲ ခုနစ်ဆယ့်ငါးနှစ် သက်တမ်းရောက်နေပြီလို့ ဆိုကြတယ်...

" ဒါကြောင့်သက်တမ်းက တဖြည်းဖြည်းတိုလာတော့ ရာသီဥတုက ဖောက်ပြန် မိုးလေဝသက မမှန်၊ အစာအာဟာရ ကမကောင်း လူတွေကလဲ အကျင့်စာရိတ္တတွေပျက် အဲလို

သက်တမ်းတိုတဲ့ ဆုတ်ကပ်ခေတ်မှာ လက်နက်ဆန်း ပစ္စည်းဆန်း တွေ ပေါ်လာသလို၊ အခုရောဂါဆန်းတွေမျိုးစုံလှတယ် အများကြီးပဲ လူတွေကလဲ တစ်ဦးနဲ့တစ်ဦး မေတ္တာမထား နိုင်ကြ တော့ဘူး မောင်ကျောက်တိုင်...

" ခုနပြောတဲ့ဒုလ္လဘ ငါးပါးသာ ခဲယဉ်းတာပါ မင်းပြောတဲ့ အိုင်တီခေတ်ပစ္စည်းတွေ တည်ထွင်တာက ဒုလ္လဘ ခဲယဉ်းတဲ့အထဲ မပါပါဘူး နောင်သက်တမ်းဟာ ဆယ်နှစ်ထိ ဆုတ်သွားမယ် လို့ ဆိုပါတယ် ဟောထားတာတစ်ခုတော့ရှိပါတယ်၊ သက်တမ်း တိုတဲ့ ကာလရောက်လေလေ လက်နက်ဆန်း ပစ္စည်းဆန်းတွေ ပေါ်ထွက် လေလေတဲ့

" ဒီတော့၊ မောင်ကျောက်တိုင် စဉ်းစားပေါ့ကွာ၊ ဒီအဆန်း ပညာတွေက သက်တမ်းရှည်ခေတ်မှာ မပေါ်ခဲ့ပေမဲ့ သက်တမ်းတို ခေတ်မှာ ကေန်ပေါ်မှာပါ။ အဲဒါတွေအထင်မကြီးပါနဲ့၊ ဘဝဆိုတာ တိုတောင်းပါတယ် ကြီးငယ်မဟူ သေတတ်တာမို့၊ ခေတ်ပညာတွေ နောက်ကို ချည်းလိုက်မနေပါနဲ့ မင်းတို့ငါတို့ အသက်တွေဟာ ကြီးနေကြပြီ မဟုတ်လား အခုအခါ ဘုရားသာသနာနဲ့ ကြုံတုန်း တရားအားထုတ်ဖို့ပဲ မောင်ကျောက်တိုင် "

ဒါတော့ ဟုတ်ပါတယ်အစ်ကို ကျွန်တော်က အခုမှ

ပေါ်တယ်ထင်လို့ပါ ”

“ မပာတ်ဘူးကွ တို့မဖြစ်သေးတာ မရောက်သေးတာ တော့ရှိပေမယ့် ကျန်တာအားလုံးက ကြုံခဲ့ရတာချည်းပါပဲ ”

“ ဘာတွေမဖြစ်သေးတာ မရောက်သေးတာလဲ အစ်ကို ”

“ တို့မဖြစ်သေးတာက အရိယာ မဖြစ်သေးဘူးလေ အရိယာ မဖြစ်သေးဘူး ဆိုမှတော့ သောတာပန်မှ – ဘုရားအထိ မဖြစ်ခဲ့သေးဘူး တစ်ခါ သုံးဆယ်တစ်ဘုံမှာလဲ သုဒ္ဓါဝါသ ငါးဘုံမှလွဲရင် မရောက်ဘူးတဲ့ ဘုံဘဝ ဆိုတာမရှိဘူးတဲ့ ၊ တစ်ခါကတစ်ခါ ဘဝငါးရာ ဘဝတစ်ထောင် စသည်ဆက်ဖြစ်တာ ရှိသတဲ့၊ တို့ဘုရား လက်ထက်က သူကြွယ်တစ်ယောက်ဟာ သူသားအား သူသေသွား ရင် ဘယ်သူမှ မမြုပ်တဲ့နေရာကို မြုပ်ပါလို့ဆိုပြီး တောင်ကြားက နေရာတစ်ခုကို ပြသတဲ့၊ အဲဒီအကြောင်း ဘုရားရှင်သိလို့ သူကြွယ် အား “ သင်သေလို့ ဒီနေရာမြုပ်တာ ဘဝငါးရာရှိပြီ ”လို့ မိန့်တော်မူလိုက်သတဲ့၊

“ ဒါကြောင့် ဒီအိုင်တီစသည် ပညာတွေကိုလဲ ကမ္ဘာတစ်ခုခုက တွေ့ကြုံခဲ့ရမှာ သေချာပါတယ်၊ ဒါအနုမာနအနေနဲ့မှန်းဆ ပြောတာပါ၊ မမှန်နိုင်စရာမရှိပါဘူး ကောင်းကင်မှာ မီးခိုးတွေ အများကြီး မြင်ရရင် တစ်နေရာရာ မီးလောင်နေတာလို့ ပြောနိုင်ပါတယ် တစ်ခါ အောက်

အရပ်က မြစ်ထဲရေပြည့် ရေလျှံနေတယ်ဆိုရင် အထက်အညာမှာ မိုးကြီးရွာနေကြောင်း သိရသလိုပေါ့ ”

“ ဟုတ်ကဲ့ပါ အစ်ကို ”

“မြတ်စွာဘုရားရှင်က အနမတဂ္ဂသုတ်မှာ ခုနငါးပြောတာတွေက လွဲရင် မရောက်ဘူးတဲ့ဌာန၊ မရောက်ဘူးတဲ့ ဘုံဘဝဆိုတာ မရှိပါဘူးတဲ့၊ ဖျက်စီကွယ်ခဲ့ရတဲ့ ဘဝပေါင်း၊ ခြေကျိုး ခဲ့ရတဲ့ ဘဝပေါင်း၊ ဇရဲခံခဲ့ရတဲ့ ဘဝပေါင်း စသည်ဖြင့် ကြုံခဲ့ရမှာပါ၊ အဲလိုပဲ ထူးဆန်းတာတွေလဲ သံသရာမှာ ကြုံခဲ့ရတယ်ဆိုတာ သေချာပါ တယ်”

“ ဟုတ်ကဲ့ပါ အစ်ကို ဘယ်ဟာကဖြစ်ရန်လွယ်တယ်၊ ဘယ်ဟာကဖြစ်ရန် ခဲယဉ်းတယ်ဆိုတာ ကျွန်တော်နားလည်း သွားပါပြီ၊ ကျွန်တော်တို့ အရွယ်တွေဟာ အိုင်တီခေတ်ကိုသာ အထင်ကြီးပြီး၊ တရားဘက်မေ့လျော့နေရင် လူဖြစ်ရှုံးသွားမှာပေါ့၊ ကဲ...ကျွန်တော်လဲပြန်လိုက်ပါအုံးမယ် ”

“ ကောင်းပါပြီဗျာ ”

မေမွှရုံသိ

# ဘယ်သူ နှစ်နာမလဲ

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" ဘကြီး တစ်ယောက်တော့ အယူမှားသွားပြီထင်တယ် အစ်ကို "

" ဟေ ဘယ်လိုဘယ်သို ဖြစ်လို့လဲကွာ "

" ဘုန့်နယ် (ရွာတွေ)က ဘုန်းကြီးတွေ မကြည်ညိုတော့လို့တဲ့"

" ဟာ... ဘာကြောင့် မကြည်ညိုတာလဲ "

" အကြောင်းတော့ရှိမှာပေါ့။ အဲဒီအကြောင်းက ဘာတွေလည်း ဆိုတာတော့ မသိပါဘူးဗျာ၊ သို့သော်လဲ အဲဒီဘကြီးက သူတို့ဆီက ဘုန်းကြီးအချို့ ဘုရားမကြိုက်တာတွေ လုပ်နေကြလို့တဲ့ "

" ဒါကတော့ကွာ တစ်နိုင်ငံလုံးခြုံကြည့်ရင် ဆွမ်းဆန်ထဲ ကြွက်ချေးရောတာမျိုးတော့ ရှိမှာပေါ့၊ ရဟန်းသံဃာတွေထဲမှာ အကျင့်သိက္ခာနဲ့ ပြည့်စုံတော်မူကြတဲ့ အရှင်သူမြတ်တွေ အများ ကြီးရှိပါတယ်၊ ပုဂ္ဂိုလ်ကို မကြည်ညိုချင်နေပါ၊ သံဃာကို ရည်စူးပြီး ကြည်ညိုသင့်ပါတယ် "

" တကယ်တော့ ရဟန်းတော်တွေရဲ့ ကျေးဇူးဟာ အလွန်များ ပါတယ်၊ အရက်သေစာ သောက်တဲ့ရဟန်း၊ ညစာစားတဲ့ရဟန်း၊ မာတုဂါမနဲ့ ရောယှက်တဲ့ရဟန်းစတဲ့ အချို့ရဟန်းဆိုးတွေ ရှိတာမှန်ပါတယ်၊ သို့သော် ရဟန်းမှန်ရင် ဒီပုတ်ထဲကပဲ ဒီပဲပဲလို့ချည်း သတ်မှတ်လို့ မရဘူး မောင်ကျော်ကိုတိုင် "

" ဟုတ်ကဲ့ "

" ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသရဲ့ တရားတော် တစ်ပုဒ်ထဲမှာ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဘာသာဝင် သန်းခြောက်ဆယ် လောက်ရှိသတဲ့၊ တို့နိုင်ငံက သန်းငါးဆယ်ကျော်ပဲ ရှိတာဆိုတော့ ဗုဒ္ဓဘာသာဦးရေ တို့နိုင်ငံထက်တောင် များနေသေးတယ်၊ ဒါပေမယ့် ကိုးကွယ်ရမဲ့ ရဟန်းသံဃာမရှိဘူးတဲ့၊ ရဟန်းသံဃာမရှိမှတော့ ပရိယတ္တိ၊ ပဋိပတ္တိ ဘယ်ရှိတော့မလဲ၊ အခုဗုဒ္ဓဘာသာ ထေရဝါဒ ပါလို့ဆိုတဲ့၊ ထိုင်းတို့၊ သီဟိုဠ်တို့၊ ကမ္ဘောဒီးယားတို့၊ လာအို

တို့တောင် မရိယတ္တိပိုင်း မသင်ကြားတော့ဘူးတဲ့ ”

“ တို့နိုင်ငံဘာ ရဟန်းတော်တွေ ပရိယတ်သင်ကြားတာ ရှိတော့သတဲ့၊ တို့နိုင်ငံကတော့ ရဟန်းတော် ရှင်သာမဏေတွေအပြင် သီလရှင်၊ လူပုဂ္ဂိုလ်တွေအထိ သင်ကြားနေကြတာ ရှိပါတယ်၊ အဲလိုရဟန်းရှင်လူ ပရိယတ်သင်နေရတာကလဲ စာသင်ပေးမဲ့ ရဟန်းတော် အရှင်မြတ်တွေ ရှိနေလို့ပဲ လူလူချင်း သင်တယ်ပဲဆိုအုံး ရဟန်းတွေထံကမှ လူတွေကလည်း သင်ယူတတ်မြောက် လာကြတာပါ။ ဒါကြောင့် ရဟန်းတော်တွေရဲ့ ကျေးဇူးဟာ အလွန်များပါတယ်၊ ရွှေကျင်ဆရာတော်ကြီး အမိန့်ရှိသလို ကန်ရေသောက်ချင် တယ်ဆိုရင် မှော်အမှိုက်ကို ဖယ်သောက်ပေါ့ကွာ.”

“ ဟုတ်ကဲ့ အစ်ကို ”

“ တစ်ခါပြောအုံးမယ် မြတ်စွာဘုရားရှင်က...

“ သဗ္ဗပါပဿ အကရဏံ ကုသလဿ ဥပသမ္ပဒါ။

သစိတ္တပရိယောဒပနံ ဧတံ ဗုဒ္ဓါနသာသနံ။ လို့ ဓမ္မပဒ၊ ဗုဒ္ဓဝဂ် အာနန္ဒတ္ထေရ ပညာဝတ္ထုမှာ ဟောတော်မူရှိတယ်၊ လူတိုင်းလိုလို ဒီဂါထာကို ရကြတယ်။ အဓိပ္ပါယ်လိုရင်းက ‘မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားတဲ့’။ အဲဒီဘုရားရှင် မိန့်ကြားတော်မူတဲ့ တရားတော်ဟာ ဘုရားရှင်က အရှင်မြတ်အတွက်

မိန့်တော်မူတာလား၊ သတ္တဝါဝေနေယျတို့ လိုက်နာကျင့်သုံးရန် မိန့်တော်မူတာလား"

" သတ္တဝါဝေနေယျတွေ လိုက်နာရန်ပါ အစ်ကို "

" ဟုတ်ပြီ ဒါဆို မင်းပြောတဲ့ ဘကြီးသည် ကိုယ်လုပ်ရမဲ့ အလုပ်ကို ဘုန်းကြီးအချို့အပေါ် မကြည်ညိုတာနဲ့ ကိုယ့်အခွင့် အရေးကို အဆုံးအရှုံး ခံလိုက်တာပဲ "

" ဒါပေမယ့် အစ်ကိုရဲ့ သူ့ဥပုသ်မစောင့်တာက သူ့မှာ ဘာအကုသိုလ်မှ မရှိလို့ပဲတဲ့ "

" ဪ... ဒါဆိုရင် မင်းဘကြီးဆိုသူက အရိယာလား "

" ဟာ... အရိယာမဟုတ်၊ မဟုတ်ပါဘူးအစ်ကို "

" ဒါဆိုအရိယာမဟုတ်တဲ့အတွက် ဘာအကုသိုလ်မှမရှိဘူးဆိုတာ ဟုတ်နိုင်ပါ့မလား မောင်ကျောက်တိုင် "

" အရိယာမဖြစ်သေးရင် အကုသိုလ်ကတော့ မကင်းနိုင်ပါဘူး"

" ဘယ်ကင်းနိုင်မလဲကွ၊ အနုသယရှိနေမှတော့ ပရိယုဋ္ဌာနမရှိပဲ နေမလား၊ ကိုယ်ထိလက်ရောက် ဝီတိက္ကမ မလွန်ကျူးသည့်တိုင် အနုသယအကုသိုလ်တို့ ပရိယုဋ္ဌာနအကုသိုလ်တို့က- ရှိနေမှာ သေချာတယ်။ အေး အဲဒါတွေထားပါတော့၊ ဥပုသ်စောင့်တာ မိမိ အတွက် ကောင်းကျိုးလား၊ ဘုရားရှင်အတွက် ကောင်းကျိုးလား"

မိတ်ဆွေစာပေ

“ ကိုယ့်အတွက်ကောင်းကျိုးပါ အစ်ကို ”

“ မြတ်စွာဘုရားရှင်သည် ဗောဓိပင်အောက် ရွှေပလ္လင်ထက်ကတဲက ဘဝသစ်လဲမဖြစ်တော့ဘူး၊ မြတ်သောအကျင့်လည်း ကျင့်သုံးပြီးပြီ စသဖြင့် ဘုရားရှင်တို့ ပြုဖွယ်ကိစ္စတွေ လုပ်စရာမရှိတော့ဘူး၊ ဘုရားရှင်ဟောကြားတဲ့၊ (သို့မဟုတ်) ဘုရားရှင်၏ တရားတော်တို့ကို တဆင့်ဟောကြားတဲ့ ရဟန်းသံဃာတော်တွေရဲ့ အဆုံးအမကို တို့လူတွေက လိုက်နာကျင့်သုံးရမယ်။

“ မောင်ကျောက်တိုင်ကို ငါမေးမယ်၊ ဘုရားရှင်ကို ရှိခိုးတာ ဆွမ်းကပ်တာ စသဖြင့်ပေါ့ အဲဒါ မြတ်စွာဘုရားမှာ ဘယ်လို အကျိုးရှိသလဲ ဘာအကျိုးမှ မြတ်စွာဘုရားက ခံစားမှာ မဟုတ်ပါဘူး၊ သို့သော် ကိုယ်ပြုလိုက်တဲ့ ကုသိုလ်ကံကတော့ အချည်းအနှီး ဖြစ်သွားသလား ”

“ ဟာ ဘယ်ဖြစ်မှာတုန်း အစ်ကို ”

“ ဒါနဲ့ ကြုံတုန်းပြောအုံးမယ် အခုလူတွေ ကျိုက်ထီးရိုး၊ ရွှေစက်တော်၊ တိုင်းကြီးအင်းလေး စသည်ဖြင့် တန်ခိုးကြီးဘုရား စေတီတွေကို သွားရောက်ဖူးမြော်ကြတယ်။ အဲဒါတကယ်တော့၊ ဖြူးဆရာတော် အရှင်နရပတိ ဟောကြားထားသလို ဘုရားပယ် ယာဉ်တွေပါ။ ဘုရားကြည်ညိုဖို့ထက် မရောက်ဖူးတဲ့အရပ် သွားလယ်

မိတ်ဆွေစာပေ

နေကြတာပါ၊ စေတီဘုရားဆိုရင် တန်ခိုးကြီးသော မကြီးသောနဲ့ မဆိုင်ပါဘူး၊ ဘယ်ဘုရားစေတီဖြစ်ဖြစ် သက်တော်ထင်ရှား မြတ်စွာဘုရား ရည်စူးပြီး ရှိခိုးပူဇော်လျှင်ဒါန်းရင် အကျိုးအတူတူရပါသတဲ့။

" တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေစိတ္တေ သမံဖလံ " လို့ ဝိမာနဝတ္ထုမှာ ဆိုထားပါတယ်၊ ဒါကြောင့် အိမ်မှာကိုးကွယ်ထားတဲ့ ရုပ်ပွားစေတီကို သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်စူး လှူဒါန်း ရှိခိုးပူဇော်နေရင် ဘုရားလည်း မဖူးလဲရပါတယ်၊ မောင်ကျောက်တိုင် ရေ... ဒါကြားညှပ်ပြီး ပြောလိုက်တာပါ။

" ဆိုပါစို့ မြေမြို့သွားကြတဲ့ စိဉ္စမာဏတို့၊ သာကီဝင်မင်းမျိုး သုပ္ပဗုဒ္ဓတို့၊ ဒေဝဒတ်တို့ အပေါ်မှာ မြေမြို့ပါစေလို့ ဘုရားရှင်က လုံးဝဆန္ဒရှိတော်မမူပါဘူး၊ အလားတူ အရှင်သာရိပုတ္တရာအား ဖြစ်မှား လို့ မြေမြို့သွားတဲ့ နန္ဒကဘီလူးအပေါ်၌လဲ အရှင်သာရိပုတ္တရာက မြေမြို့ပါစေလို့ ဆန္ဒရှိမှာ မဟုတ်ပါဘူး။ ဥပ္ပလဝဏ်ဘိက္ခုနီ တော်ကားလို့ မြေမြို့သွားတဲ့ နန္ဒဆိုသူအပေါ်၌လဲ ဥပ္ပလဝဏ်ထေရီက မြေမြို့ပါစေလို့ ဆန္ဒဖြစ်ပေါ်မှာမဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုယ်ပြုသမျှ ကိုယ်သာခံရတာယ် မဟုတ်လား "

" ဟုတ်ပါတယ် အစ်ကို "

" ဒါကြောင့် ဘယ်သူမဆို သီလ၊ သမာဓိ၊ ပညာဂုဏ်

ကြီးမားတဲ့ ရတနာသုံးပါး မိဘတို့ကို သက်ရှိပဲ စော်ကားစော်ကား သက်မဲ့ကိုပဲ စော်ကားစော်ကား ကိုယ်သာအပြစ်ဖြစ်မယ် မဟုတ်လား မောင်ကျောက်တိုင် ”

“ ဟုတ်တာပေါ့ အစ်ကို ”

“ အခုလဲ မင်းပြောတဲ့ ဘကြီး ဥပုသ်မစောင့်တဲ့အတွက် ဘယ်သူအကျိုးယုတ်မှာလဲ ”

“ တို ဘကြီးပဲ အကျိုးယုတ်မှာပါ ”

“ ဟုတ်တယ် အဲဒီဘကြီးပဲ အကျိုးယုတ်မှာ၊ တစ်ခါအဲဒီ ဘကြီးဥပုသ်စောင့်လဲ သမထထူထောင်တယ်၊ ဝိပဿနာပွားများတယ်ဆိုပါစို့ အဲဒီအကျိုးတရားကို ရတနာသုံးပါးနဲ့ မိဘဆရာက ရမှာလား၊ ဘကြီးဆိုသူက ရမှာလား ”

“ ဘကြီးပဲ ရမှာပေါ့ အစ်ကို ”

“ အချို့သူတွေ အရွဲ့တိုက် မှားနေကြတယ်နော်၊ အများအားဖြင့် အခုဖြစ်နေကြတာက ကြားဖူးတဲ့ သားအဖနှစ်ယောက်လို ဖြစ်နေတယ်၊ အဖေကသားကို လိမ္မာရန် ‘ အလုပ်ကြိုးစားရမယ်၊ အပျော်အပါးလိုက်စားခြင်း၊ အရက်မူးယစ် မှိုင်ခြင်းစသည်တို့ ရှောင်ရမယ်” လို့ “အဖေအခုပြောတာက ကျွန်တော့်အဖို့ လား” လို့ မေးတယ် “ဟုတ်တယ် မင်းလိုက်နာဖို့” လို့ အဖေက

ပြောတော့ သားက "ကျွန်တော့်အတွက်ဆိုရင်တော့ ရှိပါစေတော့ ဗျာ"လို့ ပြန်ပြောသတဲ့။"

" အခုအဲလိုလူတွေက များနေတာအစ်ကိုရ "

" ဘုရားရှင်ဟာ အရှင်မြတ်အတွက် ဘာမှမလိုတော့ဘူး၊ ဘယ်သူ့မှ တရားမဟောလဲ ဘာမှမဖြစ်ဘူး၊ မဟောခဲ့ရင် ဝေနေယျ သတ္တဝါတွေ ဒုက္ခရောက်ကြမှာ အမှန်ပဲ၊ အခုဘုရားဟော ထားခဲ့လို့သာ ရဟန်းသံဃာတွေထံက တဆင့်ကြားနာနေကြရတာ၊ အမှန်တော့ ဗုဒ္ဓဘာသာဝင်မှရယ်လို့ မဟုတ်ပါဘူး ဘယ်ဘာသာဝင် ပဲဖြစ်ဖြစ်၊ ကောင်းတဲ့အလုပ်လုပ်ရင် ကောင်းကျိုးရမှာပါ။ မကောင်းတဲ့ အလုပ်လုပ်ရင် မကောင်းကျိုးရမှာပါ "

" မှန်ပါတယ် အစ်ကို "

" အခုကိုယ်က ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဥပုသ်မစောင့်ချင်ဘူး၊ ဆွမ်းမလောင်းချင်ဘူး စသည်တွေဖြစ်ပြီး အခြားရဟန်း သံဃာတွေကိုလဲ အမြင်မကြည်လင်ရင် ကိုယ်ပဲမိစ္ဆာဒိဋ္ဌိ ဖြစ်သွားမှာပဲ မောင်ကျောက်တိုင် "

" ဟုတ်ကဲ့ **အစ်**ကို အခုလိုရှင်းပြတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါအုံး "

**ဝမ္မရံသီ**

## နွားခြေရာခွက်ကိုဝင် လယ်ထင်၍ မရပါ

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။

" အစ်ကို မေးစရာရှိလို့ပါ " ဟု မောင်ကျောက်တိုင်က ခရီး ရောက်မဆိုက် ပြောလိုက်ပါသည်။

" ကဲ... မောင်ကျောက်တိုင်က ဘာကိုမေးချင်တာလဲ သိမှဖြေနိုင်မှာပေါ့ကွာ မေးတိုင်းတော့ ဘယ်ဖြေနိုင်မလဲ "

" ဒီလိုပါအစ်ကို ကျွန်တော်ရေးမူ ဆယ်စောင်တွဲတစ်အုပ် အဘိုးကြီးတစ်ဦးဆီက ရထားတယ်၊ အဲဒီရေးမူစာအုပ်ထဲက မေတ္တာသုတ်နဲ့ အခုခေတ်ထုတ် ကျွန်တော့်ထံရှိတဲ့ ဆယ်စောင်တွဲထဲက

မေတ္တာသုတ်နှစ်ခု၊ စာသားဂါထာမတူတာ တွေ့ရလို့ပါ ”

“ ဘယ်ဂါထာနဲ့ ဘယ်ဂါထာလဲ မောင်ကျောက်တိုင် ”

“ မေတ္တာသုတ်အစ ဂါထာနဲ့ အဆုံးဂါထာထဲမှာပါ ”

“ ရွတ်ပြအုံး မောင်ကျောက်တိုင် ”

“ ယသာ နုဘာဝတော ယက္ခာ၊ နေဝဒဿေန္တိ ဘီသနံ၊

ယမှိစေဝါ နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ’ မတန္ဒိတော။ ”

ဂါထာနဲ့

“ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။

ကာမေသု ဝိနေယျ ဂေဓံ၊ နဟိဇာတု ဂ္ဂဗ္ဘသေယျ ပုန ရေတိ”

ဆိုတဲ့ ဂါထာပါ အစ်ကို။

“ တုတ်ပါပြီ အဲဒီဂါထာတွေထဲမှာ ဆယ်စောင်တွဲ စာအုပ်ခြင်း ဘယ်လိုနေရာမှာ ကွဲလွဲနေကြတာလဲ ”

“ ကျွန်တော့်ထံမှာရှိတဲ့ ဆယ်စောင်တွဲ မေတ္တာသုတ်က အစဂါထာထဲမှာ တွေ့ရတာကတော့ ယမှိစေဝါလို့ တွေ့ရတယ်၊ အဲ အဖိုးကြီးဆီက ရလာတဲ့ ဆယ်စောင်တွဲ မေတ္တာသုတ်ထဲမှာတော့ ယဉ္ဟိစေဝါလို့ တွေ့ရတယ်၊ ဘယ်စာအုပ်ကအမှန် ဘယ်စာအုပ်က အမှားလဲ အစ်ကို အဲဒါသိချင်တာပါ ”

" နှစ်ခုစလုံး မမှားဘူး မှန်တယ် မောင်ကျောက်တိုင် "

" ဟာ.. အကိုကလည်း တစ်ခုမှန်ရင် တစ်ခုမှားမှာပေါ့ "

" သဒ္ဒါနည်းအရ နှစ်ခုစလုံး မှန်တယ်လို့ ပြောတာ အခုမင်း ရွတ်ပြတဲ့ ဂါထာထဲက **ယမှိစေဝါ**ပဲဖြစ်ဖြစ် အခြားပရိတ်ကြီး (ဆယ်စောင်တွဲ)က **ယဉ္စိစေဝါ**ပဲဖြစ်ဖြစ် မှန်တာချည်းပါပဲ မောင်ကျောက်တိုင်ရယ် "

" ဟုတ်ကဲ့ပါ အစ်ကို အဲဒီဂါထာရဲ့ အနက်ဆိုပြပါအုံး "

" မောင်ကျောက်တိုင် နားထောင်ကြည့်...

" ယဿ- အကြင်မေတ္တသုတ်၏ အာနုဘာဝတော- တန်ခိုးရှိန်စော အာနုဘော်ကြောင့်၊ ယက္ခာ- ဘီလူးတို့သည်၊ (ဝါ) တနည်း ဘုမ္မစိုးနတ်တို့သည်၊ ဘီသနံ- ကြောက်စရာကောင်းသော အဆင်းကို၊ **နေဝဒဿေန္တိ** - မပြဝံ့ကြကုန်၊ **ယမှိစေဝါနုယုဉ္ဇန္တော** - အကြင်မေတ္တသုတ် ပရိတ်တော်ကိုသာလျှင် ရတ္တိ- ညဉ့်၌လည်းကောင်း ဒိဝံ- နေ့၌လည်းကောင်း၊ **အတန္ဒိတော**- မပျင်းမရိမူ၍၊ **အနုယုဉ္ဇန္တော**- လုံ့လပြုသောသူသည် (ဝါ)တနည်း ရွတ်ဖတ်ပွားများသောသူသည် " တဲ့။

ခုအနက်ရွတ်ပြတဲ့ဂါထာမှာ '**ယမှိစေဝတို ယံတိစဓဝ**'လို့ ပြောင်းလိုက်တယ်၊ အလားတူ အခြားပရိတ်ကြီး (ဆယ်စောင်တွဲ)

မှာပါတဲ့ **ယဋ္ဌိစေဝလဲ ယံတိစဝေ**လို့ပဲ ပြောင်းရမှာပါကွာ၊ **ယမိ**မှာ (မ)က သေးသေးတင်ဖြစ်ပြီး မ–ဟထိုးက ဟ– ဖြစ်သွားတယ်၊ အဲလိုပဲ ယဋ္ဌိမှာလဲ (ဥ)လေးက သေးသေးတင်ဖြစ်သွားပြီး ဥလေး ဟထိုးက ဟဖြစ်သွားတယ်၊ ဒါကြောင့် **ယမှိစေဝါ**လဲ **ယံတိစဝေ**၊ **ယဋ္ဌိစေဝ**လဲ **ယံတိစဝေ**ပါပဲ မောင်ကျောက်တိုင်။

“ ဒါနဲ့ တစ်ဂါထာနဲ့ အဓိပ္ပါယ်မပေါ်သေးဘူး၊ **အနုယုဋ္ဌွေ**–လုံ့လပြုသောသူသည် (ဝါ)တနည်း ရှုတ်ပတ်ပွားများသောသူသည်၊ **သုခံ**–ချမ်းသာစွာ၊ **သုပတိ**– အိပ်ရ၏၊ **သုတ္တောစ**– အိပ်ပျော်နေသော်လည်း၊ **ကိဋ္ဌိ**–တစ်စုံတစ်ခုသော၊ **ပါပံ**– မကောင်းသော အိပ်မက်ကို၊ **နပဿတိ**– မမြင်မက်၊ **ဝေမာဒိဂုဏူပေတံ**–ဤသို့စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော၊ **တံပရိတ္တံ**–ထိုမေတ္တာသုတ်ပရိတ်တော်ကို **တော**– အို... သူတော်ကောင်းတို့၊ **မယံ**– ငါတို့သည်၊ **ဘဏာမ**– ရွတ်ကြကုန်အံ့ ”လို့ နှစ်ဂါထာပေါင်းမှ ပြည့်စုံတာ”

“ဟုတ်ကဲ့ အစ်ကို အခုယမှိနဲ့ ယဋ္ဌိတစ်မျိုးမျိုး ထားလို့ ရတယ်ဆိုတာ သိပါပြီ၊ ရှေးဆယ်စောင်တွဲ မေတ္တာသုတ်အဆုံးဂါထာက ဝိနယနဲ့ကျွန်တော့်ထံရှိတဲ့ ဆယ်စောင်တွဲ မေတ္တာသုတ်ဂါထာက ဝိနေယျကိုလဲ ရှင်းပြပါအုံး၊ အဲဒီနှစ်ခုမှာလဲ ဘယ်ဟာကမှန်တယ်၊

မှားတယ်ဆိုတာကိုပေါ့ ”

“ အဲဒီနှစ်ခုလဲ၊ နှစ်ခုစလုံး မှန်ပါတယ် မောင်ကျောက်တိုင်”

“ တင်... ဟုတ်လား၊ ကျွန်တော့်ကို ရှင်းပြပါလား အစ်ကို”

“ ပါဠိတစ်ချက် အနက်ဆယ်ထွေဆိုတာ မောင်ကျောက်တိုင် ကြားဖူးတယ် မဟုတ်လားကွ ”

“ ဟုတ်ကဲ့၊ ကြားဖူးပါတယ် ”

“ ပါဠိတစ်ခုကို အနက်ဆယ်မျိုးထွက်တာရှိသလို အနက် တစ်ခုထဲကိုလဲ ပါဠိသုံးလေးမျိုးနဲ့ အနက်ပေးထားတာ ရှိပါတယ်၊ ဥပမာ၊ သုဓာ- သုနကို ခွေးလို့ပေးသလို ကုက္ကုရကိုလဲ ခွေးလို့ပေးတယ်၊ ကထာကို စကားလို့ပေးသလို ဝါစာကိုလဲ စကားပေးထားတာ စသည်ပေါ့ ”

“ အစ်ကိုပြောတာ ကျွန်တော်နားမလည်သေးဘူး အစ်ကို ”

“ မောင်ကျောက်တိုင် နားလည်သွားအောင် မေတ္တသုတ် နောက်ဆုံးဂါထာကို မင်းရွတ်သွားတယ် မဟုတ်လား ”

“ ဟုတ်ကဲ့ ကျွန်တော်ရွတ်ပါတယ် ”

“ အဲ့ဒီ မေတ္တသုတ် နောက်ဆုံးဂါထာကို အနက်ဆိုပြပါအုံးမယ် မောင်ကျောက်တိုင် အဲဒီဂါထာဆိုပြီးမှ ရှင်းပြပါ့မယ် ”

“ ဟုတ်ကဲ့ပါ အစ်ကို ”

နောက်ဆုံးဂါထာရဲ့ အနက်ကတော့၊ " **ဒိဋ္ဌိဉ္စ**– မှားသော အယူသို့လည်း၊ **အနုပ်ဂ္ဂမ္မ**–မကပ်မူ၍၊ **သီလဝါ**– သီလအကျင့်ရှိသည်ဖြစ်၍ **အဿနေန**–မဂ်ပညာဖြင့်၊ **သမ္ပန္နော**– ပြည့်စုံသည်ဖြစ်၍၊ **ကာမေသု**–ဝတ္ထုကာမ ကိလေသာကာမတို့၌၊ **ဝေဓံ**–တပ်မက်မောခြင်းကို၊ **ဝိနေယျ**– ပယ်ဖြောက်ရာ၏၊ **သော**–ထိုသူသည်၊ **ဂဗ္ဘသေယျံ**–အမိဝမ်း၌ ဂဠုန်သနွေနေခြင်းသို့၊ **ပုန**–တစ်ဖန်၊ **ဇာတု**–အကာယ်မလွဲသဖြင့်၊ **နတိဧတိ**– မရောက်တဲ့။"

" ဟုတ်ကဲ့ပါ အစ်ကို "

"မင်းရွတ်ဆိုသွားတာ **ဝိနေယျ**လို့ပါရှိတယ်၊ မောင်ကျောက်တိုင်ရွတ်ဆိုသွားတဲ့အတိုင်း ပါဠိဆိုလိုက်တာပါ။ အဲဒါနဲ့ ခဏနေဦး၊ ငါစာအုပ်သွားယူလိုက်အုံးမယ် " ဟုဆိုကာ ကျွန်ုပ်သည် စာအုပ်စင်မှာရှိသော " အရှင်ဓမ္မသာမိဘိဝံသ" စီစဉ်ရေးသားသည့် " ခေတ်မီပါဠိ– မြန်မာအဘိဓာန်" စာအုပ်ကို ဆွဲထုတ်ခဲ့သည်။

" ဒီမှာပါတယ် မောင်ကျောက်တိုင် **ဝိနယ** နဲ့ **ဝိနေယျ**ဆိုတာ"

" ဘယ်လိုတဲ့လဲ အစ်ကို ပြောပါအုံး "

" အခု ငါယူလာတဲ့ ခေတ်မီပါဠိ– မြန်မာအဘိဓာန် စာမျက်နှာ (၇၉၉)မှာ ဝိနယဆိုတာ တွေ့ရတယ်၊ ဝိနယရဲ့ အနက်က ပယ်ဖျောက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဆုံးမခြင်း၊ အဆုံးအမလို့ တွေ့ရ

တယ်၊ တစ်ခါစာမျက်နှာ (၇၈၂)မှာ ဝိနေယျဆိုတာ တွေ့ရတယ် မောင်ကျော်တိုင် ဝိနေယျရဲ့ အနက်ကလဲ ပယ်ဖျောက်ခြင်း၊ ဆုံးမခြင်းလို့ပဲ ထွက်ပါတယ်၊ အကြောင့် မင်းကို ဝိနယနဲ့ ဝိနေယျ အတူတူပါပဲလို့ ငါပြောခဲ့တာ ”

“ ကျွန်တော်က ဝိနယဆိုတာ ဝိနည်းကိုသာ အနက်ထွက်တယ်ထင်တာ ”

“ မဟုတ်ပါဘူး အချို့သူတွေဟာ တရားသေ ယူထားတာတွေ ရှိတတ်တယ်နော်၊ ဒါဟာ သတိထားသင့်တယ်၊ လယ်တီဆရာတော်ကြီး အမိန့်ရှိတော်မူသလို “ တစ်ကျမ်းတတ်ရုံ၊ ကြမ်းမဖုံ၊ အာဂုံမကိုးနဲ့ ” လို့တောင် သတိပေးထားခဲ့တာ၊ မောင်ကျော်တိုင်က ပိဋကစာ မသင်ခဲ့ရဘူးလေ၊ အမှားကိုအမှန်ထင်၊ အမှန်ကို အမှားထင်တာမျိုး ရှိမယ်၊ နွားခြေရာခွက်ကိုပင် လယ်ထင်နေလို့ မရဘူး တို့သိတာကနည်းနည်းလေးရယ် မောင်ကျော်တိုင်။

“ အချို့ဘုရားဟော ဒေသနာတွေ၊ အမှားကိုအမှန်တင်ပြ၊ အမှန်ကို အမှားတင်ပြလို့ အဓမ္မဝါဒီသမားတွေတောင် ပေါ်ပေါက်နေတာ မောင်ကျော်တိုင် အသိပဲ၊ အချို့ ပိဋကတွေမှာ မောင်ကျော်တိုင်တို့ မဆိုထားနဲ့ တို့လည်းဝေခွဲ မရတာ ရှိတာပဲ။ ကိုယ်မသိတာတွေ့ရင် ကိုယ့်ထက်တတ်ကျွမ်းနားလည်သူကို

မေးရတယ်၊ ကျမ်းစာတွေကိုလဲ ကြည့်ရှုရတယ်၊ ပညာဆိုတာ ကုန်ဆုံးတယ်မရှိဘူး။

" ဗါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသက တရားတစ်ပုဒ်မှာ ဟောထားတာရှိတယ်၊ ဘာလဲဆိုတော့ ကျမ်းတစ်ကျမ်းထဲမှာ အဓိပ္ပါယ်ဖော်မရတာ ရှိတယ်တဲ့၊ ရှေးကထဲက အခုထိ ဘယ်သူမှ မသိကြသေးဘူးလို့ ဆိုတယ် "

" ဟုတ်တယ်နော် အစ်ကို အချို့အရာကိစ္စတွေမှာ "လှေနံဓားထစ်" ယူလို့ မရဘူး အခုလဲ ကျွန်တော် ယမိုနဲ့ ယဥ္ဇိတို့ ဝိနယနဲ့ ဝိနေယျတို့ မေးချင်နေတာ ကြာပြီ၊ မေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူး၊ ခုမှရှင်းတော့တယ်၊ ကျွန်တော်စာရနေတာက **ယမိုစေတီနဲ့ ဝိနေယျနဲ့**ပဲ ရနေတာကို၊ ကျွန်တော်တို့ မသိတာတွေက အများကြီးပဲ "

" ဟုတ်ပါပြီ မောင်ကျောက်တိုင် အခုမင်း သိချင်နေတာ သိရလို့ ကျေနပ်တယ် မဟုတ်လား မောင်ကျောက်တိုင် "

" ဟုတ်ကဲ့ ကျေးဇူးလဲတင်ပါတယ် အစ်ကို၊ ကျွန်တော်လဲ ပြန်ပါအုံးမယ် "

" ကောင်းပါပြီ မောင်ကျောက်တိုင် "

ဓမ္မရံသီ

# ရေကြည်လား ရေနောက်လား

တစ်နေ့ မောင်ကျောက်တိုင်သည် ကျွန်ုပ်ထံ ရောက်လာသည်။

" အစ်ကို၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး ရေကြည် သောက်ရသလား...၊ ရေနောက်သောက်ရသလား..." ဟု မေးပါသည်။

" ဟာ- မောင်ကျောက်တိုင်၊ မင်းကရောက်ရောက်ချင်း ဘာတွေကြားလို့ မေးရတာလဲကွ "

ဟု ကျွန်ုပ်က ပြောလိုက်၏။

“ တခြားမဟုတ်ပါဘူး အစ်ကိုရာ၊ စကားပိုင်းတစ်ခုမှာ တစ်ဖက်နဲ့တစ်ဖက် ငြင်းခုံကြတာ ကြားခဲ့ရလို့ပါ ” ဟုပြော၏။

“ ဘာတွေ ငြင်းခုံနေကြလို့လဲ တင် ”

“ ဒီလိုဗျာ တစ်ဖက်ကလဲ ဘုရားရေကြည်တော့ သောက်ရတယ်။ ချက်ချင်းမသောက်ရဘူး၊ ဘုရားရှင် ဝင့်လိုက်ခံရတယ်။ အကြောင်းက ဘုရားလောင်းနွားငယ် ဖြစ်စဉ်က မိခင်နွားမကြီး ရေသောက်နေစဉ်မှာ ရှေ့ကဖြတ်ပြေးသွားလို့ မိခင်နွားမကြီး အနည်တွေထနေတဲ့ ရေသောက်ရတယ်။ အဲဒီကံက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး ညီတော်အာနန္ဒာ ရေသွားခပ်တော့ ရေနောက်တွေ ဖြစ်ရတာ ဝင့်တော်လိုက်တာလို့ ပြောပါတယ် ”

“ နောက်တစ်ဖက်က ”

“ နောက်တစ်ဖက်ကတော့ ရေနောက်မဟုတ်၊ ရေကြည်သာ ဖြစ်ကြောင်း၊ ဝင့်တော် (ဝိပါတ်တော်) ၁၂-ပါးမှာ နွားငယ်ကလေးက မိခင်နွားမကြီးရှေ့က ဖြတ်ပြေးတာမပါကြောင်း ငြင်းကြတယ်။ အဲဒီ ဘယ်ဘက်ကမှန်သလဲဆိုတာ သိချင်လို့ပါ ”

“ နေပါအုံး မောင်ကျောက်တိုင်၊ နွားငယ်လေးဘဝက မိခင်နွားမကြီး ရေသောက်နေစဉ် ရှေ့ကဖြတ်ပြေးလို့ ဝင့်လိုက်တယ် ပြောတဲ့ဘက်က သူတို့က ဘယ်ကကြားခဲ့တာလဲ ”

မိုဟင်ဆွေစာပေ

" ၈-၅-၂၀၁၅ရက် ညနေသုံးနာရီ (Channel 7)က နာမည်ကြီး ဆရာတော်တစ်ပါး ဟောတာ နာကြားရတာတဲ့ "

" ဩော်- ဟုတ်လား "

" ဟုတ်ကဲ့၊ ဆရာတော်က 'မဟာကဘာတ္တ'ဇာတ်ကို အကြောင်းပြုပြီး ဟောတာတဲ့။ ဆရာတော်က သတ်မလျှုရန် သတ်လျှုရင် ဘဝဝါးရာ ပြန်ခံရကြောင်း၊ ဝဋ်ဟူသည် မည်သို့မျှမလွတ်ကြောင်း ဘုရားရှင်သည်ပင်လျှင် ပရိနိဗ္ဗာန်စံခါနီး ဝဋ်လိုက်ခံရကြောင်း၊ ဘုရားလောင်း ငွားငယ်ဘဝဖြစ်စဉ်က မိခင်ငွားမကြီး ရေသောက်နေစဉ် ရှေ့ကပြတ်ပြေးလို့ ငွားမကြီး ရေနောက်သောက်ရသည့်အတွက် ဘုရားဖြစ်တော့ ဝဋ်လိုက်တာဖြစ်ကြောင်း သူတို့ နာကြားခဲ့ရတာ ကို ရှင်းပြတာပေါ့ဗျာ "

" အဲဒါ တော်တော်ခက်တာပဲ။ အဲဒီဆရာတော်ကို အစ်ကိုကြိုက်ပါတယ်။ မောင်ကျောက်တိုင်က ဆရာတော့်နာမည် မထည့်ပေမယ့် အစ်ကိုသိပါတယ်။ မောင်ကျောက်တိုင်တို့ အငြင်းအခုံဖြစ်တဲ့ တရားခွေလဲ အစ်ကို နာလိုက်ရပါတယ်။ ဒါပေမဲ့ အစ်ကိုဘယ်သူနဲ့မှ အများအမှန် မပြောဖြစ်ခဲ့ပါဘူး။ အခုတော့ မောင်ကျောက်တိုင်က မေးလာတော့ ပြောရတာပေါ့။ အဲဒီခွေမှာ ဆရာတော် ဟောကြားတာတွေဟာ အားလုံးကောင်းပါတယ်။

တရားမေ့မှန့်လဲ ညီပါတယ်။ အဲ- ဒါပေမယ့်ဆရာတော်က ဘယ်က ယူဟောတယ်ဆိုတော့ မသိဘူး။ မင်းတို့ပြောတဲ့ နွားကလေးဘဝက မိခင်ကြီးရှေ့သောက်နေစဉ် ဖြတ်ပြေးလို့ ဝဋ်လိုက်တယ်ဆိုတာ ဟောထားကြောင်း နာရတယ်။ (channel 7 )ကတော့ မဟုတ်ဘူး။ နာရေးတစ်ခုမှာ ဖွင့်နေတာကို နာခဲ့ရတာပါ။ ဒါကြောင့် တရား ခေါင်းစဉ်တောင် ဘာဆိုတာ မသိပါဘူး ”

“ ဩော်- အစ်ကိုလဲ အဲဒီတရားနာရသလား ”

“ အမှတ်မထင် နာလိုက်ရပါတယ်။ အဲဒီလို နာမည်ကြီး ဆရာတော်က ဟောကြားထားတာဆိုတော့ မှတ်သားထားတဲ့ လူတွေကလဲ အပြစ်မဆိုသာဘူးပေါ့ကွာ။ ဒါကြောင့် မြတ်စွာ ဘုရားရှင်က ‘မေ့ပဒေသ’ တရားတော်မှာ ဘုရားထံမှ ဒီနာကြား ခဲ့ရတယ်။ စသည်ဖြင့် ပြောလာလျှင် မယုံကြည်နှင့်အုံး။ ပိဋကတ်တော် နှင့် တိုက်ကြည့် ညီညွတ်ရင်လက်ခံ၊ မညီညွတ်ရင် လက်မခံနဲ့လို့ မိန့်တော်မူခဲ့တယ်ကွ။ အများဆိုတာ ပုထုဇဉ်မှန်ရင် မကင်းကြဘူးလေ။ ဆရာတော်ဟောတာ အဲဒီအချက်ကတော့ တော်တော်များတယ်။ သူ့ပရိတ်သတ်က လက်ခံပြီး တရားသေ လေ့နံ့မားထစ် ယူသွား ကြမှာ သေချာတယ် ”

“ ဟုတ်ပါတယ် အစ်ကို။ ဒါကြောင့်လဲ ရဲရဲငြင်းဝံ့ကြတာပေါ့”

“ တိုတစ်ဖက်ကကော ”

“ တစ်ဖက်ကတော့ ဆရာတော်အရှင်ဉာဏိဿရ ဟောကြားတဲ့ ‘နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ’ တရားတော်ကိုလဲ ကိုးကားပြောတာတဲ့ အစ်ကို ”

“ အေး- အဲလိုတွေကြောင့် လူပြိန်းတွေအဖို့ တော်တော်ခက်နေတာ၊ ဘယ်ဟာကိုအမှန်ယူရမှန်း မသိဘူးဖြစ်နေကြတာ ”

“ အခုမင်းတရားနာရင် ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသရဲ့ တရားတွေကို သေချာနာကြည့်ပါ။ အရိုးစွဲအောင် မှားနေတဲ့ အမှားတွေ ထောက်ပြထားတာ တရားခွေတိုင်းလိုလိုမှာ ပါပါတယ်။ ဒါပေမဲ့ ခက်တယ်ကွ၊ အချို့လူတွေက တို့ငယ်ငယ်တုန်းက ရွာလူကြီးဖြစ်နေကြတာ ”

“ အစ်ကိုတို့ငယ်ငယ်တုန်းက ရွာလူကြီးက ဘယ်လိုဖြစ်နေလို့လဲ အစ်ကိုရ၊ ပြောပါအုံး ”

“ အဲဒီရွာလူကြီးက အရင်လာတိုင်သူသာ အမှန်ပဲ။ နောက်လာတိုင်သူဟာ အမှားပဲလို့ ဆုံးဖြတ်ထားတတ်တယ်။ အခုလဲ အချို့လူတွေက အရင်ကသူတို့ကြားထားတာက အမှန်၊ နောက်ကြားရတာက အမှားလို့ထင်နေကြတာ ”

“ အဲ- အဲ- ဟုတ်ပါပြီအစ်ကို၊ များသောအားဖြင့်

အဲလိုချည်းဖြစ်တတ်ကြတာပါပဲ။ ကဲ- အဲဒါထားပါတော့အစ်ကို၊ အစ်ကို့ရဲ့ ထင်မြင်ချက်ကလေး ပြောပါအုံး။ ရေကြည်သလား... ရေနောက်သလား...ဆိုတာ ”

“ ဟာ- မင်းက လုပ်ချလိုက်ပြီ၊ ငါ့ရဲ့ထင်မြင်ချက်မဟုတ်ပါဘူး မောင်ကျောက်တိုင်ရယ်။ ဘုရားဟောတဲ့ ပိဋကတ်ထဲက ပြောပြမှာ။ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို ရေခပ်ခိုင်းတယ်၊ အရှင်အာနန္ဒာ က လှည်းအစီးငါးရာတို့ ယခုပင် ဖြတ်ကူးသွားကြသဖြင့် ချောင်းရေသည် နောက်ကျိနေကြောင်း ကကုဓမြစ် ရောက်ခါနီးပြီ၊ ထိုမြစ်ကျမှ သောက်တော်မူရန် လျှောက်ထားကြောင်း၊ ထိုအခါ မြတ်စွာဘုရားက နှစ်ကြိမ်မိန့်တယ်၊ အရှင်အာနန္ဒာကလည်း နှစ်ကြိမ်ငြင်းပယ်တယ်၊ ဘုရားရှင်က သုံးကြိမ်မြောက်ခိုင်းတော့ အရှင်အာနန္ဒာက မငြင်းပယ်တော့ဘဲ သွားခပ်တယ်။

“ အဲဒီမှာတင် လှည်းများဖြတ်သွားလို့ နောက်ကျိနေတဲ့ရေဟာ အရှင်အာနန္ဒာ ချဉ်းကပ်လိုက်တာနဲ့ တစ်ပြိုင်နက် အံ့ဩဖွယ် ကြည်လင်သန့်ရှင်း နောက်ကျိကင်းနေပါသတဲ့။ အရှင်ဝိစိတ္တသာရာ ဘိဝံသရဲ့ (မဟာဗုဒ္ဓဝင် ပဥ္စမတွဲ) မှာ ကြည့်ရှုနိုင်ပါတယ်။ စာမျက်နှာ ၃၄၉/၅-မှာပါ။ ၃၉၆မှာလဲ ဝင်္ဂတော်၁၂-ပါးအကြောင်း တွေ့နိုင်ပါတယ် ”

မိတ်ဆွေစာပေ

" ရှင်းသွားပြီ အစ်ကိုရေ၊ ရှင်းသွားပြီ။ ကျွန်တော်လဲ နွားသားမိဝတ္ထုကြားဖူးတယ် "

" ကြားဖူးတယ် ထားပါအုံးကွာ၊ နွားငယ်ကလေးက စေတနာဆိုးနဲ့ မိခင်ရှေ့က ပြတ်သွားတာလဲ ဟုတ်ချင်မှဟုတ်မှာ။ စေတနာဆိုးမဟုတ်ရင် ဝင့်လိုက်မှာမဟုတ်ပါဘူး "

" ဟုတ်ကဲ့၊ ဝတ္ထုရိုးရင်တောင် အဲလိုဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ နိဝ်လုံတဲ့ဝတ္ထုမဟုတ်လို့ စဉ်းစားစရာ မလိုတော့ပါဘူး။ ကျွန်တော်ပြန်အုံးမယ် "

မိတ်ဆွေစာပေ

# ရှင်လေးပါး သေလေးပါး

တစ်နေ့ မောင်ကျောက်တိုင် ရောက်လာသည်။ သူ့လက်မှာလည်း ညိုညစ်ညစ် စာအုပ်ပါးပါးတစ်အုပ် ကိုင်ထားသည်ကိုလည်း တွေ့ရ၏။

" မောင်ကျောက်တိုင်၊ မင်းလက်ထဲက ဘာစာအုပ်လဲကွ "

မောင်ကျောက်တိုင် ကျွန်ုပ်အနီး ဝင်ထိုင်လျှင်ထိုင်ချင်း မေးလိုက်သည်။

ဘုရားရှိခိုး အမျိုးမျိုး မှုပေါင်းဆိုတဲ့ စာအုပ်ပါ အစ်ကို "

" မင်းအိမ်က ယူလာတာလား "

" မဟုတ်ပါဘူး အစ်ကို မိတ်ဆွေတစ်ယောက် အိမ်က တွေ့တာနဲ့ စာအုပ်ယူပြီး ဟိုလှန်ဒီလှန် ကြည့်ရာက ရှင်လေးပါး သေလေးပါးဆိုတာ သွားတွေ့လို့ ခဏငှားလာတာ၊ အစ်ကို့ပြချင်လို့ပါ "

" အကြောင်းက "

" ဒီမှာ စာမျက်–၂၃မှာပါတယ်၊ ဖတ်ကြည့်ပါဦး "

မောင်ကျောက်တိုင်က သူယူလာသော စာအုပ်ပါးကလေးကို ကျွန်ုပ်အားလှမ်းပေးသည်၊ ကျွန်ုပ်ကလည်း စာအုပ်ကို လှမ်းယူလိုက်သည်။ စာအုပ်ကို သေချာကြည့်လိုက်သည်။ မျက်နှာဖုံးလည်းမပါ၊ ထုတ်ဝေသောတိုက်၊ ထုတ်ဝေသော ခုနှစ်တို့လည်း စာအုပ်မှာ မရှိတော့ပေ။ စာအုပ်က အတော်ဟောင်းနွမ်းနေပြီ ဖြစ်၏။

" ကဲပါ အစ်ကို၊ ရှင်လေးပါ သေလေးပါပါတဲ့ စာမျက်နှာ–၂၃ ကိုပဲ ကြည့်စမ်းပါ "

ကျွန်ုပ်က စာအုပ်ကို စူးစမ်းလေ့လာနေသဖြင့် မောင်ကျောက်တိုင်က စိတ်မရှည်ဟန် ပြောလိုက်သည်။

" ဟုတ်ပါပြီဗျာ ဖတ်ကြည့်ပါ့မယ် "

" ကျွန်တော်လဲ ကြားအောင် အသံထွက်ဖတ်ပါ အစ်ကို၊

ကျွန်တော်ဖတ်ပြီးပေမဲ့ နောက်ထပ်ကြားရတာပေါ့ ”

“ အေးပါ။

“ ငါးမာရ်အောင်မြင်၊ မေဇွတ္တရှင်ကို၊ ဖူးမြင်ရအောင်၊ ကြံရည်ဆောင်၍၊ ဝေးခေါင်ကာလ၊ ငါမျှော်ရအောင်၊ ဇိဝမြင့်ရှည်၊ သက်တော်တည်လျက်၊ ထေရ်မွန်မြတ်စွာ၊ ရဟန္တာတွင်၊ ရှင်ဥပဂုတ်၊ ဘုန်းတော်အုပ်လျက်၊ ပတ်ချပ်လျှံပြောင်၊ ရွှေလရောင်သို့၊ တောင်သမုဒ္ဒရာ၊ ရေထဲမှာမူ၊ စံရာတုလွတ်၊ ကြေးပြာသာဒ်နှင့်၊ ပျော်မှတ်ကြည်ဖြူ နေတော်မူ၏။” တော်တော့ ရှင်ဥပဂုတ် စသည် တို့အကြောင်းပဲ၊ ဒီရှင်လေးပါးအစစ်မှ မဟုတ်တာ၊ ရှေ့ဆက် မဖတ်ချင်တော့ဘူးကွာ၊ ဖတ်ရင်လဲ သိပ်မထူးပါဘူး။

(၁) ရှင်ဥပဂုတ် တောင်သမုဒ္ဒရာမှာ ကြေးပြာသာဒ်နှင့် နေသည်။

(၂) ရှင်သာရဒတ္တ မြောက်သမုဒ္ဒရာမှာ ရွှေပြာသာဒ်နှင့် နေသည်။

(၃) ရှင်သင်္ဂြာသာရ အရှေ့သမုဒ္ဒရာမှာ ရွှေပြာသာဒ်နှင့် နေသည်။

(၄) ရှင်မေဃရ အနောက်သမုဒ္ဒရာမှာ ကြေးပြာသာဒ်နှင့် နေ သည်။

ဆိုတာပဲ လာမှာပါ။ မင်းက ဘာကြောင့် ငါ့ကို ဖတ်ခိုင်း တာလဲ ”

မိုးတင်ဆွေတာပေ

" အဲဒီထဲမှာလေ မေတ္တေယျဘုရားကို ဖူးမြင်ရန် သက်တော် တည်တယ်ဆိုတာ ပါတယ်လေ၊ဟုတ်နိုင်ပါ့မလား "

" အဓိပ္ပါယ်မရှိပါဘူး၊ မေတ္တေယျဘုရားပွင့်သည်အထိ အသက်ရှည်ဖို့ ဘေးဖယ်ထား၊ အခုကို သက်တမ်းတရားမှာ သက်တမ်းနှစ်ရာတောင် မရှည်နိုင်ပါဘူး။ ရှေ့ဘုရားရှင်ရဲ့ ရဟန္တာတစ်ပါးကလဲ နောက်ဘုရားကို ဖူးမြင်တယ်ဆိုတာ မရှိပါဘူး၊ လူ့ပြည်က ရဟန္တာကိုပြောတာနော်။ ဗြဟ္မာရဟန္တာတွေကတော့ ဝိပဿီဘုရား ရှင်လက်ထက်က ဗြဟ္မာရဟန္တာတောင် ရှိသတဲ့ "

" သေလေးပါးလဲ ကြည့်ပါဦး အစ်ကို "

" ဒါလဲ မထူးပါဘူးကွာ၊ သေလေးပါတာ မေတ္တေယျဘုရား လက်ထက်မှ တေဇောဓာတ် လောင်ကျွမ်းမယ်လို့ ဆိုထားမှာပါပဲ။

(၁) မဟာကဿပ အလောင်း (ရုပ်ကြွင်း) ဝေဘာရတောင်မှာ၊

(၂) မဟာသုဘာရ အလောင်း (ရုပ်ကြွင်း) ဥတ္တမတောင်မှာ၊

(၃) ဥပေက္ခာရ အလောင်း (ရုပ်ကြွင်း) မကုဋတောင်ထက်မှာ၊

(၄) ဓမ္မသာရ အလောင်း(ရုပ်ကြွင်း) မကုဋတောင်ထိပ် အလယ်မှာ၊

ရှိနေကြတယ်တဲ့။ နောက်ဘုရားပွင့်လာရင် ယခပ်ပွင့်ပြီး ဘုရားက ဓာတ်တော် မွေတော်စသည့် အစအနတောင် မကျန်ရစ်ဘူးလို့

ဆိုတယ်။ ရှေးဘုရားလက်ထက် ရဟန္တာတို့ရဲ့ ဓာတ်တော်ရုပ်ကြွင်းလဲ နောက်ဘုရားပွင့်ရင် ဘယ်ရှိနိုင်တော့မလဲ။ ခုပြောတဲ့ ရဟန်းတွေကလည်း ပိဋကတ်မှာ မရှိဘူးတဲ့။ ရဟန္တာဟုတ်– မဟုတ် ပြောဖို့လည်းခတ်တယ်။ အလောင်းတော် ကဿပနဲ့ ရှင်မဟာကဿပလဲ ခြားစီပါပဲ။ ဒါကြောင့် ရှေးမူဆိုတိုင်း ကျမ်းစာအုပ်က ဆိုတိုင်း အတည်ယူလို့မရဘူး။ ယုတ္တိရှိ– မရှိ စဉ်းစားဆင်ခြင် တွေးတောဖို့ လိုတယ်။

" မြတ်စွာဘုရားက အဲလိုတွေ ယုံကြည်ကြမှာစိုးလို့ 'မဟာပဒေသ' တရားလေးပါးမှာ သေချာဟောထားခဲ့တယ်။ တစ်စုံတစ်ယောက်က 'ငါကိုယ်တိုင် ဘုရားရှင်ထံက နာကြားခဲ့ရတယ် ဆိုဦးတဲ့ လက်မခံနဲ့၊ ဟုတ်–မဟုတ် ပိဋကတ်နဲ့ တိုက်ကြည့်ပါ။ မှန်ရင်လက်ခံ၊ မမှန်ရင်ပယ်လိုက်' စသဖြင့်ပေါ့ကွာ၊ အကျယ်သိချင်ရင် သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်နဲ့ စတုတ္ထအင်္ဂုတ္တိုရ် သဥ္စေတနိယဝဂ်၊ မဟာပဒေသသုတ်တို့ကို ကြည့်နိုင်ပါတယ် "

" တချို့က အဲဒီရှင်လေးပါး၊ ဒေါ်လေးပါကို အနိုင်အမာ ယုံကြည်ကြတာဗျ၊ အခုလို စာအုပ်မျိုးတွေ ရှိနေတော့ အတော်ခတ်တယ် "

" မှသားတစ်ဝက်ပါတဲ့ အမှန်တရားဟာ အလွန်ကြောက်စရာ

ကောင်းကြောင်း နိုင်ငံခြားပညာရှင် တစ်ဦးရဲ့စာကို ဖတ်ဖူးတယ်ကွ။ အခုမင်းယူလာတဲ့ ဘုရားရှိခိုးအမျိုးမျိုး မူပေါင်းစာအုပ်ဟာ တော်တော်ကောင်းတဲ့စာအုပ်ပါ၊ ဒါပေမဲ့ အဲဒီရှင်လေးပါး သေလေးပါး က ပါနေတော့ မုသားဖြစ်နေတယ်။ တရားတော်ကို လိမ်ညာဟောရင် အပါယ်ကျတတ်သတဲ့။ အဓမ္မံ– တရားမဟုတ် သည်ကို၊ ဓမ္မောတိ– တရားဟူ၍၊ ဒီပေန္တိ– ပြကုန်၏၊ ဓမ္မံ– တရားဟုတ်သည်ကို အဓမ္မောတိ– တရားမဟုတ်ဟူ၍၊ ဒီပေန္တိ– ပြကုန်၏ ဆိုတာမျိုး ပေါ့ကွာ၊ ဒသကအင်္ဂုတ္တိုရ် ဥပါလိဝဂ်မှာ ကြည့်နိုင်တယ် ”

“ ဟုတ်တယ်နော် အစ်ကို၊ ဒီဘုရားရှိခိုးအမျိုးမျိုး မူပေါင်း စာအုပ်ထဲမှာ ဘုရားလောင်း အင်္ဂါရှစ်ပါး ဘုရားလောင်း ကြည့်ခြင်း ငါးပါး၊ ပရိက္ခရာရှစ်ပါး စသည်တို့ကတော့ မှန်တယ်၊ ဒီရှင်လေးပါး သေလေးပါးကြီး ထည့်ထားတော့ ဒီစာအုပ်ထဲက ယူပြောတာလို့ တစ်ဦးဦးကပြောရင် အတော်ခက်မယ် ”

အဲဒီ ရှင်လေးပါး သေလေးပါးတွေဟာ မဟုတ်ဘူး၊ ပိဋကတ်မှာ မရှိဘူးလို့ ပြောလိုက်ရုံပေါ့ ”

“ အဲလိုပြောနိုင်သူကလည်း ခပ်ရှားရှားရယ် အစ်ကိုရ၊ ဆိုပါတော့ အဲဒီစာအုပ်က ရှင်လေးပါး သေလေးပါးဆိုတာ မဟုတ်ဘူးလို့ပြောရင် တစ်ဖက်က ဘာကြောင့်မဟုတ်တာလဲလို့

မေးရင် ကျွန်တော်တို့ မဖြေတတ်တော့ဘူး ”

“ ဖြေတတ်အောင် ဓမ္မစာပေတွေ များများရှာဖတ်ပေါ့ကွာ၊ အဲလိုတွေဖတ်ပြီး ယုတ္တိယုတ္တာရှိရှိ ပြန်လည်ရှင်းပြပေါ့၊ ရှင်လေးပါး သေလေးပါးဆိုတာ ဒါကိုပြောတာ မဟုတ်ဘူးလို့ ”

“ ကဲ… အစ်ကိုပြောသလို မဟုတ်ဘူးပြောလိုက်ပြီ၊ အခြားရှင်လေးပါး သေလေးပါးမေးရင် အရှက်ကွဲရော ”

“ ဘာအရှက်ကွဲ စရာလိုလဲ၊ မသိရင် မသိဘူးပြောလိုက်ရုံပေါ့ ”

“ ထားပါတော့ အစ်ကိုရာ၊ အခြားရှင်လေးပါး သေလေးပါးရှိရင် ပြောပြပါဦး ”

“ ရဟန်းတော်များနဲ့ဆိုင်တဲ့ ရှင်လေးပါး သေလေးပါးရှိတယ်၊ မင်္ဂလာနဲ့ဆိုင်တဲ့ ရှင်လေးပါး သေလေးပါးဆိုတာ ရှိတယ် ”

“ ဟုတ်လား ပြောပြပါလား အစ်ကို ”

“ အထူးအထွေ မဟုတ်ပါဘူး၊ တစ်ခါပြောထားရင် မှတ်မိပါတယ်။ ရဟန်းအတွက် ရဟန်းခံစဉ်က ရဟန်းလောင်းကို ဆုံးမလိုက်တယ်၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါးက ရဟန်းတိုင်း သိပ်မရှားကြပါဘူး။ ရှေးခေတ်ကတော့ ဆွမ်းအတွက် မိမိခြေကို အားကိုးပြီး ဆွမ်းခံရတယ်၊ သင်္ကန်းအတွက် ဈေး၊ သုသာန် စသည်တို့မှာ စွန့်ပစ်ထားတဲ့ အဝတ်စတွေ လိုက်ရှာပြီး

မိတ်ဆွေစာပေ

ချုပ်ဆိုးဝတ်ရတယ်။ အဲဒီ ပုံတကူ (ပုံသုကူ) သင်္ကန်းလို့ ခေါ်တာ ပေါ့။ ကျောင်းအတွက်လဲ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်မှာ နေရတယ်။ ဆေးလဲ နွားကျင်ငယ်ရေ စသည်ပဲ။ အဲဒီပစ္စည်းလေး ပါးရှိမှ ရဟန်းတော်တွေ အသက်ရှင်နိုင်မှာမို့ ရှင်လေးပါး ပြောတာ။

" သေလေးပါးကတော့ မေထုန်မှီဝဲခြင်း စသည့်ပါရာဇိက လေးပါးပဲ။ တစ်ပါးပါး လွန်ကျူးမိရင်တော့ သာသနာနှင့် မထိုက်တန်တော့ဘူး၊ ထန်းလည်ဆစ်ပြတ်သလို ဘယ်လောက် ရဟန်းခံခံ ရဟန်းမဖြစ်တော့ဘူး၊ သာသနာက သေသွားပြီ။ အဲဒီ ပါရာဇိက လေးပါးဟာ ရဟန်းတို့အတွက် သေလေးပါးပေါ့ "

အကြောင့် စုတေမသော၊ သဋ္ဌေမဖွဲ၊ အပါယ်မလား၊ ဤလေးပါးတဲ့

" တစ်ခါရှင်လေးပါး အစစ်က မင်္ဂလေးပါးပါ၊ ဘယ်အခါမှ မသေဘူးတဲ့။ သေလေးပါးအစစ်က ပုထုဇဉ်လေးဦးတဲ့။ တစ်နည်း မဂ္ဂဋ္ဌာန်လေးဦးတဲ့ "

" ဟုတ်ကဲ့၊ အခုလို သိခွင့်ရတာ ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရလဒ်ပါပဲဗျာ၊ ကျွန်တော် ပြန်ပါဦးမယ်၊ ရှင်းပြတာ ကျေးဇူးတင်ပါတယ် အစ်ကို "

(မှတ်ချက်။ ။ ရှင်လေးပါးအစစ် မဂ်လေးပါးနှင့် သေလေးပါး ပုထုဇဉ်လေးယောက်၊ (သို့မဟုတ်) ဖလဋ္ဌာန်လေးယောက် ဆိုသည်တို့သည် အရှင်ဩဘာသာဘိဝံသ၏ သရုပ်ပြ အဘိဓာန်ကျမ်းမှ ဖြစ်ပါသည်။ )

အမှတ်(၃၄၁) ၂၀၁၈ ခုနှစ်၊ မေလ ဝမ္မရုံသိ

မိတ်ဆွေစာပေ

# သေလေးပါး ရှင်လေးပါး ထပ်ဖဲ့ရှင်းလင်းချက်

၂၀၁၈–ခုနှစ်၊ မေလထုတ်၊ ဓမ္မရံသီ မဂ္ဂဇင်း၌ "သေလေးပါး ရှင်လေးပါး" အကြောင်း ရေးသားခဲ့ပါသည်။ ရှင်လေးပါးသည် (၁) ရှင်ဥပဂုတ်၊ (၂) ရှင်သာရဒ္ဓတ္တ၊ (၃) ရှင်သင္ကောသာရ၊ (၄) ရှင်မေဒရတို့ မဟုတ်ကြောင်းနှင့် သေလေးပါးသည်လည်း (၁) မဟာကဿပ အလောင်း(ရုပ်ကြွင်း) (၂) မဟာသုဘာရ အလောင်း (ရုပ်ကြွင်း) (၃) ဥပေက္ခာရအလောင်း (ရုပ်ကြွင်း) (၄) ရှင်မေဓရအလောင်း (ရုပ်ကြွင်း)များ မဟုတ်ကြောင်း တင်ပြခဲ့သည်။

ရှင်လေးပါးအစစ်နှင့် သေလေးပါးအစစ်နှစ်မျိုးကိုလည်း တင်ပြခဲ့ပါသည်။ ဝိနည်းနှင့်ဆိုင်ရာ ရှင်လေးပါးမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟု တင်ပြခဲ့သည်။ သေလေးပါးမှာလည်း ဝိနည်းနှင့် ဆိုင်ရာ ပါရာဇိကလေးပါးကို တင်ပြခဲ့ပါသည်၊ ဤအကြောင်း ကိစ္စများအတွက် အထူးပြောစရာမလိုပါ။

မင်္ဂိုလ်နှင့် ပတ်သတ်၍ ရှင်လေးပါး၊ သေလေးပါး အစစ်ဆိုသည်ကို ဆရာတော်ဦးဩဘာသာဘိဝံသ၏ " သုတေသန သရုပ်ပြ အဘိဓာန်" မှယူ၍ တင်ပြခဲ့ပါသည်။ သုတေသန သရုပ်ပြ အဘိဓာန်မူရင်းမှ စာသားသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

" ရှင်လေးပါးအစစ်၊ တစ်နည်း။ ။ ဘယ်အခါမှ မသေသော ရှင်လေးပါးတို့ကား မင်္ဂိုလ်လေးယောက်သာ ဖြစ်ချေသည်။ ထိုကိုရည်၍ 'စုတေမသေ၊ သန္ဓေမစွဲ၊ ငရဲမလား၊ လေးဦးသားတို့' ဟူ၍ ပညာရှိများ ပြောကြားကြလေပြီ "' ဟူ၍ ဖြစ်ပါသည်။

ဤအကြောင်းကို သုတေသန သရုပ်ပြ အဘိဓာန်စာအုပ် (စာ-၅၁၁) မှာ ပါရှိပါသည်။

သေလေးပါးအစစ်ကိုလည်း သုတေသန သရုပ်ပြ အဘိဓာန်ကျမ်း (စာ-၆၁၇)မှာ အောက်ပိုင်းအတိုင်း ရေးသားထားပါသည်။

မှတ်ချက်။ ။ သေလေးပါးအစစ်ကား ပုထုဇဉ်လေးယောက်

တို့တည်း၊ တနည်း ဖလဋ္ဌာန်လေးယောက်ဟူ၍ အမြဲမှတ်ဟု ပါရှိပါသည်။

ကျွန်တော်လည်း မောင်ကျော့ကိုတိုင်အား ဤအတိုင်း ရှင်းပြခဲ့ပါသည်။ သို့သော် အချို့က မရှင်းကြပါ။ သို့ဖြစ်၍ ဤဆောင်း ပါးကို နောက်ထပ်တစ်ဖန် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

အမှန်စင်စစ် သုတေသန သရုပ်မြ အဘိဓာန်မှာက ရှင်လေးပါး အစစ်သည် မဟ်ဖိုလ်လေးပါးဖြစ်ကြောင်း ဆိုပါသည်။ သို့ဖြစ်၍ 'စုတေမသေ၊ သန္ဓေမစွဲ၊ ငရဲမလား၊ လေးဦးသားတို့' ဟုပင် ရှေးပညာရှိကြီးတို့၏ အဆိုကို တင်ပြခဲ့ပါသည်။

ဤမျှသာ တင်ပြခဲ့၏ ကျွန်တော်လည်း ထိုအတိုင်းပင် တင်ပြခဲ့ပါသည်။ တပတ်သူ မေ့မိတ်ဆွေများကော ထို့ထက်သိလိုကြ၏။ ကျွန်တော်ဘယ်မှာ ရှာရပါမည်နည်း။ စာအုပ်များကို ဟိုလှန်ကြည့် သည်လှန်ကြည့်၊ ဘယ်ထဲမှား ပါလေမည်နည်း။ စဉ်းစား၍မရ။

သိပ်ကြာကြာ မစဉ်းစားရပါ။ တွေ့ပါပြီ။ ယမိုက်ကျမ်းထဲမှာပါ။ သည်အကြောင်းကို ယမိုက်တက်ခဲ့စဉ်က ဆရာသမားက ရှင်းပြခဲ့ပါ သည်။ နှစ်ပေါင်းများစွာ ကြာနေ၍သာ မေ့နေခြင်းဖြစ်သည်။ ရှင်သေပုဂ္ဂိုလ်များတဲ့။

ရှင်သောပုဂ္ဂိုလ်များ-

(၁) ရှင်လည်းရှင်၊ သေလည်းသေသော ပုဂ္ဂိုလ်တစ်မျိုး

(၂) သေသာသေ၍ မရှင်သော ပုဂ္ဂိုလ်တစ်မျိုး

(၃) ရှင်သာရှင်၍ မသေသော ပုဂ္ဂိုလ်တစ်မျိုး

(၄) မရှင်လည်းမရှင်၊ မသေလည်း မသေသော ပုဂ္ဂိုလ်တစ်မျိုး

ဟူ၍ လေးမျိုးရှိပါသည်။

ထိုလေးမျိုးတွင်-

(၁)ရှင်လည်းရှင်၊ သေလည်းသေသော ပုဂ္ဂိုလ်ဆိုသည်မှာ ပုထုဇဉ်များနှင့် အောက်ဖလဋ္ဌာန်သုံးဦး တို့ဖြစ်ကြပါသည်။ မှန်ပါသည် ပုထုဇဉ်နှင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည် ဘဝများရှိနေ သေး၍ သေလည်းသေ ကြပါလိမ့်ဦးမည်။ ရှင်လည်းရှင် ကြပါလိမ့်ဦးမည်။ ထို့ကြောင့် ရှင်လည်းရှင်၊ သေလည်းသေသော ပုဂ္ဂိုလ်ဟူသည် ပုထုဇဉ်များနှင့် အောက်ဖလဋ္ဌာန်သုံးဦးကို ဆိုလိုပါသည်။

(၂) သေသာသေ၍ မရှင်သောပုဂ္ဂိုလ်ဆိုသည်မှာ မြတ်စွာဘုရားနှင့် ရဟန္တာများဖြစ်ကြပါသည်။

မှန်ပါသည်။ မြတ်စွာဘုရားနှင့် ရဟန္တာတို့သည် ပရိနိဗ္ဗာန် စံမြန်းသွားကြပြီးဖြစ်၍ သေသာသေ၍ မရှင်သောပုဂ္ဂိုလ်များ ဖြစ်ကြပါ

သည်။

ထိုတုရားနှင့် ရဟန္တာတို့သည် မိုးကုတ်ဆရာတော်ကြီး မိန့်တော်မူသလို လောင်စာလည်းသိမ်း၊ မီးလည်းငြိမ်းသွားကြပါပြီ။ တစ်နည်းဆိုရသော် တဏှာကုန်၍ (ဝါ) တဏှာကင်းပြတ်၍ ရှေးဖြစ်မည့်ကံတရားတွေကုန်တာ ရုပ်နာမ်ချုပ် ငြိမ်းသွားကြပါသည်။ ထို့ကြောင့် ဘုရားရှင်နှင့် ရဟန္တာတို့သည် သေသာသေ၍ မရှင်ကြတော့သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

(၃) ရှင်သာရှင်၍ မသေသောပုဂ္ဂိုလ်ဆိုသည်မှာ လုံးဝမရှိကောင်းပါတဲ့။ ထို့ကြောင့် မသေသော ပုဂ္ဂိုလ်ဟူသည် မရှိကောင်းပါဟု ဆိုပါသည်။

မှန်ပါသည်၊ သေခြင်းတရားသာ မြဲပါသည်။ ရှင်ခြင်းကားသတ္တဝါဟူသမျှ မည်သူမှ တည်တံ့မနေနိုင်ကြပါ။ သက်တမ်း ကမ္ဘာပေါင်းများစွာ ရှည်နေကြသည့် ဗြဟ္မာကြီးများသည်လည်း နှစ်ပေါင်းသက်တမ်းပြည့်သော် မတည်မြဲတဲ့ စုတေသေကြမည်သာ ဖြစ်ပါသည်။

(၄) မရှင်လည်း မရှင်၊ မသေလည်းမသေသော ပုဂ္ဂိုလ်မှာ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးဦး ဖြစ်ပါသည်။

မှန်ပါသည်။ အရိယာရှစ်ယောက်၌ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ပေါင်းရှစ်ယောက်ဟု ပြောဆိုနေကြ

သော်လည်း မဂ္ဂဋ္ဌာန်သည် (ဝါ) မဂ်ပုဂ္ဂိုလ်သည် တာရှည်မတည်ပါ။ မဂ်သည် တစ်ကြိမ်သာဖြစ်ပြီး ဖိုလ်ကူးသွားပါသည်။

ထို့ကြောင့် မရှဉ်လည်းမရှဉ်၊ မသေလည်းမသေသော ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမ်မဂ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ် လေးယောက်တို့သည် မရှင်လည်းမရှင်၊ မသေလည်းမသေသော ပုဂ္ဂိုလ်များဖြစ်ကြခြင်း ဖြစ်ပါသည်။

ဤသည်ကား ယမိုက်ကျမ်းမှ အဆိုဖြစ်၏။

ဤမှာ သုတေသန သရုပ်ပြအဘိဓာန်ဆရာနှင့် ယမိုက်ကျမ်း အဆိုသည် မတူညီပေ။ သုတေသနသရုပ်ပြ အဘိဓာန်ဆရာက ဘယ်တော့မှ မသေသောပုဂ္ဂိုလ်သည် မဂ္ဂဋ္ဌာန်လေးယောက် ဖြစ်ကြောင်း ဆိုထား၏။ ကျွန်တော်သည်လည်း မွေ့ရာသိ၌ ရေးလိုက်သော သေလေးပါး၊ ရှင်လေးပါး ဆောင်းပါးမှာ သရုပ်ပြအဘိဓာန် ကျမ်းစာမှ ယူ၍ ရေးသားတင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

" စုတေ့မသေ၊ သန္ဓေမစွဲ၊ ငရဲမလား၊ လေးဦးသားတို့ " ဆိုသော ရှေးပညာရှိတို့၏အဆိုကို သရုပ်ပြအဘိဓာန်ဆရာက အမြဲတမ်း မသေသူဟု ကောက်ယူပါသည်။ ကျွန်တော်ကမူ "အမြဲတမ်းရှင်သူ (ဝါ) မသေသူဟု ဆိုလိုဟန်မတူပါ၊ မရှဉ်လည်းမရှဉ်၊ မသေလည်းမသေသော ပုဂ္ဂိုလ်ကိုသာ ဆိုလိုဟန်တူပါသည် "

ဟု ယူဆမိပါသည်။

ဓမ္မမိတ်ဆွေများလည်း သေချာပြန်ကြည့်ပါ။ ကဗျာ၌ 'စုတေ့မသေ၊ သန္ဓေမစွဲ' သည် ထာဝရရှင်သူဟု ယူ၍မရ။ မရှင်လည်း မရှင် မသေလည်းမသေသော ပုဂ္ဂိုလ်သာ ဖြစ်နိုင်ပါသည်။ မှန်၏။ ရှင်သာရှင်၍ မသေသောပုဂ္ဂိုလ် မရှိကောင်းဟု ယမိုက်၌ ဆိုထားသည်မဟုတ်လော။

ဤ၌ သုတေသန သရုပ်ပြအဘိဓာန်အယူနှင့် ယမိုက်ကျမ်းအယူ ကွဲနေသည်။ အဘိဓာန်ကျမ်းပြု ဆရာတော်သည်လည်း ကျမ်းတတ် အကျော်ဖြစ်သည်၊ အဘိဓံသဘွဲ့တောင် ရထား၏။ ဆရာတော်လည်း မှားလိမ့်မည်တော့ မဟုတ်ပါ။ ကျွန်ုပ်က ကျမ်းမညှိတတ်၍လည်း ဖြစ်နိုင်သည်။ ကျမ်းမစုံ၍လည်း ဖြစ်နိုင်ပါသည်။

စင်စစ် ကျွန်တော်သည် အဘိဓာန်ကျမ်းပြု ဆရာတော်၏ စာကို မှားနေသည်ဟု မတင်ပြရဲပါ။ ကျွန်တော့်ဆောင်းပါး (သေလေးပါး ရှင်လေးပါး)တုန်းက အဘိဓာန်မှ ယူထည့်လိုက်သော်လည်း ယခု ယမိုက်ကျမ်းအဆိုတွေ့ရာ ယမိုက်ကျမ်းအဆိုနှင့် လွဲနေကြောင်း ကိုသာ တင်ပြနေခြင်းပါ။

မည်သို့ဆိုစေ ယမိုက်ကျမ်းသည် ဘုရားဟောတရားဖြစ်၍ မှားစရာမရှိ၊ ယမိုက်ကျမ်းလာအတိုင်းသာ မှတ်ရပေမည်။

(၁)၊ ရှင်လည်းရှင်၊ သေလည်းသေသော ပုဂ္ဂိုလ်များကား ပုထုဇဉ်များနှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးဦးသာ ဖြစ်ပါသည်။

(၂) သေသာသေ၍ မရှင်သောပုဂ္ဂိုလ်များကား ဘုရားနှင့် ရဟန္တာများ ဖြစ်ကြပါသည်။

(၃) ရှင်သာရှင်၍ မသေသောပုဂ္ဂိုလ်များကား မရှိကောင်းပါတဲ့။ အမြဲရှင်သူ မရှိကြောင်းဖြစ်ပြီး ပျက်ရကြောင်းသာပေကပင်။

(၄) မရှင်လည်းမရှင်၊ မသေလည်းမသေသော ပုဂ္ဂိုလ်များကား မဂ္ဂဋ္ဌာန်လေးဦး ဖြစ်ကြပါသည်။

ဤကား ကျွန်တော်သိသမျှ တင်ပြခြင်းဖြစ်ပါသည်။ ကျွန်တော့်ထက် တတ်သိသော ပညာရှင်တို့လည်း များစွာရှိပါသည်။ မေးကြည့်ကြပါ။

သုတေသန သရုပ်ပြအဘိဓာန်က "ဘယ်အခါမှ မသေသော ရှင်လေးပါးကား မဂ်ပုဂ္ဂိုလ်လေးယောက်" ဟု ဆိုထားပါသည်။ ယခိုက်ကျမ်းကား ဘယ်တော့မှမသေသောပုဂ္ဂိုလ် မရှိဟု ဆိုထားပါသည်။ ထိုမတူညီသော အရာနှစ်ခုကို ဘယ်ဟာက မှားသည်၊ ဘယ်ဟာကမှန်သည်ကို ကျမ်းညှိတော်မူကြပါ။

သို့ရာတွင် ယမိုက်ကျမ်းအဆိုကတော့ မှားမည်မဟုတ်ပါ။ သဘာဝတရားဖြင့် ကြည့်လျှင်လည်း ဘယ်အရာမှ တည်မြဲခြင်း မရှိသောကြောင့် ထာဝရရှင်သန်နေသော အရာကား ရှိနိုင်မည် မဟုတ်ပါ။

မင်ပုဂ္ဂိုလ်လေးဦးတို့သည် မရှင်လည်းမရှင်၊ မသေလည်းမသေ ဆိုသည်က ပိုမှန်မည်ဟု ထင်ပါသည်။

ဤမှုဖြင့် သေလေးပါး၊ ရှင်လေးပါးအဆက် ရှင်းလောက်ပြီ ထင်ပါကြောင်း...။

ဝမ္မရံသီ ၂၀၁၉ မေပြီ

အောင်ထိုက်(ရွှေဘို)

***********

## အောင်ထိုက်(ရွှေဘို)၏ ထွက်ပြီးလုံးချင်းစာအုပ်များ

၁။ ဗုဒ္ဓ၏ နောက်ဆုံးသာဝကနှင့် လက်ရွေးစင် ဓမ္မဝတ္ထုတိုများ
ချမ်းမြေ့စာပေ ၁၉၇၉

၂။ ဗုဒ္ဓခေတ်ကုသိုလ်ထူးသော သူဌေးကြီး ၆၈ဦး။
ချမ်းမြေ့စာပေ ၁၉၉၀

၃။ ဒေဝဒတ်နှင့် အဇာတသတ်အလွမ်း၊
ဥယျာဉ်မှူးစာပေ ၂၀၀၈

၄။ ဗုဒ္ဓဝါဒဝိဘင်္ဂ နှလုံးလှစာပေ ၂၀၀၉

၅။ စီးပွားရှာ ဘာအမိကလဲ၊
ကောင်းထွင်ရစာပေ ၂၀၁၄

၆။ ပြည်တွင်းဖြစ် လူမိုက်ကြီးများ။ နှလုံးလှစာပေ။ ၂၀၁၅
(ယင်းစာအုပ်သည် လေးမြိုင် တတိယအကြိမ် ကျင်းပသည့် လေးမြိုင် ဓမ္မပူဇာစာပေဆု ၂၀၁၅ ခုနှစ်က ရရှိခဲ့သည်။)

၇။ အစွဲအလန်း နှင့် ဓမ္မရသအမေးအဖြေများ။
မိတ်ဆွေစာပေ။ ၂၀၁၆ (ယင်းစာအုပ်သည် လေးမြိုင် စတုတ္ထအကြိမ် ကျင်းပသည့် လေးမြိုင်ဓမ္မပူဇာ စာပေဆု ထပ်မံရရှိသည်။ ၂၀၁၆ ဒုတိယ အကြိမ်ရသည်။)

၈။ အပါယ်ကြောက်၏ မကြောက်၏။ မိတ်ဆွေစာပေ ၂၀၁၆

၉။ သေသည်၏ အခြားမဲ့၌ ပြိတ္တာတစ္ဆေ ဖြစ်ကြသူများ။ ၂၀၁၆

၁၀။ ဒါနသီလရှိလျှင် အပါယ်လွတ်မလွတ်။ မိတ်ဆွေစာပေ ၂၀၁၇

၁၁။ မသေမီပြုသင့်သော သက်ရှင်ဆွမ်း။ မိတ်ဆွေစာပေ ၂၀၁၇

၁၂။ ဗုဒ္ဓဘာသာအစစ်ဟူသည်နှင့် ဓမ္မရသအမေးအဖြေများ။
မိတ်ဆွေစာပေ ၂၀၁၇

၁၃။ မိရိုးဖလာဗုဒ္ဓဘာသာမှ တကယ့်ဗုဒ္ဓဘာသာ အခြေခံလမ်းစဉ်။
မိတ်ဆွေစာပေ ၂၀၁၇

၁၄။ မိတ်ဆွေကောင်း၏ အထောက်အပံ့ ဓမ္မရသစာစုများ။
မိတ်ဆွေစာပေ ၂၀၁၈

၁၅။ မိဘတို့ဝမ်းမြောက်စေတမ်းနှင့် ဓမ္မရသ ဝတ္ထုတိုများ။
မိတ်ဆွေစာပေ ၂၀၁၈

၁၆။ သုံးဆယ့်တစ်ဘုံ နွားသတ်ရုံ။ မိတ်ဆွေစာပေ ၂၀၁၈

၁၇။ ဘာ့ကြောင့် ဗုဒ္ဓကို ကြည်ညိုကြတာလဲ။
မိတ်ဆွေစာပေ ၂၀၁၈

၁၈။ ကိုယ်ပ်ကံညံ့တာ မိဘကြောင့်လား။
မိတ်ဆွေစာပေ ၂၀၁၉ ဇန္နဝါရီလ။

၁၉။ ဗုဒ္ဓသည် တန်ခိုးဖြင့် မ သလား။
မိတ်ဆွေစာပေ ၂၀၁၉၊ ဇန္နဝါရီလ။

၂၀။ မန္တန်ဂုဏ့် ပရိတ် ရောမကြိတ်ပါနဲ့။
မိတ်ဆွေစာပေ၊ ၂၀၁၉၊ မေလ။

၂၁။ သူမြတ်ဆင်မြန်း ဆယ်ပွင့်ပန်း။ မိတ်ဆွေစာပေ ၂၀၁၉ မေ

၂၂။ ထေရဝါဒဗုဒ္ဓသာသနာနှင့် ဗေဒင်နတ်ဝိဇ္ဇာ။
မိတ်ဆွေစာပေ ၂၀၁၉ ဩဂုတ်လ။

၂၃။ တမလွန်မှာ မင်းဘယ်ကိုသွားမလဲ။
မိတ်ဆွေစာပေ ၂၀၁၉ စက်တင်ဘာလ။

၂၄။ မိတ်ဆွေတို့၏ ပုံရိပ်လွှာ စာစုများ။
မိတ်ဆွေစာပေ ၂၀၁၉ ဒီဇင်ဘာလ။

ယခုလ

၂၅။ ကြည့်သောသူမှ မြင်ပါသည်။

# နောက်ဆက်တွဲ ကြည်ညိုခြင်း

မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ကိုသီဟ၏ကျေးဇူးကြောင့် သကြံန်မကျခင်မှာ အဓိဋ္ဌာန်ပြုထားသည့်အတိုင်း တကယ်ရောက်ဖြစ်ခဲ့ပါပြီ။ ဆွမ်းဆန်တော်များ၊ ကပ္ပိယကာရကထံ သံဃာတော်များနှင့် အပ်စပ်သော ပစ္စည်းများအဖြစ် ကပ္ပိရန်အလို့ငှာ လှူဒါန်းခွင့်ရခဲ့ပါသည်။

ကိုသီဟ၏ကျေးဇူးကြောင့်ပင် ဆရာတော်၏ သီလ သမာဓိ ကျင့်စဉ်များကိုလည်း သိခွင့်ရခဲ့၍ ပူးမြော်ခွင့် မရခင်ကပင် ပီတိဖြစ်မိပါသည်။ ဆရာတော်၏ ကျောင်းဆောင်၌ပင် ပူးမြော်ခွင့်ရခဲ့ပါသည်။ သုံတော်ကောင်းတို့၏ အတွင်းသဣာန်သည် အလွန်ပင် ငြိမ်းချမ်းလှပါပေစွတကား။

တပည့်တော်များအား ဆရာတော်ထံ ရောက်တုန်းခဏ ဆုံးမဩဝါဒများ ပေးသနားပါရန် လျှောက်ထားရာ အထူးသဖြင့် ရဟန်းဝိနည်းကိုသာ ဦးစားပေး ဆိုဆုံးမခဲ့ပါသည်။ ရဟန်းတော်များ

အာပတ်သင့်ခြင်းဟာ လူ့ဒါယကာ ဒါယိကာမများတွင် (၅၀)ရာခိုင်နှုန်း ထက်ဝန်ရှိတယ်၊ တချို့ ညဂျင်း(ချင်းသုပ်)ဆိုလည်း ကပ်လိုက်ကြတာပဲ၊ အပ်မှ မအပ်တာ၊ မအပ်ရင် မလုပ်ပေး မလှူနဲ့ပေါ့။

ယနေ့ခေတ် စာသင်သားသံဃာတော်များ စားမေးပွဲ ခိုးချ ပြေဆိုနေကြသည်။ တင်ပြသော်လည်း တားမြစ်ဖို့ရန် ခက်ခဲနေကြပါသည်။

ဝတ်သောက်ကားတွေလည်း အချို့ ဒါယကာ ဒါယိကာမများ လှူဒါန်းကြသည်။ ကိုယ်တိုင်လည်း သိနေလျက် စီးနေကြသည်။ သိလျက်နှင့် ဝယ်စီးလျှင် ပါရာဇိကကျမှာ အသေအချာပင် ဖြစ်သည်။ ထိုပါရာဇိကကျပြီး၊ ရဟန်းတွေ အသက်အရွယ် ကြီးလျှင် သံဃာနာယကဆရာတော်ကြီးတွေ မဖြစ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ၊ အဲဒီ ပါရာဇိကကျပြီးသား၊ သံဃနာယကကို မည်သို့ ရှိခိုးရမည်နည်း၊ ဝိနည်းနှင့်ပတ်သက်လာလျှင် နည်းနည်းမှ သက်ညှာစရာမလို၊ မည်သူ့မျက်နှာမှ ထောက်စရာမလိုဟု မိန့်ကြားခဲ့ပါသည်။

ဒါကြောင့် **ဝိနယောနာမ သာသနဿ အာယု** ဝိနည်းသည် သာသနာတော်၏ အသက်ဟု ရှေးသူတော်ကောင်း ဆရာတော်ကြီးများ မိန့်ကြားခဲ့ပါသည်။

မဟာဝိဟာရကျောင်းတိုက်ကြီးဟာ တည်ထောင်လာသည်မှာ (၃)နှစ်တာ ကာလသာဖြစ်ပေမဲ့ စာသင်သားသံဃာတော် (၃၁၂)ပါး ရှိသည်ဖြစ်၍ သာသနာ့ပျိုးခင်းကြီး စည်ပင်ပွံ့ဖြိုးတိုးတက်နေပါသည်။

ကျောင်းတိုက်ကြီး၏ အဓိကဦးတည်ချက်ကိုလည်း ကြည်ညို သဒ္ဓါပွားများစေရန် တင်ပြပါသည်။

## "အကျင့်လည်းပြင်၊ စာ လည်းသင်၊ မြှင့်တင်သာသနာ"

သာသနာတော်အတွက် ဇွဲ လုံ့လ ဝီရိယများဖြင့် ကြိုးစားအားထုတ်နေသော ဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ကို ကြည်ညိုရင်း ဆရာတော်၏ သာသနာပြုလုပ်ငန်းများကို လက်တွဲညီစွာ အားတက်သရော ပံ့ပိုးပေးနေသော ဒါယကာ ဒါယိကာမတို့၏ တက်ညီလက်ညီ ကြိုးစားနေကြသည်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိရမှ ဝမ်းသာအားရ သာဓုအကြိမ်ကြိမ် ခေါ်နေမိသလို တည်ဆောက်ဆဲကာလ ကျောင်းတော်ကြီး၏ လိုအပ်ချက် အဆောက်အဦများ၊ နတ်လမ်းများ များစွာလိုအပ် ချက်တွေ ရှိနေသည်ကိုလည်း တွေ့ရှိခဲ့ပါသည်။

မိတ်ဆွေစာပေ

သို့ပါ၍ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးကို ချစ်မြတ်နိုးကြကုန်သော သဒ္ဓါရှင် ပါရမီရှင် အပေါင်းတို့အား (အနုတ္တရံ ပုညခေတ္တံ လောကဿ)ဟူသော ကုသိုလ်ကောင်းမှုများ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းကြီး တကယ်ဖြစ်သည့် မဟာဝိဟာရကျောင်းတော်ကြီးကို မြေးမြင်၊ မြေးကြည့်ပြီး လိုအပ်သည့် မျိုးစေ့များကို စိုက်ပျိုးကြဲချနိုင်ကြောင်းပါခင်ဗျာ။ မိမိကိုယ်ကိုလည်းကောင်း၊ သဒ္ဓါရှင် ပါရမီရှင်အပေါင်းကိုလည်းကောင်း ဘာသာအကျိုး သာသနာအကျိုး ရေရှည်တည်တံ့ရန် အကျိုးငှာ နှိုးဆော်ပေးလိုက်ရပါသည်။

**ဤစာအုပ်၏ မျက်နှာဖုံးပုံသည် မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးနေသော သံဃာတော် (၃၁၂)ပါးတို့၏ ဆွမ်းစားနေပုံ ဖြစ်ပါသည်။ ကြည်ညိုသဒ္ဓါပွားနိုင်ရန် ပူဇော်ပေးပါသည်။**

**(ကြည့်သောသူမှ မြင်ပါသည်)**

မိတ်ဆွေစာပေ

# ကြည့်သောသူမှ မြင်ပါသည်



## အောင်ထိုက် (ရွှေဘို)

ဖြန့်ချိရေး
မိတ်ဆွေစာပေ
(၆၁)၊ ဘုရင့်နောင်လမ်း၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်
၀၉၂၅၀၆၆၁၃၀၃၊ ၀၉၇၈၈၇၄၃၃၈၃